www.burmeseclassic.com

ခင်ဆွေဦး

# စစ်ကိုင်းသမီးဒိုင်ယာရီ

www.burmeseclassic.com

www.burmeseclassic.com

# ဒိုင်ယာရီ ၁

[ ၁ ]

ကျွန်မသည် စစ်ကိုင်းတံတား သို့မဟုတ် အင်းဝတံတားကို အကြိမ်ကြိမ်ဖြတ်သန်းဖူးသည်။ တစ်ခါတလေ နှင်းတွေမှုန်မှိုင်းဝေနေသော နံနက်ခင်း. . .။ တစ်ခါတရံ နေအလင်းရောင် စူးရှလာသော နံနက်ခင်း. . .။ တစ်ခါတရံ လရောင်ဝင်းလဲ့ဖြာနေသော ည။ ဧရာဝတီမြစ်ပြင်ကြီးသည်လည်း တံတားအောက်၌ တစ်ခါတစ်ရံ ငြိမ်သက်စွာ၊ တစ်ခါတစ်ရံ တလူးလူး တလိမ့်လိမ့်၊ တစ်ခါတစ်ခါ၌ အရှိန်အဟုန်ပြင်းစွာ ရွေ့လျားစီးဆင်းနေတတ်သည်။

နွေ၊ မိုး၊ ဆောင်း၊ မနက်၊ နေ့၊ ည။ ရာသီသုံးပါးမရွေး၊ အချိန်ကာလမရွေး၊ ခံ့ထည်စွာ၊ ခမ်းနားစွာ တည်တည်တံ့တံ့ လှပမြဲပင်။ ကျွန်မအဘိုးအဘွား၊ ကြီးကြီး၊ ဒေါ်ဒေါ်၊ ဘကြီး၊ ဘထွေး၊ ဦးကြီး၊ ဦးလေး စသည်ဆွေမျိုးအပေါင်းတို့သည် စစ်ကိုင်းနှင့် ရွှေကြက်ယက်ဆိပ်ကမ်းတို့ကို ငှက်(လှေ)နှင့် ဖြတ်လျှင်ဖြတ်၊ သို့မဟုတ် တံတားပေါ်မှ ကုန်းကြောင်းလျှောက်သွားလေ့ရှိကြသည်။ အချိန်အခါရွေးသည်မရှိ။ နေ့နေ့၊ ညည၊ သန်းခေါင်သန်းလွဲ လင်းအရုဏ် ဖြစ်ချင်ဖြစ်မည်။ ဈေးရောင်းရင်းဖြစ်စေ၊ ကုန်ကူးရင်းဖြစ်စေ၊ အခြားကိစ္စတစ်ခုခုနှင့်ဖြစ်စေ။ ကျွန်မတို့ညီအစ်မသည်လည်း မိဘ၊

www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးများနှင့် လိုက်ပါလာကြသည့်အခါတွင် တံတားကြီးကို ဖြတ်ဖြစ်သည်။

စစ်ကိုင်းတံတားပေါ်မှ လှမ်းမျှော်ကြည့်လျှင် တဂေါင်းရပ် ဆိပ်ကမ်း၊ ထိုမှ မီးရထားသံလမ်းကို ဖြတ်သွားလျှင် ကုန်းမြင့်စေတီလေးတစ်ဆူရှိသည်။ ထုံးသုတ်စေတီလေးမို့ ထုံးအရောင်မှိန်တစ်လှည့်၊ ဖွေးတစ်လှည့်ရှိသည်။ ထိုစေတီလေးကို 'သစ္စာ'စေတီဟု ကျွန်မတို့အရပ်သားများက ခေါ်ကြသည်။ ယနေ့ထက်တိုင်အောင် သစ္စာစေတီမှာ တည်ရှိဆဲ၊ ဆည်းလည်းသံများ ချိုလွင်စွာ ကြားနေရမြဲပင်။ ထိုစေတီကုန်းတော်မှအဆင်း အောက်တဂေါင်းရွာတွင် ကျွန်မကို မွေးဖွားခဲ့သည်မို့ စစ်ကိုင်းမြို့ရောက်လျှင် အချိန်ရတိုင်း စေတီကုန်းတော်ပေါ်တက်ရောက် ဖူးမြော်ဖြစ်သည်။ သစ္စာစေတီကုန်းတော်ပေါ်မှ မျှော်ကြည့်လျှင်လည်း စစ်ကိုင်းတံတားကြီးကို ထင်ရှားနီးကပ်စွာ မြင်နေရသည်။

လွန်ခဲ့သည့် သုံးနှစ်ကျော်ကျော်တုန်းက 'နုနုရည်(အင်းဝ)' ကို ကျွန်မ နောက်ပြောင်ဖူးသည်။

"နုနုတို့ဘက်ခေါ်တော့ 'အင်းဝတံတား' မေဦးတို့ဘက်ကခေါ်တော့ 'စစ်ကိုင်းတံတား' ပေါ့"

"ဟုတ်တယ် ကျွန်မငယ်ငယ်ထဲက 'အင်းဝတံတား'ပဲ ခေါ်ခဲ့တာ"

"မေဦးလဲ ငယ်ငယ်ထဲက 'စစ်ကိုင်းတံတား' ပဲခေါ်ခဲ့တာ"

ကျွန်မတို့နှစ်ဦးသား ရယ်မိကြသည်။

နုနုရည်တို့အိမ်မှာ ရောက်နေသော ဆရာကိုသာနိုးက

"အင်းလေ၊ ဟုတ်တာပေါ့၊ တံတားဟိုဘက်က အင်းဝမြို့၊ သည်ဘက်က စစ်ကိုင်းမြို့"

"ဒါဖြင့် ဆရာကော ဘယ်လိုခေါ်မလဲ"

ကျွန်မက ရေးကြီးခွင်ကျယ် မေးလိုက်သောအခါ ဆရာ မောင်သာနိုးက

"ခေါ်ချင်သလို ခေါ်ကြတာပါပဲဗျာ"

ဟု ဝိနည်းရှောင်ဖြေသည်။

"ဆရာလဲ စစ်ကိုင်းသား မဟုတ်လား"

ကျွန်မက စကားနိုင်လုချင်သဖြင့် အဖော်ညှိသေးသည်။

"ဆရာက မန္တလေးမှာ ကြီးတာ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဟု နုနုရည်က အလျှော့မပေးဘဲ ပြောလိုက်သည်။

အမှန်တော့ 'အင်း၀တံတားကြီး' အဖြစ် လူသိများကြသည်။ ကျွန်မတို့ စာရေးဆရာ ကဗျာဆရာတွေ စာဆိုတော်ဟောပြောပွဲများ မကြာမကြာသွားကြရင်း စစ်ကိုင်းတံတားပေါ် ဘယ်နှစ်ကြိမ် ဖြတ်ဖူးကြောင်း စိတ်ကူးအလှများနှင့် ပြောကြဆိုကြသည်။ ၁၉၇၅ ခုနှစ်လောက်တုန်းက ဆရာမြသန်းတင့်၊ ကဗျာဆရာ မောင်သွေးသစ်နှင့် ကျွန်မတို့ အထက်မြန်မာပြည် မိုးကောင်း၊ ပင်းဘော၊ ဆားမော်စသော ကချင်ပြည်နယ်မြို့နယ်များသို့ စာဆိုတော်ခရီးသွားရင်း စစ်ကိုင်းတံတားပုံပြင်များကို ပြောကြသည်။

တံတားကြီးကို အကြိမ်ကြိမ် မြင်ဖူးကြသော အရေအတွက်မှာ စာရေးဆရာများထဲတွင် ကျွန်မသည်လည်း အခေါက်ရေအများကြီးထဲ ပါ၀င်နိုင်လိမ့်မည် တင်စားဝံ့သည်ဟု ပြောမိသေးသည်။ ဆရာဒဂုန်တာရာရေးသားခဲ့သော 'ရုပ်ပုံလွှာ'တွင် အဘိဓမ္မာဆရာကြီး ဒေါက်တာဂျုတ်ပြောသကဲ့သို့ "လူသည် မိမိသာလူတွင်ကျယ်ဖြစ်ကြောင်း ပြလိုသည်"ဆိုသောအချက်ကို ယနေ့ပြန်စဉ်းစားမိသည့်အခါတွင် ကိုယ့်အကြောင်းကိုယ်ရေးချင်စိတ်များ တစ်စတစ်စ လျှော့ပါးလာခဲ့သည်။ အချိန်ကာလကြာမြင့်လေလေ မရေးချင်လေလေပင်။

သို့သော် တံတားကြီးတွင် ပြောပြစရာ "လူ့သမိုင်းဖြစ်စဉ်တွေမှာ အမြောက်အမြားပင်။ အင်း၀ သို့မဟုတ် စစ်ကိုင်းတံတားကြီးနှင့် ဧရာ၀တီမြစ်ပြင်"။ သူတို့သာအသက်ရှိလျှင် သွေးတွေ၊ ချွေးတွေ၊ မျက်ရည်တွေနှင့် အရင်းအနှီးပြုခဲ့သော လူ့သမိုင်းဖြစ်စဉ်များကို မလွဲမသွေပြောကြားပေလိမ့်မည်။

ကျွန်မမှတ်မိနေသောအကြောင်းအရာတစ်ခုမှာ ဂျပန်တွေ မြန်မာပြည်တက်လာကာစ ဂျပန်တော်လှန်ရေးလုပ်နေသောလျှို့ဝှက်အဖွဲ့အစည်းမှ သခင်သိန်းတန် (ကျွန်မဖေဖေ့အခေါ် ချစ်တီး) ယခု မဟေသီစာတည်းချုပ် ဦးစောမြင့်၏ အစ်ကိုရင်းကို ဂျပန်ကင်ပေတို့ ဖမ်းဆီးမိရင်း ရိုက်နှက်ကာ စစ်ကိုင်းတံတားပေါ် ခေါ်လာလျက် လက်ပြန်ကြိုးတုပ် မျက်နှာအ၀တ်နှင့်စည်း၊ ဒူးထောက်ထိုင်စေပြီး ဓားနှင့်စလွယ်သိုင်း ပိုင်းချပြီး မြစ်ထဲသို့ကန်ချလိုက်သော အဖြစ်အပျက်ပင်တည်း။

ထိုကြေကွဲဖွယ်အဖြစ်ကို ၀တ္ထုရှည်အဖြစ် "ဇေယျာကမ်းဆီရောက်တော့မည်"ဟု ဇေယျာမဂ္ဂဇင်းတွင် ရေးခဲ့သေးသည်။

ဤသို့လျှင် လွမ်းမောဖွယ်သမိုင်းခေတ်များကား ဖြတ်သန်းခဲ့ပြီ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ ညီအစ်မဝမ်းကွဲ မောင်နှမတစ်တွေ ဒုတိယကမ္ဘာစစ်ခေတ်ကို ကလေးဘဝဖြတ်ကျော်လာခဲ့ကြသဖြင့် လူတို့အသက်ပေါင်းများစွာ သေးငယ်သောပိုးမွှားတိရစ္ဆာန်များလို တန်ဖိုးကင်းမဲ့စွာ သေကျေပျက်စီးခဲ့တာ မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့သည်။

[ ၂ ]

စစ်ကိုင်းတံတားပေါ်သို့ လွန်ခဲ့သော ၁၅နှစ်လောက်က စာဆိုခရီးအဖြစ် မီးရထားနှင့်ဖြတ်ကျော်လာကြသောအခါ ဆရာမြသန်းတင့်က ပြောဖူးသည်။ "လူ့ဘဝဟာ ခရီးရှည်ကြီးတစ်ခုလို့ဆိုရင် ခုကျွန်တော်တို့ရဲ့ခရီးဟာလည်း ဘဝတိုတိုကလေးတစ်ခု မဟုတ်လား၊ လူ့ဘဝဆိုတာ အဲဒီဘဝခရီးတိုတိုလေးတွေ ဖွဲ့စည်းထားတာပါ။ လူ့ဘဝမှာ ပျော်ပျော်နေရမယ်။ သူများတွေကိုလည်း ပျော်ပျော်နေစေချင်တဲ့စိတ်လည်း မွေးရမယ်၊ ကိုယ့်ဘဝကို ကိုယ်တန်ဖိုးထားရမယ်၊ ဘဝကို တွယ်တာခုံမင်ပြီး တန်ဖိုးထားတာဟာ for the good of all ဆိုရင် မကောင်းဘူးလား"

အားလုံးကောင်းဖို့အတွက် for the good of all ဆိုသော ဆရာမြသန်းတင့်၏စကားကို ကျွန်မ သဘောကျမြဲပင်။ ဒီစကားကို ကျွန်မဖေဖေ (စာရေးဆရာ မဟာဆွေ) ခဏခဏပြောသွားသောကြောင့်ပင်တည်း။ ကျွန်မတို့ငယ်ငယ် ဖေဖေ့အဆိုအရ စကားပီနားကြားအရွယ်မှစ၍ သည်လို ပရဟိတစိတ်ဓာတ်မွေးမြူဖို့ အလေ့အကျင့်လုပ်ခဲ့သည်။ ကျွန်မတို့ငယ်ငယ်တုန်းက ဖေဖေ၏ အလေ့အကျင့် training အတိုင်း တာဝန်ကျေခဲ့ခြင်းမရှိတာ အမှန်ပင်တည်း။ လူကြီးတွေ အလိုလိုက်ခြင်းခံရသော ကလေးများပီပီ မသိတတ်၊ မိုက်မဲတာလည်း ဖြစ်ချင်ဖြစ်မည်။

သို့သော် ဖေဖေသည် 'စစ်ထွက်သူ'၊ 'သူပုန်ကြီး'၊ 'တို့မေမေ'၊ 'သူပုန်အိမ်'၊ 'အကျိုးဆောင်ကြီး'၊ 'စောရသက်ပြင်း' ဝတ္ထုများ၊ နေသူရိန်ဆောင်းပါးများ ရေးပြီးခါစအချိန်တွင် မေမေ့ကို

"ငါ့အသက်ခြောက်ဆယ်ကျော်တဲ့အချိန် 'သူတို့ညီအစ်မ'ဆိုပြီး ရေးမယ်၊ သူတို့မွေးဖွားကြီးပြင်းလာတဲ့ခေတ်ကနေ သူတို့ လူလားမြောက်လာတဲ့အချိန်အထိပေါ့၊ တို့ဘဝနဲ့ ပတ်သက်တာအားလုံး လူငယ်တွေအကြောင်းလည်းပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်၊ ဟသ်ာတမှ ဖက်ဆစ်ဂျပန်လက်ထဲ ကျသွားသော ကိုလှိုင်ဦး၊ ကိုညီလေး၊ ဗိုလ်အောင်ဇေယျ (သထုံတွင်ကျသွားသူ)၊ ကိုအောင်ဘော် (ထားဝယ်)၊ ဗလစ ဒေါ်သန်းစိန်၊ ဒေါ်သင်းကြည် (ပထဝီဝင်ဌာန ပါမောက္ခ)၊ မလေး (လက်ပံတန်းမှ ဂျပန်ဗိုလ်နှင့်သိုင်း အပြိုင်ကစားသူ 'မလေးသုံးပန်လှ' ဝတ္ထုတွင်ရေးခဲ့သည်။) စသူတို့လည်း ပါမည်ထင်သည်။ ဗလစ ဒေါ်သန်းစိန်က ဆရာကြီး ဒဂုန်ရွှေမျှား၏ သမီးဖြစ်သည်။

သည်အစီအစဉ်ကို သူလည်းသိသဖြင့်

"ဦးလေး ရေးမှာဖြင့် မြန်မြန်ရေးပါ။ ခင်ဦးလည်း ကောလိပ်တောင်ရောက်လို့ စာတိုစာစတွေ ရေးနေပြီပဲ"

"အချိန်လိုသေးတယ် စိန်စိန်ရ၊ ကလေးတွေ မဖြစ်မြောက်သေးဘူး"

"ဒါတော့ ဒါပေါ့ ဒါပေမယ့် စာအုပ်အတွဲနဲ့ Part (1) Part (2) အပိုင်း (၁)၊ အပိုင်း (၂) ပိုင်းရေးသွားပေါ့၊ စိန်စိန်တော့ ဖတ်ချင်လှပြီ"

"ဒီစာအုပ်ဟာ ဖတ်တဲ့သူအားလုံးကို ရည်ညွှန်းပြီးသား ဖြစ်ရမယ်"

"ဒါဖြင့် ဦးလေးစာအုပ် ကမ္ဘာကတောင် မျက်စိကျပြီး ဘာသာပြန်ချင်ပြန်ကြမှာ"

ထိုစဉ်တုန်းက မြန်မာစာအုပ်တွေနိုင်ငံရပ်ခြားဘာသာရပ်ဖြင့် ပြန်ဆိုခြင်းအလေ့အထမရှိသေးပေ။ ပြောရင်းဆိုရင်းကပင် ဖေဖေသည် အသက် ၆၀ ပြည့်အောင် နေမသွားရရှာပေ။ ၅၃နှစ်တွင် ကွယ်လွန်ရှာသည်။ မမစိန် (ဒေါ်သန်းစိန်)ကတော့ သူ့စိတ်အာသာပြေ 'သူတို့ညီအစ်မ' ဟူသောခေါင်းစဉ်နှင့်ပင် ဆောင်းပါးရှည်ကြီးတစ်စောင် သွေးသောက်မဂ္ဂဇင်းတွင် ရေးသားဖော်ပြခဲ့ဖူးသေးသည်။ ကျွန်မတို့ ညီအစ်မနှစ်ယောက်ကတော့ 'ငါတို့ရှက်စရာကြီးနော်'ဟုဆိုကာ စာအုပ်ကိုမဖတ်တော့ဘဲ သေတ္တာအောက်ထဲ ထည့်လိုက်ကြသည်။ 'အေးလည်း ရှက်လိုက်တာမမရယ်၊ ကျောင်းကသူငယ်ချင်းတွေက စနေတယ်'ဆိုပြီး သည်အကြောင်းပြောလာသူတွေကို ဟိုရှောင်သည်ရှောင်လုပ်နေကြသည်။ မမစိန်က ကျွန်မတို့ကို ညီအစ်မကို ချစ်မြတ်နိုးသည်နှင့်အမျှ အကောင်းမြင်စိတ်နှင့်ရေးခဲ့တာဖြစ်သော်လည်း ကျွန်မတို့မှာမျက်နှာမထားတတ်အောင် ရှိသည်။ တစ်ခါတုန်းကလည်း ကျွန်မ 'အေး အော်တို' ခေါင်းစဉ်နှင့် သွေးသောက်တွင် ဆောင်းပါးရေးတုန်းကလည်း "မမကလည်း

www.burmeseclassic.com

www.burmeseclassic.com



အကုန်လျှောက်ရေးတော့တာပဲ၊ တော်ပါပြီ၊ မရေးပါနဲ့တော့” ဟု တားမြစ်ဖူးသေးသည်။

ဖေဖေမဆုံးခင်တုန်းက

“ကလေးတွေက လူထုရှေ့ဟောဖို့ပြောဖို့ဝေးလို့ လူတောထဲ မတိုးဘူး၊ လေ့ကျင့်ပေးရဦးမယ်၊ ပညာရဲရင့် ပွဲလယ်တင့် ဖြစ်ရမယ်”

မေမေ့ကို ပြောဖူးသည်။ ကျွန်မတို့သည် ဧည့်သည်တွေရှေ့မှောက် မိတ်ဆက်ပေးရန် ဖေဖေခေါ်တိုင်း ဟိုရှောင်သည်ရှောင် လုပ်နေကြတာကို ဖေဖေ စိတ်တိုင်းမကျခြင်း ဖြစ်သည်။ ကျွန်မအဒေါ်နှင့် ဦးလေးတွေကတော့ ဒီကိစ္စနှင့် နောက်ပြောင်ကြသည်။

“မမကြည် မမကြည်သမီး ခွေးဖြူလူတောမတိုးက ကောလိပ်သာရောက်တယ်၊ သိပ်လူရေးလူရာညံ့တာပဲ”

သည်စကားပြောသူက ကျွန်မဖေဖေ၏ ညီတစ်ဝမ်းကွဲ ဦးစိန်မောင် (မောင်ညီဆွေနာမည်နှင့် ဝတ္ထုတို၊ ပြဇာတ်များ ရေးခဲ့ဖူးသူ) နန်းရှေ့ ဝင်းဝင်းမြင့် ဖခင်သာလျှင်တည်း။ ယခု ကျွန်မဟောပြောပွဲတွေတွင် ဟောပြောတော့ “အစ်ကိုကြီးသာရှိရင် သိပ်ဝမ်းသာမှာပဲ” ဆိုရှာသည်။ ကျွန်မအတွက် မလွဲသာမရှောင်သာ တွေ့ကြုံလာရသောကိစ္စများဖြစ်သည့်အတွက် ကျွန်မအကြောင်းသော်လည်းကောင်း၊ ညီမအကြောင်းသော်လည်းကောင်း၊ ဆွေမျိုးသားချင်းများအကြောင်းသော်လည်းကောင်း သီးခြားရေးလိုစိတ် မရှိတာအမှန်ပင်။

ကျွန်မ ရေးဖွဲ့ချင်တာတွေကတော့ မြောက်မြားစွာသောအကြောင်းအရာတွေ ရှိပါသည်။ ဥပမာ ၁၉၄၂ ခုနှစ် ကုလားစစ်သားများ ဩစတြေးလီယား စစ်သားများ၊ ကားကြီးများတဝီဝီနှင့် အင်းဝတံတားကြီးကိုကျော်ဖြတ်ကာ စစ်ကိုင်းဘက်သို့ ဥဒဟိုတပ်ဆုတ်လာကြသည့်အကြောင်း၊ စစ်ဆုတ်ခွာလာသော ချန်ကေရှိတ်တရုတ်စစ်သားများ တွေ့မရှောင် နွား၊ လှည်း၊ လူသုံးပစ္စည်းများ လုယက်ကာ သေနတ်နှင့်ပစ်သတ်ကြသော အကြောင်း၊ စစ်ပြေးများ ငပိငချဉ်သိပ်ပြည့်ကြပ်ကာ အိမ်သာထဲအထိ အထုပ်အပိုးများ ကုန်ပစ္စည်းများနှင့် လူတွေပါပြည့်နေသော မီးရထားများအကြောင်း၊ မြင်းကို အဓမ္မသိမ်းသွား၍ နေပူကျဲကျဲ ခြေလျင်ခရီးဖြင့် လျှောက်လာကြသော သားအဖအကြောင်း၊ အင်္ဂလိပ်အစိုးရပစ္စည်းများကို သယ်ပို့ပေးရသောတောလှည်းသမား ၇၀ ခန့်နှင့် ကျွန်မတို့တကောင်းရပ်သား လူငယ် ၁၄-၅ ယောက်

www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်ကြရာမှာ ဓားရှည်များ၊ လှံ၊ ထမ်းပိုးများ ပစ်ခတ်သံ။ သွေးသံရဲရဲနှင့် လူသားစစ်စစ်များ။ မြို့ပြအုပ်ချုပ်ရေး (Home Guard) ၏ နှစ်လုံးပြူးသေနတ်နှင့် အသက် ပျောက်နေသော ကျွန်မတို့ဘကြီး၏အလောင်း။

ကျွန်မသည် လူထုကို လွှမ်းသော ငြိမ်းချမ်းရေးတပ်မက်သူဆိုသည့် မောင်ဒေါင်း၏ ဆောင်းပါးများကိုသာ အမှတ်ရနေမိသည်။

လရောင်ဟာ

ကမ္ဘာမြေရဲ့တေး

ငြိမ်းချမ်းရေးအရောင်. . .

စစ်မုန်တိုင်းကြားတွင် ဖြတ်သန်းလာသော သံလွင်ခက်ချီ ချိုးငှက်ကလေးအကြောင်းနှင့်ပတ်သက်၍ ဦးလေးလှ(လူထုဦးလှ)၊ဆရာဒဂုန်တာရာ၊ ကျွန်မဖေဖေ မဟာဆွေ၊ ဆရာဦးတင်အောင်၊ ဆရာမြသန်းတင့် စသူတို့အကြောင်း၊ မျက်မှောက်ခေတ်ရေးဖော်များ ကြည်အေး၊ မမစု (ခင်နှင်းယု)၊ ဆရာဘုန်းနိုင် စသူတို့အပြင် လူငယ်စာရေးဆရာများ မိုးမိုး (အင်းလျား)၊ မစန္ဒာ၊ နုနုရည် (အင်းဝ)၊ ဂျူး၊ မေငြိမ်းတို့အထိ ကျွန်မရေးဖွဲ့ချင်သည်။ ရေးဖွဲ့စရာတွေလည်း များပြားလှချေသည်။ ■

**မေ၊ ၉၃၊ ရွှေရုပ်စုံမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com

## ဒိုင်ယာရီ ၂

[ ၁ ]

စစ်ကိုင်းမြို့သည် စစ်ဘေးဒဏ် အလူးအလဲခံရသည့်ကြားထဲကပင် လှပသော မြို့တစ်မြို့ဖြစ်သည် ဆိုသည်ကို ဘယ်သူမျှ မငြင်းနိုင်ပေ။ ထင်ရှားသော စစ်ကိုင်းတောင်ရိုးနှင့် ဧရာဝတီမြစ်ပြင်ကြီးသည် စစ်ကိုင်းမြို့၏ကျက်သရေဆောင်ဖြစ်သည်။ ဖေဖေ့ကို စစ်ကိုင်းချောင်နှင့် မဝေးလှသော တောင်ခြေ မင်းဇံရပ်တွင်မွေးဖွားခဲ့သည်။ ကျွန်မကိုမူ လူနေထူထပ်သော အောက်တကောင်းရပ်တွင် မွေးဖွားခဲ့လေသည်။ လူနေအိမ်ခြေ အေးချမ်းတိတ်ဆိတ်သော မင်းဇံရပ်နှင့် လူနေထူထပ် ဆူပူသော တကောင်းရပ်တို့မှာ အနေအထားချင်း တခြားစီဖြစ်သည်။ အောက်တကောင်းရပ်တွင် သက်ငယ်မိုး ကျူထရံကာနှင့် တဲအိမ်ကလေးများသည် တိုက်ဝေးလို့ သစ်သားအိမ်တောင့်တောင့်တင်းတင်းပင် မရှိ။ သင်္ဘောကြီးအထမ်းသမားတွေ၊ ငှက် (သမ္ဗန်) သမားတွေ စုဝေးစားသောက်ရာ နေရပ်ဖြစ်သည်။ ဆိုင်တန်းများ နောက်ကျောဌ မီးရထားသံလမ်းရှိပြီး ဆိုင်ရှေ့ကား လှည်းလမ်းကြောင်းဖြစ်သည် မို့ ဖုန်များ အလုံးအခဲနှင့် လွင့်ပျံ့ကာ ခရီးသွားရင်း မျောက်ဖြူကြီးတွေလို ဖြစ်နေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မကြီးကြီး (ဖေ့ဖေ့ အစ်မအရင်း) က မွေးဖွားသော မောင်နှမ ခုနစ်ယောက်စလုံး၏ ဆံပင်နီကျန်ကျန်မှာ ဖုန်မှုန့်များ စုဝေးနေတတ်သည်။ ရေစည် တိုက်သောနွားလှည်းများနှင့် မြင်းလှည်းများက အမောင်းကြမ်းလှသည်။ တစ်ခါတုန်းက ကျွန်မမောင်ဝမ်းကွဲလေး “အောင်ထူး” နွားလှည်းရှေ့ မှောက်လျက်လဲသဖြင့် မျက်နှာတစ်ခြမ်း လှည်းတက်ကြိတ်ရာ ယနေ့ထက်တိုင် မျက်နှာတစ်ခြမ်းစောင်းလေးနှင့် ဖြစ်နေသည်။ ထိုမောင်လေးလည်း ယခု တပ်မတော်မှ အရာခံဗိုလ်အဖြစ် ပင်စင်ယူပြီး ကမာရွတ်လှည်းတန်း နေအိမ်တွင်နေကာ တက်စီမောင်းကာ စားသောက်နေထိုင်သည်။

မင်းဇံရပ်ကတော့ လူကုံထံရပ်ကွက် ဖြစ်သည်။ ဘိုးဘွားပိုင်မြေ၊ ခြံကြီး၊ ဝင်းကြီးများနှင့် လယ်ယာကိုင်းသီးနှံပင်များ ထွန်ယက်စိုက်ပျိုးသူ ပျိုးကြကာ၊ အချိတ်ပုဆိုးနှင့် ထဘီရက်လုပ်သော ရက်ကန်းလုပ်ငန်းပိုင်ရှင်များလည်း နေထိုင်သည်။ ကျွန်မ အဘွားလေး၊ အဒေါ်တချို့က ရက်ကန်းစင်များထောင်ရာ အိမ်တိုင်းမှ အမျိုးသမီးတိုင်းလိုလို ရက်ကန်းရက်တတ်ကြသည်။ ကျွန်မငယ်ငယ်တုန်းက အဒေါ်သင်ပေးခဲ့သဖြင့် နှစ်နံစပ် ကျူထရံကွက် ပိုးလုံချည်ကို ရက်ကန်းခတ်ရာ တစ်ထွာခန့်မျှထိ ရက်လုပ်ဖူးပါသည်။

ယခုတော့ ကျွန်မကို မွေးဖွားချိန် မတိုင်မီကတည်းကပင် ကျွန်မတို့၏ အဘိုးအဘွားနှင့် သားသမီးမြေးမြစ်များ အောက်တကောင်းရပ်၌ ဆင်းရဲချို့တဲ့စွာ နေထိုင်ကြရပြီး တကောင်းရပ်ချင်း တူတာတောင် အထက်တကောင်းရပ်က လူနေအိမ်ခြေ၊ နေထိုင်မှု ပို၍သန့်ပြန်သည်။ ‘မဟေသီ’ စာတည်းချုပ် ဦးစောမြင့်နှင့် အစ်ကို သခင်သိန်းတန်ခေါ် ချစ်တီး (ရေးခဲ့ပြီး)တို့ကို အထက်တကောင်းရပ်တွင် မွေးဖွားသည်။ ကျွန်မ ညီမခင်ဆွေအေးကို ထိုအထက် တကောင်းရပ်တွင် မွေးဖွားသည်။ ဖေဖေက သူ၏ဇနီး အရာရှိသမီးမို့ နေအိမ်ကို အထက်တကောင်းရပ်သို့ ပြောင်းရွှေ့လိုက်တာလည်း ဖြစ်မည်။

ကျွန်မဖေဖေ၏ ညီတစ်ဝမ်းကွဲ ဦးလေးများက ကျွန်မကို မကြာမကြာ စကြ, နောက်ကြသည်။ မခင်ဦးကို မွေးတာ နှယ်နှယ်ရရမှတ်သလား။ အောက်တကောင်းရပ် ‘စမွန်စု’ဟု မြောက်ပေးကြလျှင် အဟုတ်ချည်းထင်ခဲ့ဖူးသေးသည်။ စမွန်စုဆိုသော နာမည်ကလေးကလည်း လှသည် မဟုတ်လား။ စင်စစ် စမွန်စုမှာ ဘုရားကျွန်များ၊ သင်္ဘောကြီးကူလီများ၊ လူ့အောက်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးလှာက လူတွေနေသော နေရာဖြစ်သည်ကို ကြီးပြင်းမှ သိရသည်။ လူတွေမှာ ဆင်းရဲမွဲတေလွန်းသဖြင့် ရာသီဥတုသုံးပါးမရွေး အပေါ်အင်္ကျီမဝတ်။ ကျောပြောင်ပြောင်နှင့် ကလေးလူကြီးနေလေ့ရှိကြသည်။ တကယ့်ကို ကျောမွဲလူတန်းစား။ လူတွေမှာ ကုဋ္ဌနူနာနှင့် မျက်ခမ်းစပ်ရောဂါ နှစ်မျိုးလုံးကို အမြဲမိတ်ဖွဲ့ရသည်။

ကျွန်မသည် ကျွန်မဇာတိရပ်ရွာကလေးကို တွေးမိတိုင်း ဖေဖေအယ်ဒီတာချုပ်လုပ်ခဲ့သော ရဲသတင်းစာနေရာမှ ကြေညာချက်လေးတစ်ခုကို အမြဲသတိရနေသည်။

'အဆွေ. . . မြို့ပေါ်မှာ ကားကြီးတဝီဝီ စီးနေသောအခါ တောနယ် တဲကုပ်လေးထဲမှာ ဆင်းရဲမွဲတေနေသော မြန်မာလူမျိုးများကို တွေးကြည့်ပါ'။

[ ၂ ]

စင်စစ် ဖေဖေတို့ ဘိုးဘွားဘီဘင် အဆက်ဆက်သည် မျိုးကြီးဆွေကြီးတွေထဲက ဖြစ်သည်။ မှူးကြီးမတ်ရာမျိုးရိုးဖြစ်သောကြောင့် ဦးလေးတွေအဒေါ်တွေက

"တို့အမျိုးက ဘုရားထူးခံတဲ့ အမျိုးဟဲ့၊ ခင်ခင်ဦး ထူးစမ်း ဘုရားလို့"

"မထူးနိုင်ပါဘူး။ လူအချင်းချင်းကို. . ."

ကျွန်မက ရုတ်ချည်းချေပမြဲပင်။ ဖေဖေ၏ ကလောင်အမည် ပင်လျှင် မိမိသည် ကြီးမြင့်သောအမျိုးအဆွေမှ ပေါက်ပွားခဲ့သူ တစ်ယောက်ဟူသော အထိမ်းအမှတ် မပျောက်စေရန် ရည်သန်၍ယူခြင်း ဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် မဟာဆွေသည် ကြီးမြတ်သော ဆွေတော် မျိုးတော် အဆက်အနွယ်။ သို့သော် ဆရာဇေယျက ရှုမဝမဂ္ဂဇင်းတိုက်တွင် ကျွန်မတို့ သားသမီးတစ်တွေနှင့် ဆုံစည်းခိုက် မဟာဆွေနာမည်အဓိပ္ပာယ်ကို မေးရင်း ဆရာဇေယျက "ကြီးမြတ်တဲ့ မိတ်ဆွေ မဖြစ်နိုင်ဘူးလား၊ The Great Friend" ဟု အဖြေပေးသွားခဲ့တာကို ကျွန်မသဘောကျမိသေးသည်။ ဘာပဲဖြစ်ဖြစ် ကျွန်မဖေဖေ၏ အဖေဦးအောင်ငြိမ်း၏ မိခင် (မဟာဆွေ၏ အဘွား) သည် လှေသင်းအတွင်းဝန် ဦးခြိမ့်၏နှမရင်းဖြစ်သည်။ ဤတွင် လှေသင်း

www.burmeseclassic.com

www.burmeseclassic.com



အတွင်းဝန် ဦးခြိမ့်မှာ မဟာဆွေ၏အဘိုးဖြစ်ပြီး ကျွန်မ၏ ဘေးဖြစ်ပြန်သည်။ သည်အကြောင်းကို စွယ်စုံကျမ်း၊ အတွဲ (၈) မ, အက္ခရာ စာမျက်နှာ ၄၄၈ တွင် ဖော်ပြထားသည်။

ကျွန်မတို့စာပေနယ်တွင် ထူးခြားသောတိုက်ဆိုင်မှုတစ်ရပ်က စာရေးဆရာ ကဗျာဆရာ မောင်သာနိုးသည် စစ်ကိုင်းသားဖြစ်သည့်အပြင် တိုင်တားမင်းကြီး၏ မြေးအရင်းတော်သည်ဟုဆိုသည်။ လွန်ခဲ့သော ၅ နှစ် ၆ နှစ်ခန့်က ပညာရေးတက္ကသိုလ် ဒေါ်ကြည်လက်ဖက်ရည်ဆိုင် (စနေဝိုင်း)၌ မန္တလေးက စာပေသမားများ စုဝေးမိကြသောအခါ မောင်စွမ်းရည်က ဆရာကိုသာနိုးကို လက်ညှိုးထိုးပြကာ

"ကိုသာနိုးက တိုင်တားမင်းကြီးရဲ့ မြေးအရင်းဗျ"

"ဟုတ်လား၊ ဒါဆို ကျွန်မအဖေရဲ့အဘိုးတော်တာမို့ ကျွန်မရဲ့ဘေးလေ၊ ဆရာကိုသာနိုးနဲ့ ကျွန်မနဲ့ တူအရီးတော်တာပေ့ါ"

ဆရာကိုသာနိုးဆီက အဖြေထွက် မလာပေ။ မောင်သာနိုးနှင့် ကျွန်မတို့ သက်တူရွယ်တူလောက်ရှိကြတာမို့ တူအရီးဆိုလို့ တွန့်ဆုတ်နေသလား မသိ။ ကျွန်မက အလိုက်ကန်းဆိုး မသိစွာ ဆက်၍

"ဆရာက ကျွန်မရဲ့ ဦးလေးပေ့ါ။ ဦးလေးခေါ် ရမလား"

အားလုံးက ဝိုင်းရယ်မောကြသည်။ ဆရာကိုသာနိုးက ပြုံး၍သာ နေသည်။ ကျွန်မကပင် ဆက်၍

"တိုင်တားမင်းကြီးက ကျွန်မဘေးဆိုပေမယ့် တိုက်ရိုက် မဟုတ်ဘူး။ ဘေးရဲ့အစ်ကိုပေ့ါ။ တိုင်တားမင်းကြီးရဲ့ညီ 'ဦးပေစိ'ကမှ ကျွန်မဘေး အရင်း ဖေဖေရဲ့ အဘိုးရင်း"

ဦးပေစိသည် အလွန်ပင် ဆိုးသွမ်းသော လူတစ်ယောက် ဖြစ်သည်။ ကျွန်မ ဘွားဘွားဒေါ်မြင်သည် သူ၏ဖခင်ဦးပေစိနှင့် ပတ်သက်၍ ဘယ်လိုမှ ဂုဏ်ယူဖို့စိတ်မရှိပေ။ ကျွန်မတို့ ဘကြီး၊ ဦးလေး၊ အစ်ကို ဝမ်းကွဲများ ပေပေတေတေ ဆိုးနေလျှင် ဒေါ်မြင်က 'ကိုပေစိမျိုးရိုးဆက်သနော်' ဟု ညည်းရှာသည်။ တစ်ခါတစ်လေဖေဖေအရက်မူးအောင်သောက်ပြီး တစ်နေရာရာလဲနေသည်ကြားလျှင် 'ကိုပေစိမြေးလေ၊ ဒီလိုပဲရှိရမှာပေ့ါ' ဆိုတတ်သည်။ ဖေဖေသည် ကျောင်းဆရာ၊ မူလတန်း ကျောင်းအုပ်ဘဝ လူပျိုကြီး အဖြစ်နှင့်ပင် မူလကအရက်သေစားသောက်စားခြင်းမရှိခဲ့။ ဖေဖေ၏ ဖေဖေဦးအောင်ငြိမ်းအရက်သောက်သောအခါအရပ်ကပြောကြဆိုကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သားက ဘုရားဒကာ၊ ဖအေက ‘ဗိုးကြီး’။ ဖေဖေကြီး (ဦးအောင်မြင့်)သည် ဖေဖေ့ကိုကြည့် နမူနာယူရင်း ရှက်လာသဖြင့် အရက်ပြတ်သွားခဲ့သည်။ ဖေဖေကြီး အရက်ပြတ်ချိန်၊ ဖေဖေရန်ကုန်တစ်ခါတည်းပြောင်းအလာ။ အပေါင်းအသင်းများနှင့် အရက်သောက်တတ်လာ၏။ ဖေဖေကြီးခမျာ ရင်ဘတ်စည်တီးဖြစ်ကာ ‘မောင်ဘရှိန်ရယ်’ ဟု ညည်းညူရှာသည်။ မေမေကြီးကတော့ “ကြီးမှ ဦးပေစိနဲ့ တူလာတာ” ဟုပြောသည်။

ဦးပေစိ ဆိုးပုံဆိုးနည်းမှာ မိုက်မိုက်ကန်းကန်းပင်။ အစ်ကိုဖြစ်သူ တိုင်တားမင်းကြီး တိုင်းခန်းလှည့်လည်စဉ် မန္တလေးလမ်းကျယ်ကြီးများဆိုရာ လမ်းလေးခွ အလယ်တည့်တည့်တွင် ဆောင့်ကြောင့်ထိုင်နေသည်တဲ့။ တိုင်တားမင်းကြီး တိုင်းခန်းအလှည့် လမ်းကို ရှင်းပေးကြရာတွင် ဦးပေစိ တစ်ဦးသာ လမ်းမလယ်ခေါင်တွင် ငုတ်တုတ်ကျန်လေသည်။ မင်းချင်းတွေက ဦးပေစိကို ကန်ကျောက်ကာ တွန်းဖယ်လို့လည်း မရ၊ ပေပေကပ်ကပ်လုပ်နေသော ခန္ဓာကိုယ်ကို ဒရွတ်ဆွဲ၍ ဖယ်ထုတ်သည်။ သူ့မူရင်းနေရာသို့ မရောက်ရောက်အောင် ပြန်လာသည်။ တိုင်တားမင်းကြီး အမိန့်နှင့် ထိုးကြ၊ ထောင်းကြ၊ ရိုက်ကြလည်း နှာခေါင်း၊ ပါးစပ် သွေးအယိုယိုနှင့်ပေကပ်နေသည်။

“ဒါလောက်ခေါင်းမာလှချည့်။ ဘယ်သူတုန်း၊ ငါ့ရှေ့တော်မှောက်ခေါ်ခဲ့စမ်း”

မင်းချင်းများက တိုင်တားမင်းကြီး ရှေ့မှောက် အတင်းဆွဲခေါ်လာကြသည်။ ဦးပေစိသည် ဘယ်လိုမှ အလျှော့ပေးချင်ပုံမရသော ထုံပေပေမျက်နှာနှင့် တိုင်တာမင်းကြီးရှေ့မှောက် ရောက်လာသောအခါ

“ဟဲ့ နင်ဘယ်သူလဲ”

“ပေစိပါဘုရား”

“ဟေ. . . ပေစိ။ မိုက်လှချည့်လား။ ကိုယ့်ကိုယ်များ အနာခံလို့။ မင်းကို အာဏာဖီဆန်ရင် အသတ်ခံရမယ်ဆိုတာ နားမလည်ဘူးလား”

“နားလည်ပါတယ်ဘုရား။ ထောင်းလျှင်ကြေ၊ သတ်လျှင်သေရမည့်သူပါဘုရား”

“ဟယ်. . . ဒါနဲ့တောင် ဇွတ်ပေနေရသလား။ ဘာအလိုရှိသလဲ။ လျှောက်တင်စမ်း”

“နောင်တော့်ကို ဖူးမြင်ချင်လို့ပါဘုရား”

www.burmeseclassic.com

www.burmeseclassic.com



"ရိုးရိုးသားသား အခွင့်တောင်းယူရင် နင့်ကို ဘယ်သူ အတွေ့မခံဘဲ နေမလဲ။ ဖူးမြော်ချင်တာ အကြောင်းကိစ္စ ရှိသလား"

"မရှိပေါင်ဘုရား"

"ဒါနဲ့များ ဘာလို့ ဒီလောက်အနာခံနေရသလဲ"

မိန့်ကြားတော်မူပြီး ဦးပေစိ အလုပ်အကိုင် မေးလေသည်။ ကျပမ်းလုပ်ကိုင် စားသောက်နေတာကို သိရသဖြင့် ဒါလောက်မိုက်ကန်းကန်း လူ 'ထောင်မှူး' ခန့်တာ ကောင်းပါတယ် ဆုံးဖြတ်ပြီး အလုပ်ပေးလိုက်လေသည်။ ထိုစဉ်တုန်းက ပဒေသရာဇ်၏ လက်မရွံ့အာဏာပါးကွက်သားဟူ၍ ထောင်အလုပ်၊ တန်းအလုပ်ကို ဘယ်သူမှ မလုပ်စေချင်ပေ။ မေမေကြီးသည် သူ့ဖခင်၏ အလုပ်အကိုင်အကြောင်းကို ဘယ်တော့မှ ထည့်သွင်းပြောဆိုခြင်း မရှိခဲ့ပေ။

ကျွန်မတို့ ဦးလေး ဦးစိန်မောင် (ဖေဖေ့ညီတစ်ဝမ်းကွဲ၊ နန်းရှေ့ဝင်းဝင်းမြင့်တို့ဖေဖေ) ၁၀ တန်းအောင်ပြီးနောက် ထောင်မှူး အလုပ်လျှောက်ရာတွင် ဖေဖေက

"မင်းနှယ်ကွာ လုပ်စရာ ရှားလို့"

ကန့်ကွက်သေးသည်။ ဦးလေးဘက်ကလည်း အလုပ်က ရလုလုတွင် အတော်ခရီးရောက်နေပြီမို့ ဖေဖေ့အနေနှင့် ဆက်မပြောသာပေ။ သို့သော်လည်း ဦးလေးသည် ထောင်မှူးဘဝ၊ ထောင်ပိုင်ကြီးဘဝအထိ သူများထက် ထူးကဲစွာ ထောင်သားများချစ်ကြသော ထောင်မှူးဖြစ်လာတော့ ဖေဖေ ကျေနပ်သွားသည်။ ဦးလေးနှင့်အတူတူ အလုပ်ဝင်သော စာရေးဆရာ ရန်အောင်မောင်မောင် အကြောင်း ဖေဖေသိလျှင်

"ဒီလို လူမျိုးတွေလည်း ဒီနေရာမှာ လိုတာပဲ"

ဟု ပြောလာပြန်သည်။

[ ၃ ]

ကျွန်မမန္တလေးမှာ နေတုန်းက ဆွေတွေမျိုးတွေ စုဝေးလျှင် ဦးပေစိအကြောင်း ငြင်းကြခုံကြပြန်သည်။ လသာသော ညတွေမှာ လမ်းလျှောက်ကြတော့ လမ်းဆုံလမ်းခွရောက်တိုင်း ဦးပေစိအကြောင်း ပြောရင်း ရယ်ပွဲဖွဲ့ကြသည်။ ဦးပေစိရဲ့စရိုက်၊ မိုက်ကန်းတာတွေဟာ ကျွန်မတို့ဖေဖေကနေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအထိ ပါလာတာ တွေ့ရတယ်ဟု ဝေဖန်ကြသည်။ မြန်မာစကားပုံတွေမှာ တစ်ခုနှင့်တစ်ခု ဝိရောဓိဖြစ်နေတတ်သည်။ ကြောက်တက်ရင် ဝန်ကင်းတဲ့၊ တစ်မျိုးကတော့ ကြောက်လျှင်လွဲ၊ ရဲလျှင်မင်းဖြစ်တဲ့၊ မဟာဆွေကြီးဟာ ဦးပေစိအမွေ ဆက်ခံလို့ ဒိုးဒိုးဒေါက်ဒေါက် ရဲရဲတောက် မဟာဆွေဖြစ်လာတာပေါ့ဟု သူ့မိတ်ဆွေတွေက ဆိုလာပြန်သည်။

ဖေဖေသည် ရပ်ကွက်လူငယ်များနှင့် နိုင်ငံရေး အသင်းအပင်းတည်ထောင်တော့ ရပ်ကွက်လူကြီးတွေနှင့် သက်ဆိုင်ရာ အာဏာပိုင်တွေက မျက်စိနောက်သည်ထင်ရဲ့။ ဖေဖေ့ကို အလယ်တန်းပြကျောင်းအုပ်အလုပ်မှ ဖြုတ်ပစ်ကြသည်။ သည်တုန်းက ကျွန်မ မေမေက ကျွန်မကို ကိုယ်ဝန်ဆောင်ဆဲ။ ကျောင်းသား မိဘတွေက ဆန်တွေ၊ ဆီတွေ လာလှူလည်း လက်မခံ။ "ခင်ဗျားတို့ အားကိုးနဲ့ ကျုပ်ရပ်တည်နေနိုင်တယ် ထင်ဦးမယ်။ ပြန်ယူသွားပါ" ဖေဖေက ဆန်အိတ်တွေရော၊ ဆီပုံးတွေရော ပြန်ပေးလိုက်သည်။

ကျွန်မမေမေမှာ ကျွန်မကိုယ်ဝန်ကြီးနဲ့ ဂျုံကြမ်းနှင့် ချာပါတီမုန့်မနက်ပြန် ညပြန် လုပ်စားရရှာသည်။ ဒါကြောင့် ကျွန်မကို မွေးပြီးတော့ ဖေဖေက 'ချာပါတီမလေး' နာမည်နှင့် ဝတ္ထုရှည် သူရိယမဂ္ဂဇင်းတွင် ရေးဖူးသေးသည်။ သည်တုန်းက ကျွန်မတို့ မိသားစု ရွှေဘိုအပိုင် ဝက်လက်မြို့မှာ။

ကျွန်မမီးဖွားခါနီးမှ မေမေ့ကို စစ်ကိုင်းသို့ ပို့လိုက်သည်။ ဖေဖေကတော့ ဝက်လက်မြို့တွင် ရှိနေဆဲ။ ကျွန်မကို မွေးပြီးမှ ဖေဖေ စစ်ကိုင်းသို့ ရောက်လာခဲ့သည်။ ဖေဖေစောစောပိုင်းကတည်းက အလုပ်ပြုတ်တာမတရားဘူးဟူ၍ စာပြန်တင်တော့ ဖေဖေခင်ဦးမြို့တွင် အလုပ်ပြန်ရသည်။ ကျွန်မ ကံကောင်းသည်ဟု အားလုံး တစ်ညီတစ်ညွတ်တည်း 'ခင်ဦး'(ဝါ) မခင်ဦးဟု နာမည်နှင့် မှည့်ကြသည်။ သူရိယဦးသိမ်းမောင်က ရန်ကုန်မှနေ၍ ကျွန်မ နာမည်နှင့် ပတ်သက်၍ တခုတ်တရ

"မခင်ဦးဆိုတာ ရိုးလွန်းတယ်။ 'ခင်ခင်ဦးလို့ မှည့်ပါ" ဟု အကြံဉာဏ်စာနှင့် လှမ်းပေးသည်။ ကျွန်မကို ဆွေမျိုးတွေရော ဖေဖေ့မိတ်ဆွေတွေရောက'ခင်ခင်ဦး'ဟုခေါ်ကြသည်။ သို့သော် ဖေဖေကျောင်းဆရာ အလုပ်ဆက်မလုပ်တော့။

မန္တလေး နော်မန်ဆရာအတတ်သင်ကျောင်းမှ ဆရာဖြစ်လက်မှတ်ကို ဆွဲဖြဲကာ မီးထဲပစ်ထည့်လိုက်ပြီး

"ဒါရှိရင် ကျွန်သက်ရှည်နေဦးမယ်။ သွားရော့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မေမေရော ကြီးကြီးနှင့် ဖေဖေ့သူငယ်ချင်းတွေရော ဝိုင်းဆွဲတော့ အချိန်မမီတော့။ ဆရာဖြစ်လက်မှတ်လေးသည် ပြာအဖြစ် တွန့်လိမ်သွားရှာပေပြီ။ မေမေကြီးသာ သိလျှင်တော့ "လုပ်လိုက်စမ်းကွယ့်။ ကိုပေစိမြေးရဲ့" ဟု ပြောနေမည်လားမသိ။

စစ်ကိုင်းမြို့ အောက်တကောင်းရပ်က တဲအိမ်ကလေး မီးဖိုထဲက မီးတောက်ထဲမှာ ဆရာဖြစ်လက်မှတ် (ဝါ) ထမင်းအိုးလက်မှတ်လေးတော့ မီးတောက်ဝါးမျိုသွားပြီ။

ပြန်တွေးတော့ လူငယ်ကဗျာဆရာတစ်ဦး၏ ကဗျာတစ်ပုဒ်ကို ကျွန်မ သတိရနေမိသေးသည်။

"မြနန္ဒာ
နေညိုညို ရစ်ကာသန်းတော့"တဲ့
ရွှေမန်းတောင်ရိပ်မှာ
လွမ်းစရာ ကျန်းမာ
သံမဏိလိပ်ပြာ
ပျံသန်းလာတာ
ကျွန်တော်တို့မြင်တယ်" ■

ဇွန်၊ ၉၃၊ ရွှေရုပ်စုံမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

# ဒိုင်ယာရီ ၃

[ ၁ ]

စစ်ကိုင်း အထက်တကောင်းရပ် အိမ်ရှေ့ မန်ကျည်းပင်များအောက် ဘူးစင်အနီးမှ ကွပ်ပစ်ပေါ်တွင် ထိုင်ကြလျက်၊ ညည ကျွန်မတို့ မောင်နှမတစ်တွေ ပုံပြောတမ်း ကစားကြသည်။ မျက်တောင်ခတ်နေသော ကြယ်ရောင်လဲ့လဲ့အောက်တွင် ကျွန်မတို့ ပုံပြောတမ်း ကစားကြဆဲ။ စစ်ကားကြီးများ စစ်ကိုင်းတံတားပေါ်မှ ဖြတ်သွားလျှင် မြေငလျင်လှုပ်သလို မြေကြီးမှာ တုန်ခါနေသည်။ စစ်ကိုင်းတံတားကြီးများနှင့် နီးသော အရပ်မို့လား မသိ။ ဂျိမ်းကနဲ အသံနှင့် တသိမ့်သိမ့် လှုပ်သလို ထင်ရသည်။ ဂျပန်တွေ မြန်မာပြည်အဝင် မဟာမိတ်တပ်များ ဆုတ်အခွာတွင် စစ်ကားကြီးများပေါ်မှ ဩစတြေးလျစစ်သားများ ၊ (လူကြီးတွေပြောပြ၍ သိရသည်) ဗြိတိသျှစစ်သားများ၊ ဂေါ်ရာစစ်သားများ၊ တရုတ်ကူမင်တန် စစ်သားများနှင့် မန်ချူးရီးယားစစ်သားများ လောရီကားကြီးပေါ်တွင် သေနတ်ကိုယ်စီကိုင်လျက် အသင့်အနေအထားနှင့် လိုက်ပါလာသည်ကို ကျွန်မတို့ ရေချိုးဆိပ်မှ လှမ်းမြင်နေရသည်။ လူကြီးတွေက ကျွန်မတို့ကလေးတွေကို ရေကြာကြာ ချိုးခွင့်မပေး။ အရွယ်ကောင်းမိန်းကလေး အိုအိုပျိုပျိုများကို အပြင်သို့ လုံးဝ ထွက်ခွင့်မပေးပေ။

www.burmeseclassic.com

www.burmeseclassic.com



မြို့တွင်း ကြီးစိုးနေသော ကူမင်တန်စစ်သားတို့သည် မိန်းကလေးများကို အဓမ္မကျင့်ပြီး လှံစွပ်နှင့် ထိုးသတ်ပစ်သည်ဆိုသော သတင်းများကို မကြာမကြာ ကြားနေရသည်။ စစ်အပြီးတွင် ရန်ကုန်မြို့ ရုပ်ရှင်ရုံ၌ 'မိန်းမနှစ်ယောက်' (The Two Women) ဆိုသော ရုပ်ရှင်ကား (ဆိုဖီယာလော့ ရင့်ပါဝင်သည်) ပြသော အခါ မေမေနှင့် အဒေါ်များသည် ပြီးဆုံးအောင် မကြည့်ရက်ကြပေ။

ကျွန်မတို့ မျက်စိရှေ့တွင်ပင် စိတ်မချမ်းမြေ့ဖွယ်ရာ အဖြစ်အပျက်တစ်ခုက ကလေးငယ်တစ်ဦး၏ စက်ဘီးကို ကူမင်တန်စစ်သားက လုယူသောအခါ ကလေးက ငိုယိုကာ ကူမင်တန်စစ်သားကို ကန်ကျောက်သဖြင့် ကလေးကို သေနတ်ဖြင့် ပစ်သတ်လိုက်သည်။ ကလေး၏ မိခင်ကငိုယိုကာ တောင်းပန်လိုက်သည်ကိုပင် လက်လှမ်းမမီလိုက်။ စစ်သားများ ထွက်ခွာသွားကြသောအခါ အသက် ၃၀ ကျော်မိခင်သည် ၁၀နှစ်သားအရွယ် သွေးစက်လက်နှင့် ကလေးငယ်၏အလောင်းကို ပိုက်ကာ ကျန်ရစ်သည်။ ထို့ကြောင့် ကျွန်မတို့အထက် တကောင်းရပ် ခြံဝင်းရှေ့လှံစွပ်တပ်သေနတ်များနှင့် မဟာမိတ်စစ်သားများ ရောက်လာလျှင် အိမ်တံခါး၊ ခြံဝင်းတံခါးများ ပိတ်ကာ အိမ်တွင်းပုန်းအောင်း နေကြရသည်။

ကျွန်မတို့ မန်ကျည်းပင် အုပ်အုပ်တွေအောက် ဘူးစင်အနီးမှ ကွပ်ပစ်ပေါ်တွင် ပုံပြောတိုင်း သေနတ်သံ တစ်ဖောက်ဖောက်ကို ကြားနေရသည်။ ကျွန်မတို့ ဖေဖေကြီး ဦးအောင်ငြိမ်း၊ ဘဘကြီး ဦးဘတင် (ကြီးကြီးခင်ပွန်း) နှင့် ဖေဖေတို့က တောက်တစ်ခေါက်ခေါက်နှင့် ဖြစ်နေကြသည်။ ကျွန်မတို့ ကလေးများကား ဘာမှလေးလေးနက်နက် မစဉ်းစားမိကြ။

မောင်နှမ စုစုပေါင်း ၉ ယောက်တွင် အကြီးဆုံးမှာ ကိုကြီး ကိုအေးဖေ ဖြစ်သည်။ နောင်တွင် သူသည် သထုံသူ မမအေးစိန်နှင့် အိမ်ထောင်ကျကာ မမစိန်၏အစီအမံများနှင့် အမှိုက်များ ပြည့်နှက်နေသော ရွှေဘုံသာလမ်းတိုက်ခန်းကို ရှင်းလင်းသန့်စင်ကာ တိုက်ခန်းမရှေ့ လက်ဖက်သုတ်၊ ဂျင်းသုတ်ရောင်းရာမှ ယခု 'ရွှေဇီးကွက်' စားသောက်ဆိုင်ဖွင့်ထားသည်။

ကိုကြီးသည် တပ်ရင်း ၅ တပ်ကြပ်ကြီးဘဝ မြင်းအနင်းခံရ၍ ဒူးတွင် ဒဏ်ရာရပြီး ရုံးချုပ်တွင် အမှုထမ်းရသည်။ အရာခံဗိုလ်ဘဝဖြင့် တပ်မှ ပင်စင်ယူလိုက်သည်။ အစ်ကို ဦးစောမြင့်၏ တပည့်ရင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အကြောင်းကို ကျွန်မ "ကံကော်ဦး" ဝတ္ထုတွင် ထည့်ရေးဖူးသည်။ နောက် ကိုကြီး ကိုအေးငွေ (ကွယ်လွန်)သူ့အကြောင်း "မြပဝါ" လုံးချင်းဝတ္ထုတွင် ရေးခဲ့ဖူးသည်။ ကိုကို ကိုဖေစိန် (ကွယ်လွန်၊ "လွင်" ဝတ္ထုမှဇာတ်လိုက်)၊ အမလေး၊ အမိလေး (ကွယ်လွန်)၊ ကိုလေးမောင်၊ ကိုအောင်ထူး၊ (အရင်လ ရွှေမင်္ဂဇင်းတွင် ရေးခဲ့ပြီး) တို့ ၇ ယောက်နှင့် ကျွန်မတို့ ညီအစ်မနှစ်ယောက် ပေါင်း ၉ ယောက် စုစည်းမိကြသည်။ တစ်ဝမ်းကွဲဆိုသော်လည်း မောင်နှမ အရင်းအချာလို နေထိုင်ခဲ့ကြသည်။

ဖေဖေ့တွင် လက်ရှိ မောင်နှမ သုံးယောက်ရှိသည့်အနက် ကြီးကြီး ဒေါ်စိမ်းမေက အကြီးဆုံး၊ ဖေဖေက အလတ်၊ ဒေါ်ဒေါ် ဒေါ်စိမ်းမြက အငယ်ဆုံးဖြစ်သည်။ သစ်သားနှစ်ဆောင်ပြိုင် နှစ်ထပ်အိမ်ကြီးတွင် ဖေဖေ ကြီး၊ မေမေကြီးအပါအဝင် အိမ်သားစုစုပေါင်း ၁၆ ယောက်ဖြစ်သည်။ သည် အိမ်ထောင်စုတွင် ဘဘကြီး ဦးတင်က လှည်းထောင်၍ သူကိုယ်တိုင်လည်း လှည်းမောင်းကာ စီးပွားရေးထူထောင်သည်။ ကြီးကြီးက ဘဘကြီးနှင့်တွဲ လျက် လိုက်ပါကာ တစ်ခါတစ်ခါ လှည်းဝင်မောင်းသည်။ ကြီးကြီးက အရပ် ထောင်ထောင်မောင်းမောင်းနှင့် ယောကျ်ားတစ်ယောက်လို စွမ်းစွမ်းတမံ လုပ် ကိုင်တတ်သည်မို့ သူ့ကိုအရပ်သားများက 'ကိုစိမ်းမေ'ဟု ခေါ်ကြသည်။ ကျွန်မတို့ အရွယ်ရောက်လာသောအချိန်တွင် ကြီးကြီးက ရန်ကုန်လာ လည်တော့

"ကြီးကြီးကမှ ကြီးကြီးမောင်ရဲ့ ဇာတ်လိုက်မင်းသမီး။ ညည်းတို့ တွေက ဂျပုလေးတွေ"

မကြာမကြာ စတတ်ပါသည်။ ကျွန်မတို့သည် အရွယ်ရောက်ကြီး ပြင်းလာသောအခါ ငယ်စဉ်တုန်းကလို ထွားကျိုင်းခြင်း မရှိတော့။ ကြီးကြီး ၏ သမီး အစ်မလေး၊ အမိလေးတို့က ကျွန်မတို့ ညီမတွေထက် ထွားကျိုင်း သည်။ ကျွန်မက နည်းနည်း မခံချင်သဖြင့်

"ခင်ခင်ဦးကို ဖေဖေက သိုင်းသင်ပေးထားတာပဲ။ ထွားကျိုင်းဖို့ မလိုပါဘူး။

"အံမယ်။ ညည်း အားကစားကျတော့ အမြင့်ခုန်၊ အလျားခုန်တွေ မှာ ရှုံးရော မဟုတ်လား"

ကြီးကြီးက မေမေ့ဘက် မျက်စိမှိတ်ပြကာ ကျွန်မတို့ကို နောက် ပြန်သည်။ ကြီးကြီးပြောတာ မှန်လည်း အမှန်ပင်။ ကျွန်မ ၁၄ နှစ်အရွယ်

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်ခဲ့သော ဦးလေးဇော်ဝိတ် တော်ဘုရားကြီး (သီပေါမင်း မြေးအကြီးဆုံး)၊ ဇနီး ဒေါ်ခင်ကြည်တို့ အားကစားအဖွဲ့တွင် ခြေတံရှည်သော မိန်းကလေးများသာ အမြင့်ခုန် အလျားခုန်တို့တွင် ဗိုလ်စွဲတတ်ကြသည်။ ကျွန်မတို့ မောင်နှမတွေ ပုံပြောကြသောအချိန်တွင် ကိုကြီးက ၁၄ နှစ်နှင့် ၅ပေ ၆ လက်မလောက်ရှိနေပေပြီ။ ခုကိုကြီးတို့ ညီအစ်ကို အရပ်မောင်းတွေက ၅ ပေ ၁၀ လက်မ နီးပါး ရှိကြသည်။ သူတို့ အညာမှာ အနေများကြသူမို့ ပဲကို ထည်လဲစားကြသည်။ ကျွန်မတို့ ညီအစ်မတွေက ပဲ မကြိုက်ကြပါ။ ပြီးနောက် ဖေဖေရော၊ မေမေရော၊ အရပ်ပုတာကြောင့်လည်း ဖြစ်မည်ထင်သည်။

[ ၂ ]

ကျွန်မတို့ ပုံပြောရင်း တစ္ဆေကို စတင်ကြောက်လန့်သည်ကို ဖေဖေက နှစ်သက်ခြင်း မရှိပါ။ ကျွန်မတို့ ငယ်ငယ်တုန်းက တစ္ဆေမကြောက်၊ တစ္ဆေကို မြင်ဖူးချင်ကြသော ကလေးများ ဖြစ်ခဲ့ကြသည်။ ကျွန်မညီမ ‘အေး’ ဆိုလျှင် ကျွန်မတို့ ကြည့်မြင်တိုင် ကျောင်းကြီးလမ်းနေစဉ်က ဘယ်သူကများ တစ္ဆေသူရဲအကြောင်းကို ပြောလိုက်သည်မသိ။ အသက် ၃ နှစ်အရွယ်သာရှိသေးသော ကလေးငယ်က

“တစ္ဆေကြည့်မယ်၊ တစ္ဆေကြည့်မယ်၊ ပြပါ။ ပြပါ”

ငိုယိုပူဆာသဖြင့် ကျွန်မတို့ကို ထိန်းကျောင်းသော ဦးလေးညိုက အေးကို ပခုံးပေါ်ထမ်းကာ ပိတောက်ပင်လမ်း၊ ပန်းပင်ကြီးလမ်းတို့ဘက် ထွက်လျှောက်ကာ

“တစ္ဆေဆိုတာ တကယ်မရှိဘူး သမီးရဲ့။ ဟိုမှာ ကြည့် ရှိသလား”

“ဟင်အင်း မရှိဘူး”

“အေး မရှိဘူးနော်”

ညီမက ပြုံးပြုံးရယ်ရယ်နှင့် ဦးလေးညို ပခုံးထက်တွင် ပါလာသည်။ ဖေဖေသည် ကျွန်မကို တစ္ဆေမကြောက်တရားဟောကာ ကမ္ဘာနှင့် မြန်မာ့အာဇာနည် ပုံပြင်များကို ပြောပြတတ်သည်။ ဂျပန်ခေတ်တုန်းက ဖေဖေသည် အသက် ၂၀ အရွယ် လူငယ်များနှင့် အလောင်းအစားလုပ်၍ ကျွန်မတို့ ညီအစ်မတွေကို သချိုင်းသို့ သွားစေသည်။

www.burmeseclassic.com

www.burmeseclassic.com



လမိုက်သောည၌ ကျွန်မတို့ ညီအစ်မနှစ်ယောက် သန်းခေါင်ကျော်အချိန်တွင် ဗဟန်းခရစ်ယာန်သင်္ချိုင်းသို့ ရောက်ခဲ့ဖူးကြသည်။ လူကြီးများ မယောင်မလည်လိုက်လာသည်ကို ကျွန်မတို့မသိ။ ညီအစ်မ နှစ်ယောက် လက်တွဲကာ ရောက်လာကြသည်။ ကျွန်မတို့ရှေ့က တွန့်ဆုတ်တွန့်ဆုတ်နှင့် အသက် ၂၉-၂၀ အရွယ် ယောကျ်ားလေး နှစ်ယောက်။

"လာလာ ညီမလေးတွေ၊ သင်္ချိုင်းတံခါးပေါက်ပိတ်ထားတယ်"

စင်စစ် ခရစ်ယာန်သင်္ချိုင်းတွင် တံခါးပေါက်မထားဘဲ အဝင်ဝတွင် မုခ်ဝ (Arch) လိုသဏ္ဌာန်လုပ်ထားခြင်း ဖြစ်သည်။ မှတ်မှတ်ရရ စက်သေနတ်မှန်ထားသော လူသေအလောင်းနှစ်လောင်းကို အပေါက်ဝတွင် ပစ်ထားသဖြင့် အပုတ်နံ့ တထောင်းထောင်း ရနေသည်။ အလောင်းတွေ ပိုစိုးပက်စက် ဖြစ်နေပုံကို ကြယ်ရောင်အောက်တွင် လှမ်းမြင်နေရသောအခါ ကျွန်မမှာ နည်းနည်းတုန်လှုပ်မိသော်လည်း ညီမအေးက ကျွန်မထက်ပို၍ သတ္တိကောင်းသည်။ ရှေ့သို့ စိုက်စိုက်နှင့်သာသွားနေသည်။ နောက် လက်နှိပ်ဓာတ်မီးကိုယ်စီနှင့် လိုက်လာကြသော ဖေဖေတို့အဖွဲ့နှင့်ဆုံမှ ကျွန်မတို့ လှည့်ပြန်လာကြသည်။

ကျွန်မတို့ စစ်ကိုင်းတွင် နေစဉ်က ဖေဖေက သူ့အဖွဲ့ လူငယ်များကိုလည်းကောင်း၊ ကျွန်မတို့ မောင်နှမတစ်တွေကို လည်းကောင်း မေးခဲ့သော မေးခွန်းတစ်ခု ရှိသည်။

"လူဆိုတာ သေရမှာပဲ။ ခုကိုယ့်ကို ရန်သူက သတ်တော့မယ်။ ဥပမာ သတ်ခါနီးဆဲဆဲ ကြောက်ကြောက်လန့်လန့်နဲ့ ငိုပြီးသေမလား။ ရဲရဲကြီးပြုံးပြီး သေမလား။ သေတော့ သေမှာနော်၊ ဘယ်လိုသေမလဲ"

"ရဲရဲကြီးသေမယ်" ကလေးတွေက ဖြေသည်။ ကျောင်းဆရာမေးသော မေးခွန်းကို ကလေးတွေက ခပ်လွယ်လွယ် ဖြေလိုက်တာမျိုးလည်း ဖြစ်ချင်ဖြစ်မည်။

ဖေဖေပြောခဲ့ဖူးသော အာဇာနည်ပုံပြင်များအနက် ကျွန်မတို့ စွဲလမ်းခဲ့သည်မှာ လီနင်။ အာရေဗျလောရင့်၊ ဂျီဆေရီဇော်၊ ရိုမဲလ်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်ကိုအောင်ကျော်တို့ ဖြစ်ပါသည်။ ဂျီဆေရီဇော်သည် ပစ်သတ်ခံရသောအခါ ခေါင်းငိုက်စိုက်မှောက်လျက် မသေဘဲ၊ ခေါင်းမော့နောက်လှန်သေသည့်အကြောင်းကို ကျွန်မ သဘောကျလှသည်။ ကျွန်မတို့ ၁၀ တန်း ကျောင်းသူများအရွယ်တွင် လီနင်တို့၊ အာရေဗျလောရင့်တို့ ရိုမဲလ်

www.burmeseclassic.com

www.burmeseclassic.com



တို့ပုံတွေကို အနောက်တိုင်းမဂ္ဂဇင်းများမှ ရှာဖွေကာ ဗလာစာအုပ်တွင် ကပ်ရသည်က အမော။

ဂျာမန်စစ်ဗိုလ်ချုပ်ကြီး ရိုမဲလ်စာအုပ်တွေကို ကျွန်မနှစ်ပေါင်းများစွာ လိုက်လံ ရှာဖွေ ဖတ်ခဲ့ဖူးသည်။

"တိုင်းပြည်က ပေးအပ်တဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ဖို့ ငါတစ်သက်လုံးကြိုးစားခဲ့တယ်။ ခုလည်းပဲ ကြိုးစားဆဲပဲ။ ငါဆုံးဖြတ်ပြီးတဲ့အတိုင်း တိုင်းပြည်အပေါ် သစ္စာရှိရှိနဲ့ အသေခံရမှာပဲ"

ရိုမလ်၏ "အကောင်းဆုံးခံစစ်သည် တိုက်စစ်သာလျှင် ဖြစ်သည်" ဆိုသော စကားကို ကျွန်မအကြိုက်ဆုံးပင်။ ရိုမဲလ်သည် အရည်အသွေးပြည့်ဝသော စစ်သားကြီး တစ်ဦးပင်။ သူနှင့်ပတ်သက်သော စရိုက်အတော်များများ ကျွန်မ၏ လုံးချင်းဝတ္ထု 'တို့တိုင်းဌာနီ' မှ ဇာတ်ဆောင် 'ကိုသူရ'တွင် စိမ့်ဝင်တာကို ကျွန်မ သတိထားမိသည်။ ရိုမဲလ်သည် ဆေးလိပ်လည်း မသောက်တတ်။ သေရည်သောက်စားခြင်းလည်း မပြုသည့်အပြင် မိမိချစ်သူနှင့် တရားဝင်စေ့စပ်ကြောင်းလမ်းခြင်း မပြုရသေးသော်လည်း တရားဝင်စေ့စပ်ကြောင်းလမ်းပြီးသည့်အလား မှတ်ယူထားသူဖြစ်လေရာ စစ်တပ်များတပ်စွဲထားသော မြို့များတွင် ရှိတတ်မြဲဖြစ်သည့်ညအခါ ပျော်ပါးမှုမျိုးကို စိတ်ဝင်စားခြင်း အလျဉ်းမရှိ။ သူသည် စည်းကမ်းမဲ့နှင့် တာဝန်ပေါ့လျော့မှုများကို သည်းညည်းခံတတ်ခြင်း မရှိကြောင်းကို သူ့ပတ်ဝန်းကျင်က အကဲခတ်မိကြသည်။ ထင်ပေါ်ကျော်ကြားမှုကို ခုံမင်တတ်သူ မဟုတ်ကြောင်း ဆိုသောအချက်ကို ကျွန်မသဘောအကျဆုံး ဖြစ်သည်။

ရိုမဲလ်၏ သေနင်္ဗျူဟာမှာ လူအင်အား အနည်းငယ်နှင့် ရန်သူစစ်ကြောင်းထဲသို့ လျှပ်တစ်ပြက် ထိုးဖောက်ဝင်ရောက်သော နည်းဖြစ်သည် ဆိုသည့် အချက်ကလည်း အားကျဖွယ်ပင်။

"ရိုမဲ (လ်)ရဲ့ အင်အားဟာ မြင်းတစ်ကောင်ရဲ့ အင်အားနဲ့ ညီမျှတယ်။ သူ့လိုလူ တွေ့ခဲပေခြင်းဗျာ။ ကျုပ်ဖြင့် တွေ့ကို မတွေ့ဖူးပါဘူး။ အစားအသောက် အအိပ်အနေကအစ ဘဝမှာ ဇီဇာကြောင်တတ်တဲ့လူ မဟုတ်ဘူး။ သူ့ထက် အသက် ၂၀-၃၀ ငယ်တဲ့ သူတွေတောင် သူ့ကိုတုပြီး အမောအပန်း မခံနိုင်ဘူး။ သူကချည်း အနိုင်ပိုင်းတာပဲ။ သူ့ကိုယ်သူလည်း မသက်ညှာဘူး။ သူများကိုလည်း ညှာရမှန်းသိတဲ့လူ မဟုတ်ဘူး။ အကြမ်းမှာတော့ ကမ်းကုန်ပဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သူသည် နပိုလီယန်ကဲ့သို့ပင် မိနစ်အနည်းငယ်မျှ မှေးစက်ရုံဖြင့်လည်းကောင်း၊ မော်တော်ကားအတွင်းတွင် တစ်ငိုက်မျှ အိပ်ရရုံဖြင့်လည်းကောင်း၊ တင်းတိမ်လေ့ရှိပြီး၊ သို့တဒင်္ဂအိပ်စက်ရာမှ နိုးလာလျှင်လည်း သုန်သုန်မှုန်မှုန် မရှိ။ ပကတိ လန်းလန်းဆန်းဆန်း ကြည်ကြည်လင်လင် နေတတ်သူဖြစ်သည်တဲ့။ ရိုမဲလ်လက်အောက်တွင် အနီးကပ် အမှုထမ်းရသော အရာရှိများမှာ များသောအားဖြင့် ရိုမဲလ်ကဲ့သို့ တန်းတူရည်တူ မလုပ်ကိုင်နိုင်သူက များသည်။ သူမနက် ၆ နာရီက ထွက်တဲ့ခရီး၊ နာရီပြန်တစ်ချက်တီးမှ ပြင်သစ်ကမ်းရိုးတန်း စစ်စခန်းရောက်ကာ စစ်ဆေးပြီး နေ့လယ်စာမစားဘဲ ပြန်ထွက်၊ နောက်စခန်းတစ်ခုကို ည ၇ နာရီကျမှ ရောက်ကာ ကွန်ဖရင့်ထိုင်သေးသည်။ ရှစ်နာရီကျမှ ညစာစား (တစ်နေ့လုံးအတွက် တစ်နပ်ပဲ) ည ၉ နာရီကျ ဆက်အလုပ်လုပ်သေးသည်။ သူနှင့်အတူ လိုက်ပါလာသော အင်ဂျင်နီယာချုပ်ကတော့ ဟန်မဆောင်နိုင်တော့ဘဲ အိပ်ပျော်သွားသည်။ ကျွန်မသည် ဗိုလ်သူရကို ဖန်တီးရာ၌ ရိုမဲလ်၏ အငွေ့အသက်တွေ အများကြီးပါသည်ဟု ကိုယ့်ကိုကိုယ် ယူဆမိပါသည်။

[ ၃ ]

စစ်ကိုင်းမြို့သည် ကျွန်မအတွက် အမှတ်တရ ကျောင်းကြီး တစ်ကျောင်းဖြစ်ခဲ့ပါသည်။ သည်ကဲ့သို့သော အတွေ့အကြုံကျောင်းမျိုး ကျွန်မဘယ်မှာမှ မရနိုင်ခဲ့ပါ။ ကြေကွဲဖွယ်ရာ အဖြစ်အပျက်များလည်း ရင်ဆိုင်ခဲ့ရပါသည်။

ဂျပန်တပ်တွေ မဝင်ခင်ကတည်းက ဂျပန်ကို လက်မခံဘဲ ပြန်တိုက်မည်ဟု တော်လှန်ကြမည့် လူငယ်အဖွဲ့နှင့်အတူ ဖေဖေလည်း ပါဝင်ပတ်သက်နေသည်။ သို့ကြောင့်လည်း သခင်သိန်းတန်သည် ဂျပန်အညဉ်းအဆဲ၊ အသတ်အဖြတ်ခံရခြင်း ဖြစ်သည်။

သည်ကြားထဲ ထူးခြားသည့်အကြောင်းအချက်တစ်ခုက အင်္ဂလိပ်အစိုးရက ဖေဖေ့ကို မြို့ပြအုပ်ချုပ်ရေးမှူး ခန့်ထားသော ကိစ္စပင်။ သည်ကိစ္စအတွက် လူငယ်အချို့ ဖေဖေ့ကို အကြည်ညိုပျက်ခဲ့ဖူးသည်။ ဖေဖေ့ကို နားလည်သောတစ်နေ့၌ ပြန်လည်တောင်းပန် ကြေအေးသည်ဟု သိရသည်။ ရာထူးပေးရန် ရန်ကုန် အလုံဘင်တန်လမ်း နေအိမ်သို့ ရောက်လာသော

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြားရေးဝန်ကြီး (ဦးအိမ်ဟု ကျွန်မထင်သည်) ကို ဖေဖေ နှစ်ကြိမ်၊ သုံးကြိမ်ငြင်းသည်။

နောက်ဆုံး 'ဆာမောင်ကြီး' (အထက်လွှတ်တော်ဥက္ကဋ္ဌ၊ နိုင်ငံရေးခေါင်းဆောင်) က ဖေဖေ့ကို သူ့အိမ်သို့ ကားနှင့် ခေါ်ကာ သည်ကိစ္စကို ဆွေးနွေးသည်။

"ကိုဘဆွေ ဘာမှ စောဒက မတက်ဘဲနဲ့ ဒီကိစ္စကို ဦးပြောတာ နားထောင်ပါ"

"ခု ကိစ္စက ကျွန်တော့်အတွက်. . ."

"နေဦး ဦးမေးမယ်။ မောင်ရင့်အခြေအနေ မောင်ရင်သိသလား"

"ဟုတ်တယ်။ ဒါတော့ ကျွန်တော်ကြားပြီးပါပြီ။ စုံထောက်အဖွဲ့ထဲမှာ ကျွန်တော့်ကို ကြည်ညိုတဲ့ လူတွေရှိပါတယ်"

"ဒါနဲ့များ ကိုဘဆွေ၊ ခေါင်းမမာချင်ပါနဲ့၊ ခု ဒီရာထူးကိုလက်ခံပြီး စစ်ကိုင်းကို အမြန်ဆုံး ရွှေ့သွားပါ။ ရန်ကုန်မှာ လုံးလုံး မနေပါနဲ့"

"ကျွန်တော် စစ်ကိုင်းကို ပြောင်းမှာပါ။ ဒီရာထူးကိစ္စကတော့"

"မဟုတ်ဘူး ကိုဘဆွေ။ ဦးပြောတဲ့အတိုင်းလုပ်ပါ။ မမှားနိုင်ပါဘူး။ ဦးကပြောရင် ယုံပါ"

ဖေဖေလည်း အတော်ခေါင်းမာခဲ့သည်တဲ့။ ကျွန်မ မေမေပြောချက်အရ ဖေဖေကို အင်္ဂလိပ်အစိုးရက 'ကြိုးမိန့်' ပေးခဲ့သည်တဲ့။ တစ်သက်တာလုံး ကလောင်သွား ထက်ထက်နှင့် အတိုက်အခံရေးခဲ့သော ဒီးဒုတ်ဦးဘချို၊ မဟာဆွေနှင့် နိုင်ငံရေးခေါင်းဆောင်တစ်ဦး (သခင်ရှိန်) ထင်သည်ကို အင်္ဂလိပ်အစိုးရက သတ်ပစ်ဖို့ အမိန့်ပေးခဲ့သည်ဟု ဆာမောင်ကြီးက သိရသောအခါ ဖေဖေအတွက် ပါးပါးနပ်နပ် ဖြေရှင်းပေးခဲ့သော ကိစ္စဖြစ်သည်။ ဤသို့ မြို့ပြအုပ်ချုပ်ရေးမှူး ရာထူးပေးသော ပုဂ္ဂိုလ်များမှာ ကျွန်မမေမေပြောကြားချက်အရ ဒီးဒုတ်ဦးဘချို၊ မြို့မဦးလွင်၊ ဦးသိန်းဖေမြင့် တို့ဖြစ်ကြသည်။ ဦးဘချိုကို ရွှေဘိုခရိုင်သို့ လွှတ်သည်ဟု ဆိုသည်။

"ကိုရင် လုပ်ချင်တာ လုပ်ခွင့်ရှိပါတယ်။ ခု လောလောဆယ်တော့ ဦးပြောတာ နားထောင်ပါ"

ဖေဖေမြို့ပြအုပ်ချုပ်ရေးမှူးလုပ်သည့်အခါ ဖေဖေနှင့် ကာကွယ်ရေးမှူး ကိုကြည်လင် (ဘဘကြီး ဦးဘတင်၏ညီ) တို့သည် မထင်မှတ်သောလူစုလူဝေးပေါက်ကွဲမှုကြောင့် ဖေဖေအမိန့်နှင့် ကိုကြည်လင်သေနတ်ဖောက်

www.burmeseclassic.com

www.burmeseclassic.com



ရာ ဘဘကြီး ဓားစာခံဖြစ်ရရှာသည်။ အလွန်ချစ်မြတ်နိုးသော ယောက်ဖ လည်း ယောက်ဖ၊ သူငယ်ချင်းလည်း ဖြစ်သော မောင်ဘတင့်၏ ကြမ္မာဆိုး သည် ဖေဖေနှင့် ကိုကြည်လင် ပယောဂကြောင့် ဖြစ်သွားရာ၊ တစ်သက်လုံး ယူကြုံးမရဖြစ်စရာ အကြောင်းတွေ ပေါက်ဖွားလာခဲ့သည်။ သည်အကြောင်း ကို ဖေဖေသည် “ငါဘယ်သူလဲ”အမည်နှင့် စာအုပ်ငယ်တစ်အုပ် ရေးသားပြု စုထုတ်ဝေခဲ့ဖူးလေရာ စပယ်ဖြူမဂ္ဂဇင်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ကျွန်မ လည်း ကျွန်မဘက်မှ အမြင်ကို မှတ်မိသရွေ့ ရေးပါဦးမည်။ ■

**ဇူလိုင်၊ ၉၃၊ ရွှေရုပ်စုံမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com

# ဒိုင်ယာရီ ၄

[ ၁ ]

ပြီးခဲ့သည့်လတုန်းက ဖေဖေ့ကို အင်္ဂလိပ်အစိုးရက ခန့်သော မြို့ပြအုပ်ချုပ်ရေးမှူးရာထူးကို မလွှဲသာမရှောင်သာ လက်ခံခဲ့ရကြောင်းကို ကျွန်မရေးခဲ့ပြီးဖြစ်ပါသည်။ သည်ရာထူးကို ဝါဒဖြန့်ချိရေးအရာရှိချုပ်ဟူသော သတ်မှတ်ချက်နှင့် လျှို့ဝှက်ဌာနက ခန့်သဖြင့် လစာငွေရယ် မဟုတ်ဘဲ ထောက်ပံ့ကြေးပေး၏။ လက်မခံချင်၍အတန်တန်ငြင်းခဲ့ရာ အထက်လွှတ်တော်ဥက္ကဋ္ဌ၊ ဆာဦးမောင်ကြီးက တိုက်တွန်းသဖြင့် လက်ခံခဲ့ခြင်း ဖြစ်သည်။ အင်္ဂလိပ်အစိုးရက သူတို့မြန်မာပြည်မှ ထွက်ခါနီးတွင် ဖေဖေ့ကို သူတို့၏ရန်သူနိုင်ငံရေး လူဆိုးအဖြစ် သုံးယောက်တစ်တွဲ အသတ်ခိုင်းရာ ဖေဖေ့အမှတ်အသားအရ သခင်ရှိန်၊ သခင်ကြွယ်၊ မဟာဆွေတို့ဖြစ်ပြီး ကျွန်မ မေမေ၏အမှတ်အသားအရတော့ ဒီးဒုတ်ဦးဘချို၊ သခင်ရှိန်နှင့် မဟာဆွေတို့ ဖြစ်သည်။ ဂျပန်ခေတ် ကျွန်မ ၈ နှစ်၊ ၉ နှစ်သမီးအရွယ် ဖေဖေနှင့်မေမေတို့ပြောသံဆိုသံ နားထောင်မှတ်သားမိသမျှ မေမေမှတ်ထားတဲ့အတိုင်း ဖြစ်လိမ့်မည်ဟု ကျွန်မထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



စုံထောက်အဖွဲ့တွင် ဖေဖေ့အသိ (စာဖတ်ပရိသတ်) ရှိသဖြင့် သည်သတင်းကို ဖေဖေလည်း ကြိုတင်သိပြီး ဖြစ်သည်။ နောက်သိရသည့်အချက်အလက်တစ်ခုမှာလည်း အင်္ဂလိပ်တွေက သူတို့ မျက်စိစပါးမွေးစူးနေသော မဟာဆွေကို နိုင်ငံရေးအကျဉ်းသားအဖြစ် အိန္ဒိယသို့ ပို့လိုသည်တဲ့။ သည်ကိစ္စကို ပြည်ထဲရေးဌာနက ထိန်းထားသည်။ ဘုရင်ခံလက်အောက်ရှိ ထိုရာထူးကို လက်ခံသောအခါ ထိုကိစ္စငြိမ်းသွားသည်ဟု ဆိုသည်။ ဖေဖေတို့ မိသားစု ရန်ကုန်မှ စစ်ကိုင်းသို့ ထွက်ခဲ့ကြသောနေ့မှာ မှတ်မှတ်ရရ ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ဟု ဖေဖေ့ဒိုင်ယာယီတွင် ရေးသားခဲ့ပါသည်။

ထိုအချိန်မှာ မြန်မာလူမျိုးများ စစ်ဘေးဒဏ် ရင်ဆိုင်တိုးကြရသော အခါဖြစ်သည်။ ရန်ကုန်စစ်ဘေး ဗုံးဒဏ်၊ မီးဒဏ်၊ စက်သေနတ်ဒဏ်တို့မှ ကင်းလွတ်ပြီးသည့်နောက် စစ်ကိုင်းတွင် ရေနစ်သူ၊ ဝမ်းရောဂါနှင့်ဆုံးသူ၊ ငှက်ဖျား၊ တိုက်ဖွိုက် စသည်တို့နှင့် ဆုံးသူလည်း မရှားပေ။

ကျွန်မတို့သည် ကလေးငယ်ဘဝတွင်မို့ အပူအပင်ကင်းမဲ့စွာ ဧရာဝတီမြစ်ရေချိုးလိုက်၊ သဲသောင်ပြင်တွင် ပြေးလွှားဆော့ကစားလိုက်၊ ရုံဖန်ရံခါ မောင်နှမတစ်တွေ တေးသီချင်းဆိုကြခုန်ကြပေါက်ကြနှင့် ပျော်ရွှင်မြူးတူးလို့သာနေတော့သည်။ ညနေတိမ်ရောင်စုံတောက်ပဆဲတွင် မြစ်ပြင်ကြီးသည် ရွှေရောင်လှိုင်းများ တွန့်လိပ်ဆဲ အင်းဝမှ စစ်ကိုင်းဘက်သို့ တံတားကြီးပေါ်မှ ဥဒဟို ကားသံတဝီဝီနှင့် စစ်သားတွေ အပြည့် စစ်ကားကြီးများ တပ်ဆုတ်လာခဲ့ကြသည်။ စစ်ရောင်လော်လီကားကြီးများပေါ်၌ ဩစတီးလီယံ စစ်သားများ၊ ကုလားစစ်သားများနှင့် တရုတ်စစ်သားများ ပါလာကြသည်။

တစ်ရက်ဖေဖေသည် စစ်ကိုင်းမိုးဇာဈေးမှ ဗညားရပ် (အထက်တကောင်းရပ်) အိမ်ဘက်သို့ လမ်းလျှောက်ပြန်လာရာ နေရှင်နယ်ကျောင်းအလွန်တွင် မမျှော်လင့်သောသူ တစ်ဦးနှင့် ဆုံမိကြလေသည်။

"ကိုထွန်းဖေ ဘယ်လို စစ်ကိုင်းရောက်လာသလဲ"

"ကျွန်တော်လား အင်္ဂလိပ်လေးဘားစစ်တပ်မှာ ကပ္ပတိန်လုပ်ပြီး လိုက်လာတာ။ အာသံဆိုတဲ့ သင်္ဘောနဲ့ပေါ့"

"တယ်လျှင်ပါလားဗျာ"

"မလျှင်လို့ မဖြစ်ဘူးလေဆရာ။ ဒါထက်ဆရာရယ် ကျွန်တော့်မှာ ဆရာသေပြီလို့ ပြောခဲ့ရတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့တုန်း"

"အင်္ဂလိပ်တွေ ပြေးရတုန်း သူတို့ရဲ့ ရန်သူ နိုင်ငံရေးလူဆိုးတွေကို အသတ်ခိုင်းထားခဲ့တာ ဆရာရဲ့"

"အေးဗျာ။ ဒါလောက် ယုတ်မာမယ်တောင် ကျုပ်မထင်ဘူး"

"ယုတ်မာတာ ကမ်းကုန်ရော ဆရာ။ အဲသလို ပစ်သတ်ဖို့ တာဝန်ကျတဲ့ စုံထောက်တွေက ကျွန်တော့်သူငယ်ချင်းတွေ ဖြစ်နေတာဆရာ။ သူက ကျွန်တော်တို့ရဲ့ အဆက်အသွယ်ကို မသိတော့ "မဟာဆွေ" ဘယ်မှာနေသလဲလို့ သူကမေးတယ်ဗျာ"

"အင်း ဒီတော့ ကိုထွန်းဖေက"

"မဟာဆွေကြီး တိုက်ကြီးပြောင်းပြေးတာ ဝမ်းရောဂါနဲ့ သေရှာပြီလို့ ပြောလိုက်တယ်။ ဒီတော့ ဟုတ်ရဲ့လား သူ့စာအုပ်တွေတော့ ထွက်နေတုန်းပါလားတဲ့"

ထိုစဉ်အခါက ဖေဖေ၏ 'ရန်ကုန်နှင့်ဗုံး'စာအုပ်ကို မန္တလေးသူရိယမဂ္ဂဇင်းမှ ရိုက်နှိပ်၍ ထွက်ဆဲဖြစ်သည်။

"ဒါနဲ့ ကျွန်တော်က ဒီလူကြီး အလွန်အလုပ်လုပ်တာ။ သားမယားအတွက် ကော်ပီ ၂၀/၃၀ ထက်မနည်း အမြဲရေးထားတာလို့ ဖြီးရတယ်ဗျာ"

သည်အကြောင်း ဖေဖေက အိမ်အရောက်ပြန်ပြောပြသောအခါတွင်ကျွန်မတို့ကြီးကြီးနှင့် သူ၏ခင်ပွန်း၊ ကျွန်မတို့မေမေ၊ ဖေဖေ၏ နှမတို့မှာ စိတ်ပူပင်လျက် ရှိတော့သည်။

ဘဘကြီး ကိုဘတင်က

"မင်းဖြစ်ရဲ့လား။ တစ်နေရာသွားနေမလား။ ငါးလှည်းနဲ့ ပို့ပေးမယ်လေ"

ဖေဖေ့မှာ အပြုံးမပျက်၊ အစ်မနှင့် အိမ်ထောင်ကျပြီးကတည်းက စကားတစ်ခွန်းမှ မပြောခဲ့ဖူးသော သူငယ်ချင်းယောက်ဖ ပခုံးကို လှမ်းပုတ်ပြီး

"မပူပါနဲ့ကွာ။ လာမယ့်ဘေး ပြေးတွေ့ရမှာပဲ"

ဘဘကြီး ဦးဘတင်က ဖေဖေ့မျက်နှာကို အားရကျေနပ်စွာ ငေးကြည့်နေလေသည်။ ဘဘကြီးကား ဖေဖေနှင့်ရွယ်တူ ကြီးကြီးထက် ၃ နှစ်ငယ်သည်။ သူတို့နှစ်ယောက် အရပ်မနိမ့်မမြင့် ခန္ဓာကိုယ်တောင့်တင်းတာချင်း ဆင်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘဘကြီးက ဖေဖွေထက် နည်းနည်းပိုညှိုသည်ကလွဲ၍ မျက်နှာကျချင်းလည်း ဆင်သည်။

သည်တုန်းက အဖြစ်အပျက်တို့သည် ကြောက်မက်ဖွယ် အိပ်မက်ပမာပင် ကျွန်မတို့ ငယ်ငယ် ကလေးအမြင်အာရုံ၌ ထင်ရှားစွာ မြင်သိမှတ်မိတာတွေ ဆက်တိုက်ဆိုသလို ရေးရေးမက ထင်မြင်နေခဲ့သည်။

[ ၂ ]

ဘဘကြီး ဦးဘတင်က ကလေးများကို ချစ်တတ်သည်။ ကလေးတွေကို ချစ်စနိုးနှင့် နောက်ပြောင်ကျီစယ်လေ့ရှိသည်။ သူ့ကလေး ၇ယောက်ကိုပါမက ကျွန်မတို့ ညီအစ်မကိုလည်း ဂရုတစ်စိုက်ရှိသည်။ မုန့်များဝယ်လာလျှင် အားလုံးအညီအမျှ။

ကျွန်မတို့ အထက်တကောင်းရပ်နေအိမ်တွင် ကျွန်မတို့ မိသားစု ဖေဖေ၊ သမီးနှစ်ယောက်က တစ်အိမ်ထောင်။ ဖေဖွေဖေဖေ၊ မေမေနှင့် ဖေဖွေနှမအပျိုကြီးက တစ်အိမ်ထောင်။ ဖေဖွေအစ်မကြီးကြီး၊ ယောက်ဖ ဦးဘတင်နှင့် သားသမီး ၇ ယောက်က တစ်အိမ်ထောင် မိသားစု စုစုပေါင်း ၁၆ ယောက်ရှိသည်။

မှတ်မှတ်ရရ ထိုနေ့ညနေက ကြီးကြီးကိုယ်တိုင် ရက်လုပ်နေကျ ရက်ကန်းစင်မှ ချည်နှင့်ပိုး စပ်တွဲလုံချည် ကျူထရံကွက် ပန်းရောင်ဆင်တူကို ဖေဖေနှင့် ဘဘကြီးတို့အတွက် ဖြတ်ယူကာ ချုပ်ပြီးဝတ်စေသည်။

နေမင်းသည် တစ်စ၊ တစ်စနိမ့်ဆင်းသွားဆဲ။ ငှက်များအတောင်ပံဖြန့်ကာ အိပ်တန်းတက်ရန် ပျံသန်းသွားကြသည်။ မန်ကျည်းပင်ထိပ်ဖျားနှင့် ခါတ်တိုင်ထက်၌ နားနေကြသော ကျီးကန်းများသည်ပင် ရုတ်ခြည်း ဖလပ်ဖလပ်နှင့် ပျံကုန်ကြသည်။

"ဂိုထောင်ဖောက်ကုန်ပြီ"

တစ်ယောက်ယောက်က ပြောဆဲ။ ဘဘကြီးညီ ကိုကြည်လင်က မြို့စောင့် Home Guard အဖြစ် နှစ်လုံးပြူးသေနတ်ကိုင်ကာ လျင်မြန်စွာ ထလိုက်လေသည်။ ဖေဖေက ကိုကြည်လင်ကို ဆွဲလိုက်ကာ

"နေပစေ မောင်ကြည်လင်။ စစ်အတွင်းပဲ အများလိုတာ သုံးကြပါစေ"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ ရန်ဖြစ်ကုန်မှာ စိုးလို့ပါ အစ်ကိုကြီး"

ကိုကြည်လင် ထင်တာ မမှားခဲ့ပေ။

ပစ္စည်းများကို သယ်ပိုးပေးသော "တောလှည်းသမား ၇၀ ခန့်နှင့် တကောင်းရပ်သား ၂၀ ခန့် ရန်ဖြစ်ကြသည်။ လှည်းသမားများမှာ ဓားရှည်၊ လှည်းထမ်းပိုးကြီးများပါလာ၍ ပစ်ခတ်သံတွေ တဝီဝီဖြစ်နေတော့သည်။ ဖေဖေ၏ခြေထောက်နားတွင် လှည်းထမ်းပိုးကြီးတစ်ချောင်း ဗိုးကနဲ ကျလာ၍ ဖေဖေ့မှာ နောက်ဆုတ်ခုန်လိုက်ရသည်။ အရပ်သားလူငယ်တစ်ဦး၏ ဦးခေါင်းမှာ သွေးသံရဲရဲနှင့် တပ်ဆုတ်လာသည်။

ဓားရှည်အသွားများသည် နေရောင်တွင် ဝင်းပြောင်နေသည်။ ထမ်းပိုးများကတော့ လေတွင် ကြောက်မက်ဖွယ် ပျံသန်းလာကြသည်။ တချို့ ဦးခေါင်းထိ၍ တချို့နံရိုးကျိုးသံ ဖျောက်ကနဲပင် ကြားလိုက်ရသည် ဆို၏။

"မောင်ကြည်လင် ပစ်၊ မိုးပေါ်ထောင်ပစ်"

ဖေဖေက လူစုခွဲခိုင်းသည်။ အစမူလတွင် ကိုကြည်လင်က မိုးပေါ် ထောင်ပစ်သေးသည်။ ထမ်းပိုးများ ဓားရှည်များ ကြောက်မက်ဖွယ်ကောင်းအောင် ပျံဝဲလာကြသည်။ ကိုကြည်လင်က လွယ်အိတ်ထဲမှ ဝီစကီပုလင်းထုတ်မော့သောက်ကာ ဖြူဖျော့လာသော မျက်နှာမှာ နီးမြန်းလာလျက် နှစ်လုံးပြူးသေနတ်ကို မြှောက်၍ လူထုထဲ တည့်တည့်ချိန်ပြီး

"မရတော့ဘူး"

ပစ်လိုက်သည်။

သည်တွင် ဘဘကြီးက သူ့အိမ်မှ မြို့ထဲဘက် ပြေးသွားပြီး ကိုကြည်လင်ကို ဆက်မလုပ်ဖို့ တောင်းပန်ပြီးချိန်။ သည်ဘက်မှ တုတ်၊ ဓားများနှင့် လှည်းသမားတွေက

"မြို့သားတွေ သွေးရဲသလားဟေ့ တောသားတွေအကြောင်းသိသွားမယ်"

ညာသံပေးပြီး ရှေ့ကို ဇွတ်တိုးလာပြန်ရာ ဘဘကြီးက သူ့တပည့် လှည်းသမားများဆီသို့ အမောတကော ပြေးလာပြန်သည်။ တစ်ဖက်မှ ညီနှင့်သူ၏ တကောင်းရပ်ဆွေမျိုးများ၊ တစ်ဖက်မှ သူ၏ လုပ်ဖော်ကိုင်ဖက် တပည့်များ။

"ဟေ့ကောင်တွေ ရှေ့မတိုးကြနဲ့ တကယ်ပစ်နေတာ"

"ပစ်ရဲရင် သေရဲတယ်။ အလှည့်ကျ မနွှဲစတမ်းဟေ့"

www.burmeseclassic.com

www.burmeseclassic.com



ဖေ့ဖေ့လက်ထဲမှာလည်း နှစ်လုံးပြူးသေနတ်တစ်လက်နှင့် ဖေဖေသည် သေနတ်ကို မိုးပေါ်ထောင်ပစ်ဆဲ။ ကိုကြည်လင်ပစ်သော သေနတ်ကျည်ဆံသည် လူအုပ်ထဲ ဝင်သွားပြန်ကာ လှည်းသမားဘက်မှ လူနီအမြွာညီအစ်ကိုနှစ်ယောက်တွင် တစ်ယောက်ကို ထိကာ ပွဲချင်းပြီး သေဆုံးရှာသည်။ ရုပ်ချင်းအလွန်ဆင်သော အသားနီနီ၊ ရွှေရောင်ဆံပင်နှင့် လူနီလေးတစ်ဦးက သေဆုံးသူတစ်ဦးကို ထမ်းလာကာ မျက်ရည်တွေ တွေတွေကျဆင်းလာလေသည်။ ကြေကွဲဖွယ်ပင်။ လှည်းသမားအချို့ ခေါင်းမာစွာ (ဝါ) ရဲဝံ့စွာ ရင်ဆိုင်ဆဲ။ စူးရှသော ကြီးကြီးငိုသံကို ကြားရသည်။ အချို့က ဖေဖေ့ကို ထိပြီး ဖေဖေဆုံးပြီဟု ထင်သူထင်ကြသည်။ ကိုဘဆွေ ဆုံးပြီ။

သည်သတင်း ကျွန်မတို့အိမ်ဘက် ရောက်လာကာ ကျွန်မမေမေ၊ ဒေါ်ဒေါ်နှင့် ကလေးတွေ ငိုကြသည်။ "ဖေဖေ၊ ဖေဖေ"ဟု ကျွန်မတို့ ညီအစ်မနှစ်ယောက်က ငိုကြဆဲ။ ကျွန်မအစ်မဝမ်းကွဲနှင့် ညီမလေးဝမ်းကွဲက

"ဦးလေးရေ. . . ဦးလေးရေ"

အော်ငိုကြပြန်သည်။ အလောင်းကို လူလေးယောက် သယ်ဆောင်လာကြသည်။ လည်ကတုံးရှပ်အင်္ကျီအဖြူ လက်ရှည် တွဲကျူထရံကွက် ပန်းရောင်နှင့် သို့သော် အသားနည်းနည်းညိုသည်မို့ ကျွန်မတို့ညီအစ်မက

"ဟင် ဘဘကြီး"

ဟု ငိုပြန်သည်။

"ဖြစ်ရလေ ကိုဘတင်ရေ"

ဟု မေမေကလည်းပြောရင်း မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလာသည်။ ကျွန်မအစ်ကို၊ အစ်မ၊ မောင်လေး၊ မောင်နှမတစ်တွေက

"အဘရေ အဘ"

ဟု တရှုံ့ရှုံ့နှင့် ငိုကြွေးကြသည်။ မန်ကျည်းပင်ပေါ်မှ ရှဉ့်များကိုက်ဖောက်သော မန်ကျည်းကြက်ဆူသီးများက တဖြုတ်ဖြုတ် ကျကြွေလာပေသည်။ မီးဖိုဘေးရှိ ခုတင်ပေါ်တွင် အသက်ပျောက်နေသော ဘဘကြီးအလောင်းနားတွင် ကျွန်မတို့အားလုံး ဝိုင်းအုံနေကြသည်။ ကျည်ဆံမှာ ကျောကဖောက်၍ ရင်ညွန့်တွင် စူထွက်နေသည်။ ရန်ဖျဉ်ရန် ကြိုးပမ်းအားထုတ်နေသော ဘဘကြီးဦးဘတင် သူ့ညီပစ်လိုက်သော ကျည်ဆံက လူ ၇၀ ကျော်ထဲတွင် သူ့ကို ရွေး၍ မှန်လေသည်။ ဖေဖေသည် မျက်ရည်တွေဝိုင်းကာ နှစ်လများစွာကွဲကွာရာမှ ပျော်ရွှင်စွာ နေထိုင်ကြခိုက် အခါဆိုးတွင် ယောက်ဖ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးခဲ့သည်။ ဖေဖေ့အစ်မ ကြီးကြီး မုဆိုးမကို ကလေး ၇ ယောက် အမွေပေးခဲ့သည်။ အကြီးဆုံး ကိုအေးဖေ (ယခုရွှေဘုံသာလမ်း ရွှေဇီးကွက်စားသောက်ဆိုင် ပိုင်ရှင်)က အသက် ၁၅ နှစ်၊ အငယ်ဆုံး အောင်ထူးမှာ နှစ်ခါလည်မျှသာ ကျန်ခဲ့သည်။ အိမ်သားတွေ သည်အိမ်တွင် တစ်မိနစ်တစ်စက္ကန့်မျှပင် မနေလိုကြတော့တာအမှန်။ စစ်ကို စိတ်အနာကြီးနာလျက်။ ဘဘကြီးအလောင်းကို ဆေးရုံသို့ပို့ပြီးနောက်တစ်နေ့ နံနက်စောစောမှာပင် စစ်ကိုင်းမြောက်ပိုင်း ရွှေကုံးရပ်သို့ ပြောင်းရွှေ့လာခဲ့ကြသည်။

ဖေဖေ၏ ဒိုင်ယာရီမှတ်တမ်းကို ကျွန်မကူးယူခဲ့ရာ ဘဘကြီးဆုံးသောနေ့မှာ ၁၉၄၂ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ဖြစ်သည်။ သည်နေ့ကစပြီး ကိုကြည်လင်သည် ၂၄ နာရီတွင် အိပ်ချိန်မှလွဲ၍ နေ့နေ့ညညအရက်သောက်ကာ မျက်နှာနီမြန်းလာကာ အရက်ကြောင့် အသက်တိုရှာသည်။

[ ၃ ]

စစ်အတွင်း ကိုယ်တွေ့ဖြစ်ရပ်များ စစ်ကိုင်းမြို့တွင် ကြုံတွေ့ခဲ့ရသည်များကို ဖေဖေက “ငါဘယ်သူလဲ” စာအုပ်ငယ် တစ်အုပ်ရေးသားထုတ်ဝေခဲ့လေသည်။

*ကျွန်ုပ်တို့သည် အိပ်မက် မက်သကဲ့သို့ ခေတ်ဟောင်း၏ နောက်ပိုင်းကို ပြန်လှန်တွေးတောကြည့်သောအခါ ရုပ်ရှင်မြန်မြန် ဆွဲပြသောအရိပ်ကဲ့သို့ ရေးရေးမြင်နိုင်၏။*

ကျွန်မ ခပ်ရေးရေးမှတ်မိသော မြင်ကွင်းတစ်ခုမှာ မျက်ရည်စက်လက်နှင့် ကြီးကြီးကို ဖေဖေက တရားစာအုပ်များ ဖတ်ကာ တရားပြခြင်းပင်ဖြစ်သည်။ ဖေဖေရဲ့ တည်ငြိမ်အေးချမ်းသော အသံတွင် ကြီးကြီး၏ မျက်ရည်များသည် ခန်းခြောက်လာသည်။

နွေလသည် ပူစပ်စပ်နှင့် သစ်ရွက်များ တဖျောက်ဖျောက် ကြွေနေဆဲပင်။ ဝါးရုံပင်တွေသည် တစ္ဆေချောက်သလို တုန်ခါနေကြသည်။ ခပ်လှမ်းလှမ်းတွင် ရိုင်ဖယ်သေနတ်သံများ တဖောက်ဖောက်ကြားနေရသည်။ တရုတ်စစ်သား ၄ ဦး လှည်းနှစ်စီးကို ဆွဲလာကြသည်။ သက်တော် ၃၀ ကျော်ခန့်ရုပ်ရည်သပ္ပာယ်သော ဦးပဉ္စင်းတစ်ပါးကို လက်ပြန်ကြိုးတုပ်၍ ခေါ်လာသည်။ လေပွေမုန်တိုင်းကြားမှ ရော်ရွက်ဝါပမာ လူတွေသည် တလူးလူး

www.burmeseclassic.com

www.burmeseclassic.com



တလိမ့်လိမ့် မြေပေါ်တွင် ရုပ်တိုက်ပြေးသလို ဖြစ်နေကြသည်။ ဖေဖေက "ငါဘယ်သူလဲ"တွင် စစ်အတွင်းခေတ်ကို ဤသို့ သုံးသပ်ထားလေသည်။

ယခုခေတ်သည် ယာယီခေတ်ဖြစ်သည်။ အရှေ့ဘက် စစ်မပြီးသရွေ့ သင်္ခါရနယ်က မလွတ်။ ငါဘယ်သူဘယ်ဝါ ဘယ်ကဲ့သို့ တန်ခိုးဖြာသည်ဟု မာန်မာနတရားနှင့် ထောင်လွှားနေက တစ်နေ့တွင် အကျနာတတ်သည်။ ငါဘယ်သူလဲ။

အခိုက်အတန့် ဤနေရာတွင် ထိုင်ရသည်။

တစ်နေ့တွင် ဘာဖြစ်မည်မသိ။ မာန်ကိုလျှော့။ ရင်ကိုကော့ ကိုယ်ခံ့ညားခြင်းကို ဖယ်ရာသည်။ ■

**ဩဂုတ်၊ ၉၃၊ ရွှေရုပ်စုံမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com

# ဒိုင်ယာရီ ၅

[ ၁ ]

တောင်သမန်အင်းရေသည် ပြည့်လျှံရုံမက လှိုင်းလုံးကြီးများမှာ သမုဒ္ဒရာရေပြင်မှ လှိုင်းလုံးကြီးများသဖွယ် မြောက်ကြွကာ တက်လာလေသည်။ ယခင်ကျွန်မတို့ လမ်းလျှောက်လေ့ရှိသော ဦးပိန်တံတားအောက်မှ သဲပြင်များသည် မိုမောက်သော ရေအတိပြီးသည်။ တောင်သမန်ကမ်းစပ်၌ လေနှင့်အတူ ကြွတက်လာသော လှိုင်းလုံးများပေါ်တွင် ဘောကွင်းများနှင့် ကစားသူ ကစားနေကြသည်။ ပင်စည် လုံးပတ်ကြီးမားသော သက်ရင့် မယ်ဇယ်ပင်ကြီးများ ရေထဲ အတော်နစ်မြုပ်ကာ ရေတို့သည် သစ်ကိုင်းအလယ်များထိ လျှံတက်နေသည်။ ရွှေကြက်ယက်ရွှေကြက်ကျတွင် ကျွန်မကလေးဘဝလှေစီးကာ တစ်နေရာမှ တစ်နေရာသို့ ကူးနေကျမို့ မူလကျောက်တော်ကြီးဘုရားဘက် လှေစီးရန် အမောတကော ပူဆာသဖြင့် ကိုမျိုးခင် (သင်းပိတောက် စားဥယျာဉ်ပိုင်ရှင်) ပို့ပေးသဖြင့်လည်း ရောက်ရခြင်းဖြစ်သည်။ ကိုမျိုးခင်သည် တန့်ကြည့်တောင်ဆရာတော်ကြီး၏ ဥပသကာရင်း၊ တစ်မြန်နှစ်တုန်းက ပုဂံကမ္ဘဌာန်းရိပ်သာတွင် အစပြုဆုံခဲ့ကြသော ဆရာပါရဂူနှင့်ကျွန်မတို့ ဓမ္မမိတ်ဆွေလည်း ဖြစ်သည်။ တောင်သမန်ဆရာတော် ကိုပညာ (အမရပူရ)၏ ဆွမ်းဒါယကာရင်းလည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကမ်း ကျောက်တော်ကြီးဘုရားဘက်သို့ တောင်သမန်ရေပြင်ကို လှေနှင့်ကူးလာကြရင်း ဖေဖေနှင့် မြန်မာနိုင်ငံရေး၊ စစ်သမိုင်းဝင် အဖြစ်အပျက်များကို သတိရမိပြန်သည်။ လှေပေါ်တွင် ပါလာကြသူများမှာ တောင်လေးလုံးမှ ဦးပဥ္စင်းတစ်ပါး၊ ကိုမျိုးခင်၊ စာရေးဆရာ ကျော်ရင်မြင့်၊ စာရေးဆရာ ကဗျာဆရာမ ဝင်းဝင်းမြင့် (နန်းတော်ရှေ့)၊ ရန်ကုန်က စာရေးဆရာမ ခက်မာနှင့် ကျွန်မတို့ ဖြစ်ကြသည်။ ကျွန်မတို့ ကျောင်းအဝမှ တောင်သမန်ဆိပ်ဘက်သို့ အထွက်တွင်ပင် ဆရာတော် ကိုပညာ (အမရပူရ) က

"ဒေါ်ခင်ဆွေဦး ခင်ဗျား ကံကောင်းတယ်ဗျ။ မနှစ်တုန်းက ရန်ကုန်က စာရေးဆရာတွေ တောင်သမန်ရေကြီးတာ လာကြည့်ကြတာ သူတို့လာကြည့်မှပဲဗျာ ရေလုံးလုံး မတက်ဘူး။ ရေတက်နိုး တက်နိုးစောင့်ရင်း ဒီအတိုင်း ပြန်သွားရတာ"

အမိန့်ရှိသေးသည်။

"ရန်ကုန်ကလူတွေ တောင်သမန်နဲ့ ဦးပိန်တံတားအောက်ရေကြီးတာကို မောင်ဝဏ္ဏရိုက်ကူးခဲ့တဲ့ 'ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်း' မှာပဲ ကြည့်ဖူးကြတာ"

မိတ်ဆွေတစ်ဦးပြောဖူးတာ အမှတ်ရမိသေးသည်။

မန္တလေးမှ ရောက်လာကြသောသူများကပင် တောင်သမန်ရေဖွေးဖွေးအလှကို လက်ဖျားခါနေကြသည်။

"ဟုတ်ပ့ါဗျာ၊ တောင်သမန်ရေကြီးတဲ့အလှကို လူတိုင်းပါပဲ ကြည်နူးကြရတာ၊ ဆရာဒဂုန်တာရာ စကားမျိုးနဲ့ ဒါလဲ ရင်ခုန်ရတဲ့မြင်ကွင်းတစ်ခုပါပဲ"

ကျွန်မက အနည်းငယ်ဝင့်ကြွားလို၍

"ကျွန်မကတော့ စစ်ကိုင်းသူလေ၊ အမရပူရ တောင်သမန်ကနေ ရွှေကြက်ယက် ရွှေကြက်ကျအထိ ပြည့်လျှံလို့ ကျွန်မတို့မောင်နှမတွေ မယ်ဇယ်ပင်ပေါ် တက်ဆော့ကစားခဲ့တာတွေ၊ မယ်ဇယ်ပင်အောက်လှေလှော်ခဲ့ကြတာတွေ၊ စစ်ကိုင်း ဧရာဝတီမြစ်ပြင်ကြီးက လျှံတက်နေတဲ့ ရေတွေ အားလုံး ပြန်မှတ်မိနေတယ်"

အိမ်သာတွေ ရေထဲမျောပါသွားသဖြင့် မယ်ဇယ်ပင်ကိုင်းထက်၊ သစ်ကိုင်းများ၊ သစ်ခက်များ အကွယ်အကာယူ တပိုတပါးသွားကြတာကိုပင် ပျော်စရာလို ထင်ခဲ့မိကြသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်သမန်ရေပြင်ကျယ်ကြီးကို မြင်ကတည်းက ကျွန်မသည်လည်း ရင်ခုန်မိတာ အမှန်ပင်။ ကျောင်းရောက်ရောက်ချင်း 'သည်နေရာမှာ ကျွန်မတို့သားအဖတွေ လှေအတူတူစီးတဲ့ နေရာပေါ့" ဟု စိတ်ထဲက တွေးဆဲ၊ တောင်လေးလုံး ဆရာတော်က

"မဟာဆွေဆုံးတာ အနှစ်လေးဆယ်ပြည့်တော့မယ် ထင်တယ်"

အမှတ်ထင်ထင် မိန့်လေသည်။

"တင်ပ့ါ၊ ဖေဖေ ဩဂုတ်လ(၅)ရက်၊ ၁၉၅၃ခုနှစ်တုန်းက ဆုံးခဲ့တာပါဘုရား"

"ဒီလိုဆိုရင် ရှေ့လထဲ အနှစ်လေးဆယ်ပြည့်တော့မှာပေါ့"

"တင်ပ့ါ"

"မဟာဆွေ နှစ်တစ်ရာမွေးနေ့လုပ်သင့်တယ်ဗျ၊ ခင်ဗျား မှတ်တမ်းစာအုပ်မှာတောင် ဘုန်းကြီးရေးခဲ့ဖူးသေးတာပဲ"

"မှန်ပ့ါ၊ အခြေအနေပေးလာရင် တပည့်တော်အမှတ်တရ တစ်ခုခုတော့ လုပ်ပ့ါမယ်ဘုရား"

"ခင်ဗျား 'စစ်ကိုင်းသမီးဒိုင်ယာရီ'မှာ မဟာဆွေကြီးအကြောင်း အတော်ပါအောင် ရေးခဲ့တာပဲ၊ ကြိုးစားကြည့်ပေါ့"

မန္တလေးမှကျွန်မ၏စာပေမိတ်ဆွေအတော်များများသည် 'စစ်ကိုင်းသမီးဒိုင်ယာရီ' ကို ဆွေးနွေးကြသည်။ ဆောင်းပါးဖြစ်မြောက်ရေး အစပျိုးသူ ရွှေမဂ္ဂဇင်းအယ်ဒီတာများဖြစ်ကြသော ကိုကြည်သာဦးနှင့် ကိုလင်းဝေမြိုင်တို့၏ဂုဏ်ကျေးဇူးကိုထုတ်ဖော်ပြောမိသေးသည်။ 'ဒေါ်ဒေါ်မာ'သည်ပင် ရွှေမဂ္ဂဇင်းကိုဝယ်ဖတ်ဖြစ်သည်ဆိုသဖြင့် ကျွန်မမှာကျေနပ်ဝမ်းမြောက်မိသည်။

[ ၂ ]

ဖေဖေ၏စာပေသမားဘဝ၊ နိုင်ငံရေးသမား တစ်စိတ်တစ်ဒေသ၊ အလှည့်အပြောင်း များလှသော မြန်မာနိုင်ငံ နိုင်ငံရေးဖြစ်စဉ်တွေ၊ ကိုယ့်ဘက်ကိုယ်ယက်သော တစ်ကိုယ်ကောင်း နိုင်ငံရေးသမားများ၊ တီးတိုးဝါဒဖြန့်မှုတွေနှင့် ကိုယ့်လူအချင်းချင်းမရှောင် ညစ်တတ်သော၊ ညစ်ကျယ်ကျယ်နိုင်ငံရေးသမားများကို ကြီးငယ်မဟူ ဖေဖေ ခါးသည်းစွာ ရွံရှာမုန်းတီးတတ်သည်။ ထိုမသမာနိုင်ငံရေးသမားများကြောင့် မျက်စိရှေ့မှာပင် အချင်းချင်း

www.burmeseclassic.com

www.burmeseclassic.com



လူစုကွဲကာ ရန်သူ့လက်ထဲ မရှုမလှ ကျဆုံးသူများ ဒုနှင့်ဒေး။ ထို့ကြောင့် မြန်မာပြည်တွင် သတ္တိရှိရုံမက ရိုးသားသန့်စင် ဖြောင့်မတ်သော နိုင်ငံရေး သမားများ အလိုရှိသည်ဟု စစ်မဖြစ်ခင်တုန်းကပင် 'ရဲသတင်းစာ' တွင် တခမ်းတနား ကြေညာခဲ့ဖူးလေသည်။

ထို့ကြောင့် ဖေဖေသည် ရိုးစင်းသန့်ရှင်းသော အနုပညာသည်ဘဝ တွင်ပင် အေးအေးမနေရရှာ။ လူညစ်များ၏ဒဏ်ကို မကြာမကြာခံရရှာသည်။ နောင် အလျဉ်းသင့်သလို ရေးသားဖော်ပြသွားပါမည်။

ကျွန်မတို့ စစ်ကိုင်းစစ်ပြေးဘဝ အတွေ့အကြုံများသည် ခါးသည်း သလောက် ဗရုတ်သုက္ခလည်း နိုင်လှသည်။ ကျွန်မတို့ ဘဘကြီး (ဖေဖေ့ ယောက်ဖ) ဆုံးပြီး အလောင်းကို ဆေးရုံပို့ကာ အထက်တကောင်းရပ်အိမ်တွင် နေ့ကူးအောင် မနေတော့ဘဲ ရွှေထုံး(ထုံးဘို)သို့ ရုတ်ချည်းပြောင်းရွှေ့ခဲ့ကြ ရသည်။ ကိုယ့်အိမ်သားအလောင်းကို အသုဘလည်း မချရသည့်အပြင် ရက်လည်ဆွမ်းပင် ထိုအိမ်တွင်ကျွေးခွင့် မကြုံခဲ့တော့ပေ။

တောင်သမန် ရေစီးမျောနေသလိုပင် အတွေ့အကြုံရေစီးများကား သန်လွန်းလှသည်။ ရွှေထုံးသို့ ပြောင်းရွှေ့သည့်အချိန်မှစ၍ ကူမင်တန် တရုတ်စစ်သားများရန်မှ လွတ်အောင်ရုန်းရသော စစ်ပြေးဘဝဖြစ်လေသည်။ ထုံးဘိုခြံထဲထားသော လှည်းနှစ်စီး (မိတ်ဆွေလှည်းများ) ကို နွားနှင့်တကွ လိုချင်သည်ဟုဆိုကာ တရုတ်စစ်သားနှစ်ယောက် ဖေဖေ့ကို လက်ဟန်ခြေ ဟန်ဖြင့်ပြောလေသည်။ သူတို့ကအင်္ဂလိပ်လိုမတတ်သဖြင့် ဘယ်လိုမှ ကြားခံ ဘာသာ စကားမရှိပေ။ ဖေဖေက ကိုယ်လက်အမူအရာနှင့် 'ငါလှည်းမပေါင်း တတ်ဘူး၊ မင်းတို့လိုချင်ရင် ယူသွားပေါ့' ပြောသည်နှင့် ဖေဖေ၏ ရင်ဝကို ရိုင်ဖယ်သေနတ်နှင့် ချိန်ထားလေသည်။ ထိုအချိန်၌ ကြီးကြီး၊ ဒေါ်ဒေါ်နှင့် မေမေတို့ မိန်းမသားတွေ အိပ်ခန်းတစ်ခုထဲ တံခါးဂျက်ပိတ် ပုန်းအောင်းနေ ကြရသည်။ ဝရန်တာမှ ထွက်ကြည့်နေသော ဖေဖေ့တူနှစ်ယောက်၊ ကျွန်မ အစ်ကိုတစ်ဝမ်းကွဲ (ကိုအေးဖေနှင့် ကိုအေးငွေ)တို့ကို အခြားစစ်သားတစ် ယောက်က သေနတ်နှင့် ချိန်ပြီးဆင်းခဲ့ရန်ခေါ်လိုက်သည်။ ဖေဖေက

"ကိုင်း လာခဲ့ကြတော့ဟေ့၊ တို့တူဝရီးတွေ သေအတူရှင်အတူပေါ့"

ဖေဖေက တူတွေကို အားပေးလိုက်တာလည်း ဖြစ်သည်။

သူတို့မှာ မြင်းတစ်ကောင်လည်း အဓမ္မသိမ်းလာသေးရာ မြင်းရှင် လူငယ်နှစ်ဦးက ခပ်လှမ်းလှမ်းမှ အကဲခတ်နေရာ ဖေဖေ့ကို လှမ်း၍

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့တူလေးတွေ ငယ်လွန်းလှပါတယ်၊ ဆရာပါရင် ကျွန်တော်တို့လဲ လိုက်ရဲပါတယ်။

ကူညီရိုင်းပင်းစိတ်ဖြင့် ပြောသဖြင့် တူငယ်လေးများကို ထားခဲ့သည်။ သည်တုန်းက အစ်ကိုနှစ်ယောက်စလုံး ၁၅ နှစ်နှင့် ၁၃ နှစ်သာရှိကြသေးသည်။ လမ်းခုလတ်ကျတော့ လှည်းနွားလိုချင်ရင် ငွေ ၈၀ ပေးရမည်ဆိုသည်။ ထိုစဉ်တုန်းက ၄၀၀ကျော်တန်သော လှည်းကို ငွေ ၈၀ နှင့် ပြန်ရတော့ ပေးမည်ဝန်ခံလိုက်ရသည်။ လှည်းကို ပြန်ပေးလိုကြောင်းသိရသဖြင့် ငွေလည်း ပေးရန် ဝန်မလေးတော့။ တရုတ်စစ်ဗိုလ်နှင့် စစ်သားတစ်ယောက် ဖေဖေ့နောက်သို့ လိုက်လာသည်။ ငွေမှာ ဖေဖေ့အိတ်ထဲ အလွယ်တကူမပါသောကြောင့်ပင်တည်း။ တရုတ်များအိမ်ရောက်၍ အိမ်အောက်ဝင်းထဲတွင် အစောင့်ခိုင်းပြီး ဖေဖေတစ်ယောက်တည်း အိမ်ပေါ်တက်လာပြီး ငွေ ၈၀ယူကာ ကပျာကသီ ဆင်းခဲ့သည်။ တရုတ်တွေက ငွေ ၈၀ယူပြီး 'ယဥ်ပဲ့ ယဥ်ပဲ့ (၁၀၀ ၁၀၀) ပြောပြန်သည်။ တရုတ်စစ်သားတွေ၏ရိုင်ဖယ်သေနတ်သည် ဖေဖေ့ရင်ဝကို ချိန်ပြန်သည်။ ဖေဖေက အိမ်ပေါ်သို့ အပြေးတက်သွားပြီး လိုသောငွေယူပြန်တော့ ငွေ ၂၀ မကတော့။ ၃၀ ကမန်းကတန်းဆွဲယူခဲ့လေသည်။ ဒါလည်းမဟုတ်သေး။ ယဥ်ပဲ့ဝူး (တစ်ရာ့ငါးဆယ်) ဟု တောင်းပြန်သည်။ (ဖေဖေ့အနေနှင့် တရုတ်ဘာသာစကား နည်းနည်းတတ်သည်။) ဖေဖေက

"မင်းတို့တောင်းတုန်းက ၈၀၊ ခု တဖြည်းဖြည်းများလာပြီ"

ဟု လက်ဟန်ခြေဟန်နှင့် ပြောမိရာ စစ်သား၏ရိုင်ဖယ်အပြင် ဗိုလ်လုပ်သူ၏ ခြောက်လုံးပြူးပါ ဖေဖေ့ရင်ဝကို ချိန်ထားကြပြန်သည်။

ဖေဖေက မျက်နှာကြော တင်းမာနေရာမှ မလွှဲသာ၍ လျှော့ချပစ်ကာ ပြုံးရယ်ပြီး 'ပေးပါ့မယ်' အမူအရာနှင့် အိမ်ပေါ်တက်တော့ တရုတ်စစ်သားနှစ်ယောက်စလုံး အိမ်ပေါ်တက်လိုက်လာ၏။ အိမ်ခန်းအတွင်းတွင် ဖေဖေ၏ မျက်မမြင် မိခင်အို၊ အစ်မ၊ နှမ၊ ဇနီး၊ ကလေးခုနစ်ယောက်၊ ကျွန်မတို့ ညီအစ်မနှစ်ယောက်၊ ဂျော်နီနှင့် လူစီခွေးနှစ်ကောင်။တံခါးပိတ်လျက် တုတ်တုတ်မျှ မလှုပ်ဝံ့ကြ။

ဖေဖေလည်း မလွယ်ပေါက်က 'ငွေ ၄၀ ပေးဦး' တောင်းတော့ ကြီးကြီးက စိုးရိမ်တကြီးနှင့် ခေတ်ပုံစက္ကူအိတ်နှင့် ထည့်ထားသော ငွေစက္ကူများကို အထပ်လိုက်ထုတ်ပေးလိုက်သည်။ ဖေဖေက တရုတ်တွေ ရှေ့မှောက်

www.burmeseclassic.com

www.burmeseclassic.com



ရောက်၍ ဆယ်တန်စက္ကူလေးချပ်ထုတ်အပေး၊ ကျန်ငွေတွေကို ဆတ်ခနဲ ဆွဲ၍ လုတော့သည်။ ဖေဖေက

"ဒါတွေအကုန်ယူသွားရင် တို့စားစရာမရှိဘူး၊ ငွေ ၅၀ လောက် ပြန်ပေး"

ပြောပြသော်လည်း မရ။ သူတို့၏ တင်းမာသော မျက်နှာထားနှင့် ဖေဖေ့ရှပ်အင်္ကျီအိတ်ထဲမှ ဖောင်တိန်ပါဖြုတ်ယူထွက်ခွာသွားကြသည်။သည် အချိန်မှာ ညနေဆည်းဆာနေရောင်ခြည်များ ရုပ်သိမ်းစအချိန် ဖြစ်သည်။ ညနေ ၄ နာရီမှ ညနေ ၆ နာရီအတွင်း ဖြစ်ပျက်ခဲ့သော ကိစ္စဖြစ်လေသည်။

[ ၃ ]

ကျွန်မတို့ ဖေဖေကြီး(အဘိုး)သည် သူ့လက်ထဲတွင် ဓားမကြီးတစ် ချောင်းကိုင်ကာ အရိပ်အခြည်ကြည့်နေလေသည်။

"ငါ့သားကိုသာ သူတို့သေနတ်နဲ့ ပစ်သတ်ကြည့်၊ ငါဟောဒီဓားနဲ့ ဝင်အခုတ်ပဲ၊ ငါအသက်ကြီးပြီ၊ သေရဲတယ်"

ဟု ပြောရှာသေးသည်။

အိမ်သားအားလုံးသည် ဖေဖေ့အသက်သည် တစ်ခါတော့ သွား ရှာပြီဟု ပူပင်သောကရောက်ကြသည်။ တရုတ်စစ်သားများ ဥစ္စာယူလုသတ် ကြောင်း အကြိမ်ကြိမ်ကြားဖူးသောကြောင့်ပင်တည်း။

မကြာသေးမီကပင် စစ်ကိုင်းငွေတိုက်ဝန်ထောက် ဦးရွှေသာနှင့် သား၊ သူ၏ တပည့် ငွေတွေ မြောက်များစွာ ယူပြီးမှ သုံးယောက်စလုံးကို သတ်ပစ်ခဲ့သည်။

"ဖေဖေက သူတို့သေနတ်နဲ့ ချိန်ထားပေမယ့် လုံးဝကြောက်တာ မဟုတ်ဘူး၊ ဖေဖေ့လက်သီးလည်း ပြင်းတယ်၊ သိုင်းလည်း တတ်တာပဲ၊ ဖမ်း တတ်ကိုင်တတ် လေ့ကျင့်ထားတာမို့ သေနတ်နှစ်လက်ကို အမှတ်တမဲ့လက် ပြန်ဖမ်းပြီး ဒီကောင်တွေ လှေကားပေါ်က ကန်ချပစ်သတ်လို့ရတယ်၊ ဒါပေ မယ့် အဲဒီတုန်းက တရုတ်စစ်တပ်ဟာ တစ်ခေါ်သာသာပဲရှိတာ၊ သမီးတို့ မေမေကြီး (အဘွား)ကလည်း မျက်စိမမြင်ဘူး၊ ကလေးသေးသေးလေးတွေနဲ့ အကုန် ဒုက္ခရောက်မှာမို့ အလျှော့ပေးလိုက်တာ"

ဖေဖေက နောက်ကျတော့ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်တုန်းက လက်ထဲရှိသမျှငွေ ၃၀၀ ကျော် အကုန်ပါသွားပြီ ဖြစ်သည်။

"တစ်နေရာရာတော့ ရွှေ့ကြမှ၊ တစ်ပတ်ပြန်ကျော့လာရင် မလွယ်ဘူး။"

ဆုံးဖြတ်ချက်အရ မြေကြင်းပေါ်သော ခြံကြီးတစ်ခြံတွင် ကလေး လူကြီး ၁၅ယောက်။ ခွေးနှစ်ကောင်၊ (ရန်ကုန်မှ သယ်ယူလာကြသော ကျွန်မတို့၏အိမ်မွေး ဂျော်နီနှင့်လူစီ) ပုန်းအောင်းကြရသည်မှာလည်း မလွယ်ကူလှချေ။ ပုန်းအောင်းသည့်နေရာမှာ အမိုးအကာမရှိ။ သည်ကြားထဲ တဟူးဟူး နှင့် လေပြင်းမုန်တိုင်းတိုက်ရာမှ လေရပ်ကာ မိုးတွေပြုန်းပြုန်းဒိုင်းဒိုင်း ရွာချလေသည်။ မိုးရွာချိန်မှာ ၃ နာရီလောက်ကြာသည်။ ရွှဲရွှဲစိုစိုနှင့် ခိုက်ခိုက်တုန် သန်းခေါင်ကျော်ထိ နေကြရာမှ

"ကိုင်း အအေးမိပြီး ဒုက္ခများကြဦးမယ်၊ တရုတ်စစ်သားတွေလာလို့ သေချင်လဲသေပါသေစေတော့၊ မိုးလုံတဲ့နေရာပြောင်းကြရအောင်"

တစ်နာရီအချိန်တွင် မှောင်နှင့်မည်းမည်းတွင် ဖေဖေ့အရီး တစ်ယောက်တော်သူ အိမ်သို့ တက်အိပ်ကြရလေသည်။

ပိုက်ဆံလည်း လက်ထဲတစ်ပြားမှ မကျန်တော့။ သို့သော် အိမ်ကြီးထဲတွင် ဆန်အိတ်သုံးအိတ်၊ ဆီသုံးပုံး၊ ငရုတ်သီးခြောက်အိတ်တစ်အိတ်၊ ဆားအိတ်ကြီးနှစ်အိတ်၊ ငါးသေတ္တာနှစ်သေတ္တာတော့ ကျန်သေးသည်။ ဒါတွေကို ဘယ်ကိုသယ်ပြီး ဘယ်ကိုပြေးရဦးမလဲ၊ ဘယ်သူမှ မဝေခွဲနိုင်သေး။

နောက်တစ်နေ့ နံနက်ခပ်စောစော ကျွန်မတို့ ဖေဖေ၏ အစီအစဉ်အတိုင်း စစ်ကိုင်းမှ (၃) မိုင်ဝေးသော ဝါးချက်ရွာသို့ ပြောင်းရွှေ့ရန်ပြင်ဆင်ကြသည်။ ရှိသောပစ္စည်း၊ လှည်းငါးစီးတိုက်အနက် လှည်းတစ်စီးတိုက် စားနပ်ရိက္ခာနှင့် အရေးကြီးသောပစ္စည်းများကိုတင်ကာ မြောက်ဘက်သို့ ခရီးထွက်ခဲ့ကြသည်။ ဖေဖေကြီး၊ ဖေဖေ၊ ကြီးကြီးနှင့် သားကြီးနှစ်ယောက်က လှည်းနောက်မှ ခြေကျင်လိုက်ပြီး မေမေကြီး၊ ဒေါ်ဒေါ်၊ မေမေနှင့် ကျွန်မတို့ ကလေးတွေက ပို၍အန္တရာယ်ကင်းသော ရေလမ်းကြောင်းက သွားကြသည်။

နွေနှောင်းမိုးဦးအကြို မြစ်ပြင်လှိုင်းတို့သည် တက်တက်ကြွကြွ ရှိလာသည်။ နံနက်နေခြည်လှဲ့လှဲ့ ရွှေရောင်ဆမ်းသော လှိုင်းခေါင်းတို့အပေါ်မှ လှေသည် တလူးလူးတလိမ့်လိမ့်။ အပူအပင်မရှိကြသော ကျွန်မတို့ ညီအစ်မနှင့် အမလေး၊ အမိလေးတို့က သီချင်းဆိုညည်းကြသည်။ 'လှေကလေးကို

www.burmeseclassic.com

www.burmeseclassic.com



လှော်မည်။ ဘေးမသန်းဘဲ အေးချမ်းတော့သည်’တဲ့။ ကလေးများ မသိမသာ ဆိုးရွားလိုက်ပါဘိခြင်း။ ပြန်တွေးကြည့်တော့ ရယ်ဖွယ်ပင်။

ထိုအချိန်၌ ဖေဖေတို့အတူ သွားနေသောလှည်းပေါ်မှ ခါတ်ပြား ထည့်ထားသောသေတ္တာ အောက်သို့ပြုတ်ကျကာ လှည်းနောက်ဘီးက တက် ကြိတ်သဖြင့် ခါတ်ပြားပေါင်းမြောက်များစွာ အထပ်လိုက်ကွဲပါလေတော့ သည်။ ခါတ်ပြားတွေထဲတွင် ပြည်လှဖေ၊ မေရှင်နှင့် ဒိုရာသန်းအေး သီချင်း များပါလေသည်။ ကြီးကြီးက ရင်ဘတ်ကို လက်နှင့် ဖိပြီး

“မင်းကလဲလေ၊ မိန်းမနဲ့ကလေးတွေကို သိပ်အလိုလိုက်တယ်၊ ဒါတွေသယ်မလာပါနဲ့ဆိုတာ”

ဖေဖေ့ကိုဆိုလေသည်။ ဖေဖေသည် အပြုံးမပျက်။

“ခေတ်ကောင်းရင် ပြန်ဝယ်ပေးရမှာပဲ”

ဟု အလျှော့မပေးဘဲ ပြောသည်။ သည်အချိန်၌ ကျွန်မတို့ အသံ စူးစူးသေးသေးနှင့် ‘လှေကလေးလှော်မည်’ သီချင်းကို ဖေဖေကြားနိုင်မည် မထင်။ များမကြာမီ ဒေါ်ဒေါ်နှင့်မေမေတို့က သူတို့ လက်ဝါးတွေနှင့် ကျွန်မ တို့ပါးစပ်တွေကို လိုက်ပိတ်သောကြောင့်တော့မဟုတ်တန်ရာ။ ရေကြောင်း နှင့် ကုန်းကြောင်းခရီးတို့မှ မျဉ်းပြိုင်လိုသွားသော်လည်း အလှမ်းဝေးနေသော ကြောင့် ပင်တည်း။ ■

စက်တင်ဘာ၊ ၉၃၊ ရွှေရုပ်စုံမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

# ဒိုင်ယာရီ ၆

[ ၁ ]

ပစ္စက္ခ မန္တလေး၏အရိပ်သည် ကျွန်မကို အတိတ်ဆီသို့ ဆွဲခေါ်သွားမြဲပင်။ စင်စစ် မန္တလေးသည် ရှေးခေတ်နော်မန် ဆရာဖြစ်သင်ကျောင်းထွက် ဖေဖေ ခြေချခဲ့သော မြို့တော်ဖြစ်ခဲ့သည်။ ၁၉၉၃ခု၊ ဇူလိုင်လလယ်တွင် ကျွန်မ မန္တလေးရောက်ခိုက် မန္တလေးစာပေမိတ်ဆွေများနှင့် ဆုံဆည်းရာအရပ်တို့သည် ဖေဖေ့ကိုလည်းကောင်း၊ မန္တလေးစစ်ကိုင်းတို့၏ ဒုတိယကမ္ဘာစစ်သမိုင်းကိုလည်းကောင်း၊ တတမ်းတတ သတိရစေသည်။ ဝင်းစည်သူ၊ သိုက်ထွန်းသက်၊ ပိုင်စိုးဝေ၊ ကျော်စွာထက်တို့၏ ဝတ္ထုတိုများ၊ မဝင့် (မြစ်ငယ်)၊ မကို၊ နှင်းဆီအောင်၊ မေမောင်၊ နန်းရှေ့ဝင်းဝင်း မြင့်၊ ညိုညိုတင်လှနှင့် မြို့သာ မရာထိုတို့၏ ဝတ္ထုများသည် ကျွန်မအတွက် ရှေးခေတ်မန္တလေးအလွမ်းဘွဲ့များဖြစ်ပါသည်။

နန်းတော်ရှေ့ကလမ်းမကြီးပေါ်မှာ သူထွက်သွားရာ နီကျင်ကျင်မီးလုံးတွေနဲ့ တိတ်ဆိတ်ငြိမ်သက်နေတဲ့ လမ်းတစ်လျှောက်ကို ငေးမောကြည့်မိခဲ့သေးသည်။ ဟိုခပ်ဝေးဝေးဆီ မန်းတောင်ခြေဆီက ကုသိုလ်တော်ဘုရား၏ ကြည်ညိုသပ္ပာယ်ဖွယ်ရာ မီးရောင်စုံများကိုလည်း မျှော်ကြည့်ဖူးမျှော်မိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းတော်ရှေ့ဈေးကလေးရဲ့ တောင်ဘက်လမ်းပေါ်မှာတော့ နေရာတော်တော်များများမှ နွားမကြီးတွေ ငြိမ်သက်လဲလျောင်းစားမြုံပြန်နေကြသည်။

ပိုင်စိုးဝေ၏ 'ကျုံးမြို့ရိုး၏ အရှေ့ဘက်မျက်နှာ' ဝတ္ထုတိုတွင် ဆွတ်ပျံ့နွယ် ဖော်ပြရေးသားခဲ့သည်။ ထို့ပြင် ဝင်းစည်သူကလည်း မြို့သူမြို့သားများသည် မြို့ရိုးကိုလည်း ချစ်ကြသည်။ ကျုံးကိုလည်း ချစ်ကြသည်။ အကြောင်းတစ်မျိုးမျိုးကြောင့် ခရီးရက်ရှည်ထွက်ရပြီးနောက် မန္တလေးသို့ ပြန်ရောက်လာပြီဆိုလျှင် ကိုယ့်အိမ်ကိုယ့်ရာကို ခြေမချမိသေးသည့်တိုင် မြို့ရိုးနှင့် ကျုံးကို မြင်ရသည်နှင့်တစ်ပြိုင်နက် ပန်းခဲ့သမျှတွေ ပြေပျောက်သည်ဟု သူ၏ 'ကာရာအိုကေညချမ်း'တွင် ဖွဲ့ဆိုခဲ့သည်။

"ကျုံးဘေးက ထနောင်းပင်တွေကလည်း ဘယ်လို ထနောင်းပင်မျိုးရယ်မသိ။ ဆူးလုံးဝမရှိ။ အခေါက်ထူသည်။ ပင်စည်တုတ်သည်။ အခက်ဖြာသည်။ အကြည့်အမြင်လှသည်" တဲ့။

လွန်ခဲ့သော ၁၀နှစ်လောက်တုန်းက ဆောင်းမြူတွေကြားထဲတွင် မန္တလေးမြောက်ပြင်အရပ်၌ ဆရာမြသန်းတင့်၊ ပန်းချီကိုစံတိုးနှင့် ကျွန်မတို့ စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် ဟောပြောခဲ့ဖူးသည်။ လွန်ခဲ့သောအနှစ် ၄၀ကျော်တုန်းက"ဖေဖေ"သည်လည်း သတင်းစာဆရာအဖွဲ့များနှင့် မန္တလေးသို့လာရောက်ကာ ဟောပြောပွဲ ဆင်နွှဲဖူးသည်။

ဒုတိယကမ္ဘာစစ်အတွင်း ကျွန်မတို့မန္တလေးမြို့သို့ ရောက်ချိန်၌ မန္တလေးမြို့သည် အဆောက်အအုံများ ပြိုပျက်ကာ ပြာပုံအတိ ဖြစ်နေလေသည်။ မန္တလေးမြို့တွင် ဖေဖေ့ဆွေမျိုးတွေရှိသည့်အပြင် မေမေ့အမျိုးတွေလည်းရှိသေးသည်။ ကျွန်မတို့ရောက်ချိန်၌ မန္တလေးဆွေမျိုးများ နေအိမ်သည် မီးလောင်ပြင်နှင့် တိုင်မည်းမည်းများ ငုတ်တုတ်ကျန်ခဲ့သည်။ မန်ကျည်း ထနောင်းပင်တို့သည် ဗုံးဒဏ် စက်သေနတ်ဒဏ်နှင့် အပိုင်းပိုင်းဖြစ်နေလေသည်။ ၁၉၄၂ခု မေလ ၁ရက်နေ့သည် ဂျပန်စစ်တပ်တို့ မန္တလေးသို့ ဝင်သိမ်းသောနေ့ဖြစ်သည်။ သည်တုန်းက ကျွန်မတို့ မန္တလေးမြို့မှ စစ်ကိုင်းမြို့သို့ ပြေးနှင့်ပြီဖြစ်သည်။ စစ်ကိုင်းတွင်ပင်လျှင် မြို့ပေါ်မနေနိုင်ကြ။ ကျွန်မတို့နေထိုင်ခဲ့သော တဂေါင်းရပ် (ကျွန်မမွေးဖွားရာဇာတိ)နှင့် ကျွန်မညီမမွေးဖွားရာ အထက်တဂေါင်းရပ်တို့မှ ကျွန်မတို့နေခဲ့သောနေအိမ်တို့သည် အင်္ဂလိပ်စစ်တပ်ဆုတ်အခွာ သူတို့အမိန့်နှင့်မီးရှို့ခဲ့ပြီးဖြစ်သည်။ ဂျပန်တွေ လိုက်မလာ

www.burmeseclassic.com

www.burmeseclassic.com



ရန် အင်းဝတံတားကြီးလည်း ဗိုင်းနမိုက်နှင့် ချိုးကာဖျက်ဆီးခဲ့ပြီ ဖြစ်လေသည်။

သည်တုန်းက ကျွန်မတို့ မိသားစုတစ်တွေ တရုတ်စစ်သား ရန်အန္တရာယ်ကိုရှောင်ရန် လှည်းနှင့်လည်းကောင်း၊ လှေနှင့်လည်းကောင်း၊ စစ်ကိုင်း တဂေါင်းရပ်မှသည် ရွှေထုံး၊ ရွှေထုံးမှ ပယ်ငါးဆယ်သို့ အဆင့်ဆင့် ပြေးခဲ့ပြီဖြစ်ပါသည်။

[ ၂ ]

ကျွန်မတို့ဘဘကြီး ဦးဘတင် သေနတ်မှန်ဆုံးခဲ့ပြီး စစ်အတွင်း ရုန်းရင်းဆန်ခတ်တွေ ဖြစ်မှာစိုးသဖြင့် ဘကြီး၏အလောင်းကို ဆုံးပြီးနောက် တစ်ရက် အသုဘပင်မချနိုင်တော့ဘဲ ညတွင်းချင်း ဆေးရုံပို့ခဲ့ရကာ ရွှေထုံးသို့ လှည်းနှင့် ပြေးခဲ့ရသောအကြောင်း အရင်လက ရေးခဲ့ပြီးဖြစ်ပါသည်။ ရက်လည်ဆွမ်းကိုပင် ကျွေးဖြစ်သလား၊ မကျွေးဖြစ်လေသလား ကျွေးခဲ့လျှင်လည်း ဘယ်အရပ်မှာလည်း ကျွန်မ မမှတ်မိတော့။ ကျွန်မအထင်အရတော့ တရုတ်စစ်သားတွေ နောက်ကလိုက်သဖြင့် ပြေးခဲ့ရသောအခါ အသက်ကို ဖက်နှင့် ထုပ်ထားရသောဘဝမို့ ဆွမ်းကျွေးဖြစ်ခဲ့မည်မထင်။ ကြီးကြီး၏ငိုသံပါနှင့် မောင်ဘတင်ရေ အမျှ အမျှ အမျှ ဟု ခေါ်ဆိုသောအသံကိုတော့ ကြားယောင်မိသေးသည်။

ကျွန်မတို့ ပယ်ငါးဆယ်ရွာသို့ ရောက်လာသောအခါ ဖေဖေတို့ ကြီးကြီးတို့လှည်းများ ပေါ်မလာကြသဖြင့် မေမေကြီး၊ ဒေါ်ဒေါ်နှင့်မေမေတို့ မှာစိတ်အပူကြီးပူနေကြသည်။ အတော်ကြာမှ ဖေဖေတို့ရောက်လာကြသည်။ ဖေဖေနှင့် ကြီးကြီးတို့၏ နဖူးတွင် ချွေးတွေသီးနေသည်။

"ကံကောင်းလို့ပေါ့"

ဖေဖေက သက်ပြင်းမှုတ်၍ မေမေ့ကိုလှမ်းပြောလိုက်သည်။ ကျွန်မအစ်ကိုတွေက လှည်းပေါ်မှ ပစ္စည်းတွေချနေသည်။

"ဘာဖြစ်လို့လဲ"

မေမေကမေးတော့

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ လှည်းနောက်က ခြေကျင်လိုက်လာကြတယ် မဟုတ်လား၊ လမ်းမှာ ဒုက္ခရောက်လိုက်တာ မပြောပါနဲ့တော့"

ဟုပြောသည်။ ပယ်ငါးဆယ်ရွာတွင် ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းမြို့ပေါ်မှ စစ်ပြေးများ အိမ်တိုင်းတွင် ပြည့်နေသည်။ တချို့လည်း စစ်ကိုင်းတောင် ချောင်တွေထဲ ပုန်းအောင်းနေကြရသည်။

"နေပါဦး၊ သူတို့က ဘာဖြစ်လို့ ဝိုင်ယာကြိုးတွေ တပ်ဆင်နေကြရတာလဲ"

မေမေကြီးက နားမလည်ဟန်ဖြင့် မေးတော့ ဖေဖေက

"ဂျပန်တွေတက်လာပြီ မဟုတ်လား အမေရဲ့၊ အဲဒါသူတို့က ရန်သူတွေ အခက်တွေ့အောင် မြို့တွေရွာတွေ မီးရှို့ဖျက်ဆီးခဲ့မယ်ဆိုတဲ့ သဘောပေါ့။

"မိုက်ရိုင်းလိုက်တာနော်"

"အဲဒါ မြေလှန်စနစ် လို့ခေါ်တယ် အမေရဲ့၊ စစ်ဆိုတာ သူနိုင်ကိုယ်နိုင်တိုက်ကြတော့ ဘာကိုမှ ငဲ့ညှာမနေနိုင်ဘူး၊ ရက်စက်တာက ကမ်းကုန်ပဲ"

"မဆိုင်တဲ့ လူတွေ၊ အပြစ်မဲ့တဲ့လူတွေ နာတာပေါ့ဟယ်"

မေမေကြီးက မျက်စိမမြင်ရာမှ မျက်ရည်စမ်းစမ်းနှင့် ညည်းညူပြီး

"အရေးအကြောင်းရှိရင် သားတို့အားလုံး လွတ်အောင်ပြေးကြ အမေ့ကိုထားခဲ့ကြ"

ဟုပြောတော့ သမီးနှစ်ယောက်နှင့် ချွေးမ(ကျွန်မ မေမေ) က မျက်ရည်တွေကျနေကြသည်။ ကျွန်မက မေမေကြီးလက်ကို ဆွဲကိုင်ကာ

'မေမေကြီးကို မခင်ဦးတွဲမှာပေါ့'

ဟု အားတက်သရောဆိုလိုက်တော့ မေမေကြီးက ကျွန်မခေါင်းကို ပွတ်သပ်ကာ ရယ်မောရင်း

'ခုနင်က လှေဆိပ်ဆင်းတော့ သူက အမေ့ကို ဆွဲခေါ်ရှာတာ၊ ဒါပေမယ့် သူကချည်းခလုတ်တိုက်နေလို့ အမေကသူ့ကို ပြန်ထိန်းပေးရတယ်'

အားလုံးက ရယ်မောကြသည်။ ကျွန်မအစ်ကိုကြီး ကိုအေးဖေက ကျွန်မကို သည့်နောက်"အပျိုတော်မရှုပ်တေး ထွက်လှည့်ပါတော့လေး"ဟု သီချင်းလုပ်ဆိုတာ စ,လှေ့နောက်လှေ့ရှိသည်။ ကျွန်မက မခံချင်ဖြစ်လာ၍ အစ်ကိုကြီးကို တုတ်တစ်ချောင်းနှင့် လိုက်ရိုက်လျှင် အစ်ကိုကြီးက သစ်ပင်ပေါ် တက်ပြေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ပယ်ငါးဆယ်ရွာတွင် ကျွန်မတို့မိသားစု အိမ်အောက်ထပ် မြေကြီးပေါ်တွင် ဖျာကြမ်းများ ခင်းအိပ်ကြသည်။ ပန်းနာရောဂါသည် ဒေါ်ဒေါ်စိမ်းမြမှာ ချောင်းတဟွတ်ဟွတ်နှင့် ဖြစ်နေသည်။ မေမေကြီးသည်လည်း ဝမ်းမကြာခဏသွားနေလေသည်။

ဖေဖေက စစ်အတွင်း အစာရေစာခေါင်းပါးကြသည်မို့ ပယ်ငါးဆယ်ရွာက လူတွေကို ငါးသေတ္တာများ ဝေငှတော့ ငါးသေတ္တာကိုညှီသည်ဟုဆိုကာ ဘယ်သူမှ မစားနိုင်ကြ။ ရွာသူရွာသားတို့သည် ဖျဉ်ကြမ်းအင်္ကျီ၊ နှစ်နံစပ်လုံချည် ခြေထောက်ဗလာနှင့် ရိုးရိုးစင်းစင်း ရှိလှသည်။ ဆံပင်တို့သည် ဆီနှင့်ဝေးကာ နီကြောင်ကြောင် ခြောက်သွေ့နေပြီး အတော်များများမျက်ခမ်းစပ်ကြသည်။

မြို့ပြခေတ်၏ အတွေ့အထိများနှင့် ဝေးလှသည်။ မြို့မှ စစ်ပြေးမိသားစုက လက်ဆောင်ပေးကာ တူတံဆိပ်ထောပတ်များကို လှည်းဝင်းရိုးထဲထည့်ပစ်ကာ လှည်းစာကျွေးကြတော့ ကျွန်မတို့ မေမေက ရင်ပတ်တီးကာနှမြောနေသည်။

'နေပါစေအေ မမြင်ချင်ယောင်ဆောင်နေစမ်းပါ၊ သူတို့ခမျာ ထောပတ်မှ မစားတတ်ကြတာ'

ဟု ကြီးကြီးက ပြောလိုက်သည်။

'ချောင်ထဲလည်း တရုတ်စစ်သားတွေ ဝင်မွှေတယ်။ ကြွေရည်သုတ်သေးအိုးတွေကို ဟင်းအိုးမှတ်ပြီး ခေါက်ဆွဲပြုတ်စားကြသတဲ့'

လှည်းသမားကြီးက တစ်စုံတစ်ရာသတိရသလို ကွမ်းဝါးနေရာမှဝင်ပြော၏။

'ဓားပြတိုက်လာတဲ့ လက်ဝတ်လက်စားတွေလဲ လက်စွပ်၊ နားကပ်၊ လက်ကောက် လည်ဆွဲတွေက စိန်တို့မြတို့ ပတ္တမြား နီလာကျောက်တွေကို ဓားနဲ့ ကော်ထုတ်ပြီး ရွှေချည်းပဲ ယူသွားတယ်တဲ့'

'ဟင် ကျောက်တွေက အဖိုးတန်တဲ့ဟာကို'

ညဘက် တဖြည်းဖြည်းရွေ့လာသောအခါ အမှောင်မှာ ထုထည်နှင့် သိပ်သည်းလာသည်။ သို့သော ကဆုန်လဆုတ်သုံးရက်မျှသာ ရှိသေးသည်မို့ လပြည့်ဝန်းမှာ အနည်းငယ်သာ ပိန်နေသည်။ မကြာမီ လဝါပြပြထွန်းလင်းသာနေပေပြီ။ ကြယ်တွေလည်း လဝန်းကို ဝန်းရံကာ အလင်းအားဖြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှ ရောက်လာသော ရာဇဝတ်ဝန်ထောက်ကြီးမှာ သူ၏ခါးတွင် ခြောက်လုံးပြူးသေနတ်နှင့် ကျွန်မတို့တည်းအိမ် အရှေ့ဖက်ပိုင်း အိမ်ခြံဝတွင် စကြံလျှောက်နေလေသည်။ ကျွန်မမောင်လေးတွေက ရာဇဝတ်ဝန်ထောက်၏ ခါးကို လက်ညှိုးလေးတထိုးထိုးနှင့် "ဗျောက်ကြီး ဗျောက်ကြီး" ဟု အော်နေသဖြင့် ရှူးကနဲဟန့်တားရသည်။ သူ၏ခါးကို မကြာခဏစမ်းနေသော်လည်း သူ၏မျက်နှာမှာ သွေးမရှိသလို ဖြူဖျော့နေသည်ဟု ကျွန်မမေမေက ပြောဖူးသည်။

များမကြာမီ တရုတ်စစ်သားများ၏ 'အေး အေး' ဟူသော ညာသံပေးသံကို ကြားနေရလေသည်။ ကျွန်မတို့ နေထိုင်ရာအရပ်ကို ဝါယာကြိုးများ တပ်ဆင်ကာ မီးရှို့တော့မယ်ဟု ဖေဖေက မေမေ့ကို တီးတိုးလှမ်းပြောကာ အိမ်သားအားလုံး ကိုယ်စီကိုယ်ငှ အထုပ်အပိုးတွေ ပြင်ဆင်ထမ်းပိုးကြလေသည်။ ထိုအခိုက် ကျွန်မတို့တည်းအိမ် အိမ်အပေါ်ထပ်မှ တီးတိုးလေသံနှင့် 'မောင်မောင်ရေ. . 'ဟု လှမ်းခေါ်သံကြားလိုက်ရသည်။ ရာဇဝတ်ဝန်ထောက်ကြီး၏ ယောက္ခမက ကြိတ်၍ခေါ်သံဖြစ်သည်။ များမကြာမီ သံသေတ္တာကြီး ဂျိုင်းကနဲမြည်သံ အသံကြားပြီး အပေါ်ထပ်က လူတွေမှာ ခြေသံမကြားရအောင် ဖော့နင်းပြီးအိမ်နောက်ဖေးလှေကားမှဆင်းကာ ပျောက်ကွယ်သွားကြလေသည်။

ကြီးကြီးက မျက်နှာနီလျက်

'ကြည့်စမ်း တစ်ကိုယ်ကောင်းသမားတွေ အင်္ဂလိပ်အလိုတော်ရိ၊ တစ်ပါးကျွန်တွေ ကိုယ်လွတ်ရုန်းသွားကြပြီ'

ဟု မကျေမနပ်နှင့် ပြောနေလေသည်။

ကျွန်မတို့လည်း ပြောပြောဆိုဆို အမောတကောနှင့် အိမ်တွေ၏ ခြံစည်းရိုးဘေးတောလမ်းကို ဖြတ်ခဲ့ကာ ပြေးခဲ့ကြရပြန်သည်။ လျှပ်စစ်မီးကမရှိ၊ ရေနံဆီမှန်အိမ်မီးလည်း မရှိ၊ လက်နှိပ်ဓာတ်မီးပင် မထွန်းရဲ၊ မှောင်ထဲတွင် လရောင်ရိပ်ကိုသာ အဖော်ပြု၍ စစ်အတွင်းခရီးကို တရကြမ်းနှင်ခဲ့ကြရပြန်သည်။

[ ၃ ]

အန္တရာယ်ကို နက်နဲစွာမတွေးမိသော ကျွန်မတို့ ကလေးများကတော့ ဒီလို အထုပ်အပိုးများဖြင့် ထွက်ပြေးလာရသည်ကို မျက်ကန်းတစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com



မကြောက်၊ ပျော်စရာလိုပင် ထင်မိသည်။ 'သစ္စာနီ' ရေးခဲ့သော ကဗျာတစ်ပုဒ်ကို ကျွန်မ ခံစားမိသည်။

ငါလေ. . .
တစ်ခါတုန်းကတော့ (ဘဝမှာ)
ဝလုံးကို ဝိုင်းအောင်ရေးဖို့က
ရည်မှန်းချက်စခဲ့သူပဲပေါ့။
ဟေ. . . သူငယ်
ပြက္ခဒိန်စာရွက်ဆုတ်
စက္ကူလှေ မလုပ်လိုက်ပါနှင့်။

ကျွန်မတို့ ကလေးဘဝတုန်းကတော့ သည်လိုပါပဲ။ ပြက္ခဒိန်စာရွက်ဆုတ်ပြီး 'အချိန်'တွေကို စက္ကူလှေလုပ်တန်း ကစားရင်း ကုန်ဆုံးစေခဲ့သည် မဟုတ်ပါလော။ ကျွန်မတို့ ဆယ်တန်းဖြေမည့်နှစ်မှာ ဖေဖေက ဆုံးမစကားဆိုဖူးသည်။ ပြက္ခဒိန်စာရွက်တွေကို အလဟဿမဆုတ်ပစ်ရစေနဲ့တဲ့။ ဆိုလိုတာက လူ့ဘဝလူ့အဖြစ်တွေကို အချည်းအနှီးမကုန်ဆုံးစေဖို့ပင်။ အချိန်သည် အသက်ဖြစ်သည်။ အချိန်တိုင်း အချိန်တိုင်း ကျွန်မတို့၏ အသက်များကို အရင်းအနှီးပြုသွားရသည်။ အချိန်ကို ဘယ်သူရှောင်လို့ရသလဲ။ ကနေ့ဖြစ်နေတဲ့ အဖြစ်အပျက်တွေဟာ နောင်တစ်နေ့မှာ သမိုင်းဖြစ်လာမှာဟု ပညာရှင်များက ဆိုကြသည်။ ဖေဖေ၏စစ်အတွင်း ဒိုင်ယာရီစာအုပ်ငယ်လေးကို အမှီသဟဲပြု၍ ကိုယ်ပိုင်ဒိုင်ယာရီတစ်ခုကို အတွေးနယ်ချဲ့၍သော်လည်းကောင်း၊ အသေးစိတ်၍သော်လည်းကောင်း ရေးခဲ့မိပြီ။

ဟန်ဆုရင်၏ ချုံကင်းခရီး (Destination Chunking)၊ အင်္ဂါချို့တဲ့သစ်ပင် (The Crippled Tree)၊ ငှက်မဲ့နွေ (Birdless Summer) အန်ဖရင့်ဒိုင်ယာရီ (Anne Frank's Diary) ဒေစီရေး (Desire) နပိုလီယန်ချစ်သူ၊ နောက်ဆုံး ဧကရာဇ်ဘုရင် (The Last Emperror) စသည်တို့ကို အားကျနေ၍လည်း ဖြစ်သည်။

ထို့ပြင် ကျွန်မတို့ မောင်နှမတစ်တွေ၊ တစ်ခါတစ်ရံ သူငယ်ချင်းတွေ၊ ကျွန်မတို့ ညီအစ်မ မေမေတို့ သားအမိတစ်တွေ မညီမညွတ်ဖြစ်ခဲ့ကြသည့်အခါ၌ ဖေဖေက ကျွန်မတို့ အသက်ကို ဖက်နှင့် ထုပ်ပြေးခဲ့သောစစ်ပြေးဘဝကို သတိရစေသည်။ ကျွန်မ၏ဆရာတစ်ဦးလည်း ပြောဖူးသည်။ လူတွင် အတူတူစကားပြောခြင်းဖြင့် ပြည့်ဝကောင်းမြတ်စေသည်။ အတူတူ

www.burmeseclassic.com

www.burmeseclassic.com



တွဲလျှောက်ခြင်းဖြင့် တိုးတက်စေသည်။ ညီညွတ်စွာ အတူတူနေထိုင်ခြင်းဖြင့် အရာရာအောင်မြင်စေသည်ဟူလို။
Talking together is perfect
Walking together is progress
Staying together is success! ■

**အောက်တိုဘာ၊ ၉၃၊ ရွှေရုပ်စုံ**

www.burmeseclassic.com

www.burmeseclassic.com

# ဒိုင်ယာရီ ၇

[ ၁ ]

၁၉၄၂ ခု မေလတွင် မန္တလေးမြို့သို့ ဂျပန်စစ်တပ်တွေ ဝင်သိမ်းကြောင်း ကျွန်မရေးခဲ့ပြီး ဖြစ်ပါသည်။ ဂျပန်တွေ မသိမ်းခင်ကတည်းက မန္တလေးသည် စစ်ဘေးစစ်ဒဏ်ကြောင့် ပြာပုံအတိပြီးသည်။ ဗုံးကြဲလေယာဉ်တိုက်ခိုက်ပုံကို ကျွန်မတို့ငယ်ငယ်တုန်းက မျက်မြင်ကိုယ်တွေ့ဖြစ်သည်။ ၁၉၄၂၊ ဒီဇင်ဘာ ၂၃ နှင့် ၂၅ ရက်နေ့များတွင် ရန်ကုန်မြို့သို့ ဂျပန်တိုက်လေယာဉ်တို့လာရောက် ဗုံးကြဲကြရာတွင် ဂျပန်လေယာဉ်ပျံများ မြေပြင်နှင့် မဝေးကွာလှစွာ ပျံသန်းကာ ဗုံးများကြဲချပြီး စက်သေနတ်နှင့်ပစ်ကြရာတွင် အဆောက်အအုံတွေ တရကြမ်းပြို၊ အိမ်ခေါင်မိုးတွေ တစ်စစီလွင့်ထွက်၊ လူတွေ၊ တိရစ္ဆာန်တွေ အစိတ်စိတ်ဖြစ်သေကြသည်။ ရန်ကုန်မြို့ အလုံဗင်တန်လမ်း ကျွန်မတို့နေထိုင်သော နေအိမ်ပြတင်းပေါက်မှ လှမ်းမျှော်ကြည့်လျှင် အတိုင်းတိုင်း မြင်နေရလေသည်။ လူကြီးတွေက ကျွန်မတို့ခေါင်းတွေကို လက်နှင့်နှိမ်ထားပြီး ရင်ခွင်ထဲအတွင်း ဆွဲသွင်းထားကြသည်။ ထိုစဉ်တုန်းက ၅နှစ် ၆ နှစ် အရွယ်မျှသာ ရှိကြသေးသော ကျွန်မတို့ ညီအစ်မနှစ်ယောက်မှာ ကြောက်ရလန့်ရမှန်း မသိခဲ့ကြတာ အမှန်ပင်။ ပင်ကိုကတည်းက ကြောက်စရာများကို မကြောက်လန့်ရအောင် ဖေဖေက စိတ်ဓာတ်သွင်းထားပေးလို့လည်း ဖြစ်မည်ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘေးကင်း ဥသြဆွဲပြီးချိန်တွင် ဖေဖေ မေမေတို့နှင့် လမ်းလျှောက်ထွက်ပြီး ပတ်ဝန်းကျင်တခို လျှောက်ကြည့်ကြတော့ ကျွန်မတို့မိသားစုမှာ စစ်အနိဋ္ဌာရုံများကို ပီပီပြင်ပြင်မြင်ရကြားရပြန်သည်။ နေရာတိုင်း သစ်ပင်၊ သစ်ငုတ်၊ လမ်းဘေးအုတ်ခုံ၊ ပလက်ဖောင်း၊ ကတ္တရာလမ်း၊ တိုက်အိမ်နံရံများ၊ မြောင်းများ စသည်တို့တွင် သွေးများ ချင်းချင်းနီနေကြသည်။ လူများ၊ တိရစ္ဆာန်များ အတုံးအရုံးသေဆုံးနေကြသည့် မြင်ကွင်းအားလုံးသည် တုန်လှုပ်ချောက်ချားဖွယ် စိတ်မချမ်းမြေ့ဖွယ်ချည်းပင် ဖြစ်သည်။

ရန်ကုန်တွင် လည်းကောင်း၊ မန္တလေးတွင်လည်းကောင်း၊ ညည ဗုံးကြဲလေယာဉ်ပျံများကို အောက်မှ မီးကျီမီးမောင်းထိုးပြီး အမြောက်နှင့်ပစ်ချ၍ လေယာဉ်ပျံအတောင်ပံများပြတ်ထွက်ကာ လေယာဉ်ပျက်ကျလာသည်မှာ မျက်ဝါးထင်ထင်ဖြစ်သည်။ ထို့ပြင် ဂျပန်လေထီးစစ်သားများ ဘူရှိဒို (အသေခံသူရဲကောင်းများစိတ်ဓာတ်)နှင့် လေထီးဖွင့် တရကြမ်း ဆင်းလာသမျှကို မဟာမိတ်များက တစ်ယောက်ပြီးတစ်ယောက် ပစ်ချနေသည်။ လေထီးတပ်သားများကလည်း ရန်သူ့နယ်မြေထဲ စက်သေနတ်နှင့် တရကြမ်းပစ်သည်။ ဂျပန်လက်သင်ပိုင်းလော့တို့ စစ်သွေးစိတ်ဓာတ်ပြည့်နေကြသည်နှင့်အမျှ ကားကနဲ ကားကနဲ ကျဆုံးကြသည်။ မဟာမိတ်တပ်လက်ချက်ဖြင့် ကျဆုံးခဲ့ကြရသော ပိုင်းလော့အရေအတွက်များကာ ကြောက်ခမန်းလိလိဖြစ်သည်။ ထိုသို့ ရန်သူကိုပစ်ချနိုင်သော မဟာမိတ်တပ်သားများကို ဘယ်သူမှလည်း မချီးကျူးသည့်အပြင် Turkey Shooter (ကြက်ဆင်ပစ်သူများ)ဟု နောက်ပြောင်ခေါ်ဝေါ်ကြသည်။ သိကြသည့်အတိုင်း ကြက်ဆင်များကား အလွန်နွေးကွေး လေးလံသော သတ္တဝါများဖြစ်ကြ၍ ဘယ်တော့ပစ်ပစ် မလွဲပေ။ ထိုသို့ ပစ်နည်းကို စစ်အရည်အချင်းတစ်ရပ်ဟု ဘယ်လိုယူဆရမည်လဲ။ ဒါကို Turkey Shooting (ကြက်ဆင်ပစ်နည်း)ဟု ခေါ်ကြသည်။

အသေချာဆုံးဖြစ်ရပ်ကား ပုရွက်ဆိတ်ရေနွေးဖျောသလို လူတွေအစုလိုက်၊ အပြုံလိုက် သေကြခြင်းဖြစ်သည်။ စစ်ဆိုတာ ဒါပဲဖြစ်သည်။ ကမ္ဘာ့စစ်ပွဲကြီးတွင် လူများ၏ အဖိုးထိုက်တန်သောအသက်ပေါင်းများစွာကို စတေးလိုက်ရသည်။ ဘက်တစ်ဘက်မှာ ကိုယ့်လူသေမှာစိုးသဖြင့် လူနာတင်လှည်းဘေးဆရာဝန် သူနာပြုတွေ ဝိုင်းရံကာ သွေးပုလင်းကိုင်လျက် အပြေးအလွှားလိုက်လာကြသည်ကို မြင်ကြည့်ရန် ဖြစ်ပါသည်။ အခြားဘက်မှလူတွေကို တရကြမ်းပစ်နေကြသည်။ ဘယ်လောက်များ တရားကျဖို့ကောင်းပါ

www.burmeseclassic.com

www.burmeseclassic.com



သလဲ။ မြတ်စွာဘုရား၏ ဒေသနာတော်အရ လူသားကမ္ဘာသည် 'အရှုံးကမ္ဘာ' ဖြစ်သည်။

စစ်အတွင်း ကျွန်မတို့မိသားစုသည် ထိုအရှုံးကမ္ဘာထဲတွင် ပြေးလွှားခဲ့ကြသည်။ ကျွန်မတို့သိသလောက် ဖေဖေသည် စစ်ကိုင်းမြို့ မျိုးချစ်လူငယ်(လျှို့ဝှက်အသင်း)နှင့်ပူးပေါင်း၍ အင်္ဂလိပ်တော်လှန်ရေး တစ်ပြိုင်နက်တည်း ဂျပန်တို့အား ပြန်တိုက်ရေးကို ကြိုးပမ်းဆောင်ရွက်ရာ၌ ပါဝင်ပြီး တစ်ပိုင်းက မိသားစုတစ်စုလုံး စစ်ပြေးရာတွင် ဦးဆောင်နေရချိန်လည်း ဖြစ်သည်။ ဂျပန်တပ်တွေ တက်အလာ၊ မဟာမိတ်တို့ စစ်အဆုတ်၊ မဟာမိတ်ဘက်တော်သား တရုတ်စစ်သားတို့သည် အထက်မြန်မာပြည်တွင် အမွှေကြီးမွှေခဲ့သည်။

ယခုလည်း ကျွန်မတို့စစ်ကိုင်းမြို့ တကောင်းရပ်မှသည် ရွှေထုံး၊ ရွှေထုံးမှ ပယ်ငါးဆယ်၊ ပယ်ငါးဆယ်မှ ဝါးချက်ရွာ၊ ထိုမှ အမရပူရနယ် ရွှေကြက်ယက်သို့ ပြေးလာကြရသည်။ ပယ်ငါးဆယ်နှင့် ဝါးချက်ရွာတို့တွင် မြေကြီးပေါ် သပေ့ါဖျာ(ဖျာကြမ်း)များ ခင်းအိပ်ကြရသည်။ ထမင်းနပ်ကျော်စားရသည့်အပြင် ထမင်းအိုးချိုးကပ်စားရသည်များကိုလည်း ကြုံဖူးသည်။ အပြစ်မဲ့လူသားများသည် မစ်ရှင်းဂန်း(စက်သေနတ်)တွေကို ဘယ်နည်းနှင့်မှ ဖက်ပြိုင်ရန်မဖြစ်နိုင်ပါဘူးဟု အမေရိကန် စာရေးဆရာကြီး ဂျွန်စတိန်းဘက်က 'လျော့ကွေ့ကျဆင်း ငွေလမင်း' (The Moon is Down) ဝတ္ထုတွင် ရေးသားခဲ့ဖူးသည်။

သို့ကြောင့် ကျွန်မတို့တစ်တွေသည် တရုတ်စစ်သားတို့ ရွာတွေကို ဝိုင်ယာကြိုးများပတ် မီးရှို့ရန်စီစဉ်ဆဲ ငရဲခွေးများအလိုက်ခံရသလို ပြေးကြလွှားကြရသည်။ အဘယ့်ကြောင့်ဆိုသော် မည်းမည်းမြင်တိုင်း ပစ်တတ်ကြသော တရုတ်စစ်သားများ၏ ကျည်ဖူးများဒဏ်ရာဖြင့် ကလေးသူငယ် လူရွယ်မရွေး၊ ကျား မ ပျို အိုမရွေး၊ ဘုန်းကြီး သီလရှင် မရွေး မိနစ်စက္ကန့်မလပ် သေဆုံးခဲ့ကြရသောကြောင့် ပင်တည်း။

[ ၂ ]

ကဆုန်လဆန်း၏ ရောင်ဝါသည် မထင်မရှားလင်းနေသည့်ရွာကို မီးရှို့ရန် ညာသံပေးကာ ဝိုင်ယာကြိုးများပတ်နေကြသော တရုတ်စစ်သား

www.burmeseclassic.com

www.burmeseclassic.com



အသံများသည် နီးသည်ထက်နီးလာသောအခါ လူတွေတသီကြီး အထုပ်အပိုး ကိုယ်စီဆွဲကာ ပြေးကြရသည်။ ရွာ၏ အိပ်စင်တန်း ခြံစည်းရိုးကပ်လျက် ကမ်းမြောင်တို့တွင် အသက်ပင် ရဲရဲ မရှုရဲဘဲ ကျွန်မတို့ ခြေသံဖွဖွနှင့် ဖြတ်သန်းလာကြရာ ကျွန်မ အစ်မဝမ်းကွဲ 'အစ်မလေး'က အောင်ထူး (နှစ်ခါလည် နီးပါး မောင်လေး)ကို ခါးထစ်တွင် ချီထားဆဲ သူ၏ ထဘီအောက်နားမှာ ခြံစည်းရိုးကြခတ်ဝါး ဆူးတွင်ငြိနေသည်။ ကျွန်မတို့ညီအစ်မနှစ်ယောက်နှင့် မေမေက သူရှေ့က ဖြစ်သည်။ အစ်မလေး တော်တော်နှင့် ကျွန်မတို့နား ရောက်မလာသဖြင့် မေမေက တီးတိုးလေသံနှင့်

'ဟဲ့ အစ်မလေး လာလေ၊ ဘာဖြစ်လို့ ကျန်နေခဲ့တာလဲ'

'လာလို့မရဘူး ဒေါ်လေးရဲ့'

အစ်မလေး၏ ကျိတ်၍ရှိုက်သံသဲ့သဲ့ကြားရသည်။

'ဘာလို့မရရမှာလဲ၊ လာလေ မြန်မြန်'

မေမေက စိတ်မရှည်စွာ လှမ်းခေါ်လိုက်သည်။ ကြီးကြီးတို့ သားအမိတစ်တွေက ရှေ့မှ မျက်မမြင်မေမေကြီးနှင့် ပန်းနာရင်ကျပ်ဝေဒနာသည် ဒေါ်ဒေါ့်ကိုတွဲလျက် သွားနှင့်သည်။ ဖေဖေနှင့်ဦးလေးရွှေက ရှေ့မှ ဦးဆောင်သွားသူသွားကြကာ နောက်မှ အမီလိုက်သူတွေ လိုက်လာကြသည်။ အသက် ၉ နှစ်အရွယ် ကလေးမလေးသည် ဝါးဆူးတွင်ငြိနေသော သူ့ထဘီကို ဆွဲယူလို့မရဘဲ ကြောက်အားလန့်အားနှင့် ရှိုက်ငိုနေသည်။ 'ကယ်ကြပါဦး၊ ကယ်ကြပါ' ဟု ပြောမိပြောရာတွေပြောပြီး ငိုမဆုံးဖြစ်တော့ကာ မေမေက သူ့ဆီ နောက်ကြောင်းပြန်လှည့်ကာ

'တယ် ဒီကောင်မလေး ငိုမနေနဲ့လေ၊ ထဘီချွတ်ပစ်လိုက်လေ၊ ထဘီချွတ်ပစ်ခဲ့'

'ဟင့်အင်း ဟင့်အင်း မချွတ်ချင်ဘူး'

'တယ်ခက်ပါလား လာစမ်းပါ ထဘီချွတ်ထားခဲ့ နင့်ဘိုးအေတွေ လိုက်လာပြီ'

မေမေက အောင်ထူးကို ချီပွေ့ကာ အစ်မလေးကို ထဘီချွတ်စေပြီး အတင်းဆွဲခေါ်လာရသည်။ ရှေ့ခြံစည်းရိုးဘေး လမ်းတစ်ကွေ့တွင် ဦးလေး ဦးအောင်သာ(ဖေဖေ့ဦးလေး)က အစ်မလေးကိုမြင်တော့

'ဟယ်ဒီကောင်မလေး ထဘီမပါ ဘာမပါနဲ့ ရော့ ဒါ ပတ်ထားစမ်း'

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းဆိုရင်း သူ့ခေါင်းတွင် ရစ်ပတ်ထားသော တဘက်ကို ပေးလိုက်သည်။ အစ်မလေး တစ်ဘက်ကို ကိုယ်ပေါ်တွင်ပတ်ကာ ငိုရှိုက်နေဆဲပင်။ ကျွန်မတို့ ညီအစ်မမှာလည်း ဂါဝန်ဖြူများ ဝတ်ထားမိကြသဖြင့် ကျွန်မတို့ ဦးလေး ဦးသင်းမောင် (ဖေဖေ့ညီဝမ်းကွဲ ထောင်ပိုင်ကြီး ဦးစိန်မောင် အစ်ကိုရင်း ၊ နန်ရှေ့ဝင်းဝင်းမြင့်တို့ ဘကြီး)က

'မကြည်ကြည် ကလေးတွေ ဂါဝန်အဖြူရောင် ချွတ်ပစ်လိုက်'

မေမေက ကျွန်မတို့ညီအစ်မ ဂါဝန်အဖြူရောင်တွေကို ကမန်းကတန်း ချွတ်ပစ်လိုက်သည်။ ဦးလေး ဦးသင်းမောင်ကိုယ်တိုင်လည်း သူ၏ ရှပ်အင်္ကျီအဖြူရောင်ကို ချွတ်ထားသည်။ မေမေက ကျွန်မညီအစ်မအတွက် အဝတ်ထုတ်ထဲမှ အင်္ကျီအရောင်မှိုင်းများ ထုတ်ကာ ဝတ်ပေးနေသည်။

'မမစိမ်းတို့ ရှေ့မှာလား ကိုသင်းမောင်'

'ရှေ့မှာဗျာ၊ အစ်ကိုကြီးတို့လဲ ရှေ့မှာ၊ အရီးမြင်ကတော့ ဝမ်းသွားချင်လို့တဲ့၊ မမစိမ်းမြ လိုက်ပို့ရတယ်'

'ဒုက္ခပါပဲ အရေးထဲ'

'မမစိမ်းမြကလဲ ချောင်းဆိုးတတ်လွန်းလို့ ပါးစပ်ကို အဝတ်နဲ့ ဆို့ထားရတယ်'

'ဒီတစ်ညလုံး ဘယ်သူမှအိပ်ကြရမှာ မဟုတ်ဘူး'

'ဘယ်အိပ်ရမလဲ မကြည်တို့ရာ'

'ကိုသင်းမောင် အစ်ကိုကြီးတို့ကော ပြေးလမ်းတွေ့ရဲ့လား၊ လက်နှိပ်ဓာတ်မီးမပါ ဘာမပါနဲ့'

'လရောင်ရှိသားပဲဗျာ၊ မပူပါနဲ့'

'အကုန်လုံးသေ အေးတာပါပဲ၊ သေတစ်နေ့ မွေးတစ်နေ့တဲ့'

အနီးမှ ကျွန်မအမျိုးထဲက ဘယ်သူမှန်းမသိ၊ အသက် (၂၀)ရွယ် လူငယ်လေးက ဝင်ပြောလိုက်သည်။ ဤတွင် 'အစ်မလေး'က ကြောက်တယ် ကြောက်တယ်ဟု ငိုပြန်သည်။ မေမေက

'သမီး မငိုနဲ့ တိတ်တိတ်၊ ဘယ်သူမှမသေပါဘူး၊ ဒေါ်လေး ဘုရားစာရွတ်ပေးမယ်နော်'

အစ်မလေး ငိုသံတိတ်သွားသည်။ မေမေ့ထဘီစကိုလည်း ကျွန်မတို့နည်းတူ အစ်မလေးကလည်း ဆွဲထားသည်။ ကျွန်မတို့ အိမ်မွေးခွေး ဂျော်နီနှင့် လူစီကလည်း ကျွန်မတို့နောက်မှ ပြေးလိုက်နေသည်။ ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com



အပန်းဖြေရန် ဝါးရုံရိပ်တွင် ထိုင်ကြဆဲ အငယ်မလူစီက မည်းမည်းမြင်လျှင် ဟောင်ရန် ပါးစပ်ကိုဟလိုက်သဖြင့် မေမေက ကပျာကယာ လူစီကို ပါးစပ် ပိတ်လိုက်ရလေသည်။

'လူစီ မဟောင်နဲ့၊ တိတ်တိတ်နေ'

လူစီက လူစကားကို နားလည်သလို မဟောင်တော့ဘဲ တအင်အင် ညည်းနေသည်။ ဂျော်နီကတော့ နဂိုခပ်အေးအေးမို့ မျက်လုံးကလေးလှန်ကာ မေမေ့ကို လှမ်းကြည့်နေသည်။ ဦးလေးဦးသင်းမောင်က ခွေးတွေကို လှမ်း ကြည့်ရင်း

'အရေးထဲ ခွေးကပါသေး၊ တစ်နေရာရာမှာ ထားပစ်ခဲ့တာ မဟုတ် ဘူး'

'မထားခဲ့ပါရစေနဲ့၊ ဒါလဲ သားသမီးတွေပဲ'

ကျွန်မညီမ ခင်ဆွေအေးက ခွေးမလေးလူစီကို ပွေ့ချီကာ ခေါင်း တခါခါနှင့်

'ဟင့်အင်း မထားဘူး မထားဘူး'

ဟု အော်လိုက်သည်။

'အေးပါ၊ မထားပါဘူး၊ တိတ်တိတ် အသံမထွက်နဲ့'

ဦးလေးက စပိန်နီယာအမျိုးစပ် ခွေးများကို ကြည့်ကာ

'အံ့ပါရောဗျာ၊ စစ်ပြေးတာ ကလေးရော ခွေးရောဆိုတာ ကျနေပြီ'

သက်ပြင်းချကာ ပြောရင်း ရပ်နေသည်။

ညလယ်ကျတော့ ဘယ်သူများ တပ်လှန့်လိုက်သည်မသိ၊ ကျွန်မ တို့သည် ကြီးမားသော အန္တရာယ်ကို ရှောင်ကွင်းရန် ဆွေမျိုးတွေရော၊ ရွာသူ ရွာသားတွေရော တသီကြီး အမောတကော လူလိုက်ခံရသလို ပြေးကြရပြန် သည်။ သီးပင်ထက်မှ ငှက်ငယ်တစ်ကောင်မှာ အတောင်ဖလပ်ဖလပ်နှင့် ပျံကာ ထွက်ပြေးလေသည်။ များမကြာမီ ငှက်ဆိုးထိုးသံကြားရပြီး ခွေးများ ဝိုင်း၍ 'အူ' နေကြသည်။ ဦးလေးနှင့် မေမေတို့က ဂျော်နီနှင့် လူစီပါးစပ်တွေ ကို လက်နှင့်အုပ်ကိုင် ပိတ်ထားရပြန်သည်။

များမကြာမီ ကျွန်မတို့စောစောက ဂါဝန်ချွတ်ထားသောနေရာတွင် ဗုံးတစ်လုံး ပေါက်ကွဲမြည်ဟည်းသံ ကြားရသည်။

နောင်တစ်နေ့တွင် ကျွန်မကို နိုင်ငံခြားသူ စာပေသမားတစ်ဦးက 'ဘာဖြစ်လို့ စစ်နဲ့ငြိမ်းချမ်းရေး အခြေခံဝတ္ထု ရေးခဲ့တာလဲ'ဟု မေးသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတွင် ခိုင်လုံတိကျသောအဖြေ ရှိခဲ့သည်။ စစ်အတွင်း ကျွန်မဖြတ်သန်းခဲ့ရသော အတွေ့အကြုံတို့သည် ကျွန်မအတွက် စစ်ကို မုန်းတီးစေပြီး ငြိမ်းချမ်းရေးကို မြတ်နိုးစေခဲ့တာ အမှန်ပင်တည်း။

ယနေ့ ကျွန်မ၏ မှတ်တမ်းစာအုပ်တွင် ဆရာဒဂုန်တာရာ ရေးခဲ့သော အယူအဆတစ်ခုကို ကျွန်မတို့စာဖတ်သူတွေ သိကြားစေချင်ပါသေးသည်။

အချစ်၊ ငြိမ်းချမ်းရေး၊ အလှအပ
ကျွန်တော် သူတို့ကို ကိုးကွယ်သည်။
ကမ္ဘာကြီးသည် အချစ်အလှအပ ငြိမ်းချမ်းရေးတို့ဖြင့်
စိုးမိုးနေလျှင် မြင့်မြတ်သော ကမ္ဘာကြီး ဖြစ်လာရပေမည်။

**ဒဂုန်တာရာ**

[ ၃ ]

တကယ်တော့ ကျွန်မတို့ စစ်ကိုင်း ဝါးချက်ရွာ၊ ပယ်ငါးဆယ်ရွာနှင့် ရွှေကြက်ယက်တို့တွင် စစ်ပြေးဘဝအဖြစ် ခိုလှုံခဲ့ရသည်မှာ ဘာမှကြာခဲ့သည်မဟုတ်။ ၁၉၄၂ ခုနှစ် မေလမှ ၁၉၄၂ခု စက်တင်ဘာလအထိ ၅လ ခန့်မျှသာ ကြာခဲ့လေသည်။ ကဆုန်မိုးပြေးမှသည် ဝါဆိုဝါခေါင် ရေဖောင်လျက်၊ အမရပူရ တောင်သမန်အင်း ရေများ ပြည့်လျှံခဲ့သည်။ ရွှေကြက်ယက်၊ ရွှေကြက်ကျရွာတစ်လျှောက် ရေတွေချည်းဖြစ်နေသည်။ ရှမ်းပြည်နယ် အင်းလေးရွာလို တစ်အိမ်နှင့်တစ်အိမ်၊ တစ်နေရာနှင့်တစ်နေရာ လှေဖြင့်သာ ကူးကြရသည်။ ထိုဒေသနောက်ခံကားချပ်ကို ကျွန်မ၏ "မိုးနှင့်ရေ" လုံးချင်းဝတ္ထုထဲတွင်ရေးခဲ့သည်။

ဖေဖေကတော့ စစ်အတွင်းမှတ်တမ်းကို "ငါဘယ်သူလဲ"စာအုပ်ငယ်တွင် ရေးသားဖော်ပြခဲ့သည်။ ကျွန်မ သူငယ်ချင်းဆရာမ နွယ် (စစ်တွေ) က

'သူငယ်ချင်းရဲ့ ဖေဖေရေးတဲ့ 'ငါဘယ်သူလဲ' ဖတ်ပြီး ကိုယ့်ရင်ထဲ ငြိသွားတယ်၊ သိပ်တရားရစရာ ကောင်းတာပဲနော်၊ ကိုယ်ဖတ်တာ ခဏ ခဏပဲ'

သူက ကျွန်မထက် 'ငါဘယ်သူလဲ'ကို ပို၍ မှတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ချို့ စာပိုဒ်များကို အလွတ်ပင်ရနေသည်။

ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် စစ်ဘေးကြီးနှင့် ရင်ဆိုင်တိုးကြရသောအခါ တစ်အိမ်တွင်လူငါးယောက်ရှိသည့်အနက် လေးဘက်သွားနေသော ကလေးတစ်ယောက်သာကျန်၍ ကျန်လူလေးယောက်သေ၊ အိမ်တွေပစ္စည်းတွေ မီးထဲပါ လူခုနစ်ယောက်ရှိသောအိမ်တွင်လူခြောက်ယောက်သေ။ သားနှစ်ယောက်၊ သမီးတစ်ယောက်၊ မိခင်တစ်ယောက်၊ လင်တစ်ယောက်၊ အစ်မတစ်ယောက်၊မျက်စိအောက်တွင် ကြောက်မက်ဖွယ်လိလိ မြင်မကောင်းအောင် အသေဆိုးသေကြပြီး ရူးမတတ်ကျန်ရစ်သူလည်းရှိ၏။ ပထမအိမ်၌ လေးဘက်တွား ကျန်ရစ်သော ကလေးအတွက် ကလေးဘာမှန်း မသိ၍ မထောင်းတာလှ။ ဒုတိယအကြိမ်မှ ကျန်ရစ်သောမုဆိုးမမှ ပရိဒေဝမီး မည်မျှတောက်လောင်ရှာမည်နည်း။ ထိုကဲ့သို့အဖြစ်မျိုးကာ ထိုနှစ်အိမ်သာမဟုတ်။ အများပင် ဖြစ်ပျက်ဒုက္ခတွေ့ကြ၏။ ထိုဒုက္ခများသည် ပဋ္ဌာစာရီ စံချိန်ချိုးသူများ မဟုတ်ကုန်လော။ ထို့ပြင် သားတစ်ကွဲ၊ မယားတစ်ကွဲ၊ လင်တကွဲ၊ ဆွေမျိုးမိဘတစ်ကွဲ ဖြစ်နေကြသူများ ယနေ့ထက်တိုင်ရှိနေသေး၏။ စစ်ဘေးပုံးဒဏ်၊ မီးဒဏ်၊စက်သေနတ်သံမှ ကင်းလွတ်ပြီးနောက် စစ်ပြေးဘဝနှင့် စစ်ကိုင်းတွင် ရေနစ်သူ၊ ဝမ်းရောဂါနှင့်သေဆုံးသူ၊ ငှက်ဖျား၊ တိုက်ဖွိုက်စသည်တို့နှင့် ဆုံးသူလည်း မနည်းလှပေ။ မြန်မာပြည်အတွင်း၌ စစ်ပြေးစစ်ဘေးဘဝနှင့် ကင်းသူ အလွန်ရှားလှ၏။ တစ်နိုင်ငံလုံး မီးဟုန်ဟုန်းတောက်လောင်ကာ ပြာကျနေသော မြို့ရွာအကြောင်းလည်း ကြားသိကြပြီး ဖြစ်ပေလိမ့်မည်။

စစ်အတွင်း စစ်ပြေးသူတွေအတွက်သာ မဟုတ်။ ကမ္ဘာသူ ကမ္ဘာသား အားလုံးအတွက် လောကသဘောရ ဖြစ်သည်။ လူတွေ၏ ကောင်းဆိုးနှစ်တန် အဖြစ်မှန်တို့သည် အချိန်၊ မိနစ်၊ စက္ကန့်တိုင်း တွေ့နေရသည်။ ကာလဆိုသည့် ရေအလျဉ် စီးကြောင်းကြီးကို ဘယ်သူမှ ရှောင်လွှဲ၍မရ၊ အားလုံးအချိန်အတိုင်းမှာ ဖြစ်နေသည်ပင်။ အနိဋ္ဌာရုံမှောင်အတိကျနေသော ဒုတိယကမ္ဘာစစ်ခေတ်တွင် ကျွန်မတို့လူသားအားလုံး အလျဉ်ကြီးမားသော 'အချိန်'နောက်ဒရွတ်တိုက်လိုက်ပါခဲ့ကြလေသည်။ အချိန်ကို ဘယ်သူရပ်နိုင်သလဲ။ အချိန်သည် သွားနေသည်။ အချိန်၏ လမ်းကြောင်းနောက်ကို လိုက်နေသည်။ လူတို့၏ ကံကြမ္မာသည် ထိုအချိန်စီးကြောင်း (Destination of Time)နှင့် ယှက်နွယ်ပတ်သက်နေသည်။ ကျွန်မတို့ 'ယနေ့ ယနေ့' ဟု ထင်ရ

www.burmeseclassic.com

www.burmeseclassic.com



သောကာလမှ အဖြစ်အပျက်တို့သည် လူနိုင်ငံသမိုင်းဖြစ်လာသည်။ လူ့သမိုင်းကို လူတို့ပင်ရေးခဲ့ကြသည်။ သို့သော် အနိဋ္ဌာအာရုံသမိုင်းကို ဘယ်သူ မျှ ရင်မဆိုင်ချင်တော့တာ အမှန်ပင်တည်း။ ■

**နိုဝင်ဘာ၊ ၉၃၊ ရွှေရုပ်စုံမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com

# ဒိုင်ယာရီ ၈

[ ၁ ]

တောင်သမန်းအင်း ရေတွေပြည့်လျှံတာကို မြင်ရတိုင်း စစ်အတွင်း အမရပူရ မြို့နယ် ရွှေကြက်ယက်၊ ရွှေကြက်ကျအထိ ဧရာဝတီမြစ်ရေတွေ ရှာထဲစီးဝင်ကာ ပြည့်လျှံနေတာကို အမြဲလိုပင် သတိရနေမိသည်။

ကျွန်မတို့ မိသားစု ဒုတိယကမ္ဘာစစ်အတွင်း စစ်ပြေးကြသည်မှာ စစ်ကိုင်းမြို့မှ ဝါးချက်၊ ပယ်ငါးဆယ်ရွာ၊ ထိုမှ ရွှေကြက်ယက်ရွာသို့ ငှက် (လှေ) ဖြင့် ခက်ခဲစွာကူး၍ ပြေးခဲ့ကြလေသည်။ စစ်ကိုင်းတံတားကြီးကတော့ တပ်ဆုတ်လာခဲ့ကြသော အင်္ဂလိပ်စစ်တပ်၏ မြေလှန်စနစ် (Earth Scotch Policy) အရ ဒိုင်းနမိုက်နှင့် တံတားကြီးကို ချိုးဖျက်ကြသဖြင့် တံတားကြီးသည် ပုံပျက်ဆင်းပျက် တံတားအလယ်ပိုင်း ကျိုးကျကျန်ရစ်ရှာသည်။ ကျွန်မတို့ အဘိုးအဘွားတို့၊ ဒွေးဒေါ်မိကြီးတို့မှာ ကျိုးပျက်နေသော စစ်ကိုင်းတံတားကြီးကို ကြည့်ရင်း မျက်ရည်ကျရရှာသည်။

ကျွန်မတို့ စစ်ကိုင်းမှ ရွှေကြက်ယက်ရွာသို့ ကူးသောအချိန်မှာ မှတ်မှတ်ရရ မေလဖြစ်လိမ့်မည်။ ကျွန်မဖေဖေ အဆိုအရ ရွှေကြက်ယက်ရွာတွင် ငါးလခန့်ခိုအောင်းပြီးနောက် ရန်ကုန်သို့ ၁၉၄၂ခု စက်တင်ဘာလ ၃၀ ရက်

www.burmeseclassic.com

www.burmeseclassic.com



နေ့ဆင်းသည်ဟု မှတ်သားမိရသည်။ ဇွန်လအကုန်အထိ ရေမကြီးသေးပါ။ ကျွန်မတို့အဖို့ အပျော်ဆုံးအချိန်ဟု ဆိုရသော ရေလျှံချိန်ကား ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလတို့ပင် ဖြစ်လိမ့်မည်။

ရွှေကြက်ယက် ရွှေကြက်ကျရွာလေးများသည် တောင်ပေါ်စေတီလေးနှစ်ဆူနှင့် မန်ကျည်းပင်အုပ်တစ်အုပ်၊ မယ်ဇယ်ပင်အခက်အလက်များ၊ သင်္ဘော၊ ငှက်ပျော၊ မာလကာ ခြံထွက်သီးနှံများ စိမ်းလန်းဝေဖြာကာ လှပသာယာပေသည်။ ဧရာဝတီဆိပ်ကမ်း သဲသောင်ပြင်မှာ ပြောင်းဖူးစသော ကိုင်းပင်များသည် စိမ်းလဲ့လဲ့နှင့် ယိမ်းနွဲ့နေကြသည်။ အိမ်တိုင်းလိုလို ရက်ကန်းစင်များရှိကြသည်။ လက်ခတ်သံများသည် ရွာလေး၏နရီစည်းဝါးကိုက်သော ဂီတသံများ ဖြစ်ကြသည်။

ရွှေကြက်ယက်ရွာ ကွမ်းတောင်ကိုင်အပျိုကြီး(ထိုစဉ်ကအပျိုလေး) မမကြင်က ကျွန်မကို ရက်ကန်းခတ်သင်ပေးဖူး၍ လက်ရက်ကန်း နှစ်ပတ်ခန့်မျှ ခတ်ဖူးသည်။ သူက ကလေးများအနက် ကျွန်မကို တွယ်တာကာ ရက်ကန်းခတ်သင်ပေးခြင်းဖြစ်သည်။ နို့မဟုတ်လျှင် သူ့ရက်ကန်းစင်ကို ဘယ်သူကိုင်တာမှ မကြိုက်။ ရက်ကန်းက အသေးစင်။ လက်နှင့်ရက်တာမို့ နှစ်နံ့စပ်အထည်များထွက်သည်။ ကျွန်မရက်ဖူးသည်မှာ ချည်နှင့်ပိုးတွဲလျက် ကျူထရံခရမ်းနုရောင် အကွက်စိပ်ဖြစ်သည်။ ကြိုးများမှာ ပိုးရောချည်ရော သွယ်တန်းလျက် အဖြူရောင်နှင့် ခရမ်းရောင်ဖြစ်သည်။ မမကြင်ရက်ထားသော အဆင်မှာ အလွန်ပင်ယဉ်သည်။

မမကြင်က သူ့ချစ်သူအတွက်လား၊ မောင်လေးအတွက်လား မည်သူ့အတွက်ရက်လုပ်သည်ကို ကျွန်မ မစဉ်းစားမိ။ ထိုစဉ်တုန်းက ကျွန်မမှာ ၉နှစ်မျှသာရှိသေးသည်။ ရက်ကန်းရက်ရတာကို ပျော်ရွှင်လှသည်။ မမကြင် ကျွေးမွေးသော လက်ဖက်သုတ်နှင့် လျှာပေါ်ဝဲမုန့်စားရသည်ကိုလည်း စွဲမက်သည်။ သို့သော် ကျွန်မရက်လုပ်သော အထည်နေရာတွင် လွန်းအညိုရောင်လေးများ ဖြတ်သန်းတာ ချောကနဲဖြစ်မနေပေ။ နှစ်ပတ်ခန့်တွင် လက်လေးလုံးခန့်သာ ပြီးသည်မို့

"အမယ်လေး ခင်ခင်ဦးရယ် ဘုရားငုတ်တို ရောင်တော်လွှတ်မှ ပုံတော်ဆင်ဝတ်ကြပါစို့ မောင်ကြီးရယ် သီချင်းလို ဖြစ်နေပြီ"

ကျွန်မ နားမလည်လှသဖြင့် မမကြင်က သီချင်းအဓိပ္ပာယ်ကို ရှင်းပြရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘုရားငုတ်တိုက အရောင်ထွက်လာပါ့မလား၊ အဲဒီတော့ ဘုရားငုတ်တို ရောင်တော်လွှတ်မှ ဝတ်ရမယ့် ပုံတော်ဆင်ဆိုတာ အဆင်စုံပုဆိုး၊ အဲဒီပုဆိုးဝတ်ကြပါစို့ဆိုတော့ အကြာကြီးနေမှတောင် ဝတ်ရပါ့မလားလို့ပေါ့၊ ဒီလိုပြောချင်တာ ကလေးမရဲ့'

ကျွန်မသည် သိပ်နားမလည်လှသေးဘဲ မမကြင်ရယ်သလို လိုက်ရယ်နေမိသည်။

မမကြင်တို့တွင် စက်ရက်ကန်းများလည်း ရှိသေးသည်။ စက်ရက်ကန်းက 'လွန်း'ထိုးစရာမလို။ ခြေထောက်နှင့် ချည်မျှင်များဟရန်နင်းပြီး တဂျောက်ဂျောက်ကြိုးဆွဲရုံနှင့် အချိတ်များ ပုံများပေါ်လာတော့သည်။ ယခုအမရပူရထွက် အချိတ်များ၊ အပွင့်ပုံဖော်များကို မမကြင်တို့ ရက်ကန်းစင်က မန္တလေးသို့ ပို့ခဲ့ဖူးသေးသည်။ တစ်လောတုန်းက ကျွန်မ မန္တလေးသို့အသွား မဟာမုနိဘုရားကြီး အထည်ဆိုင်များတွင် စာရေးဆရာမလေး 'မေမောင်' လိုက်ပို့သဖြင့် ခက်မာနှင့်ကျွန်မတို့ အချိတ်ထဘီများ ဝယ်ခဲ့သေးသည်။

မမကြင် တစ်ယောက် ရှိသေးလား ကျွန်မသတိရနေမိသည်။ ကျွန်မ ရက်ကန်းနည်းနည်းပါးပါး ရက်တတ်သည် ဆိုသည်ကို ကျွန်မမေမေက ဆရာမြသန်းတင့်နှင့် ဆရာမောင်စွမ်းရည်တို့ကို ဝင့်ကြွားစွာ ဂုဏ်ယူပြောလေ့ရှိသည်။ ဆရာတို့က

'ပုဆိုးတစ်ထည်လောက် ရက်ပေးပါ၊ ချည်ဖိုးပေးပါ့မယ်'

ဟု နောက်ပြောင်ကြသည်ကို ကျွန်မမေမေက မရိပ်စားမိဘဲ

'သူက ဆေးလိပ်လည်း လိပ်တတ်တယ်'

'ဟုတ်သလား၊ သောက်ဖူးတယ်ရှိအောင် လိပ်ပေးစမ်းပါဦး'

ဘယ်သူကမှန်းမသိ ဆက်နောက်ပြန်သည်။ ကျွန်မမေမေက ဆက်၍ အားတက်သရောနှင့်

'ရတယ် လိပ်ခိုင်း၊ နဂါးဆေးလိပ် ခေါင်းထိုးချွန်ပုံမျိုးလေ၊ သိတယ်မဟုတ်လား၊ မဦး (ဒေါ်ဦး)တို့ လုပ်တာလေ၊ အဲဒါ သူ့အဒေါ် မမ စိမ်းမြက သင်ပေးတာ'

'ဟိုဟာက နဂါးဒေါ်ဦးဆိုရင် ဒါက ဂဠုန်ဒေါ်ဦးပေါ့'

နောက်ကြပြန်သည်။

'မေမေ ဆက်မပြောနဲ့တော့ ဒီဆရာတွေက လူကြီးစကားကို နောက်နေကြတာ၊ တော်တော့'

www.burmeseclassic.com

www.burmeseclassic.com



"ဟင်၊ ကျွန်မက အမှန်ပြောတာရှင့်'

အလျှော့မပေးချင်ကြသေး။

'အင်းလေ၊ ဒါကြောင့် ကျွန်တော်တို့ကလည်း ရက်ကန်းလည်း ရက်ပေးပါ၊ ဆေးလိပ်လည်း လိပ်ပေးပါလို့ ပြောနေတာပေါ့'

ကျွန်မတို့ ရယ်ကြရပြန်သည်။

[ ၂ ]

ရွှေကြက်ယက်ရွာလေးသည် စစ်အတွင်းစစ်ဖြစ်နေသည်နှင့်ပင် မတူဘဲ တကယ့်ကို 'အိုအေစစ်'လေး ဖြစ်နေသည်။ အေးချမ်းသော အရိပ်နိမိတ်များကိုသာ လွှမ်းခြုံထားသည်။

သို့သော် အေးချမ်းသော အချိန်ကား ဘာမှမကြာလိုက်ပါ။ များမကြာမီအချိန်အတွင်းတွင် ဂျပန်တပ်တွေ ရွှေကြက်ယက် ရွှေကြက်ကျစေတီ ကုန်းမြင့်ပေါ်နှင့် ဈေးအနီးတွင် တပ်ချလာသောကြောင့်ပင်တည်း။ ထိုစဉ်တုန်းကတော့ နိုင်ငံရေးသမားမဟုတ်လျှင် သာမန်အရပ်သားများအဖို့ ဂျပန်တို့သည် 'နိပ္ပွန် ဘိရုမာ ဘန်ဆိုင်း' ဂျပန်မြန်မာချစ်ကြည်ရေး ကြွေးကြော်သံနှင့် ဝင်လာကြသောကြောင့် တရုတ်စစ်သားများလောက်တော့ ကြောက်မနေရပါ။

သို့သော် ဂျပန်ကင်ပေတိုင်တို့ မသင်္ကာသော တော်လှန်ရေးသမားများကို နှိပ်ကွပ်ရာ၌တော့ မီးကုန်ယမ်းကုန်ဖြစ်သည်။ ဂျပန်တို့ စစ်ကိုင်းဘက်တက်လာခါစ ပွဲဦးထွက်တွင် ကိုချစ်တီးခေါ် သခင်သိန်းတန်ကို အရိုးတွေကျိုးအောင်ရိုက်နှက်ပြီး စစ်ကိုင်းတံတားပေါ်ခေါ်လာလျက် ဓားနှင့် ပိုင်းချ၊ ဧရာဝတီမြစ်ထဲ ကန်ချခဲ့သော အဖြစ်အပျက်မှာ ဒဏ္ဍာရီမဟုတ်ပါ။ ကျွန်မ ပထမပိုင်းဆောင်းပါးတွင် ရေးခဲ့ပြီးဖြစ်ပါသည်။

ဈေးသည်များကို ခေါ်ဝယ်ပြီး ပိုက်ဆံမပေးတာတို့၊ လမ်းဖယ်မပေးလို့ ပါးရိုက်တာမျိုး ရေတွင်းတွင် အဝတ်မပါဘဲ ရေချိုးတာမျိုးတွေ လုပ်လာသောအခါ မြန်မာတို့ 'နိပ္ပွန် ဘိရုမာ ဘန်ဆိုင်း'ပေါ် စဉ်းစားစပြုလာကြပေသည်။ စိတ်လည်း ပျက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ ဖေဖေသည် တရုတ်စစ်သားများနှင့် ကံဆိုးခဲ့သမျှ ဂျပန်စစ်သားများနှင့်တော့ ပြေလည်ပါသည်။ ရွှေကြက်ယက်တွင် တပ်ချသော ဂျပန်တပ်တွင် ဂျပန်သတင်းစာဆရာတစ်ဦး ပါလာသောကြောင့်ပင်တည်း။ ဂျပန်တပ်များနှင့် ဆက်စပ်မိပုံမှာ ကျွန်မတို့မောင်နှမတစ်တွေ ဈေးနားသွားကာ ဆတ်ဆော့ရာမှစခဲ့ခြင်း ဖြစ်သည်။

ရွှေကြက်ယက်စေတီခြေရင်းတွင် ရောင်းချလေ့ရှိသော အမဲအူပြုတ်နှင့်ကလီစာဟင်းကို ကျွန်မ အလွန်ကြိုက်သည်။ အခြားမောင်နှမတွေက မုန့်ပစ်သလက်၊ မုန့်ပေါင်း၊ ထန်းသီးမုန့် စသည်များကို ဝယ်စားကြရန် ဂျပန်တပ်တွေအနီးတွင် ရောက်လာကြခိုက် ကျွန်မတို့အစ်ကို အကြီးဆုံးက

'ဟေ့ အမလေးတို့ ခင်ခင်ဦးတို့ ကြည့်စမ်း၊ ဂျပန်တွေ ခရမ်းသီးဟင်းချက်တာ သကြားတွေမှ တစ်ပုံကြီးထည့်ချက်တာဟ ဘယ်လိုများ စားမလဲ အံ့ရော'

ကျွန်မတို့က စပ်စုပြီး အကြောက်အလန့်မရှိ သွားကြည့်ကြခိုက် ရှေ့မှ ကိုက်ဖြတ်ထားသော ဘော့ပ်ဟဲမြို့ပုံဆံပင်နှင့် ကျွန်မတို့ ညီအစ်မကို ကြည့်ကာ

'နီပွန် ခေါ်တောမို့'

'နီပွန် ခေါ်တော့မို့'

ဝိုင်းလက်ညှိုးထိုးပြောကြသည်။ ကျွန်မတို့ မောင်နှမ ကိုးယောက် ကြောက်ကြောက်လန့်လန့် ထွက်ပြေးကြတော့ ဂျပန်စစ်သားတွေ တစ်သီကြီး ကျွန်မတို့နောက် လိုက်လာကြသည်။ ဖေဖေက အိမ်ဝမှထွက်လာကာ ကျွန်မတို့ကို လှမ်းခေါ်ပြီး အိမ်ထဲဝင်စေသည်။

'မကြောက်ကြပါနဲ့ ဂျပန်ကလေးမ လို့ပြောတာ၊ အဲဒါခင်ဦးနဲ့အေးကိုပြောတာ'

ကျွန်မမေမေရော၊ ကြီးကြီးနှင့်ဒေါ်ဒေါ်တို့ရော အိမ်ထဲဝင်ကာနေနေကြသည်။ဖေဖေကဂျပန်တွေအန္တရာယ်ပြုမည်စိုးသောကြောင့် ပရိယာယ်နှင့် ဂျပန်များကို အိမ်အောက်ကွပ်ပြစ်ပေါ် ထိုင်စေကာ လက်ဖက်ရည်ကြမ်း၊ မြေပဲလှော်နှင့်ထန်းလျက်ခဲများကို တည်ခင်းကျွေးမွေးသည်။ ဖေဖေက ဂျပန်ဘာသာစကားအနည်းငယ် သင်ကြားလေ့လာနေချိန်မို့ သူတို့နှင့် အဆင်ပြေသည်။သူတို့ထဲတွင် ဗိုလ်ကြီးအဆင့်ရာထူးနှင့် ဂျပန်တစ်ယောက်၊ အရာခံဗိုလ်နှင့်တူသူတစ်ယောက်တို့က အင်္ဂလိပ်လို ထမင်းစား ရေသောက်ပြော

www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။ အရာခံဗိုလ်က ခပ်ပုပုပြတ်ပြတ်၊ ရွှေသွားနှင့် အသက် ၃၆ နှစ်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ အရပ်မြင့်သွယ်၍ ရုပ်ရည်ချောမောသော ဗိုလ်က အသက် ၂၈၊ ၂၉ နှစ်လောက် ရှိမည်ဟု ဖေဖေပြောသည်။ ငယ်ရွယ်သူက တိုကျိုတက္ကသိုလ်တွင် ခေတ်ပညာသင်ပြီး သတင်းစာဆရာဖြစ်သောကြောင့် ဖေဖေ့ကို စာရေးဆရာအဖြစ် လေးစားပုံရသည်။

ရယ်စရာတစ်ခုဖြစ်သည်မှာအရာခံဗိုလ်ခပ်ပြတ်ပြတ်က ကျွန်မကို သူ့နှမအထွေးဆုံးနှင့် တူကြောင်း၊ စစ်ပြီး၍ ဂျပန်ပြည်ပြန်လျှင် ကျွန်မကို ခေါ်သွားပြီး ကျွန်မ အသက်(၁၆)နှစ်အရွယ်ရောက်သည့်အခါတွင် လက်ထပ်ယူပါမည့်အကြောင်း အားမနာပါးမနာပြောသည့်အခါ ဖေဖေက မျက်နှာတည်သွားပြီး

'ငါတို့မြန်မာမှာ သမီးတွေကို ငယ်ငယ်လေးနဲ့ ယောကျ်ားလေးနောက်မထည့်ဘူး၊ ထုံးစံမရှိဘူး၊ ပြီးတော့ ငါ့သမီးတွေကို (၁၆)နှစ်မှာလဲ အိမ်ထောင်မပြုစေဘူး'

'ဘာဖြစ်လို့လဲ'

'သူတို့ကို ပညာတွေအများကြီး သင်ပေးရဦးမယ်၊ တိုင်းပြည်အတွက် အလုပ်လုပ်နိုင်ဖို့ သိုင်းပညာသင်ပေးမယ်၊ အားကစား လိုက်စားခိုင်းမယ်'

'အဲဒါ ယောကျ်ားလေးတွေ လုပ်တာမဟုတ်လား'

'အေး၊ ယောကျ်ားလေးတွေလုပ်တဲ့ အလုပ်မျိုးကို ငါ့သမီးတွေကို လုပ်ခိုင်းမှာ'

သတင်းစာဆရာဖြစ်သူ စိတ်နေသဘောထား နူးညံ့ပုံရသည်။ မျက်နှာထားမှာလည်း သဘောထားပြည့်ဝပုံရသည်။ သူ့အရာခံဗိုလ်ကို သူ့ထက်အသက်ကြီးသော်လည်း ဂျပန်ဘာသာနှင့် ဆိုဆုံးမနေပုံရသည်။ ဖေဖေကတော့ သတင်းစာဆရာဂျပန်လေးကိုပို၍ခင်ပုံလည်းရသည်။ သူက မြန်မာပုဆိုးဝတ်ကြည့်ချင်သည်ဆို၍ ဖေဖေဝတ်နေကျ သံရောင်ဘန်ကောက် လုံချည်၊ သက္ကလပ်အင်္ကျီမီးခိုးရောင်ဆင်ကာ ရွာလမ်းကိုလျှောက်ကြတော့ ပေတစ်ရာမရောက်ခင်ပင် ပုဆိုးကျွတ်ကျသဖြင့် ပုဆိုးကို ခေါင်းဘက်မှပြန်ချွတ်ကာ ဘောင်းဘီတိုအဖြူနှင့် တိုက်ပုံအင်္ကျီဝတ်ရင်း ပြန်လာသည်။ ရွာမှ ကလေးတွေ တစ်အုပ်ကြီး ဂျပန်နောက်မှ လိုက်လာကာ တသောသောရယ်မောနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'သူက သဘောထားပြည့်မှာပေ့ါ၊ စစ်ဆန့်ကျင်ရေးသမားပဲ'

ထိုသူသည် ကျွန်မ၏ 'မိုးနှင့်ရေ'ဆိုသော ပဉ္စမမြောက်လုံးချင်းဝတ္ထုတွင် 'ယာမာမိုတိုစံ' ဆိုသော ဇာတ်ကောင်တစ်ဦး ဖြစ်လာခဲ့ပေသည်။

[ ၃ ]

ကျွန်မသည် ယာမာမိုတိုစံကို ပုံကြီးချဲ့၍ 'မိုးနှင့်ရေ'တွင် ရေးခဲ့လေသည်။

'မြန်မာပြည်မှာ ပိတောက်ပန်းအပြင် စွဲမက်စရာကောင်းတဲ့ ပန်းတွေ အများကြီးရှိပါသေးတယ်။ မြန်မာပြည်ဟာ အလွန်ချစ်စရာကောင်းတဲ့ တိုင်းပြည်တစ်ပြည်ပါ။ ဒီလို တိုင်းပြည်မျိုးမှာ ယမ်းငွေ့ဝေရတာဖြင့် သက်သက်မဲ့ မတရားသဖြင့်ပဲ။

ကျွန်တော်ဟာ အသက် ၂၈နှစ်အရွယ် လူငယ်တစ်ယောက်ဖြစ်ပေတဲ့ ကျွန်တော်လည်း ဘယ်သူကိုမှ မတိုက်ချင်ပါဘူး မေခင်၊ စစ်တိုက်တယ်ဆိုတာ လူသတ်တာပါပဲ၊ မကောင်းပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့ မလွှဲမရှောင်သာလို့ တိုက်နေရတယ်'

ထိုစဉ်တုန်းက ကျွန်မကလေးဘဝဖြစ်သည့်အတွက် ယာမာမိုတိုစံနာမည်ပေးထားသော ဂျပန်၏ရုပ်သွင်ကို ရေးရေးသာမှတ်မိတော့သည်။ သူပြောသောစကားများကိုလည်း ကျွန်မမသိပါ။ သို့သော် ယာမာမိုတိုစံ၏ဇာတ်ရုပ်ကတော့ ကျွန်မရင်ထဲတွင် စွဲနစ်ကာကျန်ရစ်ခဲ့သည်။

ထို့ကြောင့် တစ်လောတုန်းက 'မိုးနှင့်ရေ'ကို ဗွီဒီယိုရိုက်ကူးရန် ဝယ်ယူတော့ ကျွန်မစာဖတ်ပရိသတ် မိန်းကလေးတချို့က

'ယာမာမိုတိုစံ အရေးအကြီးဆုံးပဲ၊ သူ့နေရာဘယ်သူပါမလဲဟင်'

ဟု စိတ်ပါဝင်စားစွာ မေးကြသည်။

'ရန်အောင်နဲ့ မလိုက်ဘူးလား'

သူတို့ စိတ်ထဲ၌ရှိသော ထင်မြင်ချက်တွေ ပေးကြသည်။

ရုပ်ရှင်ကိစ္စ ကျွန်မ မစဉ်းစားမိပါ။ ယာမာမိုတိုစံ မွေးဖွားရာ ရွှေကြက်ယက်ရွာ ကလေးကိုတော့ ကျွန်မ ကျေးဇူးတင်မိသည်။ စင်စစ်အား

www.burmeseclassic.com

www.burmeseclassic.com



ဖြင့်တော့ ယာမာမိုတိုစံ ပြောချင်သောစကားများသည် ကျွန်မပြောချင်သော စကားများ ဖြစ်ပါသည်။

'ကျွန်တော်ဟာ ကလောင်တံကို အသုံးပြုရမယ့်အစား သေနတ်ကိုသာအသုံးပြုနေရတယ်။ ကျွန်တော့်လက်တွေဟာ မင်းတွေပေရမယ့်အစား သွေးတွေလူးနေတော့ ကလောင်တံကိုကိုင်ပြီး လှပတဲ့ကဗျာတစ်ပုဒ်ကို အိပ်မက် မက်မယ့်အစား သေနတ်ကိုင်ပြီး ခြောက်ခြားတဲ့အိပ်မက်ဆိုးတွေသာ မက်ခဲ့ပါတယ် မေခင်ရယ်'

ယာမာမိုတိုစံသည် သွေးနှင့်သားနှင့် လူသားအစစ်လို စကားပြောခဲ့သည်။ ရွှေကြက်ယက်ရွာမှ ကျွန်မဖြတ်သန်းလာသော အတွေ့အကြုံများကြောင့် ကျွန်မကံကောင်းသည်ဟု ဆိုရပေတော့မည်။ လှပ၍ အိပ်မက်ဆန်သော ရွှေကြက်ယက်ရွာအကြောင်း ပြောစရာ အမြောက်အများပင် ကျန်ရှိနေသေးသဖြင့် အလျဉ်းသင့်သလို ရေးသွားပါဦးမည်။ ■

**ဒီဇင်ဘာ၊ ၉၃၊ ရွှေရုပ်စုံမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com

# ဒိုင်ယာရီ ၉

[ ၁ ]

ထူးဆန်းသောတိုက်ဆိုင်မှုများနှင့် သမိုင်းဘီးများမှာ သံသရာနှယ် လည်ပတ်လာလေသည်။ ရွှေကြက်ယက်သို့ ရောက်လာကြသော နိုင်ငံရေးခရီးသည် ဒေါက်တာဘမော်နှင့်သား။ တစ်ချိန်တုန်းက ဒေါက်တာဘမော်နှင့် အတိုက်အခံ ဆန့်ကျင်ဘက်ပြုကြသော ကျောင်းသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၊ ကိုလှရွှေ၊ ကိုအောင်ကျော်၊ လွှို့ဝှက်အသင်းခေါင်းဆောင် တစ်ကိုယ်တော် နိုင်ငံရေးလုပ်သူ ဖေဖေမဟာဆွေ ဆက်စပ်မှုများနှင့်တကွ ဖြစ်ရပ်များသည် ရုပ်ရှင်ပိတ်ကားပေါ်တွင် ဖလင်အမြန်ဆွဲပြသလို သမိုင်းအရိပ်များ ထင်လာလေသည်။

မကြာသေးခင် အောက်တိုဘာလတုန်းက ဓမ္မဇောတိရိပ်သာတွင် ဆရာကြီး ဂိုအင်ဂါဂျီ၊ အိန္ဒိယမှကြွလာသော တရားရိပ်သာအသစ်ဖွင့်ရာတွင် မရဲမာမော်နိုင်နှင့် ကျွန်မတို့ လက်တွဲချိတ်ကာ အတူတကွ လုပ်အားပေးခဲ့ကြသည်။ ရိပ်သာတစ်ခုလုံး ဖြစ်မြောက်အောင်မြင်ရေးအတွက် မရဲမာသည် ကိုယ်ရောစိတ်ပါမက ဝိညာဉ်ပါ နှစ်မြှုပ်၍ မအိပ်မနေ အသက်ရှည်လျက် အတော်ပင် ကြိုးစားအားထုတ်ခဲ့သည်။ ကျွန်မ၏လုံးချင်းဝတ္ထုတွေထဲမှဇာတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်မကလေးများပမာ မရဲမာသည် ထက်ထက်မြက်မြက်နှင့် တည်ကြည်ငြိမ်သက်စွာ ပြဿနာအရပ်ရပ်များကို ဖြေရှင်းသွားလေသည်။ ကမ္ဘာအရပ်ရပ် အမေရိကန်၊ ကနေဒါ၊ ပြင်သစ်၊ ဩစတြေးလျနှင့် ယိုးဒယားမှ နိုင်ငံခြားသူ လုပ်အားပေးအဖွဲ့ဝင်များနှင့် ယှဉ်၍ အလုပ်လုပ်ရာမှာ မရဲမာ၏ အရည်အချင်းသည် ထူးခြားစွာ တောက်ပြောင်နေသည်။

မဟုတ်မခံစိတ်ဓာတ်နှင့်ပြောစရာဆိုစရာများကို ရဲတင်းဖျတ်လတ်စွာ ဒိုးဒိုးဒေါက်ဒေါက် ပြောသွားလေသည်။ ဆရာဒဂုန်တာရာ၏ 'ဒေါက်တာလှရွှေ'(ကျောင်းသားခေါင်းဆောင်) ရုပ်ပုံလွှာဆောင်းပါးတွင် ရေးခဲ့သောထင်မြင်ချက်တစ်ခုကို အမှတ်ရနေမိသေးသည်။ 'စိတ်ထဲတွင်မူကားကိုလှရွှေကို မဟုတ်မခံနဲ့ တော်တော်မီးခဲကျတဲ့လူပဲ'ဟု အောက်မေ့ထားလိုက်၏။

မရဲမာသည် ဒေါက်တာဘမော်၏မြေးအကြီးဆုံး၊ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်နှင့် ဒေါ်တင်ဇာမော်နိုင်တို့၏ သမီးကြီးဖြစ်သည်။ နိုင်ငံရေးသမားတစ်ပိုင်း စာရေးဆရာ 'မဟာဆွေ'၏ သမီး ကျွန်မနှင့်ယှဉ်တွဲလျက် ယောဂီများအဆောင်တွင် ညအိပ်အလုပ်လုပ်ကြသောအခါ ကျွန်မထက်အသက်(၁၂)ခန့်ငယ်သော မိုးမိုး(အင်းလျား)နှင့်ရွယ်တူဖြစ်သော မရဲမာကို မိုးမိုး(အင်းလျား)ကို ကျေနပ်သလို ကျေနပ်ရပြန်သည်။

ကျွန်မတို့ ဓမ္မဂီရိအဖွဲ့ဝင်လူကြီးဖြစ်သော ဆရာပါရဂူကပင်

"ကျွန်တော်တော့ မရဲမာကို တော်တော်သဘောကျတယ်၊ သိပ်ထက်တဲ့ မိန်းကလေးပဲ"

ဟု မှတ်ချက်ချနေသည်။

"ဆရာ ဒဂုန်တာရာလို ရေးတတ်ခဲ့ရင် ကျွန်မရေးမယ့် ရုပ်ပုံလွှာမှာသူ့ကို ထိပ်ဆုံးက ရေးရမယ်"

မရဲမာကိုပင် ကျွန်မ အကြံအစည်များ မပြောသေးပေ။ ပို၍ထူးခြားသည်က ကျွန်မက သူ၏ဂုဏ်ပုဒ်ကို ထုတ်ဖော်ရေးမည်ဆိုလျှင် ဦးစွာကန့်ကွက်မည့်သူ ဖြစ်သည်။ သူသည် ထင်ပေါ်ကျော်ကြားမှုကို လုံးဝလိုလားသူမဟုတ်။ ကျွန်မ သက်တမ်းတစ်လျှောက်တွင် ကျွန်မသဘောမတွေ့လှသော ပေါ်ပြူလာဖြစ်ချင်သည့် (Popular Type) မိန်းကလေးများထဲတွင် မရဲမာ လုံးဝမပါဝင်တာတော့ သေချာပါသည်။ သူသည် စကားနည်းသောအလုပ်ကို တွင်တွင်ကျယ်ကျယ် လုပ်နိုင်သော တကယ့်အလုပ်သမားတစ်ယောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် မရဲမာကို မမပြောရဦးမယ်၊ မရဲမာတို့အဘိုးနဲ့ မမတို့ ဖေဖေက နိုင်ငံရေးမှာ အတိုက်အခံတွေပေါ့"

"ဟုတ်လား၊ ကျွန်မဒါတွေ သိပ်မသိဘူး"

သူကား တစ်ချိန်တုန်းက 'တဲနစ်(စ်)ချန်ပီယံ' ယခု တရားသမား (ဘန်ကောက် ဂျပန်ပြည်တို့သို့ ခင်ပွန်းဖြစ်သူ ဦးခင်မြင့်အလုပ်နှင့်သွားဆဲ) ဆရာကြီးဂိုအင်ကာဂျီ၏ လယ်တီမူ ကမ္ဘာ့ဥဒါန်းရိပ်သာများတွင် ၁၀ရက်စခန်း ၁၀ ကြိမ်ထက်မနည်း ဝင်ဖူးခဲ့သူ။ နိုင်ငံရေးမှာတော့ စိတ်အားထက်သန်ခြင်း သိပ်မရှိလှ။ သို့သော် ရဲစွမ်းသတ္တိရှိမှုနှင့် ဉာဏ်ရည်ဖျတ်လတ်မှုများ ကတော့ နိုင်ငံရေးသမားများနှင့် မခြားလှပေ။

[ ၂ ]

အင်္ဂလိပ်အုပ်ချုပ်မှု လက်ထက် ဒေါက်တာဘမော်အစိုးရနှင့် ကျောင်းသားခေါင်းဆောင်များ အမြဲလိုပင် အတိုက်အခံဖြစ်ခဲ့ကြသည်။ ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော် ကျဆုံးခါစ မျိုးချစ်လူငယ် လှိုင်း ဝှက် အသင်းခေါင်းဆောင် ဖြစ်သော ဖေဖေသည် နိုင်ငံရေးတစ်ကိုယ်တော် စွန့်စားခန်းလုပ်ရပ်အဖြစ် ဒေါက်တာဘမော်၏ကားကို အိမ်လုပ်ပေထုပ်နှင့် ပစ်ဖူးသည်။ လူသေစေသည့်အထိ မရည်ရွယ်ပါ။ ဆန့်ကျင်ရေးကိုပြရုံ၊ ခြောက်လှန့်ရုံသာဖြစ်သည်ဟု ဆိုသည်။ ကားထဲတွင် ဒေါက်တာဘမော် ပါမလာခဲ့။ သူ့သားသာပါကြောင်း သတင်းစာတွင် ရေးသားကြသည်။ ထိုပေ ထုပ်သံကြောင့် အိတ်ဆယ်စီယာရုံ (ယခု ဝဇီရာရုံ) တစ်မိုင်ပတ်ဝန်းကျင် ရပ်ကွက်တွင် လန့်ဖျပ်တုန်လှုပ်သွားကြသည်။ လိပ်ကန်ပန်းခြံနှင့် ဗန္ဓုလ ပန်းခြံတွင် ကပြလျက်ရှိသော အငြိမ့်ပွဲနှစ်ခုလုံး ပျက်သွားကြသည်။ မည်သူမှ တော့ ဒဏ်ရာမရကြချေ။ နောက်တစ်နေ့ သတင်းစာတွင် စာလုံးမည်းကြီး များနှင့် ပါလာသည်။

ဖေဖေ့တပည့်ထဲမှ သူရဲဘောကြောင်သူ သစ္စာဖောက်တစ်ဦး ကြောင့် အင်္ဂလိပ်အစိုးရ၏ စုံထောက်အဖွဲ့ဝင်များနှင့် ပုလိပ်များ ဖေဖေ့အိမ် ကို ဝင်ရှာဖွေကာ မွှေနှောက်သွားကြလေသည်။ ဘာမှ တွေ့မသွားသဖြင့် ဖေဖေ၏ လုံးချင်းဝတ္ထုတစ်ချို့ (သူပုန်ကြီးဟု ထင်သည်) ကို သိမ်းသွားကြ သည်။ ထူးဆန်းသော အချက်တစ်ရပ်ကတော့ မရဲမာသည် ထိုစဉ်တုန်းက

www.burmeseclassic.com

www.burmeseclassic.com



နယ်ချဲ့အစိုးရကိုအတိုက်အခံပြုသူ နိုင်ငံရေးသခင်မခေါင်းဆောင်တစ်ဦးနှင့် တူနေပေသည်။ ယနေ့ သူ့ကိုအကဲခတ်ကြည့်မိရာတွင် နိုင်ငံခြားအနေများ သော်လည်း နိုင်ငံခြားသားများကို ဒူးထောက် အညံ့ခံ အထင်ကြီးနေသူ မဟုတ်။ သခင်စိတ်ဓာတ်အပြည့်ရှိသူတစ်ဦးဖြစ်သည်။ ထိုအရည်အချင်းကို ပင် ကျွန်မ သဘောကျနေတာဖြစ်သည်။

ဖေဖေသည် တစ်ချိန်တုန်းက ဒေါက်တာဘမော်ကို အတိုက်အခံ ပြုခဲ့သော်လည်း ဒေါက်တာဘမော်၏ နိုင်ငံရေးအရည်အချင်းများကို လေး စားခဲ့သူဖြစ်လေသည်။ ဒေါက်တာဘမော်သည် နိုင်ငံရေးတရားဟောကောင်း သူအဖြစ်လည်း ကျော်ကြားခဲ့သူဖြစ်သည်။ ဒေါက်တာဘမော် အင်္ဂလိပ်လို တရားဟောပုံကို ဗိုလ်ချုပ်အောင်ဆန်းသည်ပင်လျှင် လေယူလေသိမ်းကအစ အတုယူလေ့ကျင့်ခဲ့ပုံကို ကျွန်မအနေနှင့် ဦးသိန်းဖေမြင့်၏ ဆောင်းပါးတစ် စောင်တွင် ဖတ်ခဲ့ဖူးသည်။

သည်အကြောင်းတွေကို နောင်တစ်နေ့တွင် မရဲမာကို ကျွန်မ ပြော ပြရဦးမည်။

ရွှေကြက်ယက်ရွာတွင် ကျွန်မတို့ စစ်ပြေးဘဝခိုလှုံခဲ့သော အချိန် တစ်ချိန်တွင် ဒေါက်တာဘမော်တို့ သားအဖ တပည့်တစ်ချို့နှင့် ရွှေကြက် ယက်ရွာသို့ ရောက်ရှိလာကာ ဖေဖေတို့ အိမ်ကိုဝင်၍ ခရီးတစ်ထောက် နားသွားသောအကြောင်းကို မရဲမာသာမက ဘယ်သူမှ မသိကြသေးပေ။ ဖေဖေရေးခဲ့သည့် ‘မဟာဆွေ၏မဟာဆွေ’ အထ္ထုပ္ပတ္တိစာအုပ်တွင်လည်း ထည့် မရေးခဲ့ပေ။

မုတ်သုံလေပြင်းနှင်ချိန် ရာသီမိုးအစ သရက်ကင်းတို့ ပြူထွက်ဆဲ ဖြစ်သည်။ ရွှေကြက်ယက် ရွှေကြက်ကျရွာထဲသို့ ရေမဝင်သေးပေ။ နေ့လယ် ထန်းတစ်ဖျားအချိန်တွင် ဒေါက်တာဘမော်တို့ သားအဖနှင့် အဖွဲ့တို့သည် ရွှေကြက်ယက်တစ်ဖက်ကမ်း စစ်ကိုင်းမှ ငှက်(လှေ)ဖြင့် ကူးလာခဲ့သည်။ ရွှေကြက်ယက်ဆိပ်ကမ်းသဲသောင်ပြင်မှကျွန်မတို့နေအိမ်သို့လာရာလမ်းသည် မိုင်ဝက်သာသာခန့်လှမ်းသည်။ ရွာထိပ်မှ ဂျပန်စစ်တပ်များကို ရှောင်ကွင်း လာရဟန်တူသည်။ လမ်းခရီးက ထို့ထက်ပင်ပို၍ ရှည်ပေလိမ့်မည်။ ဒေါက်တာ ဘမော်သည် အသားဖြူဖြူ အရပ်မြင့်မြင့် ကိုယ်ဟန်သွယ်ကာ လူပုံခပ်ချော ချောဖြစ်သည်။ မရဲမာသည် သူ့အဘိုးလို အရပ်မြင့်၍ အသားဖြူသည်။ နဖူးကျပုံ မျက်နှာပေါက်ဆင်သည်ဟု ကျွန်မမေမေက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အသားဖြူသော ဒေါက်တာဘမော်၏ မျက်နှာတစ်ပြင်လုံးမှာ နီရဲနေသည်ဟု ဆိုသည်။ လူကလူနုမို့ ခရီးပြင်းကြောင့် မောဟိုက်နေပုံရသည်။

ဖေဖေ့မှာ တစ်ချိန်တုန်းက ဒေါက်တာဘမော်အစိုးရကို အတိုက်အခံပြုခဲ့ဖူးသည်ကို မေ့ကာ ဧည့်ဝတ်ပျူငှာဖော်ရွေစွာ ဆီးကြိုသည်။ ဒေါက်တာဘမော်ကလည်း ဖေဖေ့ကို လေးစားပုံရသည်ဟု ဆိုသည်။ ဖေဖေတို့ အပါအဝင် အတိုက်အခံခေါင်းဆောင်များကြောင့် ဒေါက်တာဘမော်အစိုးရ ပြုတ်ကျခဲ့သည်ကိုတော့ အမှတ်ရဟန် မတူတော့ပေ။

တစ်သက်လုံး ဘိုဆန်ဆန် နေခဲ့သော ဒေါက်တာဘမော်တို့အား ဖေဖေနှင့်မေမေတို့က ကျကျနနဧည့်ခံပြုစုကြသည် ဆိုသည်။

[ ၃ ]

အငွေ့တစ်ထောင်းထောင်းနှင့် နှပ်ထားသောအက်(စ်)ဒဗလျူကော်ဖီ၊ (နက်ကော်ဖီအမျိုးအစား)၊ ဘုံဘေတို့(စ်)ခေါ် ပေါင်မုန့်နှင့် ကြက်ဥကြော် (စစ်ကိုင်းမှာ ဂျုံပေါသောအရပ်ဖြစ်သဖြင့် ပေါင်မုန့်များ စစ်ကိုင်းဘက်ကရသည်။) သီးမွှေးငှက်ပျောသီး၊ ခြံထွက်သဘော်သီး၊ သလဲသီးစသော အသီးအနှံများဖြင့် ကျွေးမွေးဧည့်ခံရာ ဒေါက်တာဘမော်က

"ကျွန်တော်တို့ ဘုံဘေရက်စတော်ရင့် (ဟိုတယ်)မှာ စားရတဲ့အတိုင်းပါပဲ၊ သိုင်းခယူ့ ဗဲရီးမတ်ချ် အင်ဒိ(ထ်) Thank You very much indeed "ဟု ချီးမွမ်းသွားပါသည်။ ကျေးဇူးအထူးတင်ရှိပါကြောင်း အင်္ဂလိပ်လိုပြောသွားသော ဒေါက်တာဘမော်၏ နှုတ်ခမ်းများသည် ရှမ်းမကလေးများ၏ နှုတ်ခမ်းများပမာ နီရဲနေသည်ဟု ဆိုသည်။

ဒေါက်တာဘမော်၏သားမှာ ထိုစဉ်တုန်းက အသက် (၁၄)နှစ်သားခန့်သာရှိဦးမည် ထင်သည်။ သူတို့သားအဖမှာ အင်္ဂလိပ်စကားပြောကြသည်။ ကျွန်မတို့ ခပ်ငယ်ငယ်ခေတ်တုန်းကခရစ်ယာန်သာသနာပြုကျောင်းထွက်များသည် မြန်မာဘာသာထက် အင်္ဂလိပ်ဘာသာစကားအပြောအဆို ပို၍ကျွမ်းကျင်သည်။ ဟန်လုပ်တာမဟုတ်၊ သည်အတိုင်းပဲ ဖြစ်နေတာဖြစ်သည်။ ကျွန်မတို့အားကစားအဖွဲ့မှ တော်ဖုရားကြီးနှင့်ဇနီး ဒေါ်ခင်ကြည်ကြည်၊ တော်ဖုရားလေး၊ မမ ထိပ်စုမြတ်ဖုရားကြီး၊ ထိပ်စုမြတ်ဖုရားထွေး (သီပေါမင်း

www.burmeseclassic.com

www.burmeseclassic.com



မြေးတော်များ) သည် မောင်နှမအချင်းချင်း အင်္ဂလိပ်လိုပဲ ပြောကြသည်။ အဆိုတော်မမ လီလီကြာညွန့် (စာရေးဆရာအောင်လင်း၏'မေတ္တာရွှေစောင်း' 'တွေးရခက်ကြီး' သီချင်းများကို သီဆိုသူ)သည်လည်း ရုပ်ရှင်ဇာတ်လမ်း ကျွန်မတို့ကလေးတွေကို ပြန်ပြောရာတွင် အင်္ဂလိပ်လိုပဲ ပြောသည်။ အင်္ဂလိပ် စကားပြောတာ ဖက်ရှင်လုပ်တာမဟုတ်၊ အင်္ဂလိပ်ကျောင်းတွေထားခြင်း ဖက်ရှင်လို ဖြစ်ခဲ့တာကမြစ်ဖျားခံလေသည်။

ဒေါက်တာဘမော်၏ အင်္ဂလိပ်စကားပြောအသံထွက်သည် မြန်မာလို လုံး၀မပဲ။ အင်္ဂလိပ်အစစ် ပြောသည်နှင့် တူသည်ဟု ဖေဖေကပြောဖူးသည်။

အဓိကအချက်ကတော့ ဖေဖေ အင်္ဂလိပ်နယ်ချဲ့ဆန့်ကျင်ရေးတွင် ခပ်ကြမ်းကြမ်းလက်နက်ကိုင် ဝင်ခဲ့ရသောအကြောင်းကို ဦးဘမော်နားလည်အောင် ရှင်းပြနေသည်ဟု သိရသည်။ ခုဂျပန်လည်းမဟန်ရင် လက်နက်ကိုင်တိုက်ဦးမှာပဲဟု ဖေဖေက ပြောသည်။ ဖေဖေသည် အိန္ဒိယတိုင်းပြည်ကလင်ပုံမြို့တွင်ရှိသော လတ်သခင်ကိုယ်တော်ကြီး (သီပေါမင်း၏ တတိယသမီးတော်၏ ကြင်ယာတော်) ပေးပို့သော ဆောင်ပါးတစ်စောင်ကို ဖတ်ပြဆွေးနွေးလေသည်။

ဦးဘဆွေ

ဦးဘဆွေ၏ အယူ၀ါဒအရ လွတ်လပ်အရေးအတွက် မြန်မာများ လက်နက်ကိုင်တွယ်ရေးကို အထူးလိုလားအပ်ပါသည်။ လက်နက်ကိုင်တွယ်ရေးတွင် အကြမ်းအားဖြင့် လက်နက်အမျိုးမျိုးလုပ်ခြင်းအတတ်၊ စစ်အတတ်၊ စစ်သားနှင့် စစ်သားမဟုတ်သူများ ကျန်းမာပျော်ရွှင်ကြည်လင်ရေးဆိုင်ရာ တောလိုက်အတတ်၊ ၎င်းသုံးမျိုးပါ၀င်ကြရာ တစ်ခုမှ အပိုမပါပါ။ အလိုရှိအပ်သည်။ ၎င်းသုံးမျိုးကို အင်္ဂလိပ်အစိုးရက အားပေးလိုမည် မလိုမည် ပဓာနမပြုမီ မြန်မာနိုင်ငံရေးလူအများအား စိတ်ပါထက်သန်ဖို့ မူလအခြေခံဖြစ်ကြောင်း တွေ့ရပါသည်။

ထိုသုံးမျိုးကို စိတ်ပါထက်သန်၍ လွတ်လပ်ရေးကို နှစ်သက်သော မျိုးချစ်စိတ်နှင့် တွဲသည့်အခါ လက်ရှိနိုင်ငံရေးအခြေအနေနှင့် သက်ဆိုင်သွားပါသည်။ ရဲသတင်းစာတစ်ခုတွင် ရဲဗိုလ်ချုပ်ကြီး ဦးမောင်ကြီး၏စကားကို ဖတ်လိုက်မိပါသည်။ ၎င်းမှာ ဂေါ်ရင်ဂျီကုလား ဓား တုတ်ကိုင်

www.burmeseclassic.com

www.burmeseclassic.com



သည်ကို လူမလေးစားဘဲ ပထန်ကုလား ဓားတုတ်မရှိဘဲ လူလေးစားကြောင်း ညွှန်ကြားသော စကားတစ်ရပ်ဖြစ်ပါသည်။ ၎င်းစကားသည် ကြက်ဥထဲတွင် မပေါက်သေးသော ကြက်သငယ်ဥလေးနှင့် တူပါသည်။ ရဲအဖွဲ့နှင့် ရဲသတင်းစာက မြန်မာများလက်နက်ကိုင်တွယ်ရေး စိတ်အားထက်သန်စေနိုင်ပါလျှင် ထိုကြက်သငယ်ဥလေးပေါက်ပြီဟု ဆိုနိုင်ပါလိမ့်မည်။ ထိုအခါ လူအများသည် အင်္ဂလိပ်ကဲ့သို့ အာဖဂန်ပထန်ကဲ့သို့ လည်းကောင်း၊ လက်တွေ့နိုင်ငံရေးသမားတွေ ဖြစ်ကြပြီးလျှင် လွတ်လပ်ရေးဆောင်ရွက်ရာ၌ အားကောင်း လာပါလိမ့်မည်။ နယ်ချဲ့အင်္ဂလိပ်ခေတ်မှာ မြန်မာတွေ ခြောက်လက်မဓားမြှောင်ကိုပင် ကိုင်ခွင့်မရခဲ့ပါ။

ဒေါက်တာဘမော်နှင့် ဖေဖေတို့ သည်အကြောင်းဆွေးနွေးသည်မှာ သိပ်ကြာလိုက်ဟန်မတူပါ။ တစ်နေ့လယ်မျှသာ ဖြစ်ပါသည်။ မျှားမကြာမီပင် ဒေါက်တာဦးဘမော်တို့အဖွဲ့ကို ဖေဖေလှည်းငှားပေးရလေသည်။ ရွှေကြက်ယက်မှ အမရပူရမြို့သို့တက်ကာ မျှားမကြာမီ မန္တလေးမှ ရန်ကုန်သို့ ပြန်မည်ဖြစ်ကြောင်း သိရသည်။ မကြာမီအချိန်တွင် ယင်းဒေါက်တာဘမော်သည် ဂျပန်ခေတ် ဂျပန်အုပ်ချုပ်ရေးတွင် 'အဓိပတိ' ဖြစ်လာပေလိမ့်မည်။ ပုဂ္ဂိုလ်ရေးအရပြောမည်ဆိုလျှင် ဂျပန်ခေတ်တော်လှန်ရေးမစမီ ဒေါက်တာဘမော်၏သမီးကြီးသည် ရဲဘော်သုံးကျိပ်ဝင်တစ်ဦးနှင့် အကြောင်းပါလေတော့သည်။ ထိုမောင်နှံစုံမှ 'မရဲမာ'ဆိုသော သမီးဦးကို မွေးဖွားတော့မည်ဖြစ်သည်။ ထိုအချိန်တုန်းက ပစ္စုပ္ပန်ကာလသည် နောင်တွင် သမိုင်းဖြစ်လာသည်။ ထိုသမိုင်းကာလများကို လူတိုင်းဖြတ်သန်းလာခဲ့သည်သာ ဖြစ်ပါသည်။

ကျွန်မအနေနှင့် သေချာစွာပြန်လည်ဆန်းစစ်နိုင်သည်မှာ ဂျပန်တက်စခေတ် ကျွန်မတို့ စစ်ပြေးဘဝ ခိုလှုံခဲ့ရသော ရွှေကြက်ယက်ရွာမှ ကျွန်မတို့နေထိုင်ခဲ့သောနေအိမ်မှ အမရပူရသို့ ဦးတည်ရာလမ်းသည် မြန်မာမျိုးချစ်လူငယ်တို့ ဖြတ်ခဲ့သောနေရာ၊ ယာမာမိုတိုစံ ကိုယ်စားပြု ဂျပန်ငြိမ်းချမ်းရေးသမားများနှင့် ကင်ပေတိုင်စစ်ဝါဒီများ ဖြတ်သန်းခဲ့သောနေရာ၊ ဂျပန်ခေတ် အာဏာပိုင်အဖွဲ့၏အဓိပတိကြီး ဒေါက်တာဘမော်တို့ သားအဖ ဖြတ်သန်းခဲ့သော နေရာဖြစ်သည်။

မိုးလယ် မိုးအားကောင်းလာသည်နှင့် သည်နေရာသည် တောင်သမန်အင်းအထိ ဧရာဝတီမြစ်ရေများ လျှံတက်လာပေတော့မည်။ ဖေဖေ

www.burmeseclassic.com

www.burmeseclassic.com



သည် သည်နေရာတစ်ဝိုက် မြန်မာတော်လှန်ရေးသမား လူငယ်တချို့နှင့် ငါးဖမ်းလှေပေါ် ရေနံဆီမီးခွက် မီးလှဲ့လှဲ့ကို မုန့်သေတ္တာပုံးထဲထည့်၍ ထွန်းပြီး ငါးရိုက်မည်အကြောင်းပြချက်နှင့် တော်လှန်လုပ်ငန်းများကို လူမသိ သူမသိ စတင်ခဲ့ကြောင်း ကျွန်မရေးဖွဲ့ချင်ပါသည်။

မြန်မာပြည်၌ အစွမ်းထက်သော ရွက်ပုန်းသီးများ၊ အချိန်နှင့်အတူ ရွေ့လျောကြွေကျခဲ့ကြသည်။ ကမ္ဘည်းအတင်မခံရသည့်အတွက် သူတို့လည်း ဝမ်းနည်းလိမ့်မည် မထင်ပါ။ အဘယ့်ကြောင့်ဆိုသော သူတို့ တိုင်းပြည်အတွက် အလုပ်လုပ်ကြရာ၌ ဘာအကျိုးမှ မျှော်ကိုးလုပ်ဆောင်ခဲ့တာ မဟုတ်သောကြောင့်ပင်တည်း။ ■

**ဇန်နဝါရီ၊ ၉၄၊ ရွှေရုပ်စုံမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com

# ဒိုင်ယာရီ ၁၀

ကျွန်မမှတ်မိသလောက် ရွှေကြက်ယက်ရွာတွင် ရပ်ရွာမှ ပေးကမ်းစွန့်ကြဲနေသော အရှုးမနှစ်ယောက် ဂျပန်စစ်သားတချို့နှင့် တရုန်းရုန်းဖြစ်ကြပြီး အရှုးမငယ်ငယ်တစ်ဦးမှာ ကိုယ်ဝန်ရှိလာခဲ့သော အဖြစ်ပင်တည်း။ ထိုအရှုးမလေးသည် ကလေးမွေးပြီး ကလေးငယ်လေး တပွေ့တပိုက်နှင့် ရွာလည်ကာ ထမင်းကျန်ဟင်းကျန်များ တောင်းစားနေတာကို ကျွန်မတို့ ဖေဖေသည် တောက်တခေါက်ခေါက် ဖြစ်နေတတ်သည်။

[ ၁ ]

အရှုးမကလေးမှာ ရေမချိုး မိုးမချိုး ချေးတင်နေသော်လည်း နဂိုနေအသားဖြူ၍ ပါးအို့ကလေးများနီနေကာ

"ထမင်း နည်းနည်းပေးပါ"

"ပဲပုပ် နည်းနည်းပေးပါ"

တောင်းလေ့ရှိသည်။ ကျွန်မတို့မေမေက သူ့အတွက် ပဲပုပ်ခြောက်များမီးကင်ကာ နေ့တိုင်းထောင်းထားတတ်သည်။ အရှုးမကြီးကတော့ ရွှေကြက်ယက်စေတီ ကုန်းတော်ပေါ်တွင်နေကာ ရွာနှင့်ပတ်သက်ခြင်း မရှိလှ

www.burmeseclassic.com

www.burmeseclassic.com



ပေ။ ကျွန်မတို့ရွာကထွက်လာသူတိုင်းကို သူက လှမ်းလှမ်းဆဲသဖြင့် အရှူးမ ငယ်လောက် ဘယ်သူကမှ သူ့ကို မေတ္တာပွားလို့ မရဘဲရှိသည်။ ဈေးက လူတွေကပဲသူ့ကိုထမင်းကျွေးထားသည်။ အငယ်မလေးကတော့ အသက်၂၀ ပင်ပြည့်ပုံမရသော အရွယ်ပျိုနှင့် ရိုးစင်းဖြူစင်သောမျက်နှာလေးနှင့်မို့ မြင်သူ တိုင်း ဝိုင်းသနားကြသည်။ သူ့ကို ရွာသူရွာသားတွေက 'မချင်ဘု' ဟုခေါ် ကြသည်။ ဖေဖေက ကျွန်မတို့ မေမေကို စချင်နောက်ချင်လျှင် 'အိမ်က မချင်ဘု'ဟု ပြောသည်။ နောင်တွင် ဖေဖေက မေမေ့ကို နာမည်ရင်းမခေါ် တော့ဘဲ 'မချင်ဘု'ဟုပဲ ချစ်စနိုး ခေါ်တော့သည်။ အရူးမကလေးကို ဘာ ကြောင့် 'မချင်ဘု'ဟုခေါ်မှန်း ကျွန်မတို့ ယနေ့ထက်တိုင်အောင် မသိကြပါ။

ကျွန်မတို့ အမျိုးတွေထဲက ဦးလေးနှင့်အစ်ကိုဝမ်းကွဲတွေက ကျွန်မ ကို ငယ်ငယ်တုန်းက 'ပေါ်တာမ'ဟု ခေါ်ကြသည်။ စတင်ခေါ်လိုက်သူမှာ ဦးလေးထွေး(ဗိုလ်ကြီးထွေးမောင်၊ တရုတ်ဖြူ ရန်ကြီးအောင် စစ်ဆင်ရေးတွင် ကျခဲ့သူ၊ နန်းရှေ့ဝင်းဝင်းမြင့်တို့ ဦးလေးရင်း၊ ဖေဖေ့ညီတစ်ဝမ်းကွဲ)ဖြစ်သည်။ ကျွန်မပြောချင်ရာပြောတတ်ပြီး ငေးမိငေးရာမော့မိမော့ရာ နေတတ်သော ကြောင့် ဖြစ်မည်ဟု မေမေကပြောပါသည်။ အစတုန်းက ကျွန်မကို 'ပေါ်တာ မ'ဆိုလျှင် ဆဲသလိုနာတတ်ပြီး နောက်တော့လည်း သည်နာမည်ကို ရယ်စရာ သဘောထားပြီး အသိအမှတ်ပြုလိုက်သည်။ နောင်တွင် မမကြည်အေး၏ 'မြနန္ဒာ'ဝတ္ထုထဲမှ ဇာတ်လိုက်လင်းထင်က သူ၏ဇနီး ဒေါက်တာခင်အေးရီ ကို 'ပေါ်တာမ'ဟု ချစ်စနိုးခေါ်ကြောင်း ရေးထားပြန်တော့ ကျွန်မမှာ ထိုနာ မည်ကို အလိုအလျောက် နှစ်သက်ရမလို ဖြစ်နေသေးသည်။

ကျွန်မပြောချင်သော အကြောင်းများမှာ သည်အကြောင်း အဓိက မဟုတ်ပါ။ ရွှေကြက်ယက်ရွာတွင် စစ်လော်လီကားကြီးများနှင့် ရောက်လာ သော လှံစွပ်တပ် သေနတ်များ ကိုင်ထားသည့် အသင့်အနေအထားနှင့် ဂျပန်များကို (ယာမာမိုတိုစံကလွဲ၍) ကိုလိုနီနယ်ချဲ့အင်္ဂလိပ်နည်းတူ မုန်းတီး ခြင်း ဆိုသော အချက်ပင်တည်း။ ဖေဖေ့တွင် ဂျပန်အာဏာပိုင်များအပေါ်၌ ခါးသီးသော ခံစားချက်များ ရှိခဲ့တာကို "မဟာဆွေ၏မဟာဆွေ" ကိုယ်တိုင် ရေးအတ္ထုပ္ပတ္တိစာအုပ်တွင် "မာစတာခေတ်" ခေါင်းစဉ်၌

ဖက်ဆစ်ဂျပန်ခေတ်တွင် လူတိုင်း တွေ့ကြုံဖူးသဖြင့် အကျယ်ချဲ့ မရေးလိုပေ။ ဘဆွေက ဂျပန်ခေတ်တွင် ချမ်းသာသည်ဟူသော ဂုဏ်ကို မလိုချင်။ သမ္မာအာဇီဝနှင့် ချမ်းသာရန် ခဲယဉ်းသောကြောင့်ဖြစ်၏။ သို့ရာ

www.burmeseclassic.com

www.burmeseclassic.com



တွင် ဝတ်ပြတ်နေအောင် ဆင်းရဲသောဘဝကိုလည်း မလိုလားပါ။ ငွေရင်းကြေးရင်းမရှိ၊ အလုပ်အကိုင်မရှိသူတို့အား ထမင်းနပ်မှန် ဝဝလင်လင်အဘယ်သို့ ဖြစ်နိုင်ပါမည်နည်း။ ဘဆွေက အသားဆတ်ဆတ်ထိလျှင် မခံတတ်သဖြင့် ပါးရိုက်မခံရအောင် အထူးသတိထား၍ နေရသည်။ ဂျပန်မာစတာဆိုလျှင် အဝေးကလွတ်အောင် ရှောင်နိုင်သလောက်ရှောင်၏။

ဖေဖေသည် ရွှေကြက်ယက်ရွာတွင် စာဖတ်ခြင်းအလုပ်မှလွဲ၍ တစ်ခြား အသက်မွေးဝမ်းကျောင်းအလုပ် ဘာတစ်ခုမျှ မလုပ်ခဲ့ပေ။

[ ၂ ]

ဝါဆိုဝါခေါင် ရေဖောင်ဖောင်တည်း။ မိုးအားကြီးသည်နှင့်အမျှ ရေများပြည့်လျှံမို့တက်လာသည်။ ဧရာဝတီမြစ်ပြင်းကြီးမှ ရေတို့သည် ကမ်းမမြင်လမ်းမမြင် ရွာထဲတွင် ရေတွေစီးဝင်ကာ ရေတွေလျှံတက်လာလေသည်။ ကျွန်မတို့ ရွှေကြက်ယက်ရွာတစ်ခုလုံး ရေမြုပ်နေသည်။ ရက်ကန်းစင်တွေအပေါ်တိုင်တွေပဲ မြင်ရတော့သည်။ အများအားဖြင့် အိမ်များကို မြင့်မြင့်ဆောက်ထားရသည်။ မီးဖိုမှ အိုးခွက်ပန်းကန်တွေ၊ စားပွဲတွေ၊ အိမ်ပေါ်သို့ ရွှေ့ထားရသည်။ ကျွန်မတို့ရွာကလေးမှ ရှမ်းပြည်နယ်မှအင်းလေးအရပ်ဒေသပမာ တစ်အိမ်နှင့်တစ်အိမ် လှေနှင့်ကူးကြရသည်။ ဈေးသည်များ လှေလေးပေါ်တွင် ကုန်ပစ္စည်းများ တင်ကာရောင်းချကြသည်။ ကျွန်မတို့မောင်နှမတစ်တွေမှာ လှေလေးများနှင့် သွားလာလှုပ်ရှားကြသည်ကို ပျော်ကြသည်။

ဖေဖေသည်ညဘက်ငါးပိုက်ချသောလှေနှင့် လိုက်သွားလေ့ရှိသည်။ မုန့်သေတ္တာပုံးလေးထဲတွင်ထည့်ထွန်းထားသောမီးရောင်ဝါရှိန်ဖျော့ဖျော့နှင့် ပိန်းကောသဏ္ဌာန်လှေငယ်လေးထဲတွင် ဖေဖေအပြင် လူငယ်လေးတွေသုံးလေးယောက် ပါသွားကြသည်။ ရပ်ရွာမှ ဟိုက်စကူးကျောင်းသားလေးတွေ၊ စစ်ကိုင်းဘက်မှ နိုင်ငံရေးသမားပေါက်စကလေးတွေ ဖြစ်ကြောင်း မေမေကသိနေကာ ဖေဖေ့အတွက် စိတ်ပူရပြန်သည်။ ဖေဖေ ဘယ်ကိုသွားသည်ဆိုသည်ကို မေမေ့ကို ပြောမသွား၊ ဘယ်အချိန်ပြန်ရောက်မည်လည်း မေမေမသိ။ တစ်ခါတစ်ခါ ညဉ့်နက်သန်းခေါင် တစ်ချက်တီးကျော်မှ ဖေဖေ ပြန်ရောက်လာသည်။ “မချင်ဘု. . . မချင်ဘု”ဟုအသံအုပ်အုပ်နှင့်ခေါ်တော့ မေမေ့မှာ အိပ်မှုန်စုံမွှားနှင့်ထ၍ တံခါးဖွင့်ပေးရသည်။ ဖေဖေ့နှာသီးဖျားမှ သက်ပြင်း

www.burmeseclassic.com

www.burmeseclassic.com



ရှည်ကြီးများမှာ စိုးရိမ်ကြီးခြင်းများကို ရှုထုတ်လိုက်ပုံရသည်။ ဖေဖေနှင့် အတူ ဦးလေးဘသိန်း၊ ရွှေစကားဘသိန်း ('တို့တိုင်းဌာနီ' ဝတ္ထုထဲမှ ဇာတ်ဆောင်တစ်ဦး) သခင်လှမောင် (ဇေယျာမောင်အမည်နှင့် စာရေးသူ)များလည်း ပါသွားကြသည်ကို သိရတော့ မေမေ့မှာ ပို၍ စိတ်ပူရပြန်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်မအစကနဦးတုန်းက ရေးသားဖော်ပြခဲ့သော ဂျပန်ကင်ပေတိုင်လက်ထဲတွင် အရိုးကြေမွအောင် အနှိပ်စက်ခံခဲ့ရကာ စစ်ကိုင်းတံတားပေါ်မှ ခေါနှင့်ပိုင်းချခံခဲ့ရသော သခင်သိန်းတန်အဖြစ်က လောလောလတ်လတ်ကြီး ဖြစ်သည်။

ဖေဖေ၏ အပေါင်းအသင်းများထဲတွင် ဂျပန်ကို သတင်းပေးနေကြသောသူများလည်းရှိကြသည်။ ဖေဖေ၏ အရင်းနှီးဆုံး မိတ်ဆွေတစ်ချို့ပင်လျှင် သစ္စာဖောက်ဖြစ်နေကြောင်း ဖေဖေပြောပြဖူးသည်။ လူငါးယောက်မျှ နိုင်ငံရေးလှုံ့ဝှက်ချက်များတိုင်ပင်လျှင် ငါးယောက်၌ တစ်ယောက်က စိတ်မချရသူပါသည်။ ဂျပန်ခေတ် တော်လှန်ရေးခေတ်အစ၌ သူလျှိုတွေကိုအထူးသတိထားနေရသည်ဟု ဖေဖေဆိုသည်။ တစ်ခါတစ်ခါ လူသုံးယောက်စစ်ထားသည့်ကြားထဲ တစ်ယောက်က ဖောက်ပြန်သည်။ သည်တော့ ဖေဖေသည် ကိုအောင်ကျော်တို့နှင့် တွေ့ပြီးသည့်နောက်ပိုင်းတွင် တစ်ကိုယ်တော်စွန့်စားခန်းလုပ်ခဲ့သည်က များသည်။ သို့ကြောင့်လည်း ဖေဖေသည် နိုင်ငံရေးလုပ်ရပ်များနှင့် ထင်ရှားခြင်းမရှိလှပေ။ လူသိလည်း ခံချင်ပုံမရပေ။ လူသိအောင်လုပ်သည့်ကိစ္စ၌ အန္တရာယ်မည်မျှကြီးမားသည်ကို သူတို့မသိလို့ဟု ဖေဖေက မကြာမကြာ ပြောဖူးသည်။

နိုင်ငံရေးလုပ်ရခြင်းသည် အကုန်စွန့်လွှတ်ရခြင်းဖြစ်သည်။ အနစ်နာခံရခြင်းသော အဓိက၊ လူသိစေခြင်းက လိုလားအပ်သော ကိစ္စမဟုတ်၊ တော်လှန်ရေးသမိုင်းတိုင်းတွင် မထင်မရှား ကျဆုံးသွားကြသော အညတရများ ဒုနှင့်ဒေး။

အင်္ဂလိပ်ခေတ်တုန်းက ဖေဖေ့ဆီတွင် တိုင်းပြည်အတွက် သေစာရင်းပေးကြသော လူငယ်များအနက် ပထမဦးစွာ သေစာရင်းပေးသော လူငယ်ဟသ်ာတသား ကိုလှိုင်ဦးဆိုသူ ကျောင်းသားသည် တော်လှန်ရေးတွင် ကင်ပေတိုင်လက်ထဲ၌ မထင်မရှား ကျဆုံးခဲ့ရရှာသည်။ ကိုအောင်ကျော်ကို ဖေဖေ့ဆီ လွှတ်လိုက်သူမှာ ထိုကိုလှိုင်ဦးပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ဂျပန်ခေတ်တစ်လျှောက်လုံးတွင် ဖေဖေသည် ကျွန်မတို့ဖတ်ရန် အရုပ်စာအုပ်များ ရွေးချယ်ပေးရုံမက မေမေ့တစ်ဆင့် သူ့ရဲကောင်းပုံပြင်များ ကြားနာစေသည်။ ဖေဖေ၏ ပုံပြင်များတွင် ဇွဲကောင်းခြင်း၊ စိတ်ဓာတ်ခိုင်မာခြင်း၊ ကြံ့ကြံ့ခံခြင်းများ မလွဲမသွေပါလာမြဲပင်။

တလောတုန်းကပင် ၁၉၆၀-၁၉၇၀ ခုနှစ်ပိုင်း ခေတ်ဟောင်းကဗျာများအကြောင်း မောင်သင်းခိုင် (ပျဉ်းမနား)၊ သုခမိန်လှိုင်တို့နှင့် ဆွေးနွေးကြရင်း ကျွန်မတို့ငယ်ငယ်တုန်းက ဖေဖေ၏ အရင်းခံစိတ်ဓာတ်ကို အားကျမိသေးသည်။ 'တော်လှန်သောအသိ' ခေါင်းစဉ်နှင့် ရေးသားထားသော ကဗျာလေးတစ်ပုဒ်မှာ

အသေရိုက်သတ်
အမြီးပြတ်လည်း
ဆတ်ဆတ် ဆတ်ဆတ် တုန်သေးသည်။

'ရုပ်ရှင်သစ်' မဂ္ဂဇင်းမှာ ဖော်ပြခဲ့ဖူးသည် ထင်သည်။ ကဗျာရေးသူမှာ မောင်စိမ်းခက် (ပြည်)ဖြစ်ပြီး နောက်တွင် သုခမိန်လှိုင်ဖြစ်ကြောင်း ကျွန်မတို့ သိကြရသည်။

ကျွန်မတို့ငယ်ငယ်တုန်းက ဖေဖေ မျိုးစေ့ချခဲ့သော နိုင်ငံရေးစိတ်ဓာတ်မှာ သည်အတိုင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မ နိုင်ငံရေးနောက်ခံ ဝတ္ထုတွေ ရေးဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။

ရွှေကြက်ယက်ရွာတွင် ကျွန်မတို့နေထိုင်ခဲ့စဉ် ဖေဖေသည် ကျွန်မတို့မောင်နှမတစ်တွေကို အချိန်အသုံးချတတ်ဖို့နှင့် အရာရာတွင် စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်းဖြင့် ရင်ဆိုင်ဖို့ သင်ကြားပေးခဲ့လေသည်။

ကျွန်မသည် ဖေဖေ၏ အယူအဆ၊ အတွေးအခေါ်တို့၏ နေရောင်ခြည်စွမ်းအားတွင် ကြီးပြင်းရသူမို့ ကျွန်မအမြဲတမ်းပင် နှုတ်ငုံဆောင်လောက်အောင် ကြိုက်နှစ်သက်ခဲ့သော ကဗျာတစ်ပုဒ်ကို လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က တူးဖော်ရရှိခဲ့သည်။

ကျွန်တော်တို့မှာ လုပ်စရာတွေ အများကြီးရှိနေတာ
ကမ္ဘာကြီးကတော့ လှိမ့်နေဆဲပဲ
အချိန်တွေက ဖိနှိပ်လှပေါ့

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းတစ်သောင်းဟာ
ကာလချိန်တော့ ရှည်လွန်းလှပါတယ်။
ဒါကြောင့်
နေ့ကိုအမိအရကုတ်ဖမ်း
နာရီကိုလည်း စီးမိကြစေ. . .
There are many deeds cry out to be done
The world  rolls on,
Time  presses
Ten thousand years are too long,
Seize the day, seize the hour

ကျွန်မ မူရင်းအင်္ဂလိပ်ဘာသာအားဖြင့် ဖတ်ရသည်မှာ လှပချော မွေ့သည်။ သည်ကဗျာမျိုးသည် ကျွန်မ၏စိတ်ခတ်ခွန်အားကို ပြည့်စေခဲ့ တာ အမှန်ပင်။ နောက် ကဗျာတစ်ပုဒ်ကလည်း တိုတိုလေးနှင့် တကယ့်ကို ချစ်စရာလေးဖြစ်ပါသည်။ အာရှတိုက်တိုင်းပြည်တစ်ခု၏ ကျေးလက်ကဗျာ လေးတစ်ပုဒ်ပင်။

ကျွန်မတို့ တရားမျှတမှုအတွက်
တောအုပ်ကို သွားကြမယ်၊
လေဟာ ကျွန်မတို့ရဲ့ ဝတ်ရုံ၊
ပြီးတော့ မိုးရေကို သောက်ကြစို့။
I will go to the forest for justice.
The wind for my garment I wear
and the rain my drink.

ကျွန်မတို့ ကြီးပြင်းလာသောအချိန်တစ်ချိန်၌ လွန်ခဲ့သောနှစ် ပေါင်းများစွာက ရွှေကြက်ယက်ရွာလေးတွင် မီးအိမ်မှုန်ပျပျ အလင်းနှင့် မိုးထဲ လေထဲ တစ်ကိုယ်လုံးရွှဲပြီး ငါးဖမ်းလှေနှင့်ပြန်လာလေ့ရှိသောဖေဖေ့ကို ကျွန်မ အောက်မေ့တမ်းတမိသေးသည်။ ဖေဖေသာ အသက်ထင်ရှားရှိခဲ့လျှင် သည်ကဗျာလေးကို ရွတ်ပြရင်း ဖေဖေ၏ပီတိဖြာဝေသော မျက်နှာကို ငေး၍ ကြည့်နေချင်ပါသေးသည်။ ■

**ဖေဖော်ဝါရီ၊ ၉၄၊ ရွှေရပ်စုံမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com

# ဒိုင်ယာရီ ၁၁

[ ၁ ]

စစ်ကိုင်း၏မြစ်တစ်ဘက်ကမ်း ရွှေကြက်ယက်ရွာတွင် ကျွန်မတို့ ငါးလခန့် ခိုအောင်းပြီးနောက် ဖေဖေသည် ရန်ကုန်သို့ ၁၉၄၂ ခု စက်တင်ဘာလ(၃၀) ရက်နေ့တွင် ဆင်းခဲ့လေသည်။ သည်တုန်းက ရွှေကြက်ယက်တွင် ရေကြီး နေဆဲ. . .။ ဖေဖေသည် မန္တလေးမှ ရန်ကုန်သို့ ရထားနှင့်သွားနိုင်ရန် ပြည့်လျှံမို့တက်နေသော ဧရာဝတီမြစ်ပြင်ကျယ်ကြီးကို လှေနှင့် အလျင်ကူး ရသည်။ နေရောင်ထွက်စ နံနက်ခင်းတွင် မယ်ဇယ်ပင်တွေကြားမှ အကိုင်း ခွတွင် နေဝန်းမေးတင်လျက်ရှိသည်။ မြစ်ပြင်တွင် ရွှေရောင်ဆမ်းလျက် ရှိ ပေသည်။ မယ်ဇယ်ပင်တွေ၏ ပင်စည်ထက်ဝက်မျှ ရေတွင်မြုပ်နေပြီး ရေ ပေါ် သစ်ကိုင်းသစ်ခက်များမှ အရွက်တို့သည် မိုးရေတွေ စိုစွတ်လျက် စိမ်း လန်းနေပေသည်။

နွေရာသီဦးရေမရှိသော ရွှေကြက်ယက်ရွာ မြေပြင်ပေါ် တွင် ကျွန်မ တို့မယ်ဇယ်စေ့များကို ဇယ်တောက်တမ်းကစားလေ့ရှိသည်။ ရေတွေကြီးလာ သောအခါ မယ်ဇယ်အကိုင်းများပေါ် တက်ထိုင်ကာ ကလေးတွေတစ်ဦးနှင့် တစ်ဦး လှမ်း၍စကားပြောကြသည်။ သီချင်းသံပြိုင်ဆိုကြသည်။ ရွာထိပ်

www.burmeseclassic.com

www.burmeseclassic.com



ကားလမ်းမမှ မယ်ဇယ်ပင်တွေအထိ ကျွန်မတို့မောင်နှမတစ်တွေ မယ်ဇယ်ပင်ကိုင်းကြား ဆော့ကစားကြသည်။ ကစားရင်းပြောကြ သီချင်းဆိုကြ လုပ်လေ့ရှိကြပြန်ရာ လူကြီးတွေက ဆူကြမန်ကြသည်။ ဆူပူသော ကြီးကြီး၊ ဒေါ်ဒေါ်၊ ဘထွေး၊ ဘကြီးများကို ဖေဖေက ကလေးတွေ လွတ်လပ်စွာ နေနိုင်ဖို့ မဆူရန် ကန့်ကွက်သည်။ ကျွန်မတို့ဘက်မှာ ဖေဖေအမြဲရှိနေလေသည်။ သို့ကြောင့် ဖေဖေ့ကို ကျွန်မတို့ တစ်ခြားလူကြီးတွေထက် ပို၍ချစ်လေသည်။

ဖေဖေသည် ကလေးများကို အလိုလိုက်ရုံမက ကလေး(၉)ယောက် (ကျွန်မတို့ညီအစ်မအပြင် တစ်ဝမ်းကွဲမောင်နှမများ) လုပ်သရွေ့ ကိုင်သရွေ့ မျက်စိလည်း ရှင်သည်။ ညနေဘက်ရောက်လျှင် ဖေဖေက ဘယ်သူ ဘာလုပ်သည်။ ဥပမာ သူများခြံထဲမှ မာလကာပင်တက်တာမျိုး၊ ကြောင်အိမ်ထဲမှ ဟင်းခိုးစားတာ၊ အစ်ကိုတွေ ဝတ္ထုစာအုပ်များကို ကျောင်းသုံးစာအုပ်ထဲ ထည့်ခိုးဖတ်တာ၊ ဦးလေးတချို့ အပျိုတွေကို စာပစ်ပေးတာ၊ ညီအစ်မတစ်တွေ တစ်ဦးကစားစရာတစ်ဦးဖွက်ထားတာ စသည်ဖြင့် အသေးစိတ်အကုန်သိနေလေသည်။ ဖေဖေက ထုတ်ဖော်ပြောလာသောအခါ ရိုက်တာလဲမဟုတ်ဘဲနှင့် ဖိန့်ဖိန့်တုန်ကြောက်ကြလေသည်။ အစ်ကိုတစ်ယောက်မှာ ဖေဖေက ဆုံးမစကားဆိုတော့ ကြောက်ပြီး သေးဖြန်းဖြန်းပါလေသည်။ ကျောင်းဆရာရော ကျောင်းအုပ်ရော လုပ်ခဲ့ဖူးသော ဖေဖေ့ကို ကျွန်မတို့ ချစ်ကြောက်ရိုသေကြသည်။

ဖေဖေရွှေကြက်ယက်ရွာ၌ရှိဆဲတစ်ချိန်တွင် ကျွန်မရေနစ်ဖူးသည်။ ကျွန်မတို့မိသားစု ဆွေမျိုးတွေအားလုံး ဧရာဝတီမြစ်ဆိပ်ကမ်းတွင် ရေချိုးကြသည်။ မြစ်ရေတွင် ရေကူးကြသည်ကို အားလုံး ပျော်ရွှင်ကြည်နူးကြသည်။ ရွာထဲ ခြံတိုင်းနီးပါး ရေတွင်းတူးကာ ထားကြသော်လည်း ဘယ်သူမှ တွင်းရေကို မချိုးကြပါ။ ရေတွင်းရေကို သောက်သုံးရေအဖြစ်ပဲ အသုံးချကြသည်။ တစ်နံနက်ခင်း ကျွန်မတို့ မိသားစုနှင့် ကြီးကြီးတို့ မိသားစု ရေအတူချိုးကြသောအချိန်တွင် ကျွန်မသည် ခြေထောက်မမီသော ရေနက်ထဲသို့ ရောက်သွားကာ နှာခေါင်းထဲ ရေဝင်လာသည်။ ခြေလှမ်းထောက်ဖို့ ကြိုးစားလေ လူကရေထဲမြုပ်လေဖြစ်ဆဲ။ ဘာမျှမကြာသေးမီ အချိန်တွင် တစ်စုံတစ်ဦးက ကျွန်မ၏လက်မောင်းသေးသေးလေးကို ကပျာကသီဆွဲမလိုက်သည်။ ဆွဲမလိုက်သူကား ဖေဖေ။ ကျွန်မသည် နှာခေါင်းထဲနှင့် ပါးစပ်ထဲရော ရေတွေဝင်ကာ ဝူးဝူးဝါးဝါး ဖြစ်နေဆဲ ဖေဖေက သူ၏ပခုံးပေါ် ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



ကို မှောက်တင်ပြီး ကမ်းစပ်သို့ခေါ်သွားကာ ရေတွေအန်ထွက်အောင်လုပ်ပေးသည်။ သဲသောင်ပြင်သို့ ကျွန်မပါးစပ်ထဲမှ ရေထွက်ကျလာသည်။ သည်တုန်းက ရွှေကြက်ယက်တွင် ရေမကြီးသေးသော အချိန်ဖြစ်သည်။

ထိုနေ့ကစပြီး ကျွန်မ ရေချိုးဆိပ်တွင် ရေချိုးခွင့် မရတော့ပေ။ တွင်းရေပဲ စိတ်မသက်မသာနှင့် ချိုးရလေသည်။ ကျွန်မကြီးကြီးနှင့် ဒေါ်ဒေါ်တို့က

"ဆော့လိုက်တဲ့ကလေး။ ဝဲထဲရောက်ရင် ညည်းသေမှာ"

ဟု ကရုဏာဒေါသောနှင့် ဝိုင်းမာန်ကြသည်။ ကျွန်မ အမှတ်သည်းခြေ မရှိလှပါ။ မြစ်ရေကို ချိုးခွင့်မရသဖြင့် စိတ်ညစ်နေလေသည်။ သို့သော် အိမ်တွင် ဖေဖေ့တစ်သြဇာနှင့် နေနေကြသည်မို့ ဘယ်သူမှ ယောင်၍ပင် ကျွန်မကို ရေချိုးဆိပ်သို့ ခေါ်မသွားရဲကြပါ။

[ ၂ ]

ဖေဖေလိုက်ပါလာသော လှေပေါ်တွင် ဖေဖေ့တပည့်လေးနှစ်ဦးက ဖေဖေ့ကို မန္တလေးအထိ လိုက်ပို့ရန်ဖြစ်သည်။ နောက်လှေပေါ်တွင် ကျွန်မတို့ သားအမိနှင့် ကြီးကြီးလိုက်ပါလာသည်။ လှေကို ကြီးကြီးကိုယ်တိုင် လှော်ခတ်လာသည်။ လှိုင်းထွေးထွေးနှင့် ရေတွေမှာ တမျှော်တခေါ်ကြီး တောင်သမန်အင်းအထိ ရေချင်းဆက်ကာပြည့်လျှံနေပုံရသည်။ ကျွန်မ သေသေချာချာ မမှတ်မိတော့ပါ။ အမှတ်ထင်ထင်ရှိနေတာတော့ ဖေဖေသည် ဘေးချင်းယှဉ်လျက်ရပ်ထားသော လှေပေါ်မှ ကျွန်မတို့ညီအစ်မကို လက်နှင့် မ,လှမ်းချီကာ နမ်းလိုက်တာကိုပင်

"အလွမ်းသယ် မနေနဲ့ဟေ့။ မင့်သမီးတွေကို တစ်ခွန်းပြောတာနဲ့ နားထောင်လို့ မှာခဲ့ဦး"

ကြီးကြီးက လှမ်းသတိပေးသည်။

"ကြီးကြီးနဲ့ မေမေပြောတဲ့စကားကို တစ်ခွန်းထဲနဲ့နားထောင်နော်"

ကျွန်မ မေမေက မျက်ရည်လည်နေပြီး ညီမလေးက မျက်ရည်များကို လက်ခုံနှင့်သုတ်နေသည်။ ကျွန်မက အသံတုန်တုန်ရင်ရင်နှင့် ဟုတ်ကဲ့ဟု

www.burmeseclassic.com

www.burmeseclassic.com



ဖြေလိုက်သည်။ ညီမလေးအေးက သူ့ခြေထောက်ကို ဖေဖေ့လှေပေါ်သို့လှမ်းတင်ဖို့ ကြိုးစားရင်း

"ဖေဖေ ဖေဖေနဲ့ အေးလိုက်မယ်"

ပူဆာနေသည်။ ဖေဖေက အေး၏ခေါင်းကို ပွတ်သပ်ကာ

"ခု မလိုက်ရသေးဘူးနော်။ သမီးတို့နေဖို့ ဖေဖေအိမ်ရှာရဦးမယ်။ အဲဒီတော့ ဖေဖေလှမ်းခေါ်မယ် ဟုတ်လား"

"ဟင့်အင်း၊ ခုလိုက်မယ်"

မေမေက အေးကို နောက်မှ သိုင်းဖက်ကာ လှမ်းဆွဲပွေ့ချီထားရသည်။

"ခု ဗုံးတွေ ကြဲနေသေးတယ်။ သမီးသေသွားမှာပေါ့"

"သေပစေ၊ ဖေဖေနဲ့ အတူတူ သေမယ်"

ဖေဖေက အေး၏ပခုံးကို ပုတ်ကာချော့ရင်းပင် ဖေဖေ့လှေက ကျွန်မတို့ လှေထံမှ ခွာသည်။ ကြီးကြီးကလည်း ဖေဖေနှင့် တစ်ချိန်တည်းလိုပင် လှေဆိုက်ရာ မယ်ဇယ်ပင်ကိုင်းကို လွှတ်ချလိုက်ကာ

"ကိုင်း သွားတော့ဟေ့ မောင်ဘရှိန်။ မင်း မန္တလေးမရောက်ခင် လေယာဉ်ပျံ စက်သေနတ်တွေနဲ့ မိနေဦးမယ်"

သည်တုန်းက မဟာမိတ်လေယာဉ်ပျံများ နိမ့်နိမ့်လေးပျံသန်းကာ စက်သေနတ်နှင့် မည်းမည်းမြင်တိုင်း ပစ်သတ်လေ့ရှိကြသည်။

"ဒီကောင်တွေ ဂျပန်လောက်တော့ စစ်သေနတ်မသရမ်းပါဘူး။ ဗုံးပဲ ကြဲမယ့် ကောင်တွေပါ"

"ဟ ဗုံးစာမိရင် ပိုဆိုးတာပေါ့ ငါ့မောင်ရဲ့"

ဖေဖေ၏လှေက ပြောရင်းဆိုရင်းပင် ကျွန်မတို့ စီးလာသော လှေမှ ခွာသွားလေသည်။ ညီမလေးအေးက ကျီကျီလောင်လောင်နှင့်

"ဖေဖေရေ မသွားပါနဲ့"

"ဖေဖေ မသေနဲ့နော်"

အော်ငိုကာ ကျန်ခဲ့သည်။ ကျွန်မ၏ လက်ပေါ်သို့ မျက်ရည်ပေါက် တစ်ပေါက် လွင့်ကျလာသည်။ မေမေ၏ မျက်လုံးအိမ်မှ မျက်ရည်ပေါက်ဖြစ်လိမ့်မည်ထင်သည်။ ကြီးကြီးက မျက်ရည်တွေဝိုင်းရင်း အံကိုကြိတ်လိုက်ပြီး

"အင်း စစ်အတွင်းကတော့ အားလုံးသေလူချည်းပါပဲ မလှကြည်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကိုလှမ်းပြောလိုက်လေသည်။ လှော်တက်များသည် ရေပေါ်တွင် တင်ချီချချီနှင့် လှိုင်းတွန့်မှ ရေစက်လက်တို့ တက်ဖျားတွင် ပါလာကာ ကျွန်မတို့ မျက်နှာပေါ်သို့ လာရောက်စင်နေသည်။ ကျွန်မတို့သည် ၇ နှစ် ၈ နှစ်အရွယ် ကလေးငယ်များမို့ မကြာမီပင် ပူပင်သောကများ ပျောက်သွားလေသည်။ ရေထဲမျောလာသော တရုတ်စကားပွင့်များကို လက်နှင့်ဆယ်ယူကာ ညီအစ်မနှစ်ယောက် တရုတ်စကားပွင့်များကို ဝေပုံချပြီး ဆော့ကစားနေကြလေသည်။

[ ၃ ]

မေမေနှင့် ကျွန်မတို့ညီအစ်မနှစ်ယောက်ကို လိုက်ပို့ရန် ဖေဖေသည် လူကြုံဖြင့်မှာလိုက်ရာ နိုဝင်ဘာလထဲတွင် ကျွန်မတို့ ရန်ကုန်သွားရန် ခွေကြက်ယက်ရွာမှ ခွဲခွာကြလေသည်။

မှတ်မှတ်ရရ ဖေဖေ၏ဒိုင်ယာယီတွင် ကျွန်မတို့သားအမိတစ်တွေ လူကြုံနှင့်တကွ ရန်ကုန်သို့ နိုဝင်ဘာလ ၂၁ ရက်နေ့ည ရန်ကုန်ရောက်ကြောင်း ရေးထားခဲ့လေသည်။ ယခု ကျွန်မ နှစ်တစ်ရာပြက္ခဒိန်ကို လှန်ကြည့်လိုက်တော့ နိုဝင်ဘာလ ၂၁ ရက်သည် တန်ဆောင်မုန်းလဆန်း ၁၄ ရက် စနေနေ့ ဖြစ်လေသည်။ နောက်တစ်နေ့မှာ တန်ဆောင်မုန်းလပြည့်နေ့ ဖြစ်သည်။ မြန်မာ့ဓလေ့ထုံးစံအရ ထိုနေ့ည ရွှေတိဂုံတွင် မသိုးသင်္ကန်းရက်ပြိုင်ပွဲ ခြိမ့်ခြိမ့်သဲသဲနှင့် စည်ကားကာ မီးထိန်ထိန်လင်းရမည့်အချိန် ဖြစ်သည်။ သို့သော် စစ်အတွင်းမို့ တစ်မြို့လုံး မှောင်အတိကျကာ ဗုံးကြဲလေယာဉ်ပျံလာမည့်အချိန်ကို တထိတ်ထိတ်နှင့် စိုးရွံ့နေကြသည်။ ဥသြဆွဲတာနှင့် လူတွေ ဗုံးခိုကျင်းပြေးကြရသည်။ အားလုံးအသက်ကို ဖက်ရွက်နှင့်ထုပ်ထားသလိုပင်။ ဒါဟာ စစ်ပါပဲ။ ဘယ်သူမှ မတတ်နိုင်ကြပါ။

ဖက်ဆစ် ဂျပန်ခေတ်ကို လူတိုင်း နဖူးတွေ့ ဒူးတွေ့ ကြုံဖူးကြသည်။ တကယ့်ကို ခေတ်ဆိုးခေတ်ပျက်ကြီး ဖြစ်သည်။ ဗုံးဘေး ဗုံးဒဏ်ကို လူတွေကြောက်ကြရသည်။ သည်ကြားထဲ ဂျပန်လက်ဝါးဒဏ်ကို သူတို့နှင့် ရင်ဆိုင်ဖူးသူတိုင်း မြည်းစမ်းဖူးသည်။ ဖေဖေသည် စိတ်ထက် လူထက်အသား ဆတ်ဆတ်ထိလျှင် မခံတတ်သဖြင့် ဂျပန်ပါးရိုက်မခံရအောင် အထူးသတိထားနေရသည်ဟု မကြာမကြာ ပြောဖူးသည်။ သူတို့ပါးတစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



အရိုက် ဖေဖေကလည်း ပြန်အထိုး မလွှဲမရှောင်သာ ဂျပန်သေနတ်အောက် အသက် ပျောက်ရမည်မှာ သေချာလှသဖြင့် ဂျပန်ဆိုလျှင် အဝေးကလွတ် အောင်ရှောင် နိုင်သလောက် ရှောင်နိုင်ခဲ့သည်။ ခေတ်ပျက်ကြီးထဲတွင် သမ္မာ အာဇီဝနှင့် ချမ်းသာရန် ခဲယဉ်းသောကြောင့် ဖေဖေသည် ဆင်းရဲနေကြောင်း မေမေ့ကို ပြောပြသည်။ မေမေနှင့် သူ့သမီး ကျွန်မတို့ကလည်း ငတ်ချင် လည်း ငတ်တော့ ဖေဖေနှင့်ပဲ အတူတူ နေလိုကြသည်။ ဖေဖေနှင့် ကျွန်မတို့ အကြာကြီး ခွဲခွာမနေနိုင်ကြပါ သေအတူ ရှင်မကွဲ ဖြစ်ပါသည်။

တန်ဆောင်မုန်းလပြည့်လုဆဲ လဝန်းမှာ ထိန်ထိန်သာ လျက်ရှိ သည်။ မီးတွေ အမှောင်ချထားလည်း သဘာဝအလင်းရောင်ကို ဘယ်သူမှ တားဆီးနိုင်ခြင်း မရှိပါ။ လူ့လောက၌ နေရောင်ရှိသော်လည်း ညဘက်တွင် မှောင်လွှန်းသဖြင့် ကမ္ဘာဦးလူတွေ အလင်းရောင်ကို တကြရာမှ လပေါ်လာ ခြင်းဖြစ်သည် မဟုတ်ပါလား။ အလင်းရောင်တသော ဆန္ဒဖြစ်ပြီးဆန္ဒအရ ဖြစ်ပေါ်လာတာမို့ "စန္ဒ" ဟု ခေါ်ကြသည်။

လငွေရောင်အောက်တွင် ဆိတ်ဖလူးပန်းရုံတစ်ရုံမှ ဆိတ်ဖလူးပန်း တို့သည် ဖွေးဖွေးလှုပ်ဖူးပွင့်နေကြကာ မြေပေါ်ကြွေကာကြွေနေကြသည်။ ပန်းနံ့ကား ခပ်စူးစူးနှင့် သင်းပျံ့မွှေးနေသည်။ သို့သော် ငယ်ငယ်တုန်းက အစွဲမို့ ထင်သည်။ ထို ဆိတ်ဖလူးပန်းရနံ့ကို ကျွန်မကြိုက်သည်။ မနှစ် တုန်းဆီက ချမ်းမြေ့ရိပ်သာ ကျွန်မ တရားဝင်စဉ် ကျောင်းဝင်းရှိ ဆိတ်ဖလူး ပန်းရုံမှ ကြွေကျနေသော ဝတ်ဆံနီရွှေနီရောင်နှင့် ပန်းဖြူဖြူလေးများကို ကောက်ချင်စိတ် ဖြစ်သည်ကို မနည်းထိန်းရသည်။

ထူးဆန်းသော တိုက်ဆိုင်မှုကား ကျွန်မတို့ရန်ကုန်မြို့လယ်တည်း အိမ်မှ နောက်တစ်ရက် (နိုဝင်ဘာလ ၂၂ ရက်နေ့) တွင် ဗဟန်း ကြား တောရလမ်း၊ ဦးအရိယတိုက်၊ ဦးဝိသုဒ္ဓကျောင်းတွင် ပြောင်းရွှေ့နေထိုင်ကြ သောအခါ ထိုကျောင်းဝင်းထဲ မဝင်မီ လမ်းဘေးတွင် ဆိတ်ဖလူးပန်းရုံ ရှိလေသည်။ ကျွန်မသည် ပစ္စက္ခမျက်မှောက်ခေတ်တွင် ရှေးဘဝ လွမ်းလွမ်း ရှိလာသဖြင့် ဦးအရိယတိုက်သို့ သွားကြည့်တော့ဆိတ်ဖလူးပန်းရုံမရှိတော့။ သူလည်း အသက်ကြီးသဖြင့် သေရှာပြီထင်သည်။

ထိုဆိတ်ဖလူးပန်းရုံဘေးမှ ကျောင်းဝင်းဘက်ထဲသို့ လမ်းကို ဖေဖေ နှင့် ခင်မင်သော ဖက်ဆစ်ဂျပန်တော်လှန်ရေးတပ်သားတွေ၊ ဖေဖေ့စာဖတ်သူ မျိုးချစ်လူငယ်တွေ သခင်နိုင်ငံရေးသမားတွေ ဖြတ်သန်းလာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်ဝတ်စစ်သားနှင့် လူငယ်တစ်ဦးကဖေဖေ၏ ဆင်းရဲသောဘဝအခြေအနေ၊ လုံချည်အနွမ်း စွပ်ကျယ်ပေါက်နှင့် ဖေဖေ့ကို ကြည့်ကာ စိတ်မချမ်းသာသော မျက်နှာအမူအရာနှင့် ပြန်သွားသည်ဟုဆိုသည်။ အသက် ၂၄ နှစ်သာ ရှိသေးသော ထိုလူငယ်သည် သူ ၁၉ နှစ်သားထဲက ဖေဖေ၏ စာဖတ်ပရိသတ်၊ စာချင်းဆက်သွယ်ရာမှ လူချင်းရင်းနှီးကျွမ်းဝင်ခဲ့သူ ဖြစ်သည်။ အသက်ငယ်ငယ်လေးနှင့် ဗိုလ်မှူးဖြစ်နေသူလည်း ဖြစ်သည်။ ထိုလူငယ် ဖေဖေ့ဆီလာပြီး ကျောင်းဝ ဆိတ်ဖလူးပန်းရုံဘေးထိုင်ကာ စစ်ဖိနပ်စီးနေသည်ကို ကျွန်မတို့က စပ်စုပြီး ငေးကြည့်နေခဲ့ဖူးသည်။ နောင်တစ်ပတ်ခန့် အကြာတွင် ထိုလူငယ် လက်အောက်မှ စစ်ဘက် ကက်ပတိန်တစ်ယောက် ပေါ်လာပြီးလျှင် ဂျပန်ငွေစက္ကူအသစ် တစ်ထောင်နှင့် စာတစ်စောင် ရောက်လာသည်။ ထိုစဉ်တုန်းက ဂျပန်ငွေမှာ အင်္ဂလိပ်ငွေလို တန်ဖိုးရှိဆဲ ဖြစ်သည်။

"ဦးဦး ဒီလို ဆင်းဆင်းရဲရဲ ဖြစ်နေသည်ကို ကျွန်တော်မကြည့်ရက်နိုင်၍ ငွေတစ်ထောင်အပို့ခိုင်းလိုက်ပါသည်။ ရရှိကြောင်း လက်မှတ်ထိုးပေးလိုက်ပါ"

ထိုလူရွယ်မှာ မေဂျာဘဝ လခ ၄၀၀ ကျပ်သာ ရသေးသည်။ စစ်ရုံးမှ ငွေတစ်ထောင်ချေး၍ ဖေဖေ့ကို ပေးပြီး တစ်လလျှင် ငွေတစ်ရာကျပ် ပြန်ဆပ်ရသည်ဟု ဆိုသည်။ ထိုသူသည် နောင်တစ်နေ့တွင် ကျွန်မ၏ "တို့တိုင်း၌ာနီ" လုံးချင်းဝတ္ထုတွင် ဇာတ်လိုက်ဖြစ်လာမည့် သူပင်တည်း။ ဖေဖေ့ထံလာကြသော မျိုးချစ်လူငယ်တော်တော်များများသည် တိုင်းပြည်အတွက်ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့ကြသူချည်း ဖြစ်လေသည်။ ထိုအကြောင်းတွေးမိတိုင်း ဆရာဇန်းမော်တင်အောင်၏ ဆိုစကားများကို အမြဲလိုပင် အမှတ်ရနေမိလေသည်။

ရာစုနှစ်တစ်ခုမှာ မျိုးဆက်လေးခုရှိတယ်။ ၁၈၈၅ ခု နောက်ပိုင်း ကိုလိုနီခေတ်က စပြီး တို့အဘိုးတွေဟာ နယ်ချဲ့ကို တော်လှန်ခဲ့ကြတယ်။

အဖေတို့ လက်ထက်ကျတော့ အမျိုးသား လွတ်မြောက်ရေး တာဝန်ကို ထမ်းဆောင်ခြင်းပြုခဲ့ကြတယ်။

သားတို့ဟာ ဒီရာစု (၁၈၈၅-၁၉၈၅) ခုနှစ်ရဲ့ နောက်ဆုံး မျိုးဆက်တွေပဲ။

အချို့ဟာ သမိုင်းရဲ့တာဝန်ကို ရဲရဲရင့်ရင့် ထမ်းဆောင်ခဲ့ကြတယ်။ အချို့ကြတော့ သမိုင်းတာဝန်ကို မကျေပွန်ကြဘူး။ လူတစ်ယောက်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



တန်းဖိုးဟာ သူဖြတ်သန်းကျော်လွှားခဲ့တဲ့ ခေတ်ကြီးက သူ့ပခုံးပေါ် တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို သူဘယ်လောက် သယ်ပိုးထမ်းဆောင်ခဲ့တယ်ဆိုတဲ့ အချက်နဲ့ တိုင်းတာရမှာပဲ။ ■

**မတ်-ဧပြီ၊ ၉၄၊ ရွှေရုပ်စုံမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com

# ဒိုင်ယာရီ ၁၂

[ ၁ ]

မနက်ဖြန် ပြည့်တော့မည့်ဆဲဆဲ လဝန်းသည် ငွေရောင်များကို ဖြန့်ဖြူးဝေငှလျက်ရှိသည်။ တန်ဆောင်မုန်းလဆန်း (၁၄) ရက်ည စစ်အတွင်း တန်ဆောင်တိုင်ပွဲတော် မီးထွန်းခြင်းမှာ ဘယ်သူမှ မပျော်နိုင်တော့။ ရန်ကုန်တစ်မြို့လုံး လျှပ်စစ်မီး၊ ရေနံဆီမီးများ မထွန်းညှိသဖြင့် အိမ်တိုင်း ကျောင်းဇရပ်အဆောက်အအုံတိုင်း မီးရောင်ကွယ်နေသည်။ ဆောင်းဦးအစပေမယ့် နှင်းတွေခါတိုင်းထက် ထူထပ်ပိတ်ဆို့နေသလိုပင်။ ကျွန်မ ငယ်စဉ်မှတ်မိသမျှ နှင်းပွင့်လက်လက်တို့သည် ဘင်္ဂလားသရက်ပင်မှ အရွက်များပေါ်ဖိတ်စင်နေကြသည်။

ကျွန်မတို့မှာ ဖေဖေနှင့် စစ်ဘေးဒုက္ခအထွေထွေကို ရင်ဆိုင်ခဲ့ကာ ရွှေကြက်ယက်ရွာကလေးတွင် ၅ လမျှ ခိုအောင်းပြီး စက်တင်ဘာလတွင် ဖေဖေနှင့်ခွဲခဲ့ကြသည်။ ဖေဖေက ၁၉၄၂ ခု၊ စက်တင်ဘာလ ၃၀ရက်နေ့တွင် ရန်ကုန်သို့ ဆင်းသွားပြီးနောက် ကျွန်မတို့ သားအမိသုံးယောက်မှာ ဖေဖေလူကြုံနှင့်မှာသဖြင့် နိုဝင်ဘာ ၂၁ ရက်နေ့ည ရန်ကုန်သို့ ရောက်ရှိလာခဲ့သည်။ လရောင်သာမရှိလျှင် ရန်ကုန်တစ်မြို့လုံး အမှောင်အတိပြီးနေလေ

www.burmeseclassic.com

www.burmeseclassic.com



တော့မည်။ ၁၉၅၂ ခု၊ နိုဝင်ဘာလ ၂၁ ရက်နေ့ည (ဖေဖေ့မှတ်တမ်းအရ) ကား တန်ဆောင်မုန်းလ အဖိတ်နေ့ည။ နောက်တစ်နေ့ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် တန်ဆောင်မုန်းလပြည့်တော့မည်။

ထို့နောက် တစ်နေ့ နံနက်စောစောတွင် ဗဟန်းကြားတောရလမ်း ဦးအရိယကျောင်းတိုက်၊ ဦးဝိသုဒ္ဓကျောင်းသို့ ကျွန်မတို့မိသားစု ရန်ကုန်မြို့ လယ်တည်းအိမ်မှ ချက်ချင်းပင် ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

'မြို့လယ်မှာ စိတ်မချရဘူး။ ဗုံးတွေ ခဏခဏကြဲတယ်'

ဖေဖေက မေမေ့ကို ပြောပြသည်။

'ဗဟန်းရော'

'ဗဟန်းလဲ တစ်ခါတစ်ခါ ဗုံးကြဲတာပဲ။ စစ်အတွင်း ဆိုတော့ အန္တရာယ်ကင်းတဲ့ နေရာရယ်လို့ မရှိပါဘူး'

ဖေဖေက မကွယ်မဝှက်ပင် ပြောလိုက်သည်။ ကျွန်မတို့အပူအပင် မရှိကြသလို ဖေဖေနှင့် ပြန်တွေ့ကြသည်မို့ ဝမ်းမြောက်ဝမ်းသာ ပျော်၍ပင် နေကြသည်။ ကျောင်းဝင်းအဝင်အဝတွင် ရှိသော ဆိတ်ဖလူးပန်းရုံ နှစ်ရုံမှ ပန်းရနံ့များသည် ကျွန်မတို့ကို ဆီး၍ကြိုလေသည်။ ကလေးငယ်များ၏ အမှတ်အသားအရ ဝတ်ဆံရွှေရောင်နှင့် ပန်းဖြူဖြူမွေးတို့သည် မြေပေါ်ကြဲ ပျံ့ကာ ပန်းမွေ့ယာခင်းနေကြသည်။ ဦးအရိယကျောင်းတိုက် (နှစ်ထပ် ကျောင်းကြီး) ကား ရွှေတိဂုံ အလယ်မုခ်ရှိရာ ကြားတောရလမ်းတွင် ယနေ့ ထက်တိုင်အောင် ထီးထီးမားမား ရှိနေဆဲဖြစ်သည်။

ကျွန်မ'တို့တိုင်းဌာနီ' လုံးချင်းဝတ္ထုရေးဖွဲ့သောအခါ ဗဟန်းကြား တောရလမ်း တည်နေရာကို အခြေခံကာ သမိုင်းခေတ်ဖြစ်သနစ်များကို အကျယ်တဝင့် ရေးခဲ့ဖူးသည်။ ဆိတ်ဖလူးပန်းရုံဘေး အုတ်ခုံပေါ်ထိုင်ကာ စစ်ဖိနပ်ကို ချွတ်သော အမျိုးချစ်သည့် တော်လှန်ရေးစစ်ဗိုလ်အကြောင်းကို တခမ်းတနား ဖွဲ့ဆိုခဲ့သည်။ ဦးအရိယတိုက်သို့ သွားလေ့လာကြည့်တော့ ထိုဆိတ်ဖလူးပန်းရုံများကို မတွေ့ရတော့။

ဖေဖေသည် သူ၏ သမီးငယ်လေးများကို ပွေ့ဖက်နမ်းရှုံ့နေသော အချိန်၊ မေမေ၏ ပါးပြင်မှ မျက်ရည်တွေကို ဖေဖေလက်ညှိုးနှင့်သပ်ကာ သုတ်လာသောအချိန် နေ့ပေါင်းများစွာ ထမင်းနပ်ကျော်ကာ ဘိန်းမုန့်နှင့် လက်ဖက်ရည်အကြမ်းတွေ သောက်ရသောအချိန်၊ ဖေဖေ၏ ရှပ်အင်္ကျီများ၊ မေမေ၏ ပိုးတွန့်တူတယ်ထဘီများ အထပ်လိုက် ရောင်းချကြရသောအချိန်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ ဂါဝန်လေးတွေ၏ အစုတ်အပြဲများကို မေမေဖာထေးပေးသော အချိန်၊ ကျွန်မတို့အတွက် ဆိုင်မှ နွားနို့ဝယ်ပေးသော ဝမ်းကွဲဦးလေးနှင့် အစ်ကိုအချို့ကို ကင်းလှည့်ဂျပန်စစ်သားများက ပါးရိုက်သောအချိန်၊ ပုလိပ်ရောဂါကြောင့် ကျောင်းများပတ်လည်သွပ်ကာထားသော အချိန်တွေကို ပြန်၍ တွေးမိတိုင်း 'မောင်ချောနွယ်'၏ ကဗျာတစ်ပုဒ်ကို သတိရမိသေးသည်။

အဲဒီလိုနဲ့
ဒဏ်ရာရခဲ့တဲ့
ကန္တာရနှစ်များနဲ့ လည်း
သစ္စာထားခဲ့ပြီ။
အဲဒီလိုနဲ့
အမှန်တရားကိုလည်း
ထမင်းဖိတ်ခဲ့ပြီ။
အဲဒီလိုနဲ့
နေကြာပွင့်တွေကိုလည်း
နေသာခွင့်ပေးလိုက်ပြီ။
အဲဒီလိုနဲ့
အဆိပ်နဲ့ မိတ်ဖွဲ့
အိပ်မက်တွေကိုလည်း
ဘိလပ်ရေ. . . တိုက်ခဲ့ပြီ။

. . . . . .
အဲဒီလိုနဲ့
လွတ်လပ်ရေးကဗျာအတွက်
မြေတစ်ကွက်ထွန်ယက်ပြီးခဲ့ပြီ။

[ ၂ ]

၁၉၄၃၊ မတ်လ ၁၄ ရက်နေ့တွင် အသက် ၂၄ နှစ်ခန့် လူရွယ်တစ်ယောက် ဖေဖေနှင့် လာတွေ့သည်။ ထိုလူငယ်နှင့် ဖေဖေ အချိန် ၂နာရီ

www.burmeseclassic.com

www.burmeseclassic.com



ကြာလောက် စကားပြောခဲ့ကြသည် ဆိုသည်။ အရေးတကြီး ပြောခဲ့ကြသော စကားများကား ထုံးစံအတိုင်း နိုင်ငံရေးပင်ဖြစ်သည်။

'ဦးပြောချင်တာကို မင်းသဘောပေါက်ပါတယ်နော်။ မင်းတို့ဟာ တော်လှန်ရေးရှေ့ဆောင်တွေပဲ။ မင်းတို့ဟာ ငြိမ်းချမ်းရေး၊ တရားမျှတရေး အတွက် အသက်ပေးပြီး နောက်ဆုံးအချိန်အထိ တိုက်ရမှာပဲ'

'ဟုတ်တယ်ဦး။ ကျွန်တော့်တို့ တိုင်းသူပြည်သားတွေအပေါ်မှာ မတရားလုပ်သမျှ တုန့်ပြန်တော်လှန်ရမှာပဲ။ အချိန်ကိုပဲ ကျွန်တော်တို့ စောင့်နေတာ'

'ခုနေတော့ သူတို့အင်အားက ကြီးပြီး မင်းတို့အင်အားနည်း မနေဘူးလား'

'နည်းတာပေါ့ဦး။ နည်းပြီလား။ ကျွန်တော်တို့ထက် အင်အားနှစ်ဆမကဘူး သာတယ်။ ပြောက်ကျားစစ်နဲ့ ဆင်နွှဲရမယ်။ ကျွန်တော်တို့ဘက်က လူထုအားလုံး ပါဝင်နိုင်အောင် လှုံ့ဆော်ရမယ်။ ဒါအရေးကြီးဆုံးပဲ'

သည်အကြောင်းတွေကို ကျွန်မတို့ မေမေက ပြန်ပြောပြသော အချိန်တွင် ဆိတ်ဖလူးပန်းရုံဘေးမှ ဖြတ်သန်းဖြတ်လာလုပ်ခဲ့ကြသော မျိုးချစ်လူငယ်များကို လွမ်းဆွတ်မိသည်။ ၁၉၄၃ ခု၊ မတ်လ ၂၁ ရက်နေ့တွင် စစ်ဘက်က ကပ္ပတိန်တစ်ယောက် ပေါ်ပေါက်လာပြီးလျှင် ဖေဖေ့ကို ဂျပန်ငွေစက္ကူသစ် တစ်ထောင်နှင့် စာတစ်စောင်ပေးခဲ့သည်။

ဖေဖေသည် သည်အဖြစ်ကို ဝမ်းသာဝမ်းနည်း ဖြစ်သွားသည်ဟု ဆိုသည်။ အကြပ်အတည်း တွေ့နေတုန်း ထိုစဉ်က အင်္ဂလိပ်ငွေလောက် တန်ဖိုးရှိသော ဂျပန်ငွေတစ်ထောင်ရသောကြောင့် ဝမ်းသာမိသည် အမှန်။ ထို့ပြင် ငါသည် သူ့တစ်ထူး အထောက်အပံ့ခံစားနေရပါပြီကော တွေးမိကာ ဝမ်းနည်းသွားမိခြင်း ဖြစ်သည်။

ထိုလူငယ် 'မေဂျာ' ဗိုလ်မှူးဘဝ လခ ၄၀၀ ကျပ်သာရသေးသည်။ စစ်ရုံးမှ ငွေတစ်ထောင်ချေးကာ ဖေဖေ့ကိုပေးပြီးလျှင် တစ်လတစ်ရာကျပ် ပြန်ဆပ်ရသဖြင့် ဖေဖေစိတ်မကောင်း။ မှတ်မှတ်ရရ ကျွန်မတို့အတွက် ပျော်ရွှင်သောနေ့ရက်များပင်ဖြစ်သည်။ ကျွန်မတို့နေ့တိုင်း ဟင်းလျာအတွက် ပဲပင်ပေါက်ကြော်၊ ကန်ဇွန်းရွက်ကြော်များ စားနေကြရာမှ ကြက်သား၊ ဆိတ်ကလီစာဟင်းများ ဝယ်ချက်စားနိုင်ကြသည်။ ဒုံးခြောက်၊ ငါးရံ့ခြောက်များ ဝယ်ကာ မီးဖုတ်ပြီး ညတိုင်း လက်ဖက်ရည်ကြမ်းနှင့် မြည်းကြသည်ကို မမေ့။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းတွင် မွေးထားသော ကြောင်ကလေးများ၏ အစာတောင်းဆိုသံသည် စီစီညံနေသည်။

ဖေဖေသည် ထိုအချိန်က 'ရတီမှန်'နှင့် 'ပွင့်လင်းဂေဟာ' နာမည်နှင့် လုံးချင်းဝတ္ထုများ ရေးနေချိန်လည်း ဖြစ်သည်။ ထိုစဉ်က ကျောင်းထိုင်ဆရာတော်သည် ဖေဖေ့စာများကို ဖတ်ပြီး လေးစားရင်းရှိသည်မို့ ဖေဖေ့လက်ထဲ သော့အပ်ကာ တောနယ်တစ်ခုမှ ကျောင်းတိုက်တစ်တိုက်သို့ သွားရောက်သီတင်းသုံးနေချိန်ဖြစ်သည်။ ကျွန်မတို့မှာအပူအပင်မရှိသော ကလေးများပီပီ ကျောင်းကြီး၏ဝန်းကျင်ရှိသော သရက်ပင်၊ ပိန္နဲပင်၊ မာလကာပင်များမှ အသီးများချိုင်ကာ ဆွတ်ခူးစားရသည်ကိုလည်း ပျော်လှသည်။ ကျောင်းကြီး၏ နောက်ဘက်တွင် ကွယ်လွန်သူ ဒါယကာ၊ ဒါယိကာမ၊ ကျောင်းဒကာ၊ ကျောင်းအစ်မ များ၏ နာမည်များကို ကမ္ပည်းတင်ထားသော အုတ်ဂူများကြားထဲတွင် တူတူပုန်းတမ်းကစားကြသည်မှာလည်း ပျော်လှသည်။ ကျောင်းပညာသင်ခြင်း ရပ်တန့်ထားသော ကလေးများအဖို့ လွဲ့လွဲ့စင်အောင် ဆော့ကစားခြင်းမှအပ တခြားလုပ်စရာ အလုပ်လည်း မရှိပါ။

ဘဝသည် တိုတိုလေးဟုဆိုကြသည်။ စစ်အတွင်း ခရီးကတော့ ရှည်လှသည်။ စစ်ဘေးဒဏ် ခိုလှုံကြရင်း ကျောင်းကြီးကွပ်ပစ်ခင်းထားရာနေရာလေးတစ်ခုတွင် နေကြသော မိသားစုက လေးဦးဖြစ်သည်။ တစ်ဦးမှာ ဦးဖေစိမ်း (ဆရာကြီး ရွှေဥဒေါင်း-ဦးဖေသိန်း၏ ညီ)နှင့် ဇနီး ဒေါ်စောလှတို့ ဖြစ်သည်။ နောက်တစ်ဦးမှာ ပန်းချီဆရာ (ကုန်သည်လည်း ဖြစ်သော) ဂျီလှမောင်တို့နှင့် ဇနီးဒေါ်မြမြ။ ထို့နောက် စက်သူဌေးသား ကိုကံညွန့်နှင့် ဇနီးကြည်ကြည်နှင့် ကျွန်မတို့ မိသားစုပင် ဖြစ်သည်။ ဦးဖေစိမ်းတွင် သမီးလေးတစ်ယောက်ပါလာသည်။ ကျွန်မနှင့် သူငယ်ချင်း။ မေရီဖေစိမ်း ဟုခေါ်သည်။ အိမ်အမည် ကြည်ကြည်ဖြစ်သည်။ ကျောင်းအပေါ်ထပ်၌ ဘယဆေးထုတ်လုပ်သူ ဇနီးမောင်နှံနှင့် ကျွန်မတို့အရွယ် ကလေးသုံးယောက်နေထိုင်ကြသည်။

ကျွန်မတို့သည် ဆိပ်ဖလူးပင်အောက် ပန်းများ ကောက်ခဲ့ကြသည်။ မိုးဦးလေဦး မုန်တိုင်းများကြားက တဖြုတ်ဖြုတ်ကြွေကျခဲ့သော ဘင်္ဂလားစိုင်နှင့် ရင်ကွဲသရက်သီးများကို အပြေးအလွှား လုကောက်ခဲ့ကြသည်။ ကျွန်မတို့မွေးထားသော အဖြူနှင့်အနက်ကြား ကြောင်ကလေးတစ်ကောင်က မြေတွင်းထိပ်ဝမှ စောင့်ကာ ခေါင်းပြူထွက်လာသော မြွေ၏ထိပ်ကို လက်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ပုတ်ကာ ကစားသည်ကို မကြောက်မလန့် ရယ်မောပျော်ရွှင်စွာ ငေးမော ကြည့်ရှု နေခဲ့ကြသည်။

[ ၃ ]

ကျွန်မအဖို့ ပစ္စက္ခဘဝကမ္ဘာထဲမှ အတိတ်ဘဝ ကလေးဘဝဆီသို့ မကြာခဏ ထွက်ပြေးဖူးသည်။

စီးပွားရေးချွတ်ခြုံကျမှု၊ လူမှုရေးဒုက္ခ
ဘဝကို အသစ်တစ်ဖန်၊ ပြန်ဖြစ်ချင်သော
အချစ်ငတ်မွတ်ခြင်းရောဂါ
စွဲကပ်လာသောအခါ၊ လူဆိုတာ
(ထွက်ပေါက်) ရှာတတ်တယ်။
- - - - - - - - - - - - -
ပျော်စရာကြီးနော်
အရွယ်သည် ပျိုနုကာ
ဘဝသည် လှပ်ကာ
လောကသည် ချစ်စရာ
ဖြစ်လို့သာ နေတော့၏။
- - - - - - - - - -
ဇွန်၊ ဇူလိုင်၊ ဩဂုတ်ရဲ့
ကတ္တရာလမ်းပေါ်မှာ ဗာဒံသီးတွေဟာ
ရွှေတုံး ရွှေခဲတွေလိုပဲ ပြန့်ကြဲနေကြ၏။

ကဗျာဆရာ 'ကိုဆွေ'၏ ကဗျာစာအုပ်ထဲမှ 'ဗာဒံသီး'များသည် သရက်သီးမှည့်များ ဖြစ်နေလို့နေပေပြီ။ ဦးအရိယကျောင်းတိုက်သို့ ရောက်ရှိလာကြသော မျိုးချစ်လူငယ်များနှင့် ဖေဖေ၏ စကားဝိုင်းကိုလည်း ကျွန်မ မေ့မပစ်နိုင်ပါ။ ခေတ်အဆက်ဆက် လူသားတွေ ကိုယ့်သမိုင်းကိုယ်ရေးခဲ့ ကြသည့်အနက် ကျွန်မကလေးဘဝ ဖြတ်သန်းလာသော ခေတ် (ဝ၊) ဒုတိယ

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာစစ်ကြီးကား ခါသီးပြင်းထန်သလောက် လွမ်းဆွတ်တမ်းတဖွယ်များ ဖြစ်ပေလိမ့်မည်ဟု ကျွန်မတင်စားဝံ့ပါသည်။

စစ်ကိုင်းမြို့မှ ဦးလေး ဘသိန်း (ရွှေစကားဘသိန်း)လည်း စစ်ထဲဝင်သွားပြီး မကြာမကြာ ကျွန်မတို့ဆီ ရောက်လာသည်။ ဦးလေးဘသိန်းသည် ဂျပန်ခေတ်တစ်လျှောက်လုံး ကျွန်မတို့နှင့် အဆက်အသွယ်မပြတ်ပေ။ ဂျပန်တော်လှန်ရေးပြီးခါးနီးအချိန်ကျမှ ငှက်ဖျားရောဂါနှင့် ကွယ်လွန်ရှာသည်။ သည်အကြောင်း ကျွန်မ၏ 'တို့တိုင်းဌာနီ' ဝတ္ထုထဲတွင် ထည့်ရေးဖူးသေးသည်။ ဦးလေးဘသိန်းဆီ ဖေဖေရေးသော စာပါ အချက်အလက်တချို့တွင်

*ငါ့ညီ ခုနေခါ ငါတို့ဟာ လှုပ်ရှားကြရမယ့် အခါဖြစ်တယ်။ တို့တွေ စကားပြောဖို့ အချိန်မဟုတ်ဘူး။ အလုပ်လုပ်ကြဖို့ အချိန်ပဲ။ မင်းတို့တပ်ရင်းမှူးက နောင်ကြီးကို 'ဦးလွှတ်လိုက်တဲ့လူဟာ ဆိုးတဲ့ ဆင်များဟာ သစ်ဆွဲကောင်းတယ်လို့ ရည်ညွှန်းလိုက်ပေမယ့် ထင်သလောက် သစ်ဆွဲ မကောင်းရင် ဦးဘယ်လို မှတ်ချက်ပေးမလဲ' တဲ့ ။ ဒါကြောင့် ကိုယ့်ရဲ့ဉာဏ်စွမ်းရည်၊ ဝီရိယစွမ်းရည်အားကိုးပြီး အလုပ်လုပ်သွားစေချင်ပါတယ်။ သူများနှစ်ဆ သုံးဆ အလုပ်လုပ်ပြပါ။ တပ်ရင်းမှူး ကျေနပ်ဖို့ထက် မင်းကိုယ်မင်း ကျေနပ်ဖို့ အရေးကြီးတယ်။ ကိုယ့်ကိုယ် လေးစားမှ သူများက ကိုယ့်ကို လေးစားမှာ ဖြစ်ပါတယ်။*

ကျွန်မတစ်သက်တာတွင် ဖေဖေ၏စကားများ စွဲနစ်ကျန်ရစ်သည်။ ဗုဒ္ဓမိန့်ခြွေချက် စကားများလည်း ရှိခဲ့သည်။ 'ယခု ငါတို့လုပ်သော အလုပ်ကို ကံရှိမှ ရသည်ဟု မယူရာ။ ထိုအလုပ်ကို လုပ်သော ဉာဏ်ဝီရိယသည် ကံဖြစ်၏။ ကောင်းစွာသော ဉာဏ်ဝီရိယဖြင့် အလုပ်ကို လုပ်ပါက ကောင်းစွာသော အကျိုးကို ရရှိပေမည်' ဟူ၏။ ■

**မေ၊ ၉၄၊ ရွှေရုပ်စုံမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com

# ဒိုင်ယာရီ ၁၃

[ ၁ ]

ရှေးအခါကာလ (ဂျပန်ခေတ်တုန်းက) သရက်ပင်၊ မရမ်းပင်၊ ပိန္နဲပင်များ အုပ်အုပ်နှင့် ညို့ညို့မှိုင်းမှိုင်း ရှိခဲ့သော ဦးအရိယကျောင်းတိုက်ကြီးကို ကျွန်မ ယနေ့ထက်တိုင် မြင်နေရသောအခါ စိတ်ထဲ ဝမ်းသာလှိုက်လှဲ ဖြစ်မိတာ အမှန်ပင်။ ဦးအရိယကျောင်းတိုက်ကြီးသည် ဗဟန်းကြားတောရလမ်း (ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ဆီသို့ သွားရာလမ်း)ပေါ်၌ တည်ဆောက်ခဲ့သော ကျောင်းအိုကြီး ဖြစ်သည်။

ဦးအရိယကျောင်းတိုက် ကျောင်းမကြီး တည်ဆောက်ခဲ့သည်မှာ နှစ်ပေါင်း ၁၂၂ ကျော်ခဲ့ပြီး သည်ဘက်ကျောင်းတိုက်များမှာ ၉၁ ရှိပြီဟု လက်ရှိ သီတင်းသုံးနေထိုင်သော ဦးပဉ္ဇင်းတို့က အမိန့်ရှိကြသည်။ ဗဟန်းကြားတောရလမ်းပေါ်ရှိ ရွှေကျင်ကျောင်းတိုက်ထက်ပင် တစ်နှစ်ကြီးသေးသည်ဟု ဆိုကြသည်။ ကျောင်းတိုက်ကြီးသည် အိုပင်အိုငြားသော်လည်း မပျက်စီးသေး။ ယနေ့ထက်တိုင်အောင် ခံ့ညားစွာ ခိုင်ခန့်လျက်ပင် ရှိသေးသည်။ မြန်မာ ဘုန်းကြီးကျောင်းတို့ ရှေးယဉ်ကျေးမှုကို ထိန်းသိမ်းသော အစဉ်အလာကောင်းသော ပြယုဂ်အဖြစ် တည်ရှိနေဆဲမို့ ကျွန်မတို့ နောင်လာနောက်သားများ ဝမ်းမြောက်ကျေနပ်ဖွယ်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဖေဖေ၏ ဒိုင်ယာရီတွင် လည်းကောင်း၊ ကျွန်မ၏ ဒိုင်ယာရီတွင်လည်းကောင်း၊ ဦးအရိယတိုက်တွင် ဖြစ်ပျက်သမျှတို့ မှတ်တမ်းများ ရရှိခဲ့လေသည်။ ဗဟန်းကြားတောရလမ်းနှင့်တကွ ဦးအရိယကျောင်းတိုက်ကြီး ပတ်ဝန်းကျင်တွင် လူတို့ အတ္တုပ္ပတ္တိဝတ္ထုပေါင်းများစွာကို ပြောကြားခဲ့လေသည်။ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီကတည်းကပင် နယ်ချဲ့ဆန့်ကျင်ရေး၊ နိုင်ငံရေး လှုပ်ရှားမှုများ၏ သော့ချက်ဖြစ်သော အစည်းအဝေးများကို သည်ကျောင်းတိုက်ကြီးထဲတွင် ကျင်းပခဲ့သည်။ တိုက်တစ်ရာကျောင်းဟူ၍အမည်တွင်သော ကျောင်းတိုက်တစ်ခုတွင် တိုင်လုံးများကား ကျွန်းတိုင်ကြီးများမို့ ခံ့ညားထည်ဝါလှသည်။ ရှေးမူမပျက် ကျောင်းတိုက်လက်ရာသည် ယနေ့ထက်တိုင် တည်ရှိနေဆဲမို့ ကျောင်းကြီးအိုသော်လည်း မပြိုပျက်ပါစေနှင့် ဆုတောင်းရသည်။ တော်တော်နှင့်လည်း ပြိုပျက်ဦးမည်မထင်ပါ။

ထို တိုင်တစ်ရာကျောင်း အပေါ်ထပ် မြတ်စွာဘုရား၏ ကျောက်ဆင်းတုရုပ်ပွားတော်တည်ရာ ဂန္ဓကုဋိတိုက်ခန်းမ၌ နိုင်ငံရေးအဖွဲ့အစည်းများ အစည်းအဝေး မကြာမကြာ ကျင်းပ နေရာဖြစ်သည်။ ထိုခန်းမနှင့်ဓားလွယ်ခုတ်နေရာ ထောင့်ခန်းမတစ်ခုတွင် ဂျပန်ကင်ပေတိုင်၏ ရန်မှကင်းဝေးရန် ဦးသိန်းဖေမြင့် ခိုအောင်းခဲ့ဖူးသော နေရာမှာ ယနေ့ထက်တိုင်ရှိနေဆဲ ဖြစ်သည်။

ယခု လက်ရှိ ကျောင်းထိုင်ဆရာတော်မှာ 'ဦးဓမ္မတေဇ' ဖြစ်ပြီးကျောင်းအုပ်ချုပ်ရေးတွင် နာယကဆရာတော်လည်း ဖြစ်သည်။ ယခင် ထိုကျောင်းကြီးကားပိဋကတ်တိုက်ဖြစ်ခဲ့သော်လည်း ယခုလက်ရှိ ဦးပဥ္စင်းတို့မှာ ၁၀ ပါးပင် မပြည့်တတ်ချေ။ ဓမ္မစရိယတန်းဝင် ဦးပဥ္စင်း ဦးဣန္ဒဝံသ (ရေဦး) နှင့် ဦးဣန္ဒက (ဘုတလင်) တို့ ပြောကြားချက်အရ လာမည့်အနာဂတ်ရေးတွင် ပရိယတ္တိစာသင်တိုက်ဖွင့်လှစ်ရန် ရည်ရွယ်လုပ်ဆောင်ဖို့ဆရာတော်အား လျှောက်ထားရာ ဆရာတော်က ဝမ်းသာစကား မိန့်ကြားခဲ့လေသည်။

ဦးအရိယ ကျောင်းတိုက်ကြီးကို သမိုင်းစဉ်အလာအရ ခေတ်အဆက်ဆက် ထရပ်စဘီစကင်း ဥပဒေနှင့် အုပ်ချုပ်ခဲ့ရာ ယနေ့ထက်တိုင်အောင်ပင်။ အရိယကျောင်းတိုက်၏ သမိုင်းအစတွင် ကိုရင်ကြီး ဦးဝိသုဒ္ဓက ကိုင်းတန်းမှ စကြဲကြွလာသော ဦးအရိယနှင့် ခင်မင်ရင်နှီးလာရာမှ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကို 'အပ်'သည်ဆိုသည်။ ထိုစဉ်က ကျောင်းသည် အုတ်တိုက်မဖြစ်သေး။

နောင်တွင် ဦးပဏ္ဍဝံသ (ဘုတလင်)၊ ဦးပညာဝံသ (ဘုတလင်) အိန္ဒိယပြန် ဦးဝိသုဒ္ဓတို့အုပ်ချုပ်လာကြသည်။ ကျွန်မဖေဖေနှင့် ရင်းနှီးသောဆရာတော်မှာ ဦးဝိသုဒ္ဓဖြစ်သည်။ ဦးဝိသုဒ္ဓမှာ တကိုးစန္တိနိကေတန်ကျောင်းထွက်ဖြစ်ပြီး အင်္ဂလိပ်၊ ပါဠိ၊ သင်္သကရိုက်ဘာသာများ ကျွမ်းကျင်သည်။ ကျမ်းတတ်ပုဂ္ဂိုလ်ဖြစ်သော ဆရာတော်နှင့်ဖေဖေတို့ ဘာသာရေး အကြောင်းအရာများ မကြာမကြာ ဆွေးနွေးကြသည် ဆိုသည်။ ကျွန်မတို့ ကလေးဘဝမှတ်မိသည်မှာ အသားညိုညို ခပ်သွယ်သွယ်၊ မျက်မှန်နှင့် ဆရာတော်မှာ ခပ်ငယ်ငယ်ပင် ရှိသေးသည်။ ကျွန်မတို့ ညီအစ်မတွေကို ဂျပန်ခေတ်ရှားပါးသော ဒိန်ခဲ၊ ဘီစကွက်၊ မုန့်သေတ္တာနှင့်ပန်းသီးများ ကျွေးလေ့ရှိရာ ကျွန်မတို့က ဆရာတော်ကို 'မုန့်ပေးတဲ့ ဘုန်းဘုန်း' ဟု ခေါ်ကြသည်။ ဆရာတော်သည် ဖေဖေ့ကို ကျောင်းတိုက်ကြီးတစ်ခုလုံး၏ သော့ကို အပ်နှံခဲ့ကာ ဇာတိရပ်ရွာကို ပြန်လေသည်။

တစ်ခါတစ်ခါ ရန်ကုန်သို့ ပြန်ကြွလာကာ ကျွန်မတို့အတွက် မုန့်ပဲသရေစာများယူလာတတ်သည်ကို မမေ့နိုင်။ ကျောင်းဝင်းအတွင်း ကျွန်မတို့ပြေးလွှားဆော့ကစားကြရာ အသီးများ ပြွတ်သိပ်နေသော ပိန္နဲပင်များ၊ သကြားသီးပင်များ၊ လေအဝှေ့တွင် တဖြုတ်ဖြုတ်ကြွေကျနေသော သရက်သီးရွှမ်းပြင်းများ၊ ရှဉ့်များကိုက်ဖောက်၍ ကြွေလာသော မန်ကျည်းကြက်ဆူသီးများ၊ ညဉ့်အခါ ဖူးပွင့်ကြသော ညမွှေးပန်းရုံများ၊ ဆိတ်ဖလူးပန်းရုံများ၊ ကလေးဘဝ ပျော်ရွှင်ဖွယ်နေ့ရက်များ ဖြစ်ခဲ့သည်။

[ ၂ ]

ကျောင်းပတ်ဝန်းကျင်တွင် ပုံးခိုကျင်းများ တူးထားရသည်။ မဟာမိတ်ပုံးကြဲလေယာဉ်ပျံတို့သည် အချိန်မရွေး လာရောက် ပုံးကြဲတိုက်ခိုက်မြဲပင်။ ကျွန်မတို့ မျက်စိရှေ့တွင်ပင် ပုံးမှန်သဖြင့် ရင်ဘတ်တစ်ခြမ်းနှင့် မျက်နှာတစ်ခုလုံး စုတ်ပြတ်ဖွာလန်သွားသော သားအတွက် ခုန်ပေါက်ရှူးသွပ်သွားသော မိခင်တစ်ဦးကို တွေ့ခဲ့ဖူးသည်။ ပုံးကြဲလေယာဉ်ပျံ ရောက်မလာသည့် အခိုက်တွင်တော့ ဗဟန်းတစ်ဝိုက် သာတောင့်သာယာ ရှိနေတာတော့

www.burmeseclassic.com

www.burmeseclassic.com



အမှန်ပင်။ ထို့ကြောင့် ကျွန်မ၏ 'တို့တိုင်းဌာနီ' လုံးချင်းဝတ္ထုတွင်

*မဟာမိတ် ဗုံးကြဲလေယာဉ်လာသည့်အခါတွင် ဗုံးခိုကျင်းသို့ ဆင်းပြေးရသည့် အကြိမ်တွေလည်း မရေမတွက်နိုင်တော့ပေ။*

*ထိုစဉ် ဗဟန်းကျောင်းတိုက် ပတ်ဝန်းကျင်နေရာတွင် အလွန် စည်ကားလေသည်။ သရက်၊ မရမ်း၊ ပိန္နဲ၊ မာလကာ၊ သြဇာ အစရှိသော သစ်ပင်ကြီးငယ်တို့သည် ဝေဝေဆာဆာ အေးရိပ်သာယာလျက် ရှိသည်။ အချိန်အခါအလိုက် သရက်သီး၊ မရမ်းသီးများသည် အခိုင်လိုက်၊ အတွဲလိုက် သီးမှည့်လေသည်။*

*ကြားတောရလမ်းတစ်လျှောက်မှာကား ဆိုင်ကြီးဆိုင်ငယ်အသွယ် သွယ်နှင့် အလွန်စည်ကားလေသည်။ ဗုံးမကြဲသည့်အခိုက်တွင် လူတို့သည် ဥဒဟို သွားလာဖြတ်သန်းကြသဖြင့် ပွဲတော်တမျှ စည်ကားလေသည်။ (ထို စဉ်က မြို့ထဲမှာ လူမရှိခြောက်သွေ့နေသည်) ကြားတောရလမ်းကို ဦးတည် လျှောက်သွားလျှင် အရှေ့ဘက်ရွှေတိဂုံစောင်းတန်း ခြေရင်းသို့ ရောက်လေ သည်။*

*ဥသြငှက်များသည် တေးဖွဲ့သီကာခါနွေဆန်းကို ကြိုဆိုကြသည်။ အထူးသဖြင့် သစ်ပင်ကြီးငယ်တို့နှင့် ရိပ်သာဆိုင်းဆိုင်း ရှုလိုက်တိုင်း အသိုင်း အဝိုင်းတွင် သာယာအေးမြသော ဗဟန်းကျောင်းတိုက်များရှိရာ နေရာမျိုး၌ ဥသြငှက်များ၏ တေးသံသည် ပို၍ ချိုလွင်နေသည်။*

ရေးခဲ့သည့်အတိုင်းပင် ဥသြငှက်၏ တေးသီသံကို ကျွန်မငယ်စဉ် ကတည်းက ချစ်မြတ်နိုးခဲ့လေသည်။ ကျွန်မတို့ ညီအစ်မတစ်တွေနှင့်ကျောင်း ဝန်းတွင် လာရောက်ခိုလှုံကြသော ကလေးငယ်တစ်သိုက်တို့ ဥသြငှက် ကလေးများ အော်သံကို နှစ်လိုစွာ လိုက်အော်ခဲ့ကြသည်။ ကျွန်မတို့ ဗဟန်း ရောက်စ ကျောင်းဝင်းရှေ့တွင် ဆိတ်ဖလူးပန်းရုံများ ရှိခဲ့သည်ကို

*ဆိတ်ဖလူးပန်းရုံ နှစ်ရုံမှာ ဆိတ်ဖလူးပန်းတို့သည် ဖွေးဖွေးလှုပ် ပွင့်နေသည်။ ပန်းပွင့်လေးများသည် အဖြူခံတွင် ရွှေနီရောင်ဝတ်ဆံများနှင့် ချစ်စဖွယ်ကောင်းလေသည်။ ပန်းရနံ့မှာ ပတ်ဝန်းကျင်တစ်ခုလုံးတွင် သင်း ပျံ့နေသည်။ မိသည် နှီးကြိုးကို အဖျားသပ်ကာ ပန်းပွင့်လေးများကို သီကုံး နေသည်။*

*ပန်းရုံအောက် အုတ်ခဲတစ်ခုပေါ်တွင် ရေဖလားတင်ထားက ပန်း ပွင့်ကလေးများကို ဆေး၍ဆေး၍ သီသည်။*

www.burmeseclassic.com

www.burmeseclassic.com



ဟု ရေးဖွဲ့ခဲ့ရာ ကျွန်မဝတ္ထုတွင် ထိုဆိတ်ဖလူးပန်းရုံမှာ ဇာတ်ကောင် ဗိုလ်သူရကို များစွာအထောက်အကူ ပြုခဲ့လေသည်။ ဗိုလ်သူရမှာ တိုင်းပြည်တာဝန် ထမ်းဆောင်သော ကိုယ်စားပြုဇာတ်ကောင်ဖြစ်လေရာ သူ့လှုပ်ရှားမှု အသေးစိတ်နှင့် သူ၏ သမိုင်းဝင်စကားများကို ကျွန်မ လွမ်းတသသ ရေးခဲ့လေသည်။

*ကျောင်းကြီးမှာ အုတ်နီများနှင့် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်ဖြစ်သည်။ ကျောင်းကြီးသည် ဟောင်နွမ်းအိုမင်းနေပေပြီ။ ကိုသူရသည် ဆိတ်ဖလူးပင် နှစ်ပင်နားရောက်လျှင် အုတ်ခုံပေါ်တွင်ထိုင်ကာ ဖိနပ်စီးလေသည်။*

*ထိုဆိတ်ဖလူးပင် ပန်းရုံနား၌ ဗိုလ်သူရဖိနပ်စီးပြီး သူ၏ တပ်သို့ ပြန်သလို ရုံဖန်ရံခါ ဗိုလ်သူရသည် ထိုပန်းရုံနား ရုတ်တရက် မိ, မသိအောင် ရောက်လာတတ်သည်။ မိသည် သူတို့ မိသားစုကို မကြာခဏ ခွဲသွားသော ဗိုလ်သူရကို မြင်လျှင် အံ့ဩရင်ခုန်ရသည်။*

*မိ၏ ရင်ထဲတွင် တလှုန်လှုန်ခုန်ကာ မျက်လုံးများကား ဝင်းလက်လာသည်။ ဝမ်းသာသည်လား၊ ဝမ်းနည်းသည်လား ခွဲခြားမသိနိုင်ဘဲ ရှိသည်။*

*ထိုအရိယကျောင်းတိုက်အတွင်းမှာပင် ဗိုလ်သူရ၊ ရန်နောင်တို့ ညီအစ်ကိုနှင့် ဖခင်ဦးဘကျော်တို့ နိုင်ငံရေးဆွေးနွေးခဲ့ကြသည်။ ထိုကျောင်းတိုက်တွင် ဗိုလ်သူရနှင့် ဗိုလ်ရန်နောင်ရေးပို့သောစာကို နှမငယ်ထွေးနှင့် ချစ်သူ 'မိ' တို့ ဖတ်ခဲ့ကြရသည်။*

*ဒီနယ်တစ်ဝိုက်မှာ အင်္ဂလိပ်တို့ဘက်က ဝင်းဂိတ်လေထီးတပ်များ လှုပ်ရှားနေတယ်။ အင်းတော်ကြီးတစ်ဝိုက်မှာဆို အတော်များနေတယ်။ အရေးကြီးတာနဲ့ ငါတို့စစ်ချီတက်ခဲ့ရတယ်။ တောတွေတောင်တွေ အင်မတန် ထူထပ်တဲ့ နေရာပေ့ါ။ အင်္ဂလိပ်လေယာဉ်ပျံတွေက ဗုံးလာချတယ်။ စက်သေနတ်နဲ့ လာပစ်တာ စားအိုးစားခွက်တွေတောင် မှန်လို့ ငါတို့ ထမင်းတောင်ငတ်တယ်။ တိုက်ပွဲဟာ တစ်နေ့ကများ မနက် ၁၀ နာရီက ညနေ ၅ နာရီ အထိ ပြင်းပြင်းထန်ထန် တိုက်ကြတယ်။*

*အင်္ဂလိပ်အင်အားက ၄၀၀၀၊ မြန်မာအင်အားက ၆၀၀ ပဲ ရှိတယ်။*

အမှန်ကတော့ ဦးအရိယတိုက် ဖေဖေ့တို့နေနေသော နေရာကို ရောက်လာကြသော မြန်မာ မျိုးချစ်လူငယ်များသည် နောင်တစ်နေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မဝတ္ထုထဲမှာ ဇာတ်ကောင်များ မလွဲမသွေ ဖြစ်လာကြသည်။ ဖေဖေ ကျောင်းတိုက်ရောက်ခါစ သူ၏လစာငွေများကို ကြိုထုတ်ကာ ငွေ ၁၀၀၀ ကျပ် ကန်တော့ခဲ့သော ဗိုလ်မှူးသည် ဗိုလ်သူရပင် မလွဲမသွေဖြစ်လာပေ လိမ့်မည်။ ကျွန်မရေးခဲ့သော အဖြစ်အပျက်အချို့သည် ယထာဘူတ အရှိ တရားများ ဖြစ်ပါသည်။

သို့သော်လည်း နောင်တစ်နေ့တွင် ကျွန်မနှင့် သားအမိသဖွယ် ခင်မင်ရင်းနှီးလာသော စာရေးဆရာမလေး ဂျူးက

'ကျွန်မ မေဦးဝတ္ထုထဲက ဇာတ်လိုက်တွေ ငယ်ငယ်ကတည်းက စွဲခဲ့ပြီး သဘောကျလိုက်တာ၊ အပြင်မှာ ရှာကြည့်ရင်း ခုချိန်ထိ အပျိုကြီးဖြစ် နေတာပေါ့'

ရယ်ပွဲဖွဲ့၍ ဝေဖန်ပါသည်။

ကျွန်မတို့နှစ်ယောက် ကွဲပြားသော အကြောင်းအရာများကို ရေးဖွဲ့ ရင်း တစ်ယောက်ရေးသော စာတွေကို တစ်ယောက်ကြိုက်ခဲ့ကြတာ ထူးဆန်း ပေလိမ့်မည် ထင်ပါသည်။ သို့သော် ကြည်အေးကြိုက်ခဲ့သော ကျွန်မမှာ လက်တွေ့ လုံးချင်းဝတ္ထုတွေရေးတော့ ကျွန်မ၏ အရေးအဖွဲ့သည် ဖေဖေနှင့် တူပြီး ကျွန်မ၏ဝတ္ထုများကို စွဲလမ်းနှစ်ခြိုက်ခဲ့သောဂျူးသည် ကြည်အေးနှင့် ရိုးစွဲလိုက်နေသည်။ ကျွန်မတို့ ကျန်ရှိနေသော ခေတ်သစ်စာပေသမိုင်းတွင် ဂျူးသည် ကျွန်မရေးခဲ့သော ဝတ္ထုနောက်ခံနှင့် ကျယ်ပြန့်သော အကြောင်း အရာများကို ဖန်တီးလို၍ ကျွန်မသည် သူ၏ထိရှသော ခံစားမှုများဖြင့် ရသ မြောက်သောဝတ္ထုများကို ဖန်တီးချင်ပါသေးသည်။ ကြက်ဥမွှေသလို ရော မွှေရလျှင် ကောင်မလား မကြာမကြာ ကျွန်မ နောက်ဖူးသည်။

ထူးဆန်းသော တိုက်ဆိုင်မှုတစ်ခုကလည်း ကျွန်မတို့ မိသားစု ဗဟန်းကြားတောရလမ်း ဦးအရိယ ကျောင်းတိုက်တွင် စစ်ပြေးခိုလှုံဆဲ မမ ကြည်အေးတို့ မိသားစုကလည်း ဗဟန်းအရှေ့မုခ်နှင့် ပို၍နီးသော ဦးအရိယ ကျောင်းတိုက်တည်ရာ လမ်းဘေးတစ်ဖက်တည်းရှိ ရွှေဘိုကျောင်း ဗားကရာ ကျောင်းများ ရှိလေရာ စာရေးဆရာမ ကြည်အေးက ထိုကျောင်းရိပ် တစ်ခု တွင် စစ်ဘေးရန်မှ ကင်းလွတ်ရန် ခိုလှုံခဲ့သည်။ သည်အကြောင်းတွေကို မမကြည်အေး ပြောပြမှပဲ နောင်မှ သိလာရသည်။

ကျွန်မတို့ ရေးဖွဲ့လာသော စာများသည် ကျွန်မတို့ ထိတွေ့ကြီး ပြင်း လာရသော ခေတ်ကာလနှင့် ပတ်ဝန်းကျင်၏ ရိုက်ခတ်လှုံဆော်ချက

www.burmeseclassic.com

www.burmeseclassic.com



ျ်များနှင့် နှီးနွှယ်ပတ်သက်နေလိမ့်မည်ဟု ထင်ပါသည်။ စစ်၏ ကြမ်းကြုတ်စွာ အနိုင် ကျင့်မှုကို မုန်းတီးပြီး ငြိမ်းချမ်းရေးကို မြတ်နိုးစွာ တမ်းတသော တရုတ်အမျိုး သား ကဗျာဆရာကြီး 'တူဖူး' Tufu ၏ ကဗျာများကို ကျွန်မသည် မလွဲမသွေ ကြိုက်နှစ်သက်လာရသည်မှာ အမှန်ပင်။ သူ၏ 'ထင်းရှူးပင်လေး' ကဗျာမှာ-

ကျွန်တော်ငယ်ငယ်က
စစိုက်ခဲ့တဲ့ ထင်းရှူးပင်ပေါက် လေးပင်ဟာ
ခုဆိုရင် သုံးပေတာမျှ ကျွန်တော့်အရပ်လောက်
မြင့်နေပါပကော။
အကိုင်းအခက်လေးတွေဟာ ကြေမွ ပျက်ယွင်းနေပေမယ့်
အမြစ်တွယ်ပုံကတော့ ခိုင်ခံ့လှပါတယ်။
အရွက်တွေက စိမ်းရင့်မှောင်လို့
သူတို့ကိုအကာအကွယ်ဖြစ်အောင် ခြံစည်းရိုးခတ်ထားခဲ့တယ်။
ဒါပေမယ့် ခြံစည်းရိုးတွေ ကျိုးပျက်နေပါပကောလား။
ဒါကို ကျွန်တော် ပိုင်တယ်လို့ ကျွန်တော် ဘယ်ပြောရဲမလဲ။
'ငြိမ်းချမ်းရေး'ဆိုတာ
ရောက်မှ ရောက်မလာသေးတာပဲ။ ■

**ဇွန် ၊ ၉၄၊ ရွှေရုပ်စုံမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com

# ဒိုင်ယာရီ ၁၄

[ ၁ ]

စစ်အတွင်း ဂျပန်ခေတ်တွင် ရွှေတိဂုံဘုရားခြေရင်းနှင့် ကန်တော်ကြီးတစ်ဝိုက်တို့၌ အလွန်စည်ကားသော ရွှေဂုံမြို့တော်တွင် ကျွန်မတို့ ကျင်လည်ထိတွေ့ခဲ့ဖူးသည်။ ထိုအချိန်၌ အရိယကျောင်းတိုက် ရှေ့မျက်နှာစာတွင် တရုတ်၊ ကုလား၊ မြန်မာစားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များမှာ ပျော်ဖွယ် နတ်ဘုံနတ်နန်း ပမာပင်။ မဟာမိတ်ဗုံးကြဲလေယာဉ်များ လာရောက်တိုက်ခိုက်ခြင်းမရှိသည့်အချိန်အခါတွင် 'စစ်' ဆိုသည်ကို ခေတ္တ မေ့ထား၍ ရသည်။

မြန်မာရုပ်ရှင်ဇာတ်ကားများ မထုတ်လုပ်နိုင်ကြသဖြင့် ရုပ်ရှင်အဖွဲ့ဝင်များ လူကိုယ်တိုင်ကပြသော ပြဇာတ်များ စတင်ပေါ်ပေါက်လာချိန် ဖြစ်သည်။ ထိုပြဇာတ်များကို 'မြိုင်'ရုံတွင် အများဆုံး ကပြခဲ့ကြသည်။ မြိုင်ရုံမှာ တိရစ္ဆာန်ရုံ မြောက်ဘက်ပေါက် အနီးရှိ ကန်တော်ကြီးကျွန်းတွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ 'နေသူရိန်'ကိုလည်း ထိုကန်တော်ကြီးကျွန်းတွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။

ဂျပန်များသည် ထိုရုံများသို့ အရက်များမူးပြီး လက်မှတ်မယူဘဲ ဝင်ထိုင်ကာ အမြဲလိုလို ရန်ဖြစ်တတ်ကြသည်။ ထို့ပြင် ဂျပန်စစ်သားတို့သည်

www.burmeseclassic.com

www.burmeseclassic.com



လူအစည်ကားဆုံး နေရာများဖြစ်သည်။ ကန်တော်ကြီး အလယ်ကျွန်းများ၊ ဗဟန်းအုတ်လမ်း၊ နတ်မောက်လမ်း ပတ်ပတ်လည်နှင့် ရွှေဂုံတိုင်၊ ရေတာရှည်၊ ရွှေဂုံလမ်း (လင့်ခ်လမ်း) များတွင် လမ်းသွားလမ်းလာ မြန်မာအမျိုးသမီးများကို ခေါ်တောကြည့်ကြည့်ပြီး ဂျပန်စကား မကြားတကြား ပြောကြသည်။ ထို့ကြောင့် ယခင် ဂျပန်တွေ တက်ခါစတုန်းက ဘူရှိဒို (သူရဲကောင်း) စိတ်ဓာတ်နှင့် ကြည်ညိုလေးစားခဲ့သော်လည်း ထိုအချိန်၌ လူထုက အော့ကြောလန်နေကြပေပြီ။ ထိုသို့ လူထုက ဂျပန်စစ်သားများကို ရွံမုန်းသောအခြေအနေသို့ ရောက်ရှိလာကြသောအခါ ဂျပန်တစ်ယောက်နှစ်ယောက်မူးရမ်းလာလျှင် ဝိုင်းရိုက်လွှတ်ကြတော့သည်။

ထိုအချိန်တွင် ကျွန်မတို့ ညီအစ်မတစ်တွေနှင့် ကလေးတစ်သိုက် ဦးအရိယကျောင်းတိုက် ပတ်ဝန်းကျင် သရက်ပင်၊ မရမ်းပင်နှင့် ပိန္နဲပင်ရိပ်အောက်များ၊ ကျောင်းဒါယကာ၊ ဒါယိကာမများ လှဲလျောင်းရာ အုတ်ဂူကြားဆိတ်ဖလူးပန်းရုံနှင့် စကြာပန်းရုံ၊ ဇလပ်ပန်းရုံများအကြား ပြေးလွှားကစားနေကြဆဲ ဖြစ်သည်။

အင်္ဂလိပ်လေယာဉ်ပျံများသည် ရန်ကုန်မြို့ ဗိုလ်တထောင် ကမ်းနားတစ်လျှောက် မင်္ဂလာဒုံလေယာဉ်ကွင်း၊ အင်းစိန်မီးရထား အလုပ်ရုံများ၊ သမိုင်းခြံကြီးများအတွင်းရှိ ဂျပန်လက်နက်ခဲယမ်းမီးကျောက် အလုပ်ရုံများ၊ သိုလှောင်ရုံများကို ဆက်၍ဆက်၍ အပြင်းအထန် ဗုံးကြဲလျက် ရှိလေသည်။ တစ်ခါတစ်ခါ ဗုံးများ ကျွန်မတို့ နေထိုင်ခိုလှုံသော ဗဟန်းကြားတောရလမ်းသို့ မျက်စိလည် လမ်းမှားကာ ကျရောက်တတ်လေရာ ဥသြဆွဲပြီဆိုလျှင်တော့ ကျွန်မတို့ အသင့်တူးထားသော ဗုံးခိုကျင်းထဲသို့ ဆင်းရမြဲပင်။

ရွှေဂုံတိုင်လမ်း (လင့်ခ်လမ်း) ရှိ ဟိုတယ်များတွင်တော့ လူစည်ကားမြဲပင်။ အမျိုးသားများပါမက အမျိုးသမီးအချို့ပါ အရက်သေစာ သောက်စား မူးယစ်သည်ကို မြင်တွေ့နေရသည်။ 'စစ်' သည် ပစ္စည်းအဆောက်အအုံ ရုပ်ဝတ္ထုများ၊ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းများကို ပျက်စီးစေရုံသာမက လူတွေ၏ စိတ်ဓာတ်ကိုပါ ဖျက်ဆီးပစ်လိုက်လေသည်။ စစ်အတွင်း၌ အပျော်အပါးထဲတွင် နစ်မွန်းရင်းသေကြေ ပျက်စီးကြသော သူများသည် ဒုနှင့်ဒေး။ တစ်ညတွင် ကျွန်မတို့ မျက်စိရှေ့အရက်သေစာ သောက်စားမူးယစ် ပြန်လာကြသည့် သားအမိနှစ်ယောက်အနက် သားဖြစ်သူ ဗုံးဆန်မှန်သေ၍ ရှုံးသွပ်သွားသော အမေကိုမြင်ဖူးလိုက်သည်။ ယနေ့အချိန် ပြန်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တွေးကြည့်မိလျှင် ကျွန်မအနေနှင့်ကတော့ မီရောဆလပ်ဟိုလပ်(ဗ်) Miroslav Holub ၏ 'ဗုံးကြဲပြီးနောက် ငါးမိနစ်' Five Minutes After Air Raid မောင်သစ်မင်း ဘာသာပြန်ခဲ့သည်ကို သတိရမိသေးသည်။

ပီလဆင်မြို့မှာ . . .
နှစ်ဆယ့်ခြောက် ဘူတာရုံလမ်း
တစ်အိမ်လုံးမှာ
ကျန်ခဲ့သမျှ ဒါပဲဖြစ်တယ်။
လှေကားအတိုင်း
တတိယထပ်ကို တက်သွား
သူ့အခန်းတံခါးကို ဖွင့်လိုက်တော့
လုံးဝ မိုးကောင်းကင်ကြီးသာ
လှေကားစွန်းမှာ ငေးရပ်နေမိ။
ဒီနေရာဟာဖြင့်
ကမ္ဘာလောကကြီးဆုံးတဲ့ အရပ်ပဲ။
. . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . .

[ ၂ ]

ပြီးတော့ သူထိုင်ချလိုက်တာ
စောင့်ဆိုင်းနေလေရဲ့
အိမ်ကြီး ပြန်ထလာဖို့
သူ့ယောက်ျား ပြာပုံထဲက ထလာဖို့
သူ့ကလေးတွေရဲ့ ခြေလက်တွေ
နေရာတကျ ပြန်တပ်မိဖို့။
မနက်ကျတော့
သူ့ကို လူတွေ တွေ့ကြရတယ်။
ကျောက်တုံးလို ငြိမ်သက်လို့
စာကလေးတွေက သူ့လက်ကို
ဆိတ်လို့ . . .

www.burmeseclassic.com

www.burmeseclassic.com



စစ်အနိဋ္ဌာရုံ၏ ပြယုဂ်တစ်ခုဖြစ်ပါသည်။ စစ်အတွင်း ကမ္ဘာသူကမ္ဘာသား အားလုံးအတွက် လောကသင်္ခါရဖြစ်ကြောင်း ကျွန်မရေးခဲ့ဖူးပါသည်။ ၁၉၇၀ နှောင်းပိုင်းတွင် ဂုဏ်ရုံ၌ ပြသဖူးသော ကယ်ဘရေ Cabaret ဆိုသော ရုပ်ရှင်ကားတစ်ကားကို ကျွန်မ သတိရမိသေးသည်။ ဂျာမန်တွေ အုပ်စိုးသော နယ်မြေတွင် ဖြစ်ပျက်သမျှ ရိုက်ကူးသွားသော ရုပ်ရှင်ဇာတ်လမ်းဖြစ်သည်။ မဟာမိတ်ဗုံးကြဲလေယာဉ်ပျံကြီးများ တိုက်ခိုက်ခြင်းခံရသော မြို့သူမြို့သားများ၊ ပျော်ပွဲရုံများနှင့် ညကလပ်များ၊ အဆိုတော်ကချေသည်များ ကျင်လည် ကျက်စားသော ကလပ်တစ်ခုတွင် မင်းသမီး လီစာမီနယ်လီက ကြေးစားအဆိုတော် (ကိုယ်နှင့်ရင်း ငွေရှာသူ) အဖြစ် သရုပ်ဆောင်ပါဝင်ရာ ကပြရင်း သီဆိုသော ငွေ . . . ငွေဆိုတာ Money Money သီချင်းသံ နားဆင်သူတွေ ညာသံပေးဆဲ၊ တစ်ဖက် ဂတ်စတာပိုရုံးခန်းမှ အကျဉ်းသားများ တဖြောင်းဖြောင်း ရိုက်နှက်နှိပ်စက်နေပုံ၊ ဂတ်စ်စတာပိုတို့ နှိပ်စက် လက်လွန်၍ ပစ်ချလိုက်သော လူလတ်ပိုင်းအရွယ်အလောင်းတစ်လောင်း၊ လမ်းပေါ်တွင် လမ်းကြိုလမ်းကြား အစာရှာဖွေနေကြသော ကလေးငယ်များ၊ မိန်းမပျက်များနှင့် အပေးအယူစကားဆိုနေကြသော ကာလသားများ ရိုက်ကွင်းကို လှည့်ပြသွားတာ အစုံပင်။

ထိုရုပ်ရှင်ကားကို ကျွန်မ ဒုတိယအကြိမ်မြောက်ကြည့်ပြီး ကျွန်မအိမ်သို့ လာလည်သူ တင်မိုးမြိုင် (မိုးဝေကလောင်ရှင်၊ လေယာဉ်ပျက်ကျသည့်အထဲ ပါသွားခဲ့သော စာပေပညာရှင်လေယာဉ်မောင်) က 'ကယ်ဘရေ' ရုပ်ရှင်ကားအကြောင်း ဆွေးနွေးလာသည်။

'ကျွန်တော် ဒီဇာတ်ကားကို ကြည့်တာ သုံးခါရှိသွားပြီ ဒေါ်လေး'

သူပြောပြမှ ရုပ်ရှင်ကား၏ ရုပ်လုံးကကြွနေသည်။ အက်ရှင်ဖိုက်တင်ကားများ၊ ချွတ်ဖော်ကားများ မွေ့လျော်သူများကတော့ သည်ဇာတ်ကားကိုစိတ်မရှည်ကြ။ ကျွန်မကတော့ အတော်ပင် နှစ်သက်မိသည်။ ကျွန်မတို့ စစ်အတွင်းတုန်းက ကြုံလာသမျှ သည်ရုပ်ရှင်ဇာတ်ကားပြသလိုသော ရည်ရွယ်ချက်နှင့် မခြားနားလှပေ။

မြောက်မြားလှစွာသော သမိုင်းမျက်နှာတွေထဲက ကျွန်မ၏ သီးခြား ဒိုင်ယာရီကို ဖောက်သည်ချခွင့်ရတာပဲ ကံကောင်းလှပြီဟု ဆိုချင်ပါသည်။ သည်တုန်းက ဗုံးဒဏ်၊ စက်သေနတ်ဒဏ်နှင့် ကျွန်မ ခြေလက်တွေတစ်ပိုင်းတစ်စပြတ် (ဟိုလပ်ဗ်ရေးသလို) သေခဲ့လျှင်လည်း သည်အခွင့်

www.burmeseclassic.com

www.burmeseclassic.com



အရေးမျိုး ဘယ်မှာရနိုင်ပါမည်လဲ။ ပိုပြီးထူးခြားတာက ကျွန်မအဖို့ နောင် အနှစ်၂၀နီးပါးမှာ 'တို့တိုင်းဌာနီ'ဆိုသော လုံးချင်းဝတ္ထုတို ရေးဖြစ်ခဲ့ခြင်းပင် ဖြစ်ပါသည်။ ကျွန်မ ငယ်ငယ်ကတည်းက ယဉ်ပါးလာခဲ့သော အယူအဆ တစ်ခုသည် ရင်ထဲ စွဲထင်နေခဲ့သည်။ ဆန်းလှသည် မဟုတ်သော်လည်း ကျောင်းဆရာမအဖြစ် ကလေးတွေကို စာသင်သောအခါ ကျွန်မရွတ်ပြလေ့ ရှိသော အတွေးတစ်ခုမှာ

ပန်းပွင့်များသည် ရင့်ရော်ကြွေပျက်ရန်အတွက်သာ ဖူးပွင့်လာခဲ့ ခြင်းမဟုတ်သလို လူ့ဘဝဆိုသည်မှာလည်း သင်္ချိုင်းကုန်းသို့ သွားရန်အတွက် သာ အသက်ရှင်နေထိုင်ရခြင်းမဟုတ်ကြောင်း သူ သဘောပေါက်လေပြီ။

ကျွန်မတို့နေထိုင်သော ကြားတောရလမ်း ဦးအရိယကျောင်းတိုက် သို့ အရပ်ဝတ်အရပ်စားနှင့် ရုပ်ဖျက်လာလေ့ရှိသော အသက် ၂၃ နှစ်ခန့်ရှိ စစ်ဗိုလ်ကလေးကို ကျွန်မတို့သဘောကျ ခင်မင်လျက်ရှိလေသည်။ သူသည် တစ်ခါတုန်းက ဆင်းရဲနေသော ဖေဖေ့အား သူ့လစာငွေထဲမှ'ငွေတစ်ထောင်' လှူဖူးသူဖြစ်သည်။ ဂျပန်တွေ ဩဂုတ်လ ၁ရက်နေ့ ၁၉၄၃ တွင် 'လွတ်လပ် ရေး' ကြေညာကာ ပွဲလမ်းသဘင် အကြီးအကျယ်ကျင်းပကြသည်။

ကျွန်မတို့သည် ထိုလွတ်လပ်ရေးပွဲတော်ကျင်းပရာ ကန်တော်ကြီး သို့ ဦးလေးနှင့်အတူ ရောက်ဖူးသည်။ ကျွန်မတို့ ဗဟန်းကျောင်းတိုက်တွေမှာ ရေပြတ်လပ်နေသဖြင့် ကန်တော်ကြီးအလယ်ကျွန်းတွင် ဖေဖေ၊ မေမေနှင့် တကွ အခြားမိသားစုတွေပါ စုဝေး၍ နေ့စဉ်ရေချိုး အဝတ်လျှော်နေကျမို့ ကျွန်မတို့အဖို့ ရင်းနှီးကျွမ်းဝင်သော နေရာများလည်း ဖြစ်သည်။

ဂျပန်က ကြေညာပြီး မြန်မာပြည်ကို ပေးသော ထိုလွတ်လပ်ရေး မှာ မမှန်ကန်ဘူးဟု ဖေဖေရော၊ ဖေဖေ့ဆီရောက်လာကြသော နိုင်ငံရေး သမားလူငယ်များကရော တီးတိုးဝေဖန်ကြသည်။

ဂျပန်ကင်ပေတိုင်ဆိုသည်မှာ ဂျာမန်ဂတ်စတာပိုလိုပင် မသင်္ကာ သူများ၊ တော်လှန်သူများကို ညဉ်းပမ်းနှိပ်စက်ကလူပြုသည့် ဌာနဖြစ်သည်။ ဂျပန်ကပေးသော လွတ်လပ်ရေးနှင့် ဂျပန်အုပ်ချုပ်မှုနှင့်က ဖီလာကြီးဖြစ် သည်။

ဤသို့လျှင် သမိုင်းဖြစ်စဉ်များကို နောင်လာနောက်သားတို့ မှတ် တမ်းတင် ရစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

တို့တိုင်းဌာနီမှ ဗိုလ်သူရနှင့် သူ၏ဖခင် ဦးဘကျော်တို့ အချီအချ ပြောခန်းတွင်

'၁၉၄၃ ခု၊ ဩဂုတ်လ ၁ရက်နေ့က ဂျပန်တွေက မြန်မာတွေကို ပေးခဲ့တဲ့ လွတ်လပ်ရေးကို ဖေဖေဘယ်လို သဘောရသလဲ'

'အဲဒီ လွတ်လပ်ရေးက မမှန်ဘူးလို့ ဆိုရမှာပဲ။ အဓိပတိ ဒေါက်တာဘမော်ဟာလဲ ဂျပန်စစ်အာဏာပိုင်တို့ ကြိုးဆွဲရာကနေတဲ့ ရုပ်သေးရုပ်ပဲ။ ပါလီမန်ရယ်လို့ မရှိဘူး။ နောက်ပြီး ကာကွယ်ရေးဌာနဝန်ကြီး သခင်အောင်ဆန်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး သခင်သန်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီး သခင်နု၊ ဒုတိယဝန်ကြီးချုပ် သခင်မြ အစရှိတဲ့ သခင်ဝန်ကြီးများမှာလဲ ဩဇာအာဏာမရှိဘူး။ သူတို့ လုပ်ကိုင်သမျှကို ဂျပန်စစ်အာဏာပိုင်တွေက ပယ်ချတယ်။ စင်စစ်တော့ လွတ်လပ်ရေးဆိုတာကို ဂျပန်တွေက သူတို့ ကတိအတိုင်း ပေးတယ်ဆိုတဲ့ နာမည်ပဲ ရှိတာပဲ။ ခုမြန်မာပြည်ကို တကယ်အုပ်ချုပ်နေတာက ဂျပန်စစ်အာဏာပိုင်တွေပဲ မဟုတ်လား'

ဦးဘကျော်က ခရေစေ့တွင်းကျ ဒက်ခနဲ နေအောင် ပြောလိုက်သည်။ ကိုသူရသည် ဦးဘကျော်စကားများကို နားထောင်ရင်း မိမိလိုချင်သော အဖြေကို ရသဖြင့် မျက်လုံးများမှာ စူးရှတောက်ပြောင်လာသည်။ ဦးဘကျော်အား ဆက်၍ ရှည်ရှည်ဝေးဝေးပြောရန် မလိုတော့ပေ။

'ဟုတ်တယ် ဖေဖေ၊ ဂျပန်တွေဟာ ကနဦး အာရှတိုက်ကို ဝင်သိမ်းစဉ်က မဟာအရှေ့အာရှ အကျိုးစီးပွားဖြစ်ထွန်းရေးဆိုတဲ့ ဝါဒကို ကြွေးကြော်လာခဲ့တယ်။ ကျွန်တော်တို့ကလဲ ဂျပန်ရဲ့ ရည်ရွယ်ချက်ကို လက်ခံတယ်။ အာရှတိုက်သားအားလုံး သွေးတူသားတူ ညီမျှရေးဆိုတာကို ဘယ်သူလက်မခံဘဲ နေမလဲ။ နောက်ပြီး ဂျပန်တွေက အရှေ့အာရှတိုက်မှာ (တစ်) စက်မှုထွန်းကားတဲ့ နိုင်ငံဖြစ်တယ်။ (နှစ်) လွတ်လပ်တဲ့နိုင်ငံဖြစ်တဲ့အပြင် စီးပွားရေးအားဖြင့် ကုန်သွယ်မှုလုပ်ငန်းတွေမှာ အနောက်နိုင်ငံများနဲ့ ယှဉ်ပြိုင်ရောင်းဝယ်ဖောက်ကားနိုင်ခဲ့တယ်။ (သုံး) အာရှတိုက်ရဲ့ လက်နက်နိုင်ငံကြီးတစ်နိုင်ငံဖြစ်တယ်။ ဒါကြောင့် သူတို့ကို ကျွန်တော်တို့က အားကိုးတယ်။ ဥရောပနယ်ချဲ့ကို တိုက်နေရာမှာ ဂျပန်အကူအညီယူခဲ့တယ်။. . . . . . . . . . . . . . . . နောက်တော့ ဂျပန်ဟာ ကျွန်တော်ထင်သလို မဟုတ်တော့

www.burmeseclassic.com

www.burmeseclassic.com



ဘူး။ သူပြောတာနဲ့ လုပ်တာ တခြားစီဖြစ်လာတယ်။ သူတို့ဟာ ကျွန်တော်တို့ကို ကူညီဖို့ မဟုတ်တော့ဘဲ စီးပွားရေး နယ်ချဲ့ ဈေးကွက်ရှာတဲ့ သဘောနဲ့ သယံဇာတပစ္စည်းပေါများလှတဲ့ ကျွန်တော်တို့ တိုင်းပြည်မျိုးကို သွေးစုပ်လိုတဲ့ သဘောတွေကို တွေ့လာရတယ်'

'နေရာတိုင်းမှာ အာဏာရှင်ဆန်တာ၊ ဖက်ဆစ်ဆန်တာတွေရော'

'အဲဒါတွေကိုလဲ ထည့်ပြောရမယ်။ ကျွန်တော်တို့ မြန်မာပြည်မှာ သူတို့ဟာ စစ်အာဏာရှင်ပဲ။ ဘာမဆို စစ်ဖြစ်တာကို အကြောင်းပြပြီး ပစ္စည်းကို ဓားပြတိုက်ယူတန် ယူတယ်။ လူကိုလဲ ယူတယ်။ ချွေးတပ်ဆွဲခံလိုက်ရတဲ့ အလုပ်သမား၊ လယ်သမား လူတန်းစားတွေဟာ ဘယ်လောက်ခံရသလဲ။ ဒါတွေဟာ ထုတ်ပြောဖို့တောင် မလိုပါဘူး။ လက်တွေ့ခံစားရတာတွေပဲ။ သိမ်ဇရပ်မှာ ရှိတဲ့ ချွေးတပ်သားတွေ ဆင်းရဲသားတွေ'

သည်အချက်အလက်တွေသည် ဗဟန်းကြားတောရလမ်း စစ်အတွင်းကာလမှစ၍ သန္ဓေပျိုးခဲ့ခြင်း ဖြစ်ပါသည်။ န္ဓေ၊ မိုး၊ ဆောင်းဥတု သုံးလီတွင် စီရရီဖြစ်ခဲ့သော အဖြစ်တွေလည်း မနည်း။ နေ့စဉ်ရက်ဆက်မှတ်တမ်းများ ဆက်လျက်ရှိသည်။ နွေနှောင်းဝသန်ဦး နံနက်လင်းအားကြီးတွင် လေအဝှေ့ တဖြုတ်ဖြုတ်ကျကြွေသော သရက်သီးများ ကောက်ခြင်း၊ တွင်းထဲမှာ ခေါင်းပြူထွက်လာသောမြွေကို လက်နှင့် ပုတ်ကစားနေသော ကြောင်လေးကို မွေးစားခြင်း၊ စာရေးဆရာမ ကြည်အေးတို့ ခိုလှုံသော ကျောင်းတိုက် (ကျွန်မတို့နှင့် မလှမ်းမကမ်းမှာ) နေ့ခင်း ကြောင်တောင်ဓားပြတိုက်ခြင်း . . . ။ ပိန်လှီ၍ နံရိုး အပြိုင်းပြိုင်း ပေါ်နေသော သူခိုးကို လှံစွပ်နှင့် ထိုးသတ်ရန် ဂျပန်တွေ လက်ပြန်ကြိုးတုပ်၍ ခေါ်သွားခြင်း ဆောင်းဦး ပလိပ်ရောဂါကြောင့် ကြားတောရလမ်းတစ်ဝိုက် သွပ်ပြားများ ကာကာ လမ်းပိတ်ဆို့ထားခြင်း၊ ပန်းချီဦးငွေကိုင်၊ ဦးဘလုံကြီးနှင့် ပန်းချီဆရာတချို့ ဂျပန်တွေ အတင်းအဓမ္မ ပို့စတာ ဆွဲခိုင်း၍ ဆွဲပေးရခြင်း။

လူ့ဘဝသည် တစ်ခဏဟုဆိုလျှင် ထိုတစ်ခဏသည် ထာဝရ အမှတ်ရစရာတွေနှင့် ပြည့်နှက်နေလိမ့်မည်ဟု တင်စားဝံ့ပါသည်။ ■

**ဩဂုတ်၊ ၉၄၊ ရွှေရုပ်စုံမဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com

# ဒိုင်ယာရီ ၁၅

[ ၁ ]

ကျွန်မတို့အဖို့ ထိုတစ်ညတာ၏ အတွေ့အကြုံသည် တစ်ခါဖူးမှ မကြုံဖူးသော အတွေ့အကြုံဖြစ်ပါသည်။ ဆန်းပြားထွေလာ ကေလာအတွေ့အကြုံဟု ဆိုနိုင်လောက်သည်။ သို့သော်လည်း ကျွန်မတို့ဘဝ၌ ပထမဦးဆုံး ကြုံတွေ့ပြီး ဒါမျိုးနောက်ဆုံးတွေ့မြင်ခြင်းဟုလည်း ဧကန်ဆိုနိုင်ပါသည်။ ကျွန်မယခင်လတုန်းက ရေးခဲ့ဖူးသလို ဂျပန်ဖက်ဆစ်ဖိနပ်အောက်၌ ပန်းချီဆရာကြီးများ မျက်ရည်ယိုငိုပွဲဆင်ခဲ့ကြရသည်။ သူတို့ ဘယ်လိုမှ မရေးချင်ခဲ့သော ပန်းချီကား (ဝါဒဖြန့်ပန်းချီကား) မျိုးတွေကို လုံ့စွပ်နှင့်ထောက်ရေးခိုင်းသော အခါ ဗဟန်းကြားတောရလမ်း ကျွန်မတို့မိသားစု စုဝေးနေထိုင်ရာသို့ ရောက်လာ ရေးဆွဲခဲ့ကြရလေသည်။ ကျွန်မဖေဖေသည် သူငယ်ချင်း ဘကြီးလိန် (ရန်ကုန်မြို့ ဗိုလ်တထောင် နာမည်ကြီး လူမိုက်ခေါင်းဆောင်) နှင့် တိုင်ပင်၍ ပစ်ကနစ်ပမာ စားသောက်ပွဲတစ်ပွဲ ဖန်တီးခဲ့လေသည်။

အနုပညာသည်များပါမက ပြည်သူတစ်ရပ်လုံး ရင်ထဲတွင် တင်းကျပ် ဆို့ပိတ်နေသော ခေတ်ဆိုးကြီးခေတ်ကျပ်ကြီးဖြစ်သည်။ ဂျပန်အာဏာပိုင်တို့သည် အရှေ့အာရှတူညီမျှရေးဝါဒ ချစ်ကြည်ရေးဝါဒ စသည်ဖြင့် နာ

www.burmeseclassic.com

www.burmeseclassic.com



မည်ကောင်းယူပြီး မြန်မာပြည်ကို သူတို့လက်ထဲ ဆုပ်ကိုင်ထားချင်ကြတာ အများအသိပင်။ ဂျပန်ကြေညာခဲ့သော မြန်မာပြည်လွတ်လပ်ရေးသည် လွတ်လပ်ရေးအတုဖြစ်သည်။ စင်စစ် မြန်မာပြည်တွင် လွတ်လပ်ရေးနှင့် သာတူညီမျှရေး အလင်းရောင်ကွယ်နေသည်မှာ စစ်ခေတ် တစ်ခေတ်လုံးပင်။ ဂျပန်ဖက်ဆစ်အမှောင်ရိပ်ကြီး ထိုးနေလျက်ကပင်. . .

တင်နိုဟေကာ (ဂျပန်ဘုရင်) ဘန်ဆိုင်း
ဗိုလ်ချုပ်အောင်ဆန်း ဘန်ဆိုင်း
နိပ္ပွန်အဘိရမာ ဘန်ဆိုင်း

ဂျပန်ဘုရင်နှင့် ချစ်ကြည်ရေး၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ချစ်ကြည်ရေး၊ ဂျပန်-မြန်မာ ချစ်ကြည်ရေးတို့ကို လက်သုံးစကားပမာ ကြွေးကြော်နေကြသော်လည်း လက်တွေ့ဖြစ်ရပ်ကား ဝါဒဖြန့်သော စကားလုံးများနှင့် အခြားနားကြီး ခြားနားလျက်ရှိသည်။ ဂျပန်တို့မှာ သူတို့ပြောသလို မလုပ်ကြ။ ထိုအကြောင်းအရာကို ဗိုလ်သံတိုင်ရေးသားခဲ့သော လွတ်လပ်ရေးအရေးတော်ပုံ မှတ်တမ်းတွင်

*သူတို့၏ ဇာတိရုပ်များ တဖြည်းဖြည်း ထင်ရှားလာကြသည်။မြန်မာကလည်း သူ ---------။ ဂျပန်ကလည်း မြန်မာကို နင်းထားချင်သည်။ နှိမ်ထားချင်သည်။ ဂျပန်လိမ္မာသလို မြန်မာကလည်း လိမ္မာသည်။ ဂျပန်ပါးသလို မြန်မာကလည်း ပါးပါသည်။ ဂျပန်ထွင်သည့်ဇာတ်ကို ဘယ်လိုဇာတ်အိမ်ဖွဲ့ပြီး ဘယ်လိုဇာတ်သိမ်းမည်ကို မြန်မာတို့ ရိပ်မိကြသည်။ ဂျပန်ကလည်း ပရိယာယ်သုံးလာသည်။ ထိုပရိယာယ်ကို မြန်မာက ကွက်ကျော်မြင်ပြီး မျိုသိပ်၍ - - - - - -။*

ထို့ကြောင့်ပင် ၁၉၄၃ ခု၊ ဩဂုတ်လဆန်း ၁ ရက်နေ့၌ မြန်မာပြည်ကို ဂျပန်က လွတ်လပ်ရေးပေးလိုက်သည်။ မြန်မာတွေလိုချင်သော လွတ်လပ်ရေးနှင့် ဂျပန်တွေပေးသော လွတ်လပ်ရေးသည် ရေနှင့်ဆီပမာ ကွာခြားလှသည်။

ထို့ကြောင့် တစ်တိုင်းပြည်လုံး ဂျပန်ပေးသော လွတ်လပ်ရေးကို ပျက်ရယ်ပြုခဲ့ကြသည်။ ဂျပန်သည် မြန်မာတစ်မျိုးသားလုံးအား သွေးတိုးစမ်းလိုက်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

တန်ခူးလပြည့်လုဆဲဆဲတွင် လရောင်ပြိုးပြိုးပြက်လျက် ထိန်ထိန်သာနေသည်။ လရောင်သည် ကျောင်းဝင်းတစ်ဝင်းလုံး လင်းနေရုံသာမက ထောင့်တိုင်း အမှောင်များပေါ်သို့ အလင်းရိပ် ယိုဖိတ်ကာ ဆိတ်ဖလူးပန်းရုံမှ ပန်းရနံ့တို့သည် လလင်းညကို ဂုဏ်ပြုလျက်ရှိသည်။

ကျွန်မတို့ညီအစ်မသည် နေ့လယ်ကတည်းက ဘကြီးလိန်စီမံသော ကြက်သားဟင်းကို စားရန် တာစူခဲ့ကြသည်။ နေ့လယ်တုန်းက ဘကြီးလိန် ကိုင်ထားသော ပိတ်ပိုးစ အဝတ်ထုပ်ကို ကျွန်မတို့ စူးစမ်းရင်း ငေးကြည့်ကာ

'ဘကြီး အဲဒီ အဝတ်ထုပ်ထဲက ဘာတုန်း'

ညီမလေး 'အေး' က မေးသည်။

'အဖိုးတန်တယ် မကိုင်ကြနဲ့'

'ဘာလဲဟင်'

'စိန်ထုပ်'

'ဟုတ်လည်း မဟုတ်ဘဲနဲ့'

'ဩော် . . . ဟုတ်ပါတယ်ဆိုမှ။ ညည်းတို့ ဒီနေ့ည ကြက်သားဟင်းကောင်းကောင်း တစ်ခါမှ မစားဖူးတာ စားရမယ်။ ဆွေမျိုးမေ့သွားမယ်'

'ကြက်သားဟင်းနဲ့ ဆွေမျိုးမေ့သွားမယ်'

'အေးပေါ့။ ညည်းတို့အဖေက သူ့မိတ်ဆွေ စိတ်ညစ်နေတယ်။ ကြက်သားဟင်း ချက်ကျွေးရအောင်တဲ့'

'ကြက်သားဟင်းနဲ့ စိတ်ညစ်တာ ဘာဆိုင်လို့လဲ'

ကျွန်မက မေးသည်။

'ဆိုင်တာ ညကျတော့ သိလိမ့်မယ်'

ကျွန်မတို့မှာ နားမလည်လှ။ ကျွန်မမေမေက ကြက်သားနှင့် ကြက်အသည်းအမြစ်တွေကို ကိုယ်တိုင်စပ်ထားသော မဆလာနှင့် ဆီသပ်ပြီး ဟင်းတရှဲရှဲမြည်လာသောအခါ ဘကြီးလိန်က အနားမှာ အဝတ်ဖြူထုပ်လေး တကိုင်ကိုင်နှင့် ဟင်းအိုးထဲ အဝတ်ထည့်လိုက်၊ မလိုက်နှင့် လုပ်နေသည်။ 'ဘာတွေလဲ၊ ဘာတွေလဲ' ကျွန်မတို့က စပ်စုဆဲ။ မေမေက ကလေးတွေသွားကြ သွားကစားကြဟု မီးဖိုချောင်မှ နှင်ထုတ်သည်။ ဘကြီးလိန်က ရယ်မော

www.burmeseclassic.com

www.burmeseclassic.com



နေပြီး အဝတ်ထုပ်ထဲမှ စီးကရက်ထဲ ထည့်သော ဆေးမှုန့်များနှင့်တူသော အရာများကို ဟင်းအိုးထဲ အကုန်ထည့်လိုက်သည်။ မေမေက

'ဟင် ဦးအလိန် ဘယ်လိုလုပ်လိုက်တာလဲ။ အကုန်လွန်ကုန်မယ်'

'မလွန်ပါဘူး။ ဆရာကတော်ရဲ့ ကြက်သားဟင်းက အခုမှ စားကောင်းတာ'

'ရှင်တို့ဆရာတော့ ဆူတော့မယ်'

'အံမယ် သူက သာတောင်ကြိုက်ဦးမယ်'

'ကျွန်မကတော့ မစားဘူး ဒီညထမင်းကို ငါးပိရည်နဲ့ပဲ စားတော့မယ်။ ကလေးတွေကိုလဲ မကျွေးဘူး'

'ဟာ ဆရာကတော် အခွင့်အရေးကောင်း လွတ်သွားမှာ'

'အို့ . . လွတ်လွတ်။ ရှင်တို့မို့လို့ ရှာရှာဖွေဖွေ'

'စိတ်ကူးသိပ်ကောင်းပြီး သိပ်တွေးလို့ ကောင်းတာ။ ဇိမ်လည်း ရှိတယ်။ ဦးဘလုံကြီးတို့ ဆရာတို့တွေ အကြိုက်ပဲ'

'အပြောကတော့ တယ်ကောင်း၊ ကျွန်မဖြင့် မစားရဲပေါင်'

ညကျတော့ မနေနိုင်။ ဖေဖေကလည်း စားရန် တိုက်တွန်းသဖြင့် ကျွန်မတို့သားအမိ ကြက်သားဟင်း စားဖြစ်သွားကြသည်။ ဒါတောင် မေမေက ကလေးတွေကို ရေဆေးကျွေးသည်။

ညကျတော့ ကျွန်မတို့ တစ်ကိုယ်လုံး ရှိန်းတိန်းတိန်းနှင့် ဘယ်အရာကြည့်လိုက် ကြည့်လိုက် အရာဝတ္ထု၊ လူမျက်နှာ၊ မျက်လုံး၊ မျက်ခုံး၊ လူ၊ လမ်းတွေ၊ သစ်ပင်၊ ပန်းပွင့်တွေ၊ ကျောက်ခဲတွေ အကြီးကြီး ဖြစ်နေသည်။ ခေါင်းရော မျက်နှာရော ထူထူကြီးဖြစ်နေသော်လည်း ရင်ထဲက လိပ်လိပ်တက်ကာ ရယ်ချင်နေသည်။ ကျွန်မတို့ ညီအစ်မနှစ်ယောက်နှင့် ဘဘကြီး ဦးဘလုံက တစ်ဖွဲ့ဖြစ်သည်။ ဦးဘလုံသည် ကျွန်မတို့အား လက်ညှိုးထိုးကာ တခစ်ခစ်နှင့် ရယ်မောနေသည်။

ပန်းချီဆရာ ဦးငွေကိုင်မှာ ထောင့်တစ်ထောင့် ကွပ်ပျစ်ပေါ်တွင် ထိုင်ကာ နံရံမှီပြီး ဆေးတံကိုသောက်ရင်း မှိန်းကာ တပြုံးပြုံးနှင့် ဖြစ်နေသည်။ ပန်းချီ(ဗဂျီလှမောင်)နှင့် သူ၏ဇနီး မြမြတို့မှာ အိပ်ရာထက် ခြင်ထောင်မချဘဲ လဲလျောင်းကြကာ

'မြရဲ့ကွမ်းယာတိုင်းပြည်ဟာ စိမ်းလန်းစိုပြည်နေတော့ ထုံးအရောင်ဟာ နေရာတိုင်း မရောက်ဘူးပေါ့ကွယ်။ ကွမ်းသီးခြမ်းကလေးတွေပြည်တည်

www.burmeseclassic.com

www.burmeseclassic.com



နေတာဟာလည်း အင်မတန်ညီညွတ်လို့ ကွမ်းသီးမျိုးဟော့ တို့မြန်မာလို့ သူတို့ရဲ့ တိုးတိုးလေးအော်သံကို တို့ဘယ်ကြားရပ့ါမလဲ။ ရှားစေးတွေဟာ ဂျပန်တွေရဲ့သွေးဆိုရင် ကွမ်းသီးစိပ်တွေဟာ ပျော်ပြီပေ့ါ'

'မောင်. . . မောင်ပုံမပြီးသေးဘူးလား။ မြ ခေါင်းမူးနေပြီမောင်ရဲ့ အိပ်လဲ အိပ်ချင်လှပြီ'

စာရေးဆရာ အောင်ထူးက အိမ်ပြန်မည်ဆိုပြီး ထိုင်နေရာက ထပြီးမှ သူ၏ရှေ့မှ နို့ဆီခွက်ကို ခြေတအားမြှောက်ကျော်ကာ

'ဒီတောင်ကို မောင်မကျော်နိုင်ဘူးကွယ့်'ဟုဆိုပြီး လှည့်ပြန်လာသည်။

မေမေကတော့ အန်လည်းအန် မူးလဲမူးပြီး ကွပ်ပျစ်၌ အသာမှိန်းကာ ညည်းနေသည်။ ဖေဖေက မေမေ၏နဖူးကို သပ်ပေးကာ

'သိပ်ပျော့တဲ့ကလေးမကိုး။ ဘယ်လောက်တောင် စားလိုက်မိသလဲ'

'မစားပါဘူး။ နှစ်တုံးထက် မပိုဘူး'

မေမေအသံက ညောင်နာနာနှင့်။ ဖေဖေကရယ်နေသည်။ ဖေဖေနှင့် ဘကြီးလိန်ကတော့ ဣန္ဒြေသိပ်မပျက်လှ။ သို့သော် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးစိစိ လုပ်နေကြသည်။

ကျွန်မတို့ဆာသည်ဆို၍ ဘဘကြီး ဦးဘလုံက မုန့်ဖက်ထုပ်သည် ခေါ်ဝယ်ပေးသည်။ မုန့်ဖက်ထုပ်သည် လက်မှာ ထမင်းပန်းကန်လောက်မက အကြီးကြီးဖြစ်နေသဖြင့် ကျွန်မတို့ညီအစ်မနှစ်ယောက် နောက်သို့လန့်ဆုတ်သွားကြသည်။ မုန့်ဖက်ထုပ်ကလည်း အကြီးကြီးဖြစ်နေသဖြင့် လက်နှစ်ဖက်နှင့် ဝိုက်၍ ယူလိုက်သည်။ နောက်ဘဘကြီး၏ နှာခေါင်းအကြီးကြီးနှင့် နှုတ်ခမ်းထူထူကြီးကိုကြည့်ကာ ကျွန်မတို့ ရယ်မိကြသည်။

နောက်တစ်နေ့ နံနက်တွင် ဖေဖေက ကျွန်မတို့ကို 'သည်အတွေ့အကြုံ'ပေါ်မှီ၍ ပညာတစ်ခုဖြစ်စေသည်။

'လူစွမ်းလူစ ညံ့စေသည် ဒီလိုမျိုး ဒီတစ်ခါပဲ'

ဖေဖေက 'တို့မေမေ' ထဲက ဝတ္ထုအကြောင်းပြောရင်း

'လူငယ်တွေအရက်သောက်ရင် အင်္ဂလိပ်အစိုးရက သိပ်ကြိုက်တာပေ့ါ။ တစ်ဖက်က အရက်ပုန်းတွေကို ဖမ်းချင်ယောင်ဆောင်တယ်။ တစ်ဖက်ကလည်း အရက်ကို လိုင်စင်နဲ့ ဆိုင်ဖွင့်ပေးတယ်။ အင်း သောက်ကြ၊ စားကြ၊

www.burmeseclassic.com

www.burmeseclassic.com



မူးယစ်ကြ၊ ပျော်ပါးကြပေါ့။ သူတို့ကို တော်လှန်တဲ့ စိတ်ဓာတ်လည်း လျော့သွားမယ်။ ဘဝပျက်မယ်။ သိပ်ကြိုက်တာပေါ့။ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေပဲ’

ဘကြီးလိမ်က

‘ညကများ ကျုပ်တို့တွေ အစွမ်းညှံ့လိုက်တာ။ ဂျပန်အဝယ်တော်ကောင်တွေ နေရာမှားဝင်လာပြီး ကျုပ်တို့ကို ချက်ချင်း တံခါးမဖွင့်ပေးလို့တဲ့။ ဟိန်းလိုက် ဟောက်လိုက်ကြတာ။ ကျုပ်တို့ လူစွမ်းကောင်းတွေ ဘယ်လိုဖြစ်ကုန်တယ် မသိဘူး။ ငြိမ်ကုပ်နေကြတာပဲ။ ဒါမျိုးရှေ့ထွက်တတ်တဲ့ ဆရာဘဆွေ အသံတောင်မကြားရဘူး’

‘အင်း ဟုတ်တယ်။ ကျုပ်က မလန့်စဖူး လန့်နေတာဗျ’

‘တောက်. . . ခုလို လာစမ်းရင် ခါတိုင်း ဘယ်ရမလဲ။ ဒီကောင်တွေ မေးရိုးတွေလည်း ပြုတ်သွားမယ်။ ခေါင်းရင်လည်း ကွဲမယ်’

လမ်းမတော် ဖိုးတုတ်လို ရပ်ကွက်လူမိုက်ကြီးက သူခိုးပြေးမှ ထိုးကွင်းထနေသည်။ ထိုညတုန်းက အဖြစ်အပျက် အကြောင်းအရာများကို ကျွန်မသည် ၁၉၅၃ ခု၊ နှစ်လောက်တုန်းက ‘မြဝတီ’တွင် ဝတ္ထုတို ရေးသားခဲ့ဖူးသည်။ ကျွန်မက ‘ညချမ်းချိန်ခါဝယ်’ ခေါင်းစဉ်တပ်သည်ကို ဖေဖေက ‘အို. . . ဂန်ဂျာငဲ့’ဟု ဝတ္ထုနာမည်ကို ပြင်ပေးခဲ့သည်။

[ ၃ ]

ထို့နောက် ကျွန်မတို့နေထိုင်ရာ ဦးအရိယကျောင်းတိုက်သို့ ရောက်လာကြသော အာရှလူငယ်၊ စစ်ဘက်လူငယ်၊ မျိုးချစ်လူငယ်များ၊ ကျောင်းသားများကို ဖေဖေသည် အဖြစ်အပျက်ကို ချိန်ထိုးပြရင်း လူစွမ်းလူစ ထက်မြက်ရေးအတွက် တရားဟောပါတော့သည်။ ဖေဖေပြခဲ့သော စကားရပ်တချို့မှာ ကျွန်မတို့ သိလာနားလည်လာသော တစ်နေ့သိခွင့်ရသည်မှာ ‘လူဟာ သူများက ကိုယ့်ကို ယုံဖို့ထက် အရင်ကိုယ့်ကိုယ်ကို ယုံဖို့ အရေးကြီးတယ်’ ဆိုသော စကားပင်တည်း။

ဗိုလ်ချုပ်အောင်ဆန်း၏ လက်သုံးစကားများလည်း ရှိခဲ့ဖူးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်ကိုယ်ကို မယုံတဲ့လူဟာ ဘယ်အခါမှ တခြားလူကို မယုံဘူး။ တိုင်းသူပြည်သားကိုလည်း မယုံဘူး။ ခေါင်းဆောင်တွေဟာ သူယုံကြည်တဲ့ ကိစ္စကို တိုင်းသူပြည်သားတွေကို ပြောရဲရမယ်။ ရှင်းပြရဲရမယ်။ ရှင်းပြနိုင်ရမယ်။ အသက်စွန့်သင့်တယ်ထင်တဲ့နေရာမယ် စွန့်ရမယ်။ ပရိယာယ်သုံးသင့်တဲ့ နေရာမယ် သုံးရမယ်။ ဘယ်ကိစ္စမဆို လုပ်ရင် မှားတယ် မှန်တယ်ဆိုတာ ရာဇဝင်က ဆုံးဖြတ်လိမ့်မယ်'

စစ်ခေတ်၏ ပြဿနာတွေကို အသိစိတ်ဓာတ်ရှိသော မျိုးချစ်စိတ်လူကြီးများက စဉ်းစားမိကြလေသည်။ ဂျပန်ခေတ်သည် နယ်ချဲ့အင်္ဂလိပ်ခေတ်တုန်းကလိုပင် လူလူချင်း ဖိနှိပ်ချုပ်ချယ်သော ကပ်ဆိုးကြီးဖြစ်ခဲ့သည်။ ထိုဖိနှိပ်ခြင်း မကောင်းဆိုးရွားကြီးသည် ကမ္ဘာ့လူသားများကို ဝါးမျိုဖိနှိပ်ခဲ့သည်မှာ နှစ်ပေါင်းကြာရှည်ခဲ့ပြီ။ ရက်စက်စွာ ခြယ်လှယ်သွေးစုပ်ခဲ့ခြင်းဖြင့် လူတွေကို ကိုယ်ရောစိတ်ပါ ဆင်းရဲစေခဲ့သည်။

ကျွန်မမှာ တရုတ်ကူမင်တန် ခေတ်တုန်းက ကဗျာတစ်ပုဒ်ကိုသာ အမြဲတမ်း အမှတ်ရနေမိသည်။

ထိုရွာနံဘေး ဆူးခက်တွေ တဝေဝေနှင့်
လွတ်လပ်မိုးကောင်းကင်ကို စစ်တိမ်ညိုဖုံးလို့
မွှေးရနံ့ကို ကြည်နူးရသူက နည်းနည်းပါ
တေးသံတိုင်းဟာလည်း ဆွံ့အနေ
နတ်ဘုရား အရက်မူးသမားဟာ
ကျုပ်တို့မြေကို အာဏာရှင်လက်ထဲ
ဝ,ကွက်လို့ အပ်ခဲ့ပြီ။
အရှိန်ကောင်းတဲ့ ခွန်အား
လမ်းခုလပ်မှာ ရပ်သွားတော့
ဒေါသလေနဲ့ လှိုင်းတွေဟာ
ပန်းတွေ သစ်ပင်တွေကို
ညှိုးရော် သေစေပေ့။

Thorns flourish in the country side;
War clouds pall the open sky
Few enjoy the scent of spring,

www.burmeseclassic.com

www.burmeseclassic.com



And every sound is muted.
Our land abandoned to the despots
By the drunken God.
In the middle of the matching
The stirring strain cease
The raging wind and waves
Wither the flowers and trees. ■

အောက်တိုဘာ၊ ၉၄၊ ရွှေရုပ်စုံမဂ္ဂဇင်း

www.burmeseclassic.com

www.burmeseclassic.com

# ဒိုင်ယာရီ ၁၆

[ ၁ ]

ဧပြီဆန်းရက်၌ နွေ၏မြူများက တငွေ့ငွေ့နှင့် ပတ်ဝန်းကျင်တွင် ရစ်သိုင်းဖွဲ့နေသည်။ မှတ်မှတ်ရရ မိုးတစ်ဖြိုက်နှစ်ဖြိုက် ရွာပြီးပြီဟု ထင်ရသည်။ ကျွန်မတို့ငယ်ငယ်တုန်းက လူကြီးတွေ အယူအဆအရ မိုးသုံးကြိမ်မျှ ဖွဲဖွဲရွာပြီးလျှင် ပိတောက်တွေ ထိန်ထိန်ဝေဆဲ သကြံန်ကျသည်။ ယခုအခါ၌ ဒီလိုအတွေ့အကြုံမျိုး မကြုံတော့။

၁၉၃၄ ခုနှစ်။

စစ်ကာလအတွင်း ဗဟန်းကြားတောရလမ်း ဦးအရိယကျောင်းတိုက်တွင် ကျွန်မတို့နေထိုင်စဉ် အမှတ်တရအဖြစ်အပျက်တွေ ဆက်တိုက်ဖြစ်ခဲ့သည်။ ကျွန်မတို့ ဖေဖေ့ဆီကို စစ်ကိုင်းမြို့မှသော်လည်းကောင်း၊ အနယ်အရပ်ရပ်မှသော်လည်းကောင်း မျိုးချစ်လူငယ်တွေ မကြာမကြာရောက်လာတတ်သောကြောင့် ကျောင်းတိုက်၌ ဧည့်သည်မပြတ်ပေ။ တစ်ခါတစ်ရံ ညဉ့်အိပ်ညဉ့်နေ ဧည့်သည်များပါ ပါလာသည်။

ထိုအချိန်၌ မြန်မာပြည်မြောက်ဘက် တောင်ကုန်းဒေသ ချင်းတွင်းမြစ်ကမ်းပေါ်ရှိသော ဟုမ္မလင်းမြို့နယ်တစ်ဝိုက်တွင် အင်္ဂလိပ်တို့ဘက်မှ ဝင်း

www.burmeseclassic.com

www.burmeseclassic.com



ဂိတ်လေထီးတပ်များ လှုပ်ရှားနေကြသည်။ အင်းတော်ကြီးတစ်ဝိုက် မြစ်ကြီးနားခရိုင်တွင် လေထီးဆင်းသော တပ်သားများ များပြားလာသည်။ မြန်မာပြည်ပမှ လွတ်သော ဂျပန်နှင့် မြန်မာတပ်တို့မှာ တောတောင်ထူထပ်သော နေရာသို့ ချီတက်လာကြရင်း ဒုက္ခအထွေထွေနှင့် လက်တွေ့ရင်ဆိုင်ရသော အချိန်လည်း ဖြစ်ပါသည်။

'အင်္ဂလိပ်လေယာဉ်ပျံတွေ ဗုံးလာချတယ် ဆရာရေ ခဏခဏပဲ။ စားအိုးစားခွက်တွေ မှန်လို့ ကျွန်တော်တို့တစ်တွေ ထမင်းတောင်ငတ်တယ်'

ခပ်စုတ်စုတ်နှင့် အရပ်ဝတ် ဝတ်ထားသော ဟဲဟိုးတပ်သားလေး တစ်ဦးက ဖေဖေ့ကို ပြောပြသည်။

ထိုလူငယ်လေး ပြောပြချက်အရ တိုက်ပွဲသည် ပြင်းထန်လှသည်ဟု ဆိုသည်။ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ပြင်းထန်စွာ တိုက်ကြရာ အင်္ဂလိပ်တပ်သား အင်အားနှင့် သုံးဆမျှ လျော့နည်းနေသည်ဟု ဆိုသည်။

ရန်ကုန်တွင်လည်း မဟာမိတ် ဗုံးကြဲလေယာဉ်ပျံမှ ကြဲချလိုက်သော ဗုံးဒဏ်ကြောင့် လူပေါင်းများစွာ သွေးအလူးလူးနှင့် သေကျေပျက်စီးကြရသည်။ ယနေ့ ဘော့စနီးယားတွင် ဖြစ်နေသော စစ်အရေးအခင်းများသည် ကျွန်မတို့ ကလေးဘဝတုန်းက ဗဟန်းကြားတောရလမ်းကို အမှတ်ရစေသည်။ လူငယ်တွေ၏ အသက်ပေါင်းများစွာကို အချိန်မရွေးသေတွင်းသို့ ပို့နိုင်သော အချက်ပေးဥသြဆွဲသံသည် အားလုံးအတွက် သည်းထိတ်ရင်ဖို တုန်လှုပ်မိကြသည်။ ဗဟန်းကျောင်းတိုက်ဝန်းကျင်မှ သရက် မရမ်းပိန္နဲပင်များအောက်မှ ဗုံးခိုကျင်းများဆီသို့ ပြေးလွှား သွားကြရလေသည်။ ကျွန်မတို့ညီအစ်မနှင့် ဆရာကြီးရွှေဥဒေါင်း၏ တူနှင့်တူမ (မေရီဖေစိမ်း၊ ကျွန်မ သူငယ်ချင်းတို့သည်) ဗုံးခိုကျင်းတစ်ကျင်းတွင် အတူတူ ခိုအောင်းနေကျဖြစ်သည်။ ကျွန်မတို့ မွေးထားသော ကြောင်လေးများကို တပိုက်ပိုက်နှင့် ပြေးလွှားကာ ဗုံးခိုကြသောအခါ လူကြီးများက မျက်စောင်းတထိုးထိုးနှင့် ငြူစူတတ်သည်။

မှတ်မှတ်ရရပင် ကျွန်မတို့ကျောင်းနှင့် သုံးလေးကျောင်းကျော် ရွှေတိဂုံခြေရင်း ကြေးသွန်းဘုရားကြီးနှင့် ပို၍နီးသော ကျောင်းတိုက်မှ ဗုံးခိုကျင်းမှာ မမကြည်အေး(စာရေးဆရာမ ကြည်အေး) တို့ မိသားစု ဗုံးခိုရာဖြစ်ခဲ့ပါသည်။ လမ်းတစ်ဖက်အကူး မမကြည်အေးတို့ ကျောင်းတိုက်ရှေ့

www.burmeseclassic.com

www.burmeseclassic.com



တွင် အများသုံးရေဘုံဘိုင် ရှိလေသည်။ ထိုရေဘုံဘိုင်သည် ကျွန်မတို့ရေချိုးနေကျ နေရာဖြစ်သည်။ နံနက် ညနေခင်းတို့တွင် လူစည်ကားလှသည်။ နောင်နှစ်ပေါင်း အစိတ်မျှ ကြာသောအခါ မမကြည်အေးက မေမေ့ကို

'ကျွန်မ ရေဘုံဘိုင်ကို ရေလာချိုးတဲ့ ဆရာကြီးမဟာဆွေရဲ့ ဇနီးကို မြင်ဖူးချင်လို့ လာချောင်းတာ နောက်ခဏခဏ အချိန်ကိုက်ရေချိုးဖြစ်သွားတယ်'

'ဟုတ်လား'

ဟု မေမေက အံ့သြနေသည်။ ကျွန်မသူငယ်ချင်း ခင်မြင့်တင် (ဘဏ်အရာရှိ ဦးကျော်စိန်ဇနီး)က

'အန်တီငယ်ငယ်တုန်းက သိပ်ချောတာပဲဆို'

'မသိပါဘူး'

ဟု မေမေကပြောရင်း ရယ်နေသည်။

မမကြည်အေးက ပြုံးရင်း မေမေ့ကို ငေးကြည့်နေသည်။ ခင်မြင့်တင်၏ အမေဖြစ်သူက ထောက်ခံသည်။ သူသည် မေမေနှင့် ဇာတိရပ်ရွာတစ်ရွာတည်းသူ ဖြစ်သည်။ ဒီအကြောင်းကို ပြန်ပြောကြတော့ ရန်ကုန်လေဆိပ်တွင်ဖြစ်သည်။ ဘဏ်အရာရှိတွေ ချက်ကိုစလိုဘက်ကီးယားနိုင်ငံသို့ ဘဏ်လုပ်ငန်းသင်တန်း သွားတက်ရန် လေယာဉ်ပျံစောင့်နေသော အချိန်ဖြစ်သည်။ လွန်ခဲ့သော ၇ နှစ် ၈နှစ် သမီးအရွယ်တုန်းက ကျွန်မတို့ ညီအစ်မသည်ပင်လျှင် ၃၀ ကျော်နေပေပြီ။

ကျွန်မတို့ စစ်ပြေးဘဝတုန်းက အတွေ့အကြုံများကား မှုန်ဝါးသွားမည့် အတိတ်၏ အရိပ်များ မဟုတ်ကြပေ။ ကျွန်မတို့ ပိုင်ဆိုင်လိုက်သော အရည်အချင်းတစ်ခုကတော့ ဆင်းရဲဒုက္ခနှင့် ကြုံတိုင်း ကြံ့ကြံ့ခံနိုင်သော စိတ်ဓာတ်အမွေကို ပိုင်ဆိုင်နိုင်လိုက်ခြင်းပင်တည်း။

[ ၃ ]

မဟာမိတ်လေယာဉ်ပျံတွေသည် ပျဉ်းမနားတပ်ရင်းတွေကို လာကာ ဗုံးကြဲကြသည်။ တစ်ချိန်တုန်းက တစ်ခါတုန်းက ရန်သူလေယာဉ်ပျံကို ဂျပန်လေ့ကျင့်ရေးမှူးက 'ဂျပန်လေယာဉ်ပျံ၊ အလေးပြု အလေးပြု' အမိန့်ပေးသဖြင့် အလေးပြုနေဆဲ စက်သေနတ်အဆွဲခံရပြီးရဲဘော်အတော်များများ

www.burmeseclassic.com

www.burmeseclassic.com



ကျဆုံးသော သတင်းကို လာပေးကြသောအခါ ဖေဖေမှာ စိတ်ဆင်းရဲရပြန်သည်။ ဖေဖေသည် ကျောင်းတိုက်ဝင်းထဲရှိ ကွပ်ပျစ်ပေါ်တွင် ထိုင်ကာ လူငယ်များနှင့် နယ်ချဲ့၏စစ်အကြောင်းကို မကြာမကြာ ပြောကြဆွေးနွေးကြသည်။ လူငယ်တချို့ကား အံတကြိတ်ကြိတ်နှင့် ဖြစ်နေကြသည်။

ရန်ကုန်၌ ဂျပန်နယ်ချဲ့အာဏာပိုင်၏ အာဏာစက်ကလည်း တင်းမာလွန်းလှသည်။ စိတ်ထက်သော လူငယ်အတော်များများ ဂျပန်မာစတာများ၏ ပါးရိုက်မခံရအောင် အထူးသတိထားရှောင်နေရသည်။ သည်ကြားထဲက ဂျပန်အစိုးရက မြန်မာပြည်ကိုပေးသော လွတ်လပ်ရေးသည် လွတ်လပ်ရေးအတုဖြစ်ကြောင်း ကျွန်မ မကြာခဏရေးခဲ့ပြီး ဖြစ်ပါသည်။ လွတ်လပ်ရေးပေးမည် ပေးမည် ဂျပန်တို့နှုတ်ဖျားမှ မကြာခဏ တဖွဖွပြောတိုင်းဆိုတိုင်း လွတ်လပ်မှုသည် အဆုံးရှုံးကြီး ဆုံးရှုံးလျက် ရှိပေသည်။ မတိုးတက်မဖွံ့ဖြိုးသေးသော မြန်မာလူမျိုးတို့ကို လက်တစ်လုံးခြားညာပြီး မီးစတစ်ဖက်ရေမှုတ်တစ်ဖက် ဆက်ဆံလျက်ရှိလေသည်။

ဖက်ဆစ်အစိုးရမို့ အရာရာတိုင်းတွင် နိုင့်ထက်စီးနင်းလုပ်တတ်လေသည်။ အနိမ့်ဆုံး ဥပမာမှာ ဈေးသည်ခေါ်ဝယ်ပြီး ပိုက်ဆံမပေးတာမျိုး၊ ဈေးသည်၏ တင်းမာသွားသော မျက်နှာထားကို ပါးရိုက်ဆက်ဆံတာမျိုး ဖြစ်ပါသည်။

ဂျပန်စစ်သားတွေ မူးပြီး ကန်တော်ကြီးပလက်ဖောင်းလူသွားလူလာ လမ်းတစ်လျှောက် ရမ်းနေကြသည်ကို အမြဲမပြတ်မြင်တွေ့နေရသည်ဟု ဆိုကြသည်။ ဖက်ဆစ်တို့ တရားမဲ့ ရမ်းကားစော်ကားခြင်းနှင့် ပတ်သက်၍ ဗိုလ်သံတိုင်က လွတ်လပ်ရေး အရေးတော်ပုံ မှတ်တမ်းတွင် ရေးထားသေးသည်။ ၁၉၄၁-၁၉၄၂ ခုနှစ် စစ်သင်တန်းတွေ တက်စဉ်ကတည်းက ဖက်ဆစ်ဂျပန်တို့သည် ယုံကြည်ကိုးစားထိုက်သူများ မဟုတ်ကြောင်း မြန်မာများ သိခဲ့ကြလေသည်။ ထို့ကြောင့် မျိုးချစ်လူငယ်များသည် ဂျပန်ကို ပြန်တော်လှန်ဖို့ ၁၉၄၃ ခုနှစ်ကတည်းက စဉ်းစားခဲ့ကြသည်။

ဒီလူငယ်များထဲတွင် ဖေဖေ့ဆီ လာရောက်ကြသောလူငယ်များ ရာခိုင်နှုန်းပြည့်ပင်။

အရပ် ၆ ပေခန့်မျှ ရှည်သော လူငယ်တစ်ဦးက

'အနာဂတ်ကာလကို ကျွန်တော်တို့ မမြင်နိုင်ဘူး။ မြန်မာပြည်ရဲ့ကံကြမ္မာဟာ ဘယ်လိုဖြစ်ဦးမယ်ဆိုတာ ပြောမပြနိုင်လောက်အောင်ပဲဦး။ ဟေ

www.burmeseclassic.com

www.burmeseclassic.com



နန်ကျွန်းမှာ ဗိုလ်ချုပ်အောင်ဆန်းက ပြောဖူးတာပဲ။ အမေရိက ဝါရှင်တန်တို့လို ၈ နှစ် ၉ နှစ် တိုက်ပွဲဝင်ရမှာပဲလို့’

ဒီအချိန်မျိုး၌ ဗဟန်းတစ်ဝိုက်တွင် ပလိပ်ရောဂါဖြစ်ပွားသည်ဟု သတင်းပျံ့နှံ့လာခဲ့လေသည်။ အရွယ်လတ်အမျိုးသမီးတစ်ဦး ပေါင်တွင် အကြိတ်ပေါက်ပြီး သေဆုံးရာမှ ဒီဇာတ်လမ်း စတင်လေသည်။

ကြားတောရလမ်း တစ်လျှောက်တွင် ဆိုင်ကြီးဆိုင်ငယ် အသွယ်သွယ်နှင့် အလွန်စည်ကားလေသည်။ ဗုံးမကြဲသည့်အခိုက် စစ်ကာလနှင့် မတူ။ လူတို့သည် စစ်ကို မေ့ကြကာ ဥဒဟိုသွားလာဖြတ်သန်းကြသဖြင့် ပွဲတော်တမျှ စည်ကားလေသည်။ ဆိုင်များ (အများအားဖြင့် စားသောက်ဆိုင်များ)သည် ကြားတောရလမ်းထိပ်မှ လျှောက်သွားလျှင် အရှေ့ဘက်ရွှေတိဂုံ စောင်းတန်း ခြေရင်းသို့ ရောက်လေသည်။

ဂျပန်အာဏာပိုင်တို့သည် ပလိပ်ရောဂါဖြစ်ပွားသည့်သတင်းပျံ့နှံ့သွားကတည်းက ဗဟန်းကျောင်းတိုက်တစ်ဝိုက် ဝင်းတွေကို သွပ်ပြားများ ကာပါတော့သည်။ ဖေဖေက တောက်တခေါက်ခေါက်နှင့်

‘အတော် ရွှေညာဏ်တော် စူးရောက်တဲ့ ကောင်တွေ၊ ဒီနေရာတွေမှာ လူတွေ ဒီလောက်များတာ တစ်နေ့တစ်နေ့ အလောင်းနှစ်လောင်းတော့ ရှိမှာပေ့ါကွ။ ခုတော့သွပ်ပြားတွေကာပြီး ဂျပန်စစ်သားတွေအစီအရီအစောင့်ချထားတော့ လူတွေ နေရေးထိုင်ရေး စားသောက်ရေး ဘယ်လောက်ခွကျသလဲ’

သွပ်ပြားကာထားပြီးနောက် လူတွေကို သွပ်ပြားကာထားသောနေရာမှ အပြင်ဘက်သို့ မထွက်ရဟု ပြင်းထန်သော ဥပဒေကိုထုတ်ပြန်သည်။ ကျောင်းဝိုင်းထဲနေသူ အားလုံး ဒုက္ခရောက်ကြသည်။ အထဲကလူလည်း အပြင်မထွက်ရ။ အပြင်ကလူလည်း အထဲမဝင်ရ။ စန္ဒရီကို နေရာတိုင်းမှာ ခပ်စိပ်စိပ်ချထားသည့်အပြင် ကင်းပုန်းများလည်း ချထားသည်။ ဂျပန်အစောင့်စစ်သား သေနတ်တွင် တပ်ထားသော လှံစွပ်ဖျားမှာ ပြောင်လက်နေသည်။

ခိုးဝင်ခိုးထွက်မိလျှင် ဒုက္ခများတာ များပါသည်။ အရဲစွန့်ရတာ မလွယ်ကူလှ။ ရာရှင်ရပြန်တော့ လုံလောက်သော ရာရှင်မဟုတ်။ ကြွက်များကို အိမ်ထောင်စေ့ အရှာခိုင်းထားသည်။ ကြွက်မပေးနိုင်ခဲ့လျှင် ဂျပန်၏လက်ဝါးစောင်းအတွက် ကိုယ့်ပါးကို ကိုယ်ပြင်ထားရုံပင်။ ကျွန်မတို့ ဖေဖေက

www.burmeseclassic.com

www.burmeseclassic.com



'ပလိပ်ရောဂါပဲ။ သွပ်ပြားကာလို့ ရမလားကွ။ ကူးစက်တဲ့ရောဂါတွေကို ကြိုတင်ဆေးထိုးကာကွယ်။ ဖြစ်ပြီးတဲ့လူတွေကို တခြားပို့။ ဒါမှ ရမပေါ့။ ခုတော့ အကျယ်ချုပ်လို တို့ကို သွပ်ပြားကာထားပြီး အထဲကလူ အပြင်မထွက်ရ၊ အပြင်ကလူအထဲမဝင်ရနဲ့ ဘယ်လောက် ဒုက္ခရောက်သလဲ'

ပြောပြီး နောက်ပိုင်း ကြုံလာသမျှ ငိုအားထက်ရယ်အားသန်သော အဖြစ်တွေလည်း ကြုံရသည်။ ကျွန်မအလျဉ်းသင့်သလို ဆက်၍ရေးသားဖော်ပြသွားမည်ဖြစ်ပါသည်။ ထိုစစ်အတွင်း ဖြစ်ရပ်ပေါင်းစုံနှင့် ပတ်သက်၍ အန်တီဒေါ်ခင်မျိုးချစ် တစ်ခါတုန်းက ရေးသားခဲ့ဖူးသော 'ဟာသနှင့်ပြဇာတ်' သောင်းပြောင်းထွေလာ မဂ္ဂဇင်းမှ ဆောင်းပါးတစ်ပုဒ်၏ စကားရပ်ကို အမှတ်ရနေမိသေးတော့သည်။

အန်တီ ခင်မျိုးချစ်က ဟာသ စာရေးဆရာတွေ၏ မတုန်မလှုပ်သတ္တိ၊ ဘယ့်သူ့ကိုမဆို ခွင့်လွှတ်နိုင်သော စိတ်ထား။ လောကကြီးကို ရယ်သွမ်းသွေးပြီး အပြုံးကျဲကျဲလေးနှင့် ကြည့်တတ်ပုံတွေကို ထင်ရှားစွာ ရေးသွားတာဖြစ်ပါသည်။ ကျွန်မ၏ အရေးအဖွဲ့များသည် ဒီမျှရင့်ကျက်သည်ဟုတော့ မသေချာလှပါ။ သို့သော် အားလုံး အရိုးခံသက်သက်မျှ အရင်းအတိုင်း ရေးသားဖော်ပြခြင်းသာ ဖြစ်ပါသတည်း။ ■

- ၊ - ၊ စာပေဂျာနယ်

www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်မုန်တိုင်း

[ ၁ ]

ကျွန်မတို့ ကြည့်မြင်တိုင်မှာ နေကြတုန်း ကြီးကျယ်တဲ့ သမိုင်းဝင် ဖြစ်ရပ်တစ်ခုကတော့ ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော် နယ်ချဲ့လက်ချက်နဲ့ ကျဆုံးသွားတဲ့ အကြောင်းအရာပါပဲ။ ကျွန်မ ငယ်ငယ်တုန်းက မှတ်မိသမျှ ကိုအောင်ကျော်ဟာ ကတုံးဆံတောက်၊ ပင်နီတိုက်ပုံအင်္ကျီ၊ ယောလုံချည်၊ အိမ်တော်ရာထီးကြီးဆောင်းလို့၊ သူ့ကို ဂျပ်ဆင်ကောလိပ်ကျောင်းသားလို့ ကျွန်မတို့ဖေဖေက အိမ်နီးနားချင်းတွေကို ပြန်ပြောရရင် ဘယ်လိုမှ ယုံနိုင်ဖွယ် မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတုန်းက ကောလိပ်ကျောင်းသားတွေဟာ ဘရိကရင်း သို့မဟုတ် ကော့စမစ်တစ်ထောင့် လိမ်းထားတဲ့ ကေဆံရှည်ပိပြားပြားနဲ့ (အဲဒီဘိုကေမျိုး အနီးဆုံး ဥပမာပေးရရင် ချစ်. . ချစ်. . ချစ် ရုပ်ရှင်ကားထဲက မင်းသားရဲအောင်ရဲ့ ဘိုကေပုံစံမျိုး) ဘန်ကောက် (သို့) ရွှေတောင်ပိုးလုံချည်၊ တိုက်ပုံအင်္ကျီအနက်၊ ပန့်(ပ်)ရှူးခေါ်တဲ့ နောက်ပိတ်ဖိနပ်စီးကြပြီး တချို့ကျ အနောက်တိုင်းဝတ်စုံ၊ နက်တိုင်လည်စီးနဲ့ အကျအနဝတ်ကြတာ။ ကိုအောင်ကျော်စီးတဲ့ ဖိနပ်ကလည်း ဘုန်းကြီးဖိနပ်ဆန်ဆန် သားရေထူထူ သဲကြိုးကြီးကြီးနဲ့ ညှပ်ဖိနပ်မျိုး၊ ကြည့်မြင်တိုင်သူ

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်းပုန်း အပျိုလေးတွေဟာ ကိုအောင်ကျော်ကို ဂျပ်ဆင်ကောလိပ်ကျောင်းသားရယ်လို့ ပြတင်းပေါက်ကနေ လှစ်ကနဲ ချောင်းကြည့်ပြီး တိတ်တိတ် ကြိတ်ရယ်ကြတာ. . . ။

တကယ်တော့လည်း ကိုအောင်ကျော်ဟာ ဟသ်ာတနယ်၊ မယ်ဇလီကုန်း အရပ်သားမို့ နယ်ကတက်လာတဲ့သူပါ။ ဒါပေမယ့် သူက အင်္ဂလိပ်စာ ထူးချွန်သူမို့လည်း တော်ရုံလူ မရောက်နိုင်တဲ့ ဂျပ်ဆင်ကောလိပ်ကျောင်း ရောက်လာတာတဲ့။ ကျွန်မတို့ဖေဖေ သူ့ကို သဘောကျတဲ့ အချက်တွေကတော့ သူဟာ စာတွေကို နှံ့နှံ့စပ်စပ်ဖတ်တတ်တဲ့ စာဝါသနာအိုး။ အချိန်နဲ့ ပတ်သက်ပြီး အင်မတန်စည်းကမ်းရှိတယ်။ မနက် ၆ နာရီလာမယ်ချိန်းထားရင် မနက် ၆ နာရီတိတိရောက်လာတာပဲတဲ့။ နေ့လယ် ၁၂ နာရီ လာမယ်လို့ ချိန်းခဲ့ရင် သူလဲအိမ်ပေါ် ရောက်ရော နာရီလက်တံဟာ ၁၂ နာရီမှာ ရွေ့ပြီး ၁၂ ချက် နာရီသံလေး တီးတော့တာပဲ။ သူ ကြည့်မြင်တိုင်နေအိမ်ကို လာလေ့ရှိတဲ့ အချိန်ကတော့ မနက် ၆ နာရီလာ မွန်းတည့် ၁၂ နာရီပြန်ပြီး မွန်းတည့် ၁၂နာရီလာခဲ့ရင် ညနေ ၆ နာရီ ပြန်သတဲ့။ ဒါ သူအိမ်ကို ပုံမှန်ရောက်လာတဲ့ အချိန်တွေပဲ။

နောက်ပြီး ဖေဖေက အိမ်လာသမျှ လူတွေကို သူ့အချိန်နဲ့ သူ ထမင်းကျွေးတတ်တော့ ထမင်းကျွေးလို့ ဘယ်တော့မှ မစားဘူး။ မုန့်နဲ့ကော်ဖီလောက်သာ စားသောက်တယ်။ စကားလာပြောတဲ့ အချိန်ရှည်ရှည်အတွင်းမှာ အိမ်သာတက်ခွင့် မတောင်းဖူးဘူး။ ဘယ်လောက်ကြာကြာထိုင်ထိုင် နေရာအရွေ့အပြောင်း မရှိဘူး။  သူထိုင်နေကျ ကုလားထိုင်ကလွဲလို့ ဘယ်ကုလားထိုင်မှ မထိုင်ဘူး။ ထိုင်နေရင်း အခြားကာလသားတွေလို ဒူးနှံ့ခြေနှံ့ လက်လှုပ်တာမျိုးလည်း မရှိလေတော့ ဖေဖေက အိမ်မှာ ပညာလာသင်တဲ့ လူငယ်တွေကို ကိုအောင်ကျော့်စံနမူနာယူပြီး ဆုံးမလေ့ရှိပါတယ်။ ဒီတုန်းက ကိုအောင်ကျော်ရဲ့အသက် ၂၀ ဝန်းကျင်ပဲ ရှိနေသေးတာမို့ ကျွန်မတို့ညီအစ်မနှစ်ယောက်က 'ကိုကိုအောင်ကျော်'လို့ ခေါ်ပါတယ်။ ကျွန်မတို့ အိမ်လှေကားက အထွက် ဇလပ်ပန်းရုံအောက်မှာ လာကစားကြတဲ့ ကျွန်မသူငယ်ချင်းတွေက (မှတ်မိသလောက် ထားထား၊ မလှညွန့်၊ အစိန်တို့ အမြတို့)

'ကောလိပ်ကျောင်းသားကြီးက နင်တို့နဲ့ ဘာတော်သလဲ'

မေးရင် ကျွန်မက

'ငါတို့ ကိုကိုပေါ့'

www.burmeseclassic.com

www.burmeseclassic.com



လို့ ခပ်ကြွားကြွား ဖြေတတ်ပါတယ်။

'ဝမ်းကွဲလား'

လို့ သိတတ်နားလည်တဲ့သူက မေးလာရင် ကျွန်မက 'အေး'လို့ ဖြေလိုက်တယ်။ ကျွန်မစိတ်ထဲမယ် ကိုအောင်ကျော်ကို အစ်ကိုဝမ်းကွဲတော်တယ်လို့ ထင်မိတာကိုး။ သူဟာ ပြန်ခါနီး ကျွန်မတို့နဲ့ဆုံရင် ပြုံးပြုံး ပြုံးပြုံးနဲ့ ကျွန်မတို့ကို နှုတ်ဆက်သွားတဲ့ အပြုံးပေါ့။ သူ့အပြုံးဟာ နှစ်လိုဖွယ်ရှိတယ်လို့ အရွယ်ရောက်ကြီးပြင်းလာတဲ့အခါ တွေးမိလာပါတယ်။

[ ၂ ]

'ကမ္ဘာကြီးဟာ အာဇာနည်ဝါဒရဲ့ ကျောက်ဆောင်ပေါ်မှာ တည်ထားတာ ဖြစ်တယ်'

အိန္ဒိယခေါင်းဆောင် ဆူးဘတ်ချန်ဒရာဘို့စ်၏ စကားကို ကျွန်မဖေဖေက ထောက်ခံခဲ့ပါသည်။ ဒါ့ကြောင့် သူ့လက်ထွက် အာဇာနည်တွေကို မွေးထုတ်ဖို့ ဘယ်တော့မှ နောက်မတွန့်ခဲ့ဘူး။ ဖေဖေနဲ့ ကိုအောင်ကျော်တို့ ကြည့်မြင်တိုင် ကျောင်းကြီးလမ်းနေအိမ်မှာ ဆွေးနွေးတဲ့ စကားတွေကတော့ 'နိုင်ငံရေး' ပဲဖြစ်ပါတယ်။ ဖေဖေ အယ်ဒီတာချုပ် လုပ်ခဲ့တဲ့ ရဲသတင်းစာထဲက ဖေဖေရဲ့ ကြွေးကြော်သံတွေကို ကိုအောင်ကျော်က စွဲလမ်းနှစ်သက်ပုံရတယ်။

'လူတိုင်း ညီမျှသော အခွင့်တရားရှိရမည်။
လူတစ်မျိုးက လူတစ်တစ်မျိုးကို အုပ်ချုပ်ရန် အလိုမရှိ။'

'လွတ်လပ်ရေးကား သွေးနှင့်လဲယူသော အလုပ်ဖြစ်၏။
ရာထူးလခနှင့် လဲယူခြင်းသည် လွတ်လပ်ရေး အစစ်မဟုတ်။
သို့ဖြစ်လျှင် ဤလူယုတ်မာများကို သုတ်သင်ရဲသော အာဇာနည်များ အဘယ်ကြောင့် မပေါ်ထွက်သေးသနည်း။'

'မိတ်ဆွေ အဆွေသည် မြန်မာလူမျိုးဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကားကြီးစီး၊ တိုက်ကြီးတာကြီးနှင့် စည်းစိမ်ယစ်နေသော အခါအမိုးမလုံ။ သားသမီးတပြုံနှင့် တဲကုပ်ကလေးတွင် ငတ်ပြတ်နေသော မြန်မာများကို တွေးကြည့်ပါ။'

'ဗလာနံ မဟုတ်သော လူမိုက်အလိုရှိသည်'

အလုပ်လုပ်လိုသူများသည် မည်သည့်နေရာမျှ လျှောက်ထားဖို့ မလို။ နိုင်ငံရေးဇာတ်ခုံတွင် ကိုယ်ကျိုးမငဲ့ဘဲ ကပြကြပါ။'

[ ၃ ]

၁၉၃၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့ မနက်ခင်း၊ ရန်ကုန် ကြည့်မြင်တိုင်ကျောင်းကြီးလမ်း နေအိမ်မှာ ဖေဖေနဲ့ ကိုအောင်ကျော်တို့ နောက်ဆုံးတွေ့ဆုံ စကားပြောခဲ့ကြပါတယ်။ ဖေဖေကရဲသတင်းစာထဲမှာ သေရဲသတ်ရဲတဲ့ လူငယ်များ အလိုရှိတယ်လို့ ကြေညာဖူးတော့ မြန်မာပြည် တန့်တလျား အရပ်ရပ်က လူငယ်တွေ သေစာရင်းသွင်းကြသတဲ့။ မူလတုန်းက ကိုအောင်ကျော်ဟာ သေစာရင်းသွင်းကြတဲ့ လူငယ်တွေထဲမှာ မပါပါဘူး။ ဂျပ်ဆင်ကောလိပ်ရောက်မှ ဦးဆုံး သေစာရင်းသွင်းတဲ့ 'မောင်လှိုင်ဦး'ရဲ့ ထောက်ခံစာနဲ့ ဖေဖေ့ဆီကို ရောက်လာခြင်း ဖြစ်ပါတယ်။ မောင်လှိုင်ဦးက လည်း ဟသ်ာတသားပဲ။ ဂျပန်တော်လှန်ရေးမှာ ကျဆုံးသွားရှာတယ်။

အမှန်ကတော့ ဖေဖေက ကိုအောင်ကျော်ကို ဒီနယ်ချဲ့ ဆန့်ကျင် ရေးတိုက်ပွဲမှာ မပါစေချင်သေးဘူး။ ဖေဖေဟာသူအင်မတန် လေးစားမြတ် နိုးတဲ့ ကိုအောင်ကျော်ကို ဒီနယ်ချဲ့ အာဏာဖီဆန်တဲ့နေရာမှာ မပါဝင်စေ ချင်တာ အမှန်ပါ။ ကိုအောင်ကျော်ကို လွယ်လွယ် လည်စင်းခံသေသွားမှာ ကို နှမြောနေမိပါတယ်။ လူထုလုပ်ရပ်က မှန်ပေမယ့် ကိုအောင်ကျော် အတွက်ကတော့ အချိန်မကျသေးဘူးပေါ့။ ဆရာ ဦးသိန်းဖေမြင့်တို့ တစ်ချိန် တုန်းက ဝေဖန်ခဲ့သလို ဖေဖေ့ကြောင့် ကိုအောင်ကျော် ကျဆုံးခဲ့တာ မဟုတ် ကြောင်း ပြောချင်တာပါ။

'ကျောင်းသားတွေ နယ်ချဲ့ဆန့်ကျင့်ဖို့ တစ်ခုခု လုပ်တဲ့အခါ မောင် အောင်ကျော် မပါလိုက်ပါနဲ့'လို့ ဖေဖေက အထပ်ထပ် တားပါတယ်။' ကျွန် တော် ရှေ့တန်းကို မတက်ပါဘူး'လို့ သူက ဖေဖေ့ကို ကတိပေး ရှာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်မယ် ဖေဖေတို့ သတင်းစာဆရာတွေ အာဏာဖီဆန်မယ့်ပွဲပါ။ အနည်းဆုံး နယ်ချဲ့အစိုးရက ထောင်သုံးလ ချနိုင်တယ်။ သူတို့ ဉာဏ်များလာရင်တော့ လမ်းလျှောက်တဲ့ လူထဲ သူတို့လူထည့်။ ခဲနဲ့ပေါက်၊ တုတ်နဲ့ပစ်ဆိုသလို လူစားက လုပ်နိုင်ရင် အကြမ်းဖက်တယ်ဆိုပြီး ပွဲချင်းပြီး အသေပစ်နိုင်တယ်။ အင်္ဂလိပ်လိုတော့ ဗရိုဗိုကေးရှင်း Provocation ခေါ်ပါတယ်။ အိန္ဒိယတိုင်းပြည်မှာ ဒီပရိယာယ်မျိုး ခံကြရပေါင်းများလှပြီ။ ဒါကြောင့်လည်း ဖေဖေက ကိုအောင်ကျော်ကို ဒီဆန္ဒကျင်ရေးမှာ မပါစေချင်တာပေ့ါ။ အဲဒီမှာတင် လူကြီးနဲ့ လူငယ် တွက်ဆချင်း ကွာတယ်လို့ ဖေဖေက မကြာမကြာ ပြောဖူးပါတယ်။ တစ်ကိုယ်ကောင်းဆန်ပြီး အိပ်ပျော်နေတဲ့ လူငယ်တွေကို ဖေဖေက ရဲသတင်းစာထဲမှာ တပ်လှန့်လိုက်တာ ဖြစ်ပေမယ့် နိုင်ငံရေးအမြင်အရ ကိုအောင်ကျော်လို အဖိုးတန် လူငယ်ခေါင်းဆောင်မျိုးကို အသားလွတ်ချည်း မသေစေချင်တာ အမှန်ပါပဲ။

ဖေဖေ့ဆန္ဒကတော့ မပြည့်ခဲ့ပါဘူး။

နယ်ချဲ့ရဲ့ ကျားကွက်မှာ ကိုအောင်ကျော် အစားခံလိုက်ရရှာပါတယ်။ လုပ်သားသတင်းစာထဲမှာ ပါလာတဲ့ ကိုအောင်ကျော့်အကြောင်းကို ဖတ်မိကြပါလိမ့်မယ်။ အဲဒီတုန်းက နယ်ချဲ့ရဲ့ ဖိနှိပ်မှုက ပြင်းထန်လာတာနဲ့ အမျှ ထောင်ကျောင်းစံရတဲ့ အရှင်ဦးဝိစာရ၊ ကမ္ဘာ့စံချိန်ချိုး အစာငတ်ခံတိုက်ပွဲဝင်လို့ ပျံလွန်တော်မူခဲ့တယ်။ ဆရာတော်ဦးဥတ္တမ အမှုစစ်တုန်းကခုဗန္ဓုလပန်းခြံလို့ အမည်ပြောင်းထားတဲ့ ဆူးလေပန်းခြံအတွင်းမှာ ဝံသာနုအသင်းသားများနဲ့ ရဟန်းတော်တွေကို နယ်ချဲ့ပုလိပ်တွေက တုတ်နဲ့ရိုက် မြင်းနဲ့တိုက်လူစုခွဲခဲ့တယ်။ ကိုအောင်ကျော်လည်း ဂေါ်ရာပုလိပ် အရိုက်ခံရပြီး ကွယ်လွန်ခဲ့ရှာတယ်။

ကိုအောင်ကျော် အရိုက်ခံရချင်း မသေသေးဘူး။ တက္ကသိုလ်ဆေးရုံက ရန်ကုန်ဆေးရုံပြောင်းတဲ့အထိ အသက်ရှင်သေးတယ်။ သတင်းစာဆရာတွေရယ် ဖေဖေရယ် သွားကြည့်တော့ ကိုအောင်ကျော်က သတိပြန်မလည်ဘူးဆိုပေမယ့် ဖေဖေက ကိုအောင်ကျော်ရဲ့ ညာလက်ကို အသာဆုပ်ကိုင်ပြီး

"မောင်အောင်ကျော် ဦး လာပြီလေ"

ပြောတော့ မျက်လုံးလှန်ကြည့်သတဲ့။ တစ်ခုခုပြောမယ်လို့ နှုတ်ခမ်းဟလိုက်တာနဲ့ ပါးစပ်က သွေးတွေအန်ကျသတဲ့။ အဲဒီညလား၊ နောက်နေ့ညလား မသိဘူး ကိုအောင်ကျော် ဆုံးရှာတာပါပဲ။ ဖေဖေက ဒီအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောပြတော့ ကျွန်မမေမေရော အိမ်သူအိမ်သားတွေပါ မျက်ရည်မဆည်နိုင်ကြဘူး။ ကျွန်မတို့လည်း သိပ်သိတတ်နားလည်သေးတာ မဟုတ်ပေမယ့်

"ကိုကိုအောင်ကျော် မရှိတော့ဘူး"

လူကြီးတွေက သတင်းပေးတာနဲ့ ငိုကြတယ်။ စကြာပန်းရုံအောက်မှာ သူငယ်ချင်းတွေကို

"ငါတို့ ကိုကိုသေပြီ"

လို့ပြောရင်း ငိုကြတော့ သူငယ်ချင်းတွေကပါ ဘုမသိ ဘမသိ ဝိုင်းငိုကြတယ်။

ကိုအောင်ကျော်ရဲ့ သွေးစွန်းတဲ့ လက်ကိုင်ပဝါဖြူကို သူရိယဦးသိမ်းမောင်က အမှတ်တရရယ်လို့ သိမ်းလာတာကို ညကျ ကြည့်မြင်တိုင်၊ သိမ်ကြီးလမ်းဘက်ခွေးတွေအူတော့ ဦးသိမ်းမောင်ရဲ့ ယောက္ခမအဘွားကြီးက သူ့အိမ်မှာ မြေးလေးလည်းနေမကောင်းဘူး။ ဒီလက်ကိုင်ပဝါကို အိမ်မှာ မထားရဲဘူးဆိုပြီး ကျွန်မတို့အိမ်ကို လက်ကိုင်ပဝါလာပို့တယ်။ ကျွန်မရဲ့မေမေက ကိုအောင်ကျော်ကို မကျွတ်လွတ်ဘူးလို့ပြောတာကို လုံးလုံးမခံနိုင်ဘူး။ အတ္တအကျိုးကို လုံးလုံးမငဲ့ကွက်ဘဲ တိုင်းပြည်အတွက် စွန့်လွှတ်ခဲ့တဲ့ လူတစ်ယောက်ဟာ ကောင်းရာမွန်ရာ ဘုံတစ်ခုခုကို ရောက်နေပြီလို့ မေမေကယုံသတဲ့။ ကျွန်မတို့အိမ်မှာ ကိုအောင်ကျော်အတွက် ဆွမ်းကျွေးသက်န်းကပ်လှူခဲ့သေးတယ်။

ဖေဖေရေးတဲ့ "အောင်ကျော် မဟာဆွေ" ဟာလည်း သွေးပူတုန်းထုတ်ဝေလို့ အရောင်းရအလွန်သွက်သတဲ့။ အမြတ်ငွေမှန်သမျှကို ကိုအောင်ကျော်ရဲ့ ကျောက်ရုပ်အတွက် လှူဒါန်းဖို့ ဖေဖေရည်မှန်းထားပါတယ်။ စာအုပ်ထဲမှာ ဓာတ်ပုံတွေဝေဝေဆာဆာ ဘလောက်လုပ်ထည့်ထားသတဲ့။

မကြာခင်မှာပဲ ပြည်ထဲရေးပါလီမန်အတွင်းဝန် ဦးအိမ်က အိမ်ကိုကားနဲ့ပေါက်ချလာပြီး

"ဘယ်လိုလဲ ဆရာဆွေ၊ တော်တော်စွံပြီ မဟုတ်လား"

"အရေးယူချင်လဲယူတော့ ဦးအိမ်ရေ၊ အုပ်ရေ တစ်သောင်းကျော်ထွက်သွားပြီ"

ချက်ချင်းပဲ နယ်ချဲ့အစိုးရ ပြန်တမ်းထုတ်ပြန်လာတယ်။

"အောင်ကျော် မဟာဆွေ" စာအုပ် တွေ့ရာတွင် သိမ်းစေ။

ဖေဖေက ရယ်လို့သာနေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်က ဖေဖေ့ဆီမှာရော ဆိုင်တွေမှာရော လက်ကျန်မရှိတော့လို့တဲ့။ စာအုပ်တွေ ဖတ်သူတွေ လက်ထဲရောက်ပြီး သိမ်းယူသိမ်း၊ ဖွက်သူဖွက်ကုန်ကြပြီ။ ■

www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်နှင့်ရဲ

[ ၁ ]

ကျွန်မတို့ မိသားစု ကြည့်မြင်တိုင် ကျောင်းကြီးလမ်းရောက်တဲ့အချိန်မှာ ကြည့်မြင်တိုင်ဘက်က နေအိမ်တွေဟာ အုတ်နဲ့ဆောက်တဲ့ တိုက်အိမ်အရေအတွက် အင်မတန်နည်းလှပါတယ်။ သက်န်းတိုက်တွေက လွဲလို့ လူနေအိမ်တွေဟာ သစ်သားနဲ့ ဆောက်လုပ်ထားတာ ချည်းပါပဲ။ မြန်မာလူကြီးသူမတွေရဲ့ အယူအဆအရ သစ်သားအိမ်တွေဟာ သက်ကြီးရွယ်အိုအထိ နေထိုင်သွားကြဖို့ ကျန်မာရေးအတွက် သင့်လျော်တယ်လို့ ဆိုကြပါတယ်။ ကျွန်မတို့ ဖေဖေလည်း ဒါကြောင့်မို့ ထင်ပါရဲ့။ လူကြီးတွေရဲ့ အကြံပေးချက်အရ အိမ်ကို သစ်သားအိမ်သာ ရှာဖွေခဲ့ပါတယ်။ ဒီသစ်သားအိမ်တွေဟာ ကျွန်း၊ ပျဉ်းကတိုးများလိုအဖိုးတန်သစ်များနဲ့ ဆောက်ထားတာမို့ တိုင်တွေ၊ ထုတ်တန်းတွေကလည်း အတောင့်၊ လျှာထိုးကြမ်းခင်းတွေကလည်း ပေါလစ်များတိုက်ထားရင်ပြောင်လက်နေတာပဲ။ ပြီးတော့ အိမ်တွေဟာ တစ်ဝက်ခြမ်းအပေါ်ထပ်နဲ့ မွန်အိမ်ပုံစံများ၁ ဖြစ်ပါတယ်။

ကြည့်မြင်တိုင် သိမ်ကြီးလမ်းမှာ နေရင်းစွဲဖြစ်တဲ့ သတင်းဆရာဦးသိမ်းမောင် (သူရိယ) ဟာ ဖေဖေနဲ့ ညီရင်းအစ်ကိုလို ခင်တာမို့ အစစ

www.burmeseclassic.com

www.burmeseclassic.com



အရာရာ တိုင်ပင်ကူညီရှာပါတယ်။ ရန်ကုန်မြို့လယ် ၃၈ လမ်းကနေ ကြည့်မြင်တိုင် ပြောင်းစမှာ ဦးကြီး (သူရိယဦးသိမ်းမောင်)အိမ်မှာ ကျွန်မတို့ မိသားစုတစ်ပတ်လောက် နေကြရသေးတာ။ နောက်မှ ကျောင်းကြီးလမ်းရောက်ကြတာ။ အဲဒီမှာ အမ်အေဦးမောင်ကြီးနဲ့ တွေ့ပြီး 'ရဲ' သတင်းစာကို ဆက်ထုတ်ဖို့ စိုင်းပြင်းကြတယ်။ ဦးသိမ်းမောင်က ငွေစိုက်ထုတ်ဝေခဲ့တဲ့ ပထမတွဲဟာ ခဏရပ်ထားပြီး ဒုတိယတွဲထုတ်ဝေမယ် ကြံတော့ ရဲသတင်းစာလီမိတက်ဆိုပြီး ငွေရင်းငါးသောင်း မ, တည်ပြီး၊ တစ်စုကို ငါးကျပ်ကောက်ခံကြတယ်။

ကိုလိုနီခေတ်တုန်းက တိုက်ပွဲဝင် နိုင်ငံရေးသမိုင်းအကြောင်းပြောရတာဟာ ထက်သန်တက်ကြွရုံမက လွမ်းစရာတွေချည်းပါပဲ။ မျိုးချစ်ပုဂ္ဂိုလ်တွေရဲ့ ရည်မှန်းချက်ကြီးအတွက် အသက်ပေါင်းများစွာ ပေးခဲ့ရတယ်။ အသက်အိုးအိမ် စည်းစိမ်စတဲ့ အရာရာ တန်ဖိုးကြီး ပေးခဲ့ရလို့ ဘယ်လိုမှ တန်ဖိုးမဖြတ်နိုင်ခဲ့ပါဘူး။ ရုရှားမှာ ထင်ရှားတဲ့ ကဗျာဆရာ' ယက်ဗတူရှင်ကို' ပြောခဲ့ဖူးတဲ့ စကားရပ်တစ်ရပ်ကို ကျွန်မ သတိရနေမိသေးတယ်။

'ရုရှားနိုင်ငံဟာ စက်မှုကုန်ထုတ်လုပ်ငန်းမှာ နောက်တန်းရောက်နေပေမယ့် ပြည်သူတွေအနေနဲ့ မျက်ရည်တွေ သွေးတွေ ထွက်တဲ့နေရာမှာတော့ 'ရှေ့တန်း' ရောက်နေပြီး ဘယ်နိုင်ငံမှ မယှဉ်သာနိုင်တဲ့အတွက် ကြောင့်ပဲ ဖြစ်ပါတယ်တဲ့။

ရဲသတင်းစာအကြောင်းပြုပြီး ကျွန်မဖေဖေနှင့်ပတ်သက်တဲ့ မျိုးချစ်လူငယ်တွေတော်တော်များများဟာ အိမ်အရောက်လာလည်ကြ၊ နိုင်ငံရေးသမုဒ္ဒရာထဲ လက်ပစ်ကူးခဲ့ကြတော့တယ်။ ဒီထဲမယ် ဟင်္သာတ၊ အင်္ဂပူမြို့သား ကိုလှိုင်ဦးတို့၊ ဟင်္သာတ မယ်ဇလီကုန်းရွာသား ကျောင်းသား ခေါင်းဆောင် ကိုအောင်ကျော်တို့လဲ ပါကြသပေါ့။

[ ၂ ]

ရဲသတင်းစာ မှတ်ပုံတင်ပြီးလို့ ဒါရိုက်တာ လူကြီးများ ကတော့ ဦးမောင်ကြီး (ရဲဗိုလ်ချုပ်) ဝတ်လုံဦးထွန်းတင် (ရဲဗိုလ်မှူး)၊ ဝတ်လုံဦးမောင်မောင်လတ်၊ ဝတ်လုံဦးဘဟန် (၂)၊ သူရိယ ဦးသိမ်းမောင်နဲ့ စာရေးဆရာမဟာဆွေ (ကျွန်မဖေဖေ)တို့ဖြစ်ပါတယ်။ ဖေဖေက ဒါရိုက်တာ လူကြီးအပြင်

www.burmeseclassic.com

www.burmeseclassic.com



ရဲသတင်းစာ လီမိတက်ရဲ့ အတွင်းရေးမှူးနဲ့ ရဲသတင်းစာ အယ်ဒီတာချုပ် အဖြစ် တာဝန်ထမ်းဆောင်ပါတယ်။

ဦးမောင်ကြီး (ပြန်ကြားရေးဝန်ကြီးဟောင်း) ကွယ်လွန်သူ ဦးလှဖေနဲ့ ဖေဖေတို့ဟာ သုံးယောက်စလုံး မော်တော်ကားတစ်စီးနဲ့ တစ်အိမ်တက်ဆင်း နေ့စဉ်ရက်ဆက် ကောက်ခံကြပါတယ်။ ဒါကြောင့်မို့ ကျွန်မတို့ ငယ်ငယ်တုန်းက နေထိုင်ခဲ့ကြတဲ့ ကြည့်မြင်တိုင်း ကျောင်းကြီးလမ်း အိမ်ရှေ့မှာ အော်စတင်ဆလွန်းကား (ဒီတုန်းက ခေတ်ပေါ်ကား) ဟာ ရပ်လိုက်သွားလိုက် လုပ်နေခဲ့တာဟာ အိမ်နီးချင်းတွေ အမြင်ပဲ။ အလှူကောက်ခံရာမှာ ဦးမောင်ကြီးဟာ ခပ်ရှင်းရှင်းပဲ။

'သတင်းစာ တစ်စောင်ရဲ့ အစုရှယ်ရာဆိုပေမယ့် အကျိုးအမြတ် ထွက်လိမ့်မယ်လို့ မထင်ကြပါနဲ့။ အလှူငွေလို သဘောထားနိုင်မှ ထည့်ကြ'

လို့ပြောပြီး ကောက်ခံပါတယ်။

အင်မတန် အားတက်စရာကောင်းတာက အလယ်အလတ်တန်းစားနဲ့ အထက်တန်းလွှာပိုင်းကပါ။ ၅ စု၊ ၁၀ စု၊ အစု ၂၀။ ၁၀၀အထိ ထည့်ဝင်ကြပါတယ်။ အဲဒီတုန်းက အများသိကြတဲ့အတိုင်း ငါးကျပ်ဆိုတဲ့ တန်ဖိုးဟာ နည်းတာမှ မဟုတ်ဘဲ။ အုန်းထမင်း ငါးပိကြော် တစ်ပန်းကန်းပြားမှ ပိုက်ဆံနှစ်ပြားထဲရယ်။ လူပေါင်း ၂၀၀ ကျော် စားလို့ရတယ်။ တွက်ကြည့်ရင် သိနိုင်ပါတယ်။ မှတ်မိသလောက် ချပ်သင်းသူဌေး ဦးဘတင်က အစု ၁၀၀ (ငွေ ၅၀၀ ကျပ်) ပါမောက္ခဦးဖေမောင်တင်က ငွေ ၁၀၀၊ အိုင်စီအက်စ် ဦးတင်ထွတ်ကလည်း သူ့ညီ ဒေါက်တာထင်အောင် နာမည်နဲ့ ငွေ ၁၀၀၊ စက်ရှင်မင်းကြီး ဦးဘသန်းက ငွေ ၁၀၀ စသည်ပေါ့။ ရဲသတင်းစာ ထုတ်ဝေနိုင်လောက်အောင် အင်အားရှိသွားပါတယ်။

ဒါရိုက်တာ အစည်းအဝေးမှာ ဒါရိုက်တာတစ်ဦးက ဖေဖေ့အတွက် လခ သတ်မှတ်ဖို့ အကြံပေးပေမယ့် ဖေဖေက ဒီအကြံပေးချက်ကို လုံးဝလက်မခံပါဘူး။ ရဲသတင်းစာ တည်မြဲသမျှ လခ တစ်ပြားတစ်ချပ်မှ မယူဘဲလုပ်ပါ့မယ်လို့ အာမခံပါတယ်။ အခြားလူကြီးတစ်ဦးက ရဲသတင်းစာ တိုးတက်ကြီးပွားပြီး အယ်ဒီတာကို လခပေးနိုင်တဲ့ အခြေအနေရှိရင် လခပေးဖို့ အကြံပေးပြန်ရော အဲဒါကိုလိုနီအစိုးရနဲ့ 'ဘု'ကျမယ့် သတင်းစာတစ်စောင် ဖြစ်မှာမို့ ဖေဖေက အသာ ပြုံးနေလိုက်မိရင်း ခေါင်းခါလိုက်သတဲ့။

ဖေဖေက

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ကို မချုပ်ချယ်ဘဲ လွတ်လွတ်လပ်လပ်သာ ရေးခွင့်ပေးပါ'

လို့သာ ခွင့်တောင်းသတဲ့။ ပထမတွဲတုန်းက စစ်ကိုင်းမြို့ကနေ လွတ်လွတ်လပ်လပ် ရေးပေးခဲ့ဖူးတာကိုး။ ကာယဗလပညာ၊ စစ်အတတ်ပညာ၊ လူငယ်များစည်းကမ်းသေဝပ်ရေး၊ သတ္တိရှိရေး ဒီအကြောင်းတွေကို ပထမတွဲမှာ ရေးသားထုတ်ဝေခဲ့ရတာကိုး။ ပြီးတော့ ဖေဖေက နယ်ချဲ့လက်အောက်က လွတ်မြောက်ဖို့အတွက် အပြောနဲ့မရ။ လက်နက်စွဲကိုင်ပြီး ပုန်ကန်ရမယ်လို့ စွဲလမ်းထားတယ်။ လူငယ်တွေကို စစ်အတတ်ပညာသင်ကြား၊ သေနတ်တုနဲ့ စစ်ရေးလေ့ကျင့်စေရေး လှုံ့ဆော်ပါတယ်။ (အဲဒီတုန်းက မြန်မာတစ်တွေ ခြောက်လက်မ ဓားမြောင်တောင် ကိုင်ခွင့်မရ။ ကိုယ်ပိုင် စစ်တပ်မရှိ။ စစ်သေနတ်ဗျူဟာနတ္ထိ။ အညွန့်တုန်းတဲ့ အချိန်ပါ) နောင်အရေးကြုံတဲ့အခါ တုတ်သေနတ်ကနေ ရိုင်ဖယ်သေနတ်ပြောင်းလဲကိုင်ကြနဲ့ မခဲယဉ်းတော့ဘူးပေါ့။

ဖေဖေကလည်း ဆရာတော် ဦးဥတ္တမမျက်နှာကိုဖန်ခွက်နဲ့ အပေါက်ခံရတဲ့အချိန်က ရဲသတင်းစာ အယ်ဒီတာလုပ်ရမယ့် အချိန်အထိ တော်လှန်ရေး စိတ်သဘောထား တစ်နေ့တစ်ခြား ပြင်းထန်လာပါတယ်။ ဦးမောင်ကြီးက ဥပဒေနဲ့ မငြိစွန်းရင် ရေးချင်တာရေးပါလို့ ခွင့်ပြုပြီး၊ ဥပဒေနဲ့ မငြိမစွန်း ဖို့အတွက် ဦးလှဖေ၊ ဦးထွန်းတင်၊ ဦးမောင်မောင်လတ်၊ ဦးဖြိုးတင့်၊ ဦးဘဟန်၊ ဦးသိန်းကျော်နဲ့ ဖေဖေတို့ ပါဝင်တဲ့ အတိုင်ပင်ခံအဖွဲ့ တစ်ခု ဖွဲ့ထားပါတယ်။

မူလ သူရိယ ဦးသိမ်းမောင် ထုတ်ဝေတဲ့ ရဲသတင်းစာ တာဝန်ခံ အယ်ဒီတာဟာ ဦးထွန်းခင်ဖြစ်ပြီး ရဲသတင်းစာ လိမိတက်တည်ထောင်လို့ ဒုတိယတွဲစပြီး တာဝန်ခံအယ်ဒီတာဟာ ဦးဘဆွေခေါ် မဟာဆွေ ဖြစ်ကြောင်းဖော်ပြပြီး ရန်ကုန်ဒိစကြိတ် တရားသူကြီးရုံးကို တင်လိုက်တယ်။ ထူးခြားတဲ့အချက်တစ်ခုက တရားသူကြီးရုံးက မဟာဆွေအယ်ဒီတာလုပ်ရင် အာမခံငွေ ၅၀၀ ကျပ်တင်ထားမှ ထုတ်ဝေခွင့်ပြုနိုင်မယ်လို့ စာပြန် လာတော့ အားလုံးက မျက်လုံးပြူးကုန်ကြရော။ တချို့က ဖေဖေ့ကို

'ဟေ့လူ။ လက်စသတ်တော့ ခင်ဗျားဟာ နိုင်ငံရေးလူဆိုးကြီး ထင်ပါရဲ့'

လို့ နောက်ပြောင်ကြသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီစတြိတ်တရားသူကြီး ဦးကျော် ၃ ဟာ ကာကွယ်ရေးဌာနကနေ အတွင်းဝန် တိုင်းမင်းကြီးဖြစ်လာတဲ့ သူပါ။ ရဲတပ်ဖွဲ့ဖြစ်ဖို့နဲ့ မြန်မာတွေလက်ထဲ လက်နက်ကိုင်နိုင်ဖို့ လှုံ့ဆော်တဲ့ လူတစ်ယောက်ကို သက်ဆိုင်ရာ အာဏာပိုင်တွေက ဘယ်လွှတ်ထားပါ့မလဲ။

ကနေ့ခေတ် အမျိုးသားနေ့အထိမ်းအမှတ်အဖြစ် တယ်လီဖေးရှင်းမှာ မကြာမကြာပြတတ်တဲ့ ဇာတ်လိုက်မောင်မောင်အေး၊ မင်းသမီး ခင်ခင်ရီတို့ ပါတဲ့ ဣတ္ထိယ ရုပ်ရှင်ကားမှာ ဒီရဲတပ်ဖွဲ့ဝင်တွေအကြောင်း ပြန်ကြည့်ဖြစ်ကြရင် အားလုံး သတိရနိုင်ကောင်းပါရဲ့။ ဒီရဲတပ်ဖွဲ့နဲ့ ရဲသတင်းစာဟာလည်း တစ်သားတည်း ခွဲလို့မှ မရဘဲ။ ဦးမောင်ကြီးက ဖေဖေ့ကို

'အာမခံ ၅၀၀ တင်ထားရမယ်ဆိုရင် အရင်းထဲက လျှော့သွားတော့မယ်။ ဖြစ်နိုင်တဲ့နည်းနဲ့ လုပ်စမ်းပါဦး။ ကျုပ်က လွှတ်လိုက်တယ်လို့ ပြောပေါ့'

ဦးကျော်နဲ့ ကိုယ်တိုင်သွားတွေ့ဖို့ ပြောလို့ ပုလိပ်ရုံးသစ်ကြီးကို ဖေဖေသွားရပြန်ပါတယ်။ ဦးကျော်က ပြုံးပြုံးရယ်ရယ် ဖော်ဖော်ရွေရွေနဲ့ပဲ။

'ဘယ့်နှယ်လဲ ဦးဘဆွေ၊ ပြန်ကြားစာအတွက် သိပြီးပြီပေါ့နော်'

ပြောလိုက်တယ်။ ဖေဖေက

'ဟုတ်ပါတယ်။ ဒါကြောင့် အာမခံ မတင်ဘဲ ဖြစ်နိုင်အောင်ကြိုးစားဖို့ လာတွေ့ရတာပါပဲ။ တတ်နိုင်တဲ့နည်းရှာကြည့်ပါဦး'

ဦးကျော်က ခဏငိုင်သွားရင်း စဉ်းစားပြီး

'ဒီလိုရင်လည်း စီမံကြရအောင်ဗျာ'

'ဘယ်လို လုပ်ရမှာလဲဗျာ'

'ကျွန်တော်ရေးပြမယ်လေ'

ဦးကျော်က စာရွက်တစ်ရွက်မှာ အင်္ဂလိပ်လို အကြမ်းရေးပြပြီး ဖေဖေ့ကိုပြတော့ ဖေဖေက ဖတ်ရှုပြီး

'ကျွန်တော်ဟာ သခင်ပါတီဝင် မဟုတ်ဘူးဆိုတာကတော့ ဘယ်တုန်းကမှ မဟုတ်ခဲ့တာ ဝန်ခံနိုင်ပါတယ်။ (Against Government)ဆိုတာကတော့ သတင်းစာဆရာတစ်ယောက်အနေနဲ့ အရုပ်ဆိုးလှတယ်။ ဒါပေမယ့် ကျွန်တော် ဦးမောင်ကြီးနဲ့ တိုင်ပင်ပါဦးမယ်'

'ကောင်းပြီ တိုင်ပင်ကြည့်ပါ'

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက အရေးပိုင် ဦးကျော်ပေးလိုက်တဲ့ စာရွက်ကလေးကိုယူပြီး ပြန်ခဲ့တယ်။ ဆူးလေဘုရားလမ်းမှာ 'ခွေးရုပ်နဲ့ တိုက်ကြီး'လို့ ပြောင်ပြောင် ပြောခဲ့ကြဖူးတဲ့ ခြူးတံဆိပ်စုံထောက်ရုံးကို ဝင်ခဲ့ပြန်တယ်။ ရုံးထဲဝင်မိတာနဲ့ စုံထောက်အရာရှိ ဦးဖေလှိုင်က

'ဟဲလို ဦးဘဆွေ ဆိုပါဦး ဘာကိစ္စ'

ဆီးကြိုနှုတ်ဆက်တယ်။ သူက မင်းဆွေမင်းမျိုးထဲက ဖြစ်ပြီး အပေါင်းအသင်း ဆန့်တယ်။ ဖော်ရွေတယ်။ ဖေဖေနဲ့လဲ ခင်မင်အကျွမ်းဝင်ပါတယ်။

'ကျွန်တော်ရဲသတင်းစာ အယ်ဒီတာလုပ်ဖို့ အရေးပိုင်ရုံးမှာ ဒီကလယ်ရေးရှင်း (Declaration) တင်တော့ နောင်ကြီးတို့ရုံးက အစီရင်ခံစာအရ အာမခံငွေ ၅၀၀ ကျပ်တင်မှ ထုတ်ဝေခွင့်ပြုမတဲ့ဗျာ'

'အဲဒါနဲ့ ကိုဘဆွေက ကျွန်တော်တို့ကို အပြစ်တင်ဖို့ ဝင်လာရတာပေါ့'

'အဲဒီလိုလဲ မဟုတ်ပါဘူး။ အကျိုးအကြောင်းသိချင်လို့ ဝင်လာတာပါ'

'ခင်ဗျားနေခဲ့တဲ့ စစ်ကိုင်းက ရာဇဝတ်ဝန် မစ္စတာဖို့ဒ်(ဒ်)ရဲ့ အစီရင်ခံစာအရ ကျွန်တော်တို့က အရေးမယူရင် မဖြစ်လို့ အရေးယူခဲ့ရတာပါ'

'ဘယ်လိုများ အစီရင်ခံထားလဲဗျာ။ ပုလိပ်တွေနဲ့တော့ စကားများခဲ့ဖူးတာပဲ'

'အစီရင်ခံစာကြီးကို ထုတ်ပြဖို့ ဝတ္တရားတော့မရှိဘူး။ လိုရင်းကို ကျွန်တော်ပြောပြပါ့မယ်'

ဦးဖေလှိုင်က စားပွဲပေါ်ရှိ စာခြင်းဖိုင်တွဲတစ်ခုကို ထုတ်ယူပြီး

'ခင်ဗျားဟာ စစ်ကိုင်းမှာ လူငယ်အသင်းထောင်တယ်။ သခင်ခေါင်းဆောင်တွေနဲ့ ပေါင်းပြီး သခင်အကြီးစား တဲရာရစ်ဇင်းမုဖ်မင့် Terroism Movement မှာလဲ ခင်ဗျား ခေါင်းဆောင်ဆိုတော့ ကျွန်တော်က ဒီအတိုင်းလွှတ်လို့ ဖြစ်ပါ့မလား'

'ခုလို သိရတဲ့အတွက် ကျေးဇူးတင်ပါတယ် နောင်ကြီး'

ဖေဖေလည်း စုံထောက်ရုံးပေါ်က အသင့်စောင့်နေတဲ့ မော်တော်ကားပေါ်တက်ပြီး ပန်းဆိုးတန်းကို ပြန်ခဲ့ပါတယ်။ အဲဒီတုန်းက ဦးမောင်ကြီးက ဖေဖေ့အပြန်ကို စောင့်နေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်နှယ်လဲ ကိစ္စပြီးခဲ့ပလား ကိုဘဆွေ'

ဆီးပြီးမေးပါသတဲ့။ ဖေဖေကပြုံးလို့

'မပြီးသေးဘူး ဦး။ ဟောဒီမယ် အန်ဒါတိတ် ခံဝန်ချက် Under take လုပ်ရမတဲ့'

ဦးမောင်ကြီးက စာရွက်ကို ဆွဲယူဖတ်ရှုပြီး

'ကိုဘဆွေ သဘောမကျတာ ဘာပါသလဲ'

'Against Government ဆိုတဲ့စကားပေါ့ ဦးရဲ့။ ကိုလိုနီအစိုးရကို မဆန့်ကျင်ရဘူးဆိုတာ သူတို့ရဲ့အမှားအမှန်ကို မဝေဖန်ရဘူးဆိုတာနဲ့ အတူတူပါ။ သတင်းစာဆရာတစ်ယောက်အနေနဲ့ဆိုရင် ကျွန်တော် မခံနိုင်ဘူး'

'ဦးလဲ သဘောမတူပါဘူး။ ဦးပြင်ပေးမယ်'

ဦးမောင်ကြီးက အဂိန်း(စ်)ဂါးဗားမင်း Against Government အစားပြင်ပြီး ပြတော့ Unconstitutional တရားဥပဒေ လက်လွတ်မရေးသားပါ ဆိုတဲ့ အဓိပ္ပာယ်တွေ့ရလို့ ဖေဖေက

'ဟုတ်ကဲ့ သူပုန်မထနိုင်သရွေ့ ဥပဒေလက်လွတ် ဘယ်သူလုပ်မလဲ။ ဒီစကားအတိုင်းဆိုရင် ကျွန်တော်လုပ်ပါ့မယ်'

လို့ ဖေဖေကပြောလိုက်သတဲ့။ ဦးမောင်ကြီးက

'ဦးကိုယ်တိုင် ပြင်ပေးလိုက်တယ်လို့ ကိုကျော်ကို ပြော'

မှာလိုက်သေးတယ်။

'ဘာပဲပြောပြော အန်တာတိတ် လုပ်ရတာတော့ အဆိုးသား'

ဖေဖေက ညည်းတော့ ဒေါက်တာဒေါ်ရင်မေရဲ့ အစ်ကိုရင်း ရဲတပ်ဖွဲ့မှူး ဦးသိန်းကျော်က

'အံမာ ဟေ့လူ၊ သတင်းစာထုတ်ဝေခွင့်ရဖို့ ပဓာနပါ။ ထုတ်ဝေခွင့်ရတဲ့နောက် ကိုယ်ရေးချင်တာရေးပါ'

လို့ ရယ်မောပြောဆိုပါသတဲ့။ ဒီသမိုင်းဝင် ဖြစ်စဉ်တွေဟာ ကျွန်မတို့ ကြည့်မြင်တိုင် ကျောင်းကြီးလမ်းမှာ နေခဲ့တုန်းက ဖြစ်ခဲ့တာကို လူကြီးသူမတွေက တစ်ဆင့် သိခွင့်ရခဲ့ပါတယ်။ ကိုလိုနီခေတ်တုန်းက လွမ်းပုံပြင်တစ်ပုဒ်ပါပဲ။ လွမ်းပုံပြင်တွေဟာ ဖွဲ့မဆုံးနိုင်ပါဘူး။ ■

www.burmeseclassic.com

www.burmeseclassic.com

# စစ်ခေတ်ရန်ကုန်သွေးပုံပြင်

[ ၁ ]

ကျွန်မတို့မိသားစု (အလုံဘင်တန်လမ်း Benton) သီတာလမ်းမှာ နေစဉ် ကာလ ကြောက်မက်ဖွယ်ရာ ဒုတိယကမ္ဘာစစ် အတွေ့အကြုံတွေကို အံ့မခန်း ဖြတ်သန်းခဲ့ရပါတယ်။ ကျွန်မတို့နေတဲ့ အလုံမြို့နယ်ဟာ အတန်ငယ်ကျယ် တဲ့ ခြံဝိုင်းနဲ့ နေကြပြီး လူဦးရေတော်တော်များများဟာ ကရင်လူမျိုး ဘိုက ပြား ဂျူးလူမျိုးတွေမို့ ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြပါတယ်။ ဆောင်း လည်ည ဒီဇင်ဘာမို့ နာတာလူးပွဲတော်ချိန်လည်း နီးလာပြီလေ။ အချို့ ပိုက်ဆံတတ်နိုင်တဲ့ အိမ်တွေမှာဆိုရင် ကြက်ဆင် (Turkey) တွေ တောင် မွေးထားကြပြီး လည်ပင်းတွေမှာ ဖဲကြိုးလေးတွေ ကိုယ်စီနဲ့ မကြာမီအချိန် မှာ ခရစ္စမတ်ပွဲတော်အတွက် သေပွဲဝင်ကြတော့မှာမို့ သနားစရာသတ္တဝါတွေ ပါပဲ။ ဒီလိုဆိုတော့လဲ ကြက်ဆင်တွေက ပြန်မေးနိုင်ပါတယ်။ 'ခင်ဗျားတို့က ကော သနားစရာ မကောင်းဘူးလား'လို့။ နေ့မြင်ညပျောက် ကာလနဲ့နီးလာ ချိန်မို့ပါ။ ဒါတွေ အသက်ကြီးလာမှ ပြန်တွေးမိတာ ဖြစ်ပါတယ်။

ကြက်ဆင်တွေ တကွပ်ကွပ် အော်သံတွေကြားမှာ ဓမ္မတေးသံအဆို လေ့ကျင့်ကြတဲ့ အသံတွေက လေမှာ ပျံ့လွင့်လာသလို စန္ဒရားသံတွေဟာ တစ်အိမ်ခြားဆိုသလို ဝေစည်နေပါတယ်။ တချို့အိမ်တွေမှာ Christmas

www.burmeseclassic.com

www.burmeseclassic.com



Tree ခေါ်တဲ့ ခရစ္စမတ် သစ်ပင်တွေ ခြံထဲ ဆင်ဝင်ရှေ့ စိုက်လို့ထားပါတယ်။ စိမ်းမှောင်မှောင် အရွက်စိမ်းစိမ်းလေးကြားထဲ ခေါင်းလောင်းသေးသေး သဏ္ဍာန် ပန်းနီနီလေးတွေက တွဲလောင်းပွင့်လို့။ ကျွန်မတို့နဲ့ ခြံချင်းကပ်လျက် သခင်ညီလေးနေတဲ့ ခြံရဲ့ခေါင်းရင်းခြံမှာတောင် တစ်ပင် ရှိတယ်လို့ မှတ်သားမိပါတယ်။ နဂိုကတည်းက ကျွန်မတို့နဲ့အဖွဲ့ကျနေတဲ့ သခင်ညီလေးက ညနေတိုင်း ကျွန်မတို့နဲ့ စကားစမြည်ပြောနေကျမို့ . . .

'စစ်ဖြစ်ပြီဟေ့ . . . ဗုံးတွေကျဲတော့မယ်။ ခင်ခင်ဦးတို့ အေးတို့ မကြောက်ကြဘူးလား'

လို့မေးပါတယ်။

ကျွန်မတို့ညီအစ်မက မဆိုင်းမတွ

'ဟင်အင်း၊ မကြောက်ပေါင်'

လို့ဖြေကြတာကို သူက သဘောကျနေတာ။ ရှစ်နှစ် ကိုးနှစ်သမီး အရွယ်တွေကို သူက ရွယ်တူပေါင်းနေတာ။ ဖေဖေက နေသူရိန် နာမည်နဲ့ ရေးတဲ့ 'မကြောက်တရား'ဆိုတဲ့ ဆောင်းပါးတွေကို ကိုညီလေးက တစ်လမှ အလွတ်မပေးဘဲ ဖတ်နေတာကိုး။

'ဗုံးဆန်တွေကွဲရင်၊ စက်သေနတ်မှန်ရင် ခြေထောက်တွေ လက်တွေ ပြတ်၊ ရင်ပတ်မှာ အပေါက်ကြီးတွေဖြစ်၊ သွေးတွေအများကြီး ရေဘုံဘိုင်က ထွက်သလို ထွက်လာမှာ မကြောက်ဘူးလား'

စသလို ချောက်လှန့်မေးတော့လဲ ကျွန်မတို့က အရယ်အမောမပျက်ဘဲ

'မှန်လဲ မှန်ပေ့ါ။ ဘယ်တတ်နိုင်မလဲ'

လူကြီးသူမလို ဖြေတော့ ကိုညီလေးက လှိုက်လှိုက်လှဲလှဲ ရယ်မောနေရှာတယ်။ သူကလည်း အသက်၂၀ အရွယ် လူငယ်တို့ရဲ့ စိတ်ကူးနဲ့ 'မဟာဆွေ(ဝါ) နေသူရိန် မျိုးဆက်သစ်တွေရဲ့ စိတ်ဓာတ်ကို အနာဂတ်ကာလအတွက် ရည်မှန်းကြည်နူးနေပုံရပါတယ်။ သူ့ခမျာမှာလဲ ဒီစိတ်ကူးရည်မှန်းချက်တွေနဲ့ နောင် ၄နှစ်ကျော်ကျော်မှာ ဖက်ဆစ်ဂျပန်တွေရဲ့လက်ထဲ အညှဉ်းခံရပြီး ဆုံးသွားရှာပါတယ်။ သစ္စာရှိရှိနဲ့ တာဝန်ကျေပွန်တဲ့ မြန်မာသူရဲကောင်းအဖြစ် ကွယ်လွန်ခဲ့တာ ဖြစ်ပါတယ်။

အမှန်မှာတော့ ကျွန်မတို့ဟာ အဲဒီတုန်းက ဘာမှတတ်သိနားလည်လှတဲ့ အရွယ်တွေ မဟုတ်ပါဘူး။ ဖေဖေ့ရဲ့ အလေ့အကျင့် (ထရိန်းနင်း)

www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ တစ္ဆေမကြောက်၊ သူရဲမကြောက်၊ တခြားကလေးတွေထက် နည်းနည်းပိုရဲတာပဲရှိပါတယ်။ ဒါပေမယ့် မျက်ကန်းတစ္ဆေမကြောက်တဲ့သဘောလောက်ပါပဲ။

နောင် နဖူးတွေ့ ဒူးတွေ့ကြုံမှပဲ သိလာရတဲ့ အဖြစ်တွေပါ။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့။

ကျွန်မတို့မိသားစု မနက်စာစားပြီးစ အချိန်ပဲ ဖြစ်ပါလိမ့်မယ်။ အဲဒီအချိန်မှာ ဖေဖေက အိမ်ရှေ့စာရေးစားပွဲမှာ စာတွေ တကုန်းကုန်းရေးလို့။ ၁၉၄၀ ခုနှစ် မေလ ၁ ရက်နေ့ကတည်းက သည်အိမ်ကို ရောက်လာတယ်ဆိုတော့ ခုချိန်ဆိုရင် တစ်နှစ်နဲ့ ၇လကျော်ပြီပေါ့။ ဖေဖေရဲ့ စာရေးဆရာဝင်ငွေဟာ အင်မတန်ကောင်းခဲ့တဲ့ အချိန်မို့ ပျော်ရွှင်ကြည်နူးစရာကောင်းတဲ့ နေ့ရက်တွေပဲ ဖြစ်ပါတယ်။

မေမေနဲ့ ဒေါ်လေးမလှတင်က မီးဖိုချောင်မှာ သိမ်းဆည်းနေတုန်း ကျွန်မတို့ညီအစ်မနှစ်ယောက်က သတ္တုချိုင့်လေးတွေ၊ မြေအိုးလေးတွေနဲ့ ကစားနေကြပါတယ်။ ကျွဲကော်ရုပ်ကလေးတွေကို ကလေးလုပ်ပြီး တစ်ယောက် တစ်ရုပ်စီချီလို့ ကျွန်မတို့ ဝမ်းကွဲအစ်ကို ကိုဘလုံလေးက ကျွန်မတို့ ညီအစ်မရယ်၊ စပိန်နီးယားအမျိုးအစားဖြစ်တဲ့ ဂျော်နီနဲ့ လူစီခွေးမောင်နှမနှစ်ကောင်ရယ်ကို ပန်းချီပုံတူရေးဆွဲနေတုန်း ခွေးတွေမငြိမ်လို့ ပုစွန်ခြောက်တွေ ပုံးထဲကချချကျွေးတော့ မေမေက

'ဟဲ့ တော်ပြီနော် တော်ပြီ'

လို့ လှမ်းအော်နေပါတယ်။

အဲဒီအချိန်မှာပဲ ဥသြမှုတ်သံကြားရပါတော့တယ်။

'ဟော ဥသြမှုတ်သံကြားရတယ်။ နားထောင်စမ်း'

ဖေဖေက စာရေးစားပွဲက လှမ်းအော်ပြောလိုက်ပါတယ်။ ဥသြသံကလည်း အရှည်ကြီးဆွဲလို့ ဥသြမှုတ်ပြီး မကြာခင်ပဲ 'ဝီ' 'ဝီ'ဆိုတဲ့အသံတွေ ဟိန်းလာပါတယ်။

'ဟော ဘာသံတွေလဲ'

ဖေဖေနဲ့ မေမေပြတင်းပေါက်က လှမ်းမျှော်ကြည့်ကြရင်း

'ဟာ လေယာဉ်ပျံတွေပါလား'

ဖေဖေပြောနေရာက မေမေက

'လေယာဉ်ပျံတွေ လေယာဉ်ပျံတွေ'

www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြားအော်လိုက်ပါတယ်။ ဒေါ်လေး မလှတင်က ဘုမသိ။ ဘမသိနဲ့ လက်ရေစက်တို့ခါရင်း မေမေ့နား တိုးကပ်လာကြည့်ပြီး

'ဟယ် ဟုတ်ပါရဲ့' လို့ပြောပြီး အဝတ်ပုခက်ထဲက လ,ကလေးအရွယ် သူ့သမီးငယ်ကို ကောက်ချီလိုက်ပါတယ်။

ဒါလောက်များပြားစွာ ပျံသန်းလာတဲ့ လေယာဉ်ပျံတွေကို မမြင်ဖူးတာမို့ အံ့သြပြီး ဘာမှန်းမသိအောင် ဖြစ်နေကြပါတယ်။ ကျွန်မတို့မှာတော့ ကလေးတွေမို့ ဘာမှထူးထူးခြားခြား ဖြစ်မနေကြတာ အမှန်ပါ။ အဲဒီအချိန်မှာပဲ ဝုန်းဆိုတဲ့ တုန်ဟီးမြည်လိုက်တဲ့ အသံကြောင့် ကျွန်မတို့အိမ်ဟာ သိမ့်သိမ့်တုန်သွားပါတယ်။ အိမ်တစ်ဆောင်လုံးဟာလဲ လျှော်လှုပ်သလို ခါနေပါတယ်။

'အလို့ . . ဘုရား၊ ဘုရား'

လို့ အမေက ရင်ပတ်ဖိပြီး ဘုရားတဆဲ။

'ဗုံးကြဲတာ၊ ဗုံးကြဲတာ စားပွဲအောက်မှာ ဝပ်နေကြ'

သည်တုန်းက ကျွန်မတို့မြန်မာတွေမှာ စစ်အတွေ့အကြုံကို ခံစားဖူးတာမဟုတ်ဘူး။ 'ဗုံး'ဆိုတာ ဒဏ္ဍာရီပုံပြင်ထဲက အသုံးအဆောင်ပစ္စည်းတစ်ခုလို တွေးထင်မှတ်နေကြတဲ့အချိန် ဖြစ်နေတော့ ထိတ်လန့်ကြောက်ရွံ့စိတ်သာ ဖြစ်ပေါ်ပါတယ်။ ဘယ်လိုလုပ်ရမယ် မသိကြဘူး။ ကျွန်မတို့ညီအစ်မနှစ်ယောက်လည်း တစ်ယောက်က ဖေဖေ့ရင်ခွင်၊ တစ်ယောက်က မေမေ့ရင်ခွင်ထဲတိုးဝင်သွားကြပါတယ်။ ဖေဖေကသာ စာတွေ့ဗဟုသုတရှိနေတာမို့

'နားတွေ ပိတ်ပြီး ပါးစပ်ဟထားကြ။ လျှာကိုက်မိကြမယ်'

ဒေါ်လေးလှတင်ကလည်း ငိုမဲ့မဲ့နဲ့မြို့ထဲသွားနေတဲ့ သူ့ခင်ပွန်း (ဦးလေးညို)ကို စိတ်ပူပြီး

'အမယ်လေး ဒုက္ခပဲ။ အရေးထဲ ကိုညိုပြန်မလာသေးဘူး'

ဖေဖေက ဖျောင်းဖျသလို

'မပူပါနဲ့ဟာ မောင်ညိုက ရှောင်တတ်တိမ်းတတ်ပါတယ်။ သူဘာမှ မဖြစ်နိုင်ပါဘူး'

စက်သေနတ် တဒက်ဒက် ဆွဲပစ်သံ၊ ဗုံးတွေရဲ့ ပေါက်ကွဲ တုန်ဟည်းသံ၊ လေယာဉ်ပျံတွေကို အမြောက်နဲ့ လှမ်းပစ်သံအားလုံး ကြောက်ခမန်းလိလိ ဖြစ်နေတော့တာပါပဲ။ ထီးတန်းတစ်ဝိုက် ပြေးသံလွှားသံတွေ ငယ်သံပါအောင် အော်ဟစ်သံတွေကြောင့် အဆက်မပြတ် ဆူညံနေတာဟာ

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို ငရဲတိုင်းပြည်ကို ရောက်နေသလိုပါပဲ။ ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေး ကမ္ဘာကြီး ပျက်သွားခဲ့ပြီလေ။

ဘာမှ မကြာလိုက်တဲ့ နာရီပိုင်းလေးအတွင်းမှာပဲ လေယာဉ်ပျံသံတွေ စဲသွားပါတယ်။ လေယာဉ်ပျံသံတွေ စဲသွားတဲ့အခါ ရန်ကုန်တစ်ဝိုက်မှာ အလောင်းတွေ အလောင်းတွေ သွေးအလူးလူးထပ်လျက် ကျန်ခဲ့ပါတယ်။ လက်ပြတ်၊ ခြေပြတ်၊ ခေါင်းတခြား၊ ကိုယ်တခြား ဖြစ်ရတဲ့ အလောင်းကောင်တွေဟာ မရေမတွက် နိုင်ပါဘူး။ သားသေ၊ လင်သေ၊ မယားသေ၊ မိဘသေဆုံးသူတွေမှာ ပရိဒေဝမီး တောက်လောင်နေကြပါတယ်။ လမ်းသွားရင်း သေတယ်၊ ထမင်းစားရင်း သေတယ်။ ဘုရားရှိခိုး လက်အုပ်မိုးရင်း သေတယ်။ သေတာတောင် ဒီဇိုင်းအမျိုးမျိုးနဲ့ သေတယ်လို့ ခုခေတ်ကလေးတွေ ပြောစကားမျိုးနဲ့ ပြောတာ ခုခါ ကြားနိုင်ပေမယ့် အဲဒီတုန်းကတော့ တကယ့်ကို ရင်နာစရာ အသည်းလှိုက် ပူပင်စရာ ချည်းပါပဲ။ ဖြုန်းဖြုန်းဒိုင်းဒိုင်း စစ်အတွေ့အကြုံမရှိဘဲနဲ့ စစ်ဒုက္ခကို သွေးပျက်ခမန်း ခံစားခဲ့ကြရပါတယ်။

[ ၃ ]

ခုခေတ်ကာလမှာတော့ ဒီလိုအဖြစ်မျိုးတွေဟာ ကမ္ဘာအရပ်ရပ်မှာ ဖြစ်ပွားနေတဲ့ စစ်အတွေ့အကြုံတွေကို နိုင်ငံတကာ ဂြိုဟ်တုသတင်းမှာကြားနေ မြင်နေရတာမို့ ဆန်းလှတော့မယ် မထင်ပါဘူး။ ဒါပေမယ့် ဟိုတုန်းက ကျွန်မတို့ မျက်ဝါးထင်ထင် မြင်ခဲ့ရတဲ့ စစ်အတွေ့အကြုံကတော့ တကယ့်ကို အသည်းထိတ်ရင်ဖို ဖြစ်ခဲ့ရပါတယ်။ လမ်းပေါ်မှာ လူသေ လူသေတွေ၊ ကြက်ဆင်ငှက်တွေနဲ့အပြိုင် သွေးအလူးလူး သေပွဲဝင်နေကြတာ စိတ်မချမ်းမြေ့ဖွယ်ရာချည်းပါပဲ။ လမ်းတွေမှာ သူနာပြုကားများနဲ့ A.R.P အုပ်ချုပ်ရေးအဖွဲ့ဝင်တွေ အလုပ်များနေကြပါတယ်။

ဆံပင်အင်မတန် သန့်စွမ်းရှည်လျားပုံရတဲ့ အမျိုးသမီးတစ်ဦးရဲ့ ဆံပင်ဟာ လက်လေးသစ် အပိုင်းပိုင်းပြတ်ပြီး သွေးအလူးလူးနဲ့ လမ်းပေါ်မှာ လွင့်ကျဲပြန့်လို့နေပါတယ်။ ဖေဖေနဲ့ မေမေ လမ်းတစ်ပတ်လျှောက်ပြီး ပြန်လာတော့ ပြောပြတဲ့ အဖြစ်အပျက်တစ်ခုမှာ အသက်အစိတ်ကျော်ကျော် အရွယ်ကောင်းတဲ့ လူငယ်တစ်ဦးဟာ သစ်ပင်ပင်စည်ကို လက်နှစ်ဖက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ဖက်ထားပြီး သေနေပုံများ၊ ကိုယ်အောက်ပိုင်း လုံးလုံးမရှိတော့ဘူး။ ဘယ်လွင့်စင်တယ် မသိဘူး။ ခါးပြတ်ကြီးသာ သစ်ပင်မှာ တွေ့ရတော့တယ်။ ကျွန်မတို့ရဲ့ မေမေက စိတ်မကောင်းဖြစ်ပြီး အဲသည့်နေ့က ထမင်းကို မစားနိုင်တော့ဘူး။

'ပထမဦးဆုံး ဗုံးကြဲတိုက်ခိုက်လိုက်တာပဲ။ ဂျပန်ဗုံးကြဲလေယာဉ်ပျံ ၇၀၊ တိုက်လေယာဉ် ၂၀ ကွာ။ အဲဒီတုန်းက ရန်ကုန်မြို့မှာရှိတဲ့ အင်္ဂလိပ်လေတပ် R.A.F ရဲ့အင်အားဟာ One Squrdron တိုက်လေယာဉ် ၁၂ စင်းပဲရှိတာ'

'ဟုတ်တယ် ဦး။ လူတွေ ဒါကြောင့် အများကြီးသေကြတာပေါ့'

လူငယ်တစ်ဦးက ပြောတော့ ဖေဖေက A.R.P အဖွဲ့ကို လူကြီးတစ်ယောက်အနေနဲ့ ဝိုင်းဝန်းအကူအညီပေးနေသူမို့ သူသိသမျှ ကိုညီလေးတို့ကို

'ခု ဗုံးကြဲတဲ့အဖြစ်မှာ ပွဲချင်းပြီးသေတဲ့ လူတွေ အားလုံးပေါင်း ၂၀၀၀ ဝန်းကျင် ဒဏ်ရာပြင်းပြင်းထန်ထန် ရပြီး သေသူတွေက ၇၅၀ ကျော်ကျန်ဒဏ်ရာ ရသူပေါင်းက ၁၇၀၀ ဖြစ်တယ်။ ဒါလောလောဆယ် စာရင်းအရပေါ့'

ဒါ့ကြောင့် သည်ပွဲတွေ၊ သည်အဖြစ်တွေကို ကျွန်မရဲ့ ပထမဆုံး လုံးချင်းဝတ္ထု 'တို့တိုင်းဌာနီ'မှာတောင်

*၁၂ ရာသီပွဲ တခြိမ့်ခြိမ့်နှင့် ပျော်တတ်သော မြန်မာ။*

*မေ့လွယ် ပျောက်လွယ် ပြီးလွယ် စီးလွယ်သော ကလေးငယ်ကဲ့သို့ နေတတ်သော မြန်မာ။*

*ကမ္ဘာစစ်ကို လုံးဝမတွေ့ကြုံဘူးသော မြန်မာ။*

*လေယာဉ်ပျံလာသည်ကို ပွဲကြီးပွဲကောင်းသဖွယ် ရပ်ကြည့်နေသော မြန်မာ စသည့် စသည့် မြန်မာပေါင်းများစွာ သေပွဲလှလှကြီး ဝင်ရရှာသည်။*

ဟု ရေးဖွဲ့ခဲ့ပါသည်။ ■

www.burmeseclassic.com

www.burmeseclassic.com

# လွှမ်းငွေ့ဝေဝေ

[ ၁ ]

မှတ်မှတ်ရရ စကားဝါ၊ စကားဖြူတွေ သင်းပျံ့ကြိုင်လှိုင်တဲ့အချိန် ဖြစ်ပါတယ်။ ကျွန်မတို့မေမေ ဈေးကဝယ်လာပြီး ဘုရားစင်မှာ စကားဖြူတွေ စကားဝါတွေ တင်ထားပြီဆိုမှဖြင့် တစ်အိမ်လုံးကို မွှေးကြိုင်နေတာ။ ဒါဟာ ရာသီအားဖြင့် ကဆုန်လရာသီလို့ မြန်မာတွေ ညွှန်းပါတယ်။ အင်္ဂလိပ်လို မေလ ပေါ့။

၁၉၄၀ ပြည့်နှစ်၊ မေလ ၁ရက်နေ့ဟာ ကျွန်မတို့မိသားစု ကျောင်းကြီးလမ်းနေအိမ်ကနေ (အလုံဗင်တန်) သီတာလမ်းကို ပြောင်းရွှေ့တဲ့နေ့ ဖြစ်ပါတယ်။ ကျွန်မတို့အရင်နေခဲ့တဲ့ ကျောင်းကြီးလမ်းနေအိမ် နံပါတ် ၂၆ ကို ရောင်းမယ်ဆိုလို့ ဖေဖေက အိမ်ရှာရပြန်တယ်။ သည်လိုနဲ့ပဲ အလုံမြို့နယ်၊ ထီးတန်း တောင်ဖျား ဝှိုက်ဟောလ် (White Hall) အနီး (ဗင်တန်) သီတာလမ်းမှာ ပျဉ်ခင်း ပျဉ်ကာ သွပ်မိုး ၂ ထပ်အိမ်တစ်လုံး ရသွားပါတယ်။

ကျွန်မတို့ ကျောင်းကြီးလမ်းအိမ်နေခဲ့တဲ့ အချိန်က ၁၉၃၈ ခုနှစ် ဇူလိုင်လ ၃၀ရက်ကနေ ၁၉၄၀ပြည့်နှစ်၊ ဧပြီလ၃၀ရက်နေ့အထိ တစ်နှစ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိုးလတိတိ ကျောင်းကြီးလမ်းနေအိမ်မှာ နေခဲ့ရပါတယ်။ ဒီနှစ်တစ်နှစ်နဲ့ ကိုးလအတွင်းမှာ အဖြစ်ပေါင်းစုံတွေ ကြုံခဲ့တွေ့ခဲ့ရတာကို ကျွန်မအရင်မြို့တော်မင်္ဂဇင်း ဆောင်းပါးတွေမှာ လစဉ်ရေးခဲ့ပြီးပါပြီ။ ခု(ဗင်တန်) လမ်းသီတာလမ်းကို ရောက်ပါပြီ။ ဒီမှာလဲ အင်မတန် ကြုံတောင့်ကြုံခဲ ထူးကဲတဲ့ ဖြစ်ရပ်တွေ ထပ်ကြုံရတာတွေဟာ အံ့မခန်းပါပဲ။ ကျွန်မတို့ ညီအစ်မဟာ ကျောင်းနေစ မူလတန်းကြို အသက်အရွယ် ဖြစ်သော်လည်း တော်တော်များများကို ကျွန်မ မှတ်မိနေပါတယ်။

၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှာ ဂျာမန်က ပိုလန်ကို ကျူးကျော်ဝင်တိုက်တဲ့နေ့မှ ယေဘုယျအားဖြင့် ဒုတိယကမ္ဘာစစ် အနောက်ဥရောပမှာ စတင်နေပြီဖြစ်ပါတယ်။ ဒီအချိန်မှာ ကျွန်မတို့ ဖေဖေဟာ 'မဟာဆွေ'ဆိုတဲ့ စာရေးဆရာကြီးအဖြစ် ဝင်ငွေအကောင်းဆုံး အချိန်တွေပါပဲ။ တို့မေမေ၊ သူပုန်ကြီး၊ စျေးချိုသူ (ပ၊ဒု၊တ)၊ အကျိုးဆောင်ကြီး၊ ပျို့တောင်ပြုံး၊ သူပုန့်အိမ်၊ အောင်ကျော်မဟာဆွေ၊ နတ်ရွာစံ၊ နေသူရိန် မကြောက်တရား ဆောင်းပါးပေါင်းချုပ် စသဖြင့်ပေါ့လေ။ အရောင်းရတွင်ကျယ်တဲ့ စာအုပ်တွေ ဆက်တိုက်ထွက်လာတာကိုး။

တစ်လ တစ်လ ဝင်ငွေ ၃၀၀ ကျပ်၊ ၃၅၀ ကျပ်ခန့်ရှိတော့ ဖောဖောသီသီ သုံးစွဲနိုင်ကြပါတယ်။ အဲဒီတုန်းက စာရေး (ဝန်ထမ်း) တစ်ယောက်ရဲ့ လစာဟာ ၂၅ ကျပ်၊ ၃၀ ထက်မပိုပါဘူး။ အဲဒီတုန်းက ရွှေတစ်ကျပ်သားတန်ဖိုးဟာ ၃၂ ကျပ်လောက်ဆိုတော့ ဝင်ငွေဟာ နှစ်သိန်းခွဲလောက်ရှိနေပါတယ်။ ဒီကနေ့ ဘက်စ်ဆဲလား အရောင်းရတွင်ကျယ်တဲ့ စာရေးဆရာတွေရဲ့ ဝတ္ထုတစ်ပုဒ်မျှပါပဲ။ ဒါလစဉ်ဝင်ငွေမို့ ကျွန်မတို့မိသားစုဟာ အတော်ကံကောင်းခဲ့တယ်လို့ ဆိုရပါမယ်။ မိသားစုကလည်း ဖေဖေ၊ မေမေ၊ ကျွန်မတို့ ညီအစ်မနှစ်ယောက်၊ ဖေဖေ့တပည့် ဦးလေးခင်ညိုနဲ့ ဇနီးဒေါ်ဒေါ်လှတင်၊ ဒေါ်လှတင်တို့ သမီးပေါက်စမြင့်မြင့်၊ ပန်းချီဆရာဦးလုံလေး (ဖေဖေ့တူဝမ်းကွဲ) နှင့် မမဒေါ်သန်းစိန်၊ ဗလစ (စာရေးဆရာကြီး ဒဂုန်ရွှေမျှားသမီး) ဖြစ်တာမို့ အမြဲနေအိမ်သားကလည်း ၁၀ ယောက်တောင် မပြည့်တတ်ဘူး။ ဒါကြောင့် အတော့်ကို ဖောဖောသီသီ သုံးစွဲနိုင်ခဲ့တဲ့ အချိန်လို့ ဖေဖေက သူ့ပင်ကိုရေး အတ္ထုပ္ပတ္တိ 'မဟာဆွေ၏မဟာဆွေ' စာအုပ်ထဲမှာ ရေးခဲ့ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံရေးသမားတို့ အနုပညာသည်တို့ ထုံးစံအတိုင်း ဘာမှ စုမိဆောင်းမိမဖြစ်ခဲ့ပါဘူး။ ကိုလိုနီအစိုးရရဲ့ အညှဉ်းပန်းခံရတဲ့ ထောင်

www.burmeseclassic.com

www.burmeseclassic.com



ကျနိုင်ငံရေးသမားတွေ ဖေဖေနဲ့ လက်တွဲ အလုပ်လုပ်ခဲ့ကြတဲ့ လျှို့ဝှက်အသင်းက ဆင်းရဲကြပ်တည်းတဲ့ တပည့်တပန်းတွေကို ထောက်ပံ့တာနဲ့တင် ဝင်ငွေဟာ ကုန်တာပါပဲ။ အိမ်ပိုင်ဝယ်ဖို့ စပ်ကြသော်လည်း မဝယ်ဖြစ်ခဲ့ဘူး။

ပြီးတော့ ဖေဖေက 'အာဟာရဟာ ဆေး၊ ဆေးဟာ အာဟာရ'လို့ ခံယူထားသူမို့ အိမ်မှာ ကျွန်မတို့ကို ထမင်းလွှော့စား ဟင်းများများစား ရှေးရိုးမြန်မာတွေရဲ့ ရိုးရာအစဉ်အလာကို ဖောက်ထွက်ပြီး ကျွန်မတို့ကို ဟင်းရွက်ကြော် တစ်ပန်းကန်၊ ကြက်ကြော်တို့၊ ငါးတို့ကို 'ကိုတာ' တော်တော်များများ စားခွင့်ရခဲ့ပါတယ်။ အညာ (စစ်ကိုင်းမြို့)က ကြီးတော် မိကြီး ဆွေမျိုးတွေက

'ကိုရင်ရှိန်တို့ကဖြင့် လုပ်ပြီ။ ကလေးတွေကို သက်သက်မဲ့ ဖျက်ဆီးတာပဲ။ ဟင်းများများတဲ့ ကြားဖူးပေါင်တော်'

'ခု အရီးတို့ ကြားဖူးပြီ မဟုတ်လား'

ဖေဖေက ရယ်ရယ်မောမောပြောရင် ဖေဖွေ့ အရီးလေးက

'မင်းကိုယ်တိုင် ဘိုလိုစား။ ကလေးတွေကို ကျွေးမှတော့ ဒီဝင်ငွေ ခံနိုင်မလားတဲ့'

'ခံနိုင်တဲ့အထိပေါ့ အရီးရယ်။ ခု ကျွန်တော့်ကလေးတွေ မဖျားဘူး။ မနာဘူး။ ဆရာဝန်ဆီမှာ ဆေးမထိုးဖူးဘူး။ ဝမ်းနုတ်ဆေး မစားဖူးဘူး အရီးရဲ့။ မြေးတွေကြည့်။ ဒေါင်ဒေါင်ပြေးနေတာ။ တစ်နေ့ကျ ကျွန်တော့်သမီးတွေ အမျိုးသမီးဘောလုံးသမားတွေတောင် ဖြစ်လာနိုင်တယ်'

'ထားပါ။ ထားပါ။ မင်းအယူအဆနဲ့ မင်း'

အဲဒီအရီးဟာ ခု ဆုံးသွားရှာပါပြီ။ ခု ကျွန်မ အသက် ၆၀ ကျော် ပတ်ဝန်းကျင်မှာ လေးမိုင်လောက်ကို အသာလေးလျှောက်နိုင်သေးတာ။ လှေကား အဆင်းအတက် (ငါးထပ်တိုက်နသုံးလေးပြန်လောက်) တက်နိုင်သေးတာတွေ့ရရင် ဖေဖွေ့ကို 'မင်းမှန်တယ်'လို့ ထောက်ခံမယ် ထင်ပါရဲ့။ နောင်ကျွန်မတို့ ဆင်းရဲသွားတဲ့အချိန်တွေမှာလဲ အာဟာရကိုမျှတစားကြတဲ့အကျင့်ဟာ ပါနေပြီး ကနေ့အထိ ကျွန်မဟာ တရုတ်ထဘီ ၁၅၀ ကျပ်တန်ကို ဝယ်ဖို့ နှမြောနေပြီး ကလေးတွေအတွက် ပန်းသီး၊ လိမ္မော်သီးတွေကို ၁၀၀ ကျပ်ကျော်ဖိုး ဝယ်ဖို့၊ ပေါင်မုန့် ထောပတ်ဝယ်ဖို့ မနှမြောတာ အမှန်ပါပဲ။ အဲဒီ အရီးဟာ စစ်ကိုင်း၊ မင်းဇံရပ်က ခု ထောင်ပိုင်ဟောင်း ဦးစိန်မောင်ရဲ့ အမေ စာရေးဆရာမလေး ဝင်းဝင်းမြင့် (နန်းတော်ရှေ့)ရဲ့ 'အဘွား' ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ဈေးတစ်ရက်ဝယ်တာ ဖေဖေတွက်ပြဖူးပါတယ်။

ဝက်သား ၅၀ သား၊ ငါးမတ်ဈေးနဲ့ ၁၀ ပဲ။ ကြက်သား ၅၀ သား ငါးမတ်ဈေးနဲ့ ၁၀ပဲ။ ငါးခူ ၅၀ သား သုံးမတ်ဈေးနဲ့ ၆ပဲ။ ဟင်းသီးဟင်းရွက် ပုစွန်ချဉ် တို့က ၆ ပဲဖိုးလောက်ဆိုရင် တစ်အိမ်လုံး ဗိုက်ရိုက်စားရတယ်။ အဲဒီဈေးဖိုး စုစုပေါင်း တွက်ကြည့်ရင် ငွေ ၂ ကျပ်လေ။

ခုပြန်ပြောပြရင် သမီးနဲ့တူမတွေက ဒဏ္ဍာရီလိုပဲ ရယ်ကြတယ်။

[ ၂ ]

ဒါပေမယ့် ကျွန်မတို့ ကြီးပြင်းလာတဲ့ တစ်နေ့မှာ မြန်မာလူမျိုးအများစုဟာ ဆင်းရဲကြတယ်။ ကိုလိုနီအစိုးရရဲ့ မတရားဘက်လိုက်မှု၊ ဖိနှိပ်မှု၊ ချစ်တီး၊ တရုတ်စတဲ့ နိုင်ငံခြားသားတွေရဲ့ စီးပွားရေးခြယ်လှယ်မှုတွေကြောင့် ရှစ်ဆယ်ရာခိုင်နှုန်း တောင်သူလယ်သမားနဲ့ သားသမီးတွေ၊ လက်လုပ်လက်စားတွေ ပေါင်းလိုက်ရင် ကိုးဆယ့်ကိုးရာခိုင်နှုန်းဟာ လူတန်းစေ့ မနေနိုင်ကြတာ သေချာပါတယ်ဆိုတဲ့အကြောင်း အရှိမှန်တရားတွေကို နားလည်လာခဲ့ကြပါတယ်။

ဒါကြောင့်မို့ ဖေဖေ အယ်ဒီတာချုပ်လုပ်တဲ့ 'ရဲသတင်းစာ'ရဲ့ ဆောင်ပုဒ်တွေ တစ်လပြီးတစ်လ ပါခဲ့တဲ့အနက်

'တွေးကြည့်ပါ'

မိတ်ဆွေ. . . အဆွေသည် မြန်မာလူမျိုးဖြစ်ပါသည်။ မော်တော်ကားကြီးစီး၊ တိုက်တာကြီးနှင့် စည်းစိမ်ယစ်နေသောအခါ အမိုးမလုံ၊ သားသမီးတစ်ပြုံနှင့် တဲကုပ်ကလေးတွင် ဝတ်ပြတ်ခွေလဲနေသော မြန်မာများကို တွေးကြည့်ပါ။

'အလိုရှိသည်'

(ဗာလာနံ) မဟုတ်သော လူမိုက်အလိုရှိသည်။ အလုပ်လုပ်လိုသူများသည် မည်သည့်နေရာမှ လျှောက်ထားဖို့ မလို။ နိုင်ငံရေးဇာတ်ခုံတွင် ကိုယ်ကျိုးမငဲ့ဘဲ ကပြကြပါ။

www.burmeseclassic.com

www.burmeseclassic.com



(ဗင်တန်)သီတာလမ်း အိမ်မှာလည်း ဖေဖေရှိရာ လိုက်လာပြီး နိုင်ငံရေး၊ စာပေရေးရာ ဆွေးနွေးကြတဲ့ လူငယ်တွေ တစ်ယောက်ဝင် တစ်ယောက်ထွက်ပါပဲ။ ဖေဖေတို့အိမ်နဲ့ မလှမ်းမကမ်းအိမ်တစ်လုံးမှာ စုံထောက်တွေလဲ ခြေ ချင်းလိမ်နေဆဲပဲ။ ဒါပေမယ့် (ဗင်တန်)သီတာလမ်းအိမ်ဟာ ကြည့်မြင်တိုင်အိမ်နဲ့ မတူတဲ့အချက်တစ်ခုက ခြံနဲ့ဝင်းနဲ့အိမ်ဖြစ်နေတာပါပဲ။ ဒါကိုပဲ ကျွန်မတို့ မေမေနဲ့ ကျွန်မတို့ ပျော်နေကြတာ။ ခြံဝင်းကတော့ အကျယ်ကြီးတော့ မဟုတ်လှပါဘူး။ ဒါပေမယ့် အနည်းဆုံး ပေ ၄၀ ဝန်းကျင်လောက် ရှိမယ် ထင်ပါတယ်။ ခြံတိုင်းလိုလို တိုက်ပန်းအဖြူနဲ့ ပန်းရောင်တွေ၊ ခေါဝယ်မှိုင်း ပန်းတွေ ရာသီမရွေး ဖူးပွင့်နေကြပါတယ်။ တချို့ ခြံတွေမှာ လိမ္မော်ရောင်၊ ပန်းဆီရောင် စက္ကူပန်းတွေအရွက်တွေ မမြင်ရအောင် ဝေဝေဆာဆာ ပွင့်လို့။

ကျွန်မတို့နဲ့ ခြံချင်းကပ်လျက်နေအိမ်ဟာ သစ်စက်သူဌေး ဦးစံသိန်းဆိုသူရဲ့ အိမ်ဖြစ်ပါတယ်။ အဲဒီနေအိမ်မှာ အိမ်ရှင်မ တခြားမှာ နေနေတာမို့ အမျိုးသား လူငယ်လူရွယ်တွေ ဘော်ဒါဆောင်မှာ နေသလို နေထိုင်ကြပါတယ်။ အများအားဖြင့်တော့ တခြားခေတ်ပေါ် ကာလသားများနဲ့ မတူဘဲ စာသမားတွေ၊ နိုင်ငံရေးသမားပေါက်စတွေ ဖြစ်ပုံရပါတယ်။ ထင်ရှားတဲ့သူ တစ်ဦးကတော့ ကိုညီလေး (သခင်ညီလေး) ဖြစ်ပါတယ်။ ကျွန်မတို့ညီအစ်မ ညနေတိုင်း ကြိုးထွက်ခုန်တဲ့အချိန်မှာ ကိုညီလေးက ကျွန်မတို့နဲ့ အကျွမ်းတဝင် စလိုက် နောက်ပြောင်လိုက် မုန့်တွေ ဝယ်ကျွေးလိုက်နဲ့ ခင်မင်ရင်းနှီးနေကြပါတယ်။ ဖေဖေက ကိုညီလေးရဲ့ စိတ်ဓာတ်၊ သပ်ရပ်တဲ့ အနေအထိုင် စာအုပ်တစ်အုပ်အုပ် လက်ထဲကိုင်လို့ အချိန်မရွေး အချိန်တန်ဖိုးထား စာဖတ်သူမို့ အမြဲချီးကျူးစကား ကွယ်ရာမှာ ပြောလေ့ရှိပါတယ်။ နောင် ဖက်ဆစ်တော်လှန်ရေးကာလ သထုံမြို့မှာ သခင်ညီလေးဟာ ကျဆုံးသွားရှာပါတယ်။

အသက် ၂၀ အရွယ်လိုမျိုးမှာ အားရင် မိန်းမပိုးဖို့ ကိုယ့်ကိုယ်သာ လူပျိုလုပ် သ,နေတတ်တဲ့ ဖေဖေရဲ့ညီဝမ်းကွဲ၊ တူဝမ်းကွဲတွေကို ကိုအောင်ကျော်လို၊ ဗိုလ်ချုပ်အောင်ဆန်းလို၊ သခင်ညီလေးလို လူတွေကို စံထားဆုံးမပေးပြန်တော့ တို့တိုင်းဌာနီကို ဘာသာပြန်သူ H.Tanabe (ကိုရွှေဘ) ဟာ ကျွန်မရေးတဲ့ အသေးစိတ်အကြောင်းအချက်တွေကို ပြန်ရင်း မိနှင့်ထွေးတို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ကလေးဘဝကို သဘောကျမိကြောင်း ပြောဆိုဆွေးနွေးပါသေးတယ်။

ကိုညီလေးဟာ အဲဒီခေတ်တုန်းက လူပျိုတွေ ခေတ်စားတဲ့ ဗလင်တီနိုဆံထောက် ဘိုကေရှည်ရှည်မထားဘဲ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ကတုံးဆံတောက် 'ကေ' အဖွဲ့ဝင်တစ်ဦး ရှားရှားပါးပါး ဖြစ်နေပုံပါ ကျွန်မရေးဖွဲ့ခဲ့ပါတယ်။

တို့တိုင်းဌာနီ လုံးချင်းဝတ္ထု စာမျက်နှာ ၃ မှာ

*လူရွယ်သည် မိကိုတစ်လှည့် ထွေးကိုတစ်လှည့် ပြုံးကာကြည့်နေသည်။ လူရွယ်၏အပြုံးမှာ နှစ်လိုဖွယ်ရှိသည်။ သူသည် ကိုညီလေးဆိုသူဖြစ်သည်။ အရပ်ပျတ်ပျတ်၊ အသားလတ်လတ်၊ မပိန်မဝ ဖြစ်သည်။ ကတုံးဆံတောက်နှင့် နဖူးအနည်းငယ်မောက်သယောင် ရှိသည်။ သူ၏ ချိုပြုံးသောမျက်နှာထားကြောင့် မျက်နှာမှာ ကျက်သရေရှိပေသည်။ ရှပ်အင်္ကျီလက်တို၊ ပလေကပ်လုံချည်အဖြူတွင် အညိုစင်းကို သန့်ပြန့်စွာ ဝတ်ထားသည်။ ခါးဘေးသော့တွဲချိတ်ထားပုံကို သဘောကျကာ သူ(မိမိ)လည်း သော့တွဲချိတ်ချင်စိတ်ပေါက်သည်။*

*'သူက ဘယ်သူလဲ။ တော်တော်လှချင်တယ် ထင်တယ်ဟေ့။ ဦးဦးတို့ ခြံက ပန်းတွေ ခူးပန်လို့'*

*မိသည် ရှက်သွားကာ မျက်နှာ ပန်းရောင်လျှမ်းလာသည်။*

*'မိလေ ဦးဦးရဲ့၊ ထွေးနဲ့ ညီအစ်မ နှစ်ဝမ်းကွဲတော်တယ်'*

*ထွေးက သွက်လက်စွာ ဖြေလိုက်သည်။*

*'ဘယ်သူက 'မမ'လို့ ခေါ်ရသလဲ'*

ကျွန်မက အဲဒီလို အပြင်မှာရှိနေတဲ့ လူတစ်ယောက်ကို ဝတ္ထုထဲ ဇာတ်ပို့တစ်ယောက်လို အဲဒီတုန်းက ထွားကျိုင်းတဲ့ ကျွန်မနဲ့ သေးကွေးတဲ့ ညီမလေး အေး (ခင်ဆွေအေး) ကိုကြည့်ပြီး

'ဘယ်သူက အကြီး၊ ဘယ်သူက အငယ်လဲဟေ့'

လို့ သိလျက်နဲ့ တမင်မေးပါတယ်။ ကျွန်မနဲ့ အေးဟာ ၁ နှစ်နဲ့ ၁၀ လသာ ကွာသော်လည်း အသက် ၄ နှစ် သာသာရှိသေးတဲ့ ညီမဟာ ကျွန်မနဲ့ အရွယ်သိပ်ကွာခြား သလိုပဲ။ အဲဒီတုန်းက ကျွန်မက နည်းနည်းသွက်သူမို့ ဒါ မေးစရာလား မျက်နှာအမူအယာနဲ့

www.burmeseclassic.com

www.burmeseclassic.com



'ဟင် ဦးကလဲ။ ခင်ဦးက အကြီးပေါ့။ အသိသာကြီး'

လို့ ခပ်စွာစွာဖြေတာကို ကိုညီလေးက သဘောကျပြီး ရယ်မောပါတယ်။

ခင်ဆွေအေးက ပြုံးပြုံးလေးနေပြီး ကျွန်မလို စကားမသွက်ဘဲ နှုတ်အေးတိတ်ဆိတ်နေတော့

'အေးက တယ်စကားများတာပဲ။ နားကို ငြီးရော'

စတာကို တို့တိုင်း၌ာနီဝတ္ထုမှာ 'အေး' အစား မိကို စတဲ့အကြောင်း ကျွန်မ ရေးခဲ့တာ ဖြစ်ပါတယ်။ ဒီလိုနဲ့ သက်တန့်ဆင်တဲ့ မိုးကောင်းကင်တိမ်တောက်ချိန်ပေါင်းများစွာ ကိုညီလေးနဲ့ စကားလက်ဆုံကျရင်း ရင်းနှီးကျွမ်းဝင်ခဲ့ပါတယ်။ သူက ကျွန်မတို့ကို ရွယ်တူကလေးများ ပြောသလို စကားပြောပြီး အဲဒီတုန်းက ကုလားတွေ 'ပုံး'နဲ့ လည်ရောင်းတဲ့ ကူဖီးလ်အိုက်စကရင် ဝယ်ကျွေးတတ်ပါတယ်။ ကျွန်မတို့ညီအစ်မက သူကျွေးတာကို မစားသေးဘဲ

'ဦး ခဏနေဦး။ မေမေ့ကို မေးကြည့်ဦးမယ်'

ဆိုပြီး မေမေ့ကို ခွင့်တောင်းပြီးမှ စားတာကို ကိုညီလေးက အင်မတန် သဘောကျပြီး ခေါင်းတွေတစ်ချက်စီပုတ်လို့ ကူဖီးလ်ကို စားနိုင်သလောက် စားဆိုပြီး ကျွေးပါတယ်။ ခု သူလည်းမရှိရှာတော့ပါဘူး။ ဖက်ဆစ်ကာလ ဂျပန်တော်လှန်ရေးကာလမှာ သူ့အသက်ကို စတေးခဲ့ရှာပါပြီ။

အားလုံးပြန်တွေးကြည့်ရင် လွမ်းစရာ ချည်းပါပဲ။ မြန်မာနိုင်ငံသမိုင်းရဲ့ အလွမ်းဘွဲ့တွေပဲပေါ့။ ဒါကြောင့်မို့ ကျွန်မရဲ့ လက်သင်ဘဝကြိုးပမ်းအားထုတ်ခဲ့တဲ့ 'တို့တိုင်း၌ာနီ'ဆိုတဲ့ ဝတ္ထုကို ဟိုတုန်းက ဖက်ဆစ်ဂျပန်ရော၊ ခု ၂၀ ရာစုနှောင်းပိုင်း ဂျပန်တွေကပါ ဖတ်ရှုအားပေးလို့ ဂျပန်ပြည်မှာ နှစ်ကြိမ်တိုင်တိုင် ရိုက်နှိပ်ထုတ်ဝေခဲ့တာ ဖြစ်မှာပါပဲ။ ကျွန်မတို့ မြန်မာ့သမိုင်းအရိပ်က ခန့်ထည်ကြီးမားသလောက် ကြေကွဲလွမ်းဆွတ်ဖွယ်ရာတွေ ဖြစ်ခဲ့တာကြောင့် ဖြစ်ပါတယ်။ ■

www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်တက္ကသိုလ်လွမ်းရိပ်ပန်းချီ

[ ၁ ]

ကိုအောင်ကျော်ကျဆုံးသွားပြီးတဲ့နောက် ရန်ကုန်တက္ကသိုလ်က ကျောင်းသားတွေနဲ့ ဖေဖေဟာ အဆက်အသွယ် မပြတ်ခဲ့ဘူး။ ဖေဖေ မကွယ်လွန်ခင် စစ်ပြီးလို့ ကျွန်မတို့ တက္ကသိုလ်ကျောင်းသူဘဝ ရောက်တဲ့အထိပါပဲ။ စစ်မဖြစ်မီ (ဒုတိယကမ္ဘာစစ်မတိုင်မီ)က ကိုလိုနီကျွန်ပညာရေးစနစ်ကို သပိတ်မှောက်ခဲ့ကြတဲ့ကျောင်းသားတွေဟာ ဖေဖေ့ဆီကိုလာပြီး စကားပြောကြ၊ ဆွေးနွေးကြနဲ့ မှတ်မှတ်ရရ နိုင်ငံရေးမှာ အထင်ကရ ကျောင်းသားတွေကတော့ ကိုဗဟိန်း၊ ကိုလှရွှေ၊ ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်) စသည်တို့ ဖြစ်ပါတယ်။ သည်တုန်းက တက္ကသိုလ်ဆီးနိတ်အဖွဲ့လူကြီးတွေဟာ နိုင်ငံခြားသား မျက်နှာဖြူတွေချည်းလိုလိုပါပဲ။ စာမေးပွဲနီးတိုင်း သက်ဆိုင်ရာဘုရင်ခံခန့် ဆီးနိတ်အဖွဲ့ဝင်လူကြီး အာဏာပိုင်တွေနဲ့ ကျောင်းသားခေါင်းဆောင်တွေဟာ ပြဿနာတက်ကြပြီး အာဏာပိုင်အဖွဲ့ဘက်ကလည်း သူတို့ကို ဦးစားပေး မြှောက်ပင့်ကြတဲ့ အရာရှိသားသမီးတွေကိုသာ အခွင့်အရေး တင်းပြည့်ကြပ်ပြည့်ပေးပြီး ကျန်ကျောင်းသားတွေကို နှိမ်ကြတာကိုး။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ခံကိုယ်တိုင် တက်ရောက်ပေးတဲ့ ဘွဲ့နှင်းသဘင်ပွဲတွေမှာ အုပ်စိုးသူရဲ့ ယူနီယံဂျက်အလံတွေ လွှင့်ထူကြလို့ စာမေးပွဲစနစ်ကလည်း သာယာစီးသမားတွေကို အခွင့်သာစေလို့ ကိုအောင်ကျော်များ ဒီပွဲကို မစင်ထုပ်နဲ့ပေါက်ဖို့ စီစဉ်သေးသတဲ့။ စုံထောက်အဖွဲ့က ဦးသွားလို့ လုပ်ခွင့် မသာခဲ့တာတဲ့။ ဒါကြောင့်မို့ ဗိုလ်ချုပ်အောင်ဆန်းကတောင် ကိုအောင်ကျော်ကို

'မိုက်တဲ့နေရာကျတော့ ခင်ဗျားကသာပါတယ်။ ခင်ဗျားရုပ်ကိုက မှုန်ကုပ်ကုပ်နဲ့'

လို့ ပြောဖူးသတဲ့။

နောက်ပြီး ဗုဒ္ဓဟူးနေ့တိုင်း ယုဒသန်ခန်းမမှာ ကထိကဆရာတွေ အလှည့်ကျသြဝါဒပေးလေ့ရှိတာကိုး။ နေ့လယ် ၁၂ နာရီမှ ၁နာရီထိ။ တစ်ရက်တော့ ဒေါက်တာဟစ်လ်မင် (Dr. Hillman) က နာရီဝက်ဟောပြောပြီး ကျန်နာရီဝက်မှာ ကျောင်းသားတွေဘက်က ကျောင်းသားခေါင်းဆောင် ကိုအောင်ဆန်းနဲ့ ကိုသိန်းအောင်တို့ ဟောကြမှာကိုး။ ဒေါက်တာဟစ်လ်မင်က တစ်နာရီမက ဟောသွားတော့ ကျောင်းသားတွေဘက်က ရှုံ့ရှုံ့ရှားရှား ဖြစ်ကြရော။ သူ လုပ်ပုံက တမင် ညစ်နေသလိုပဲ။ ကိုအောင်ကျော်ကတောင် မျက်နှာတင်းသွားပြီး

"ဒါ ဒီကောင်တမင်လုပ်တာဗျ။ ခင်ဗျားတို့မဟောရအောင်အချိန်ဆွဲသွားတာ။ နောက်လည်းတော်တော်နဲ့ချိန်းဖို့ မလွယ်ဘူး။ ဒါပေမယ့် မခံဘူးဗျ။ နောက် ဗုဒ္ဓဟူးနေ့ ခင်ဗျားတို့ ပြောရအောင် ကျွန်တော်တို့ဆရာကြီးကို သွားပြောမယ်။ ကိုစံထွန်းကလည်း ပြောဗျာ၊ မခံနဲ့"

ကိုစံထွန်းဆိုတာ အဲဒီတုန်းက ကျောင်းသားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဖြစ်ပါတယ်။ ဒီအကြောင်းတွေကို ကျွန်မတို့ ကြီးပြင်းလာတဲ့တစ်နေ့မှာ ကျွန်မတို့ဖေဖေနဲ့ မေမေဆီက တစ်ဆင့် ကြားဖူးနားဝရှိခဲ့ပါတယ်။ နောက် ဗုဒ္ဓဟူးပတ်ကျတော့ ကိုအောင်ဆန်းနဲ့ ကိုအောင်သိန်းတို့ အားပါးတရပြောခွင့်ရခဲ့ကြပြီး ကျောင်းသားတွေဘက်က လက်ခုပ်သံတွေ ဝေစည်ခဲ့သတဲ့။ ဒါတွေဖြစ်ခဲ့တာတွေဟာ အကြမ်းဖျင်းအားဖြင့် ၁၉၃၆ ခုနှစ်ပတ်ဝန်းကျင်၊ ကျွန်မသုံးနှစ်အရွယ် ကျောင်းကြီးလမ်းနေအိမ်ကို ရောက်ခါစအချိန်တွေမှာ ဖြစ်ပါတယ်။ ကျွန်မမှတ်မိသမျှ ဒီခေတ်ကာလသားအရွယ်(အသက် ၂၀ ဝန်းကျင်)မှာ ကျွန်မတို့ဦးလေးတွေ ဘိုကေရှည်ဆံသလို အလှပြင်ကြတဲ့အချိန်မှာ ကိုအောင်ကျော်က ကတုံးဆံတောက်တိုတိုနဲ့။ အဲဒီကတုံးဘိုကေကလည်း

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ဆန်းက စတာလို့ဆိုပါတယ်။ သူ့အလုပ်တွေများလွန်းလို့ ဆံပင်ညှပ်ဆိုင်က ဘကြီးဦးကံသိန်း (ယနေ့ကဗျာဆရာ သခွပ်နီရဲ့ဖခင်) ဆီလာပြီး

"ညှပ်စမ်းဗျာ၊ အဘရာ ဆံပင်ကို တိုနိုင်သလောက်တိုအောင်"

လို့ပြောလို့ ညှပ်ပေးတဲ့ဆံပင်တိုတိုကိုး။ အဲဒီခေတ် ဘယ်အပျိုမှ မျက်စိထဲမတိုးတဲ့ ဆံပင်ပုံစံ။ နောင်တော့ ကိုအောင်ကျော်ကပါ ဒီဆံပင်ပုံစံ ညှပ်လာခဲ့ပါတယ်။ ကျောင်းသားခေါင်းဆောင် ကိုသိန်းအောင်က

"ဟေ့ ဖိုးအောင်ဆန်း၊ ခင်ဗျားကိုအားကျပြီး ကတုံးဘိုကေထားတဲ့ လူနှစ်ယောက်တော့ရှိပြီ။ ကိုလှရွှေရယ်၊ ခု ကိုအောင်ကျော်ရယ်လေ"

လို့ပြောတော့ ကိုအောင်ဆန်းက

"လွတ်လပ်တဲ့ မြန်မာနိုင်ငံမှာ ကျွန်တော် အာဏာရှင်ဖြစ်ရင် အကုန်လုံး ကတုံးဘိုကေထားဖို့ အမိန့်ပေးမယ်"

ပြောသံကြားရတော့ နောင်မှ ကျွန်မတို့တွေးတောဆင်ခြင်မိတာတော့ မြန်မာပြည်မှာ လူငယ်တွေ ဘိုကေလေးတသသနဲ့ မိန်းမပိုးဖို့လောက် စိတ်ကူးပြီး တိုင်းပြည်အတွက် အသုံးမကျ၊ အမှိုက်သရိုက်လိုဖြစ်လာမယ့် လူငယ်တွေကို မျက်စိစပါးမွေးစူးဟန်တူပါရဲ့။

စာရေးဆရာတွေ၊ သတင်းစာဆရာတွေနဲ့ အများလူထုကတော့ တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်နေတဲ့ ကျောင်းသားတွေဘက်ကဆိုတာ မြေကြီးလက်ခတ် မလွဲပါဘူး။

သူရိယသတင်းစာ အယ်ဒီတာဦးဘသိန်းရဲ့ အထူးမေတ္တာဆောင်းပါးမှာတောင် "ကျောင်းသားတို့၏အောင်ပွဲသည် တိုင်းပြည်၏ အောင်ပွဲပင်" လို့ ဘောလုံးပွဲကို ထောက်ခံရေးသားရင်း အဓိပ္ပာယ်ပါပါ ပြောသွားတာဖြစ်တယ်လို့ ထင်ပါတယ်။

ကျွန်မတို့ငယ်ငယ်တုန်းက ကျွန်မတို့ဖေဖေဟာ ကျွန်မတို့ ညီအစ်မကို ချိုပိုးရင်း ခု ရာမညဆောင်ဘက် ဂိတ်ပေါက်ကနေ ဝင်သွားလို့ရတဲ့ တက္ကသိုလ်နယ်မြေကို ပို့ပေးခဲ့ဖူးပါတယ်။ တက္ကသိုလ်ကျောင်းသားဖြစ်ခွင့်မရတဲ့ ကျွန်မတို့ဖေဖေဟာ သူ့သမီးနှစ်ယောက်ကို နောင်တစ်နေ့မှာ တက္ကသိုလ်ကျောင်းသူဖြစ်လာရမယ်ဆိုတဲ့ စိတ်ကူးရည်မှန်းချက်ကို အိပ်မက်သဖွယ်မက်ခဲ့ပြီး ဒီအိပ်မက်ကို နောင်အနှစ်နှစ်ဆယ်ကျော်တဲ့အခါ အကောင်အထည်ဖော်ခဲ့ပါတယ်။

ကိုအောင်ကျော်က တစ်ခါတုန်းက

www.burmeseclassic.com

www.burmeseclassic.com



"ဦး ဆယ်တန်းအောင်ပြီး ဘာဖြစ်လို့ တက္ကသိုလ်ဆက်မတက်တာလဲ"

မေးတော့ ဖေဖေကပြုံးပြီး ခေါင်းခါတယ်။

"ဦးဟာမြန်မာလိုပဲ ဆယ်တန်းအောင်ခဲ့တဲ့ ဗင်နစ်ကူလာ (Venicular)ကျောင်းသားလေး။ အဲဒါ ကျွန်ပညာရေးစနစ်ရဲ့ အနှိမ့်ခံရမှု တစ်ခုပေါ့"

"ဒါပေမယ့် ဦးဟာ အင်္ဂလိပ်လိုတော့ ဖတ်နိုင်သားဘဲ"

"ဒါဦးရဲ့ ပုဂ္ဂလိက ကြိုးစားမှုပေါ့။ ဦးက အင်္ဂလိပ်မြန်မာ ဒစ်ရှင်နရီကို တစ်နေ့အလုံး (၃၀)နှုန်းနဲ့ အလွတ်ကျက်ခဲ့တယ်။ အင်္ဂလိပ်သဒ္ဒါစာအုပ်တွေ လေ့လာရင်း မောင်တို့တက္ကသိုလ်ကျောင်းသားတွေလိုဖတ်တတ်ခဲ့တာပါပဲ။ တက္ကသိုလ်ကျောင်းသား မဖြစ်ရလို့ ဦး ဝမ်းမနည်းပါဘူး။"

ဆရာဇော်ဂျီက ဖေဖေ့ကို တစ်ခါတုန်းက "စစ်ထွက်သူ" ဆိုတဲ့ ဖေဖေရဲ့ လုံးချင်းဝတ္ထုဖတ်ပြီးစမှာ

"ဆရာ ဆရာတက္ကသိုလ်ရောက်ရင် ဒီထက်တော်မှာပဲ"

လို့ပြောလို့ ဖေဖေက ရယ်တယ်။

"ညီ မောင်သိန်းဟန်ရာ နောင်ကြီးကလေ စာသိပ်ကြိုးစားတတ်တယ်ကွယ့်။ ညီတို့ တက္ကသိုလ်ရောက်ရင် စကော်လာဖြစ်မှာ သေချာတယ်။ ဒေါက်တာဘွဲ့တွေဘာတွေရမှာ ကျိန်းသေပါတယ်။ ဒီလိုဆိုရင် ညီရဲ့ အစ်ကိုဟာ ဘယ်နည်းနဲ့မှ"မဟာဆွေ" ဖြစ်လာမယ်မထင်ဘူး။

အဖြေပေးတော့ ဆရာဇော်ဂျီဟာ ပြုံးရင်း ငိုင်သွားသတဲ့။

ကိုလှရွှေတို့ ကိုဗဟိန်းတို့ ကိုအောင်ကျော်တို့က

"ဦးဟာ တက္ကသိုလ်ကျောင်းသားတွေတော့ လေးစားသားဘဲ"

"အင်း မောင်တို့လို တက္ကသိုလ်ကျောင်းသားတွေကိုပေါ့"

ဆရာကြီးသခင်ကိုယ်တော်မှိုင်းလည်း တက္ကသိုလ်ကျောင်းသား မဟုတ်ခဲ့ပေမယ့် တက္ကသိုလ်ကျောင်းသားတွေကို အင်မတန် လေးစားတဲ့ အကြောင်း ကျောင်းသားခေါင်းဆောင်တွေက အသိအမှတ်ပြုခဲ့ကြပါတယ်။

အို ဖေမောင်တင်ရဲ့

အောင်ပျို့တလှည့်

အထက်ဟိုယခင်ကဲ့သို့

ကနက်ဗဟိုရ်ပလ္လင်ပြောင်းရမှာက

www.burmeseclassic.com

www.burmeseclassic.com



နောင်သို့တကဲ
အောင်ဘို့တပည့်တွေနဲ့
ကြော် မောင်တို့ရဲ့
တက္ကသိုလ်သခင်ကျောင်း။ ။

ကျွန်မလဲ(၇)တန်းကျောင်းသူဘဝကတည်းက တက္ကသိုလ်ကျောင်းသူဘဝကိုရည်မှန်းခဲ့တာစာမေးပွဲတွေကိုနှစ်ချင်းပေါက်အောင်အောင်ဖြေမယ်လို့ပေါ့။ ၁၉၃၆ခုနှစ် အိုးဝေမဂ္ဂဇင်းမှာ ကဗျာဆရာဣန္ဒနီရဲ့'မြသပိတ်' ဆိုတဲ့ကဗျာကို(၇)တန်းကတည်းကကျွန်မဖတ်ခဲ့မိတာ ခုချိန်ထိသတိရနေတုန်းပါပဲ။

စာသဘင်စစ်ချိန်နီးကာမှ
ကျောင်းကြီးအာဏာရှင်က
ဉာဏ်မယှဉ်မာန်အင်သုံးလေတော့
ကျွန်ပညာ ကျွန်စာမုန်းသူတို့
ကျောင်းယံမှာ ဒေါင်းလံဖုံးခဲ့ပေါ့
လွတ်ရာကို ထွက်ခွာရုန်းဖို့ပြင်
ထုံးသီလဝါ။
မြသပိတ်
ကျစိတ်ကို တစ်ဖုံပြင်လို့
သခင်ဟာ မြန်မာမျိုးပေပ
ဆိုရိုးဖြင့် ထွင်ပုံမှာ
ကမ္ဘာနှင့်ပွင့်လန်း။

နောင်ဖေဖေရဲ့ လုံးချင်းဝတ္ထု "တို့မေမေ"ကအစပြုလို့ ဝတ္ထုထဲကဇာတ်ဆောင်တိုင်းလိုလိုဟာ ဘီအက်(စ်)စီ သိပ္ပံဘွဲ့ရသူ လက်ပစ်ဗုံးလုပ်နည်းကို နားလည်သိရှိပြီး ဘုရင်ခံသက်တော်စောင့်တွေက ခုခံရင် ကျည်ဆံမထိအောင် အတွင်းမှာ ဂျာမနီကဝယ်ယူထားတဲ့ သံချပ်ကာအင်္ကျီ အဆင်သင့်ဝတ်ထားတာမျိုးတို့ ရေးလာတော့ ဖေဖေနဲ့ တက္ကသိုလ်ကျောင်းသားတွေဟာပုလဲနံပသင့်လာကြတာဟာ ကျွန်မတို့ တက္ကသိုလ်ကျောင်းရောက်ကြတဲ့အထိပါပဲ။ ကိုအောင်ကျော်ကျဆုံးပြီးနောက် ပိုပြီးချစ်ခင်ညီညွတ်လာကြတာအမှန်ပါပဲ။ ကျွန်မတို့ တွေးထင်ခဲ့သလို တက္ကသိုလ်ပညာတတ်တွေနဲ့ ပြင်ပပညာတတ်တွေရဲ့ ပဋိပက္ခဟာ အဲဒီတုန်းက ဖေဖေဆီမှာ မရှိသလောက်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"စစ်ထွက်သူ" ဆိုတဲ့ ဝတ္ထုအကြောင်းပြုပြီး တက္ကသိုလ်က ဆရာဇော်ဂျီ၊ ဆရာတက္ကသိုလ်ထင်ကြီးတို့ ဆရာမြကေတုတို့ဟာ ဖေဖေ့ကို တလေးတစား ဆက်ဆံလာခဲ့ကြပါတယ်။

အားလုံးတိုက်ဆိုင်မှုကတော့ "တို့မေမေ" ဝတ္ထုထွက်အပြီး ရေနံချောင်းမှာ မျက်နှာဖြူအိမ်တွေကို မီးနဲ့ရှို့၊ ဆက်တိုက် ရေနံမြေသပိတ်၊ တစ်ခါ ကိုအောင်ကျော် အသက်ပေးဆပ်အပြီး ကိုဗဟိန်းက 'မြင်းခွာတစ်ချက် ပေါက်ရင် မီးဟုန်းဟုန်း တောက်စေရမယ်' ဆိုတဲ့ မိန့်ခွန်းတွေရဲ့ အရိပ်အောက် တက္ကသိုလ်ကျောင်းသားတွေကို ဖေဖေဟာ တိုင်းပြည်ရဲ့သူရဲကောင်းဘွဲ့ကို စာတွေထဲမယ် အပ်နှံခဲ့ပါတယ်။

ဖေဖေနဲ့ရင်းနှီးကျွမ်းဝင်တဲ့သူတွေထဲမှာ အထင်ကရကတော့ ဆရာဦးညိုမြပါပဲ၊ ဖေဖေဟာ ဆရာဦးညိုမြရေးခဲ့တဲ့ "နွားနဲ့သပိတ်" ဆောင်းပါးကိုဖတ်ပြီး ဟက်ဟက်ပက်ပက် ရယ်မောခဲ့ဖူးပါတယ်။ ဆရာဦးညိုမြတို့ အယ်ဒီတာအဖြစ်ထုတ်ဝေခဲ့တဲ့ "အိုးဝေ"မဂ္ဂဇင်းကိုလည်း ဖေဖေအလွတ်မပေးခဲ့ပါဘူး။ ဆရာဦးညိုမြက နွားနှင့်သပိတ်မှာ

"မျိုးချစ်စိတ်ရှိကြကြောင်း ဟစ်ကြ၏။ ညီညာမှ ပြည်သာမည်ဟု အော်ကြ၏။ ဤသို့ ပြောဆိုကြွေးကြော်ဟစ်ဟော်အော်သူတို့အား မြင့်မြတ်သည့် မျိုးချစ်ပုဂ္ဂိုလ်ကြီးတွေဟု ထင်စရာအကြောင်းရှိသော်လည်း အများအားဖြင့် စဖြီးများသာ ဖြစ်ကုန်သည်။

သည်ဆောင်းပါးကို ကျွန်မတို့ ကြီးပြင်းလာတဲ့အထိ ဖတ်ခွင့်ရခဲ့ပါတယ်။ ဖေဖေ့စာအုပ်စင်မှာ "အိုးဝေ" မဂ္ဂဇင်းအဟောင်းတွေ ရှိနေတုန်းမို့ပါပဲ။

အကြောင်းရင်းဇစ်မြစ်ကား တိမ်မြုပ်၍ သင်တို့သည် ချော်တောငေါ့ကာ ထင်ရာပြောဖို့သာ တတ်ကြသည်။ သင်တို့ ဖိစီးနှိပ်ကွပ်သည်ကို မခံနိုင်ခြင်းကြောင့်သာ မဟုတ်ပါလော။ သင်သည် မြင်းတစ်ကောင်ကို တံခါးဝတွင် ကြိုးနှင့်တုပ်၍ ရက်ရက်စက်စက်ရိုက်နှက်လျှင် ထိုမြင်းသင့်ကိုပြန်၍ ကန်ကျောက်က မြင်းကိုအဆိုးဆိုမည်လော။

ရန်ကုန်တက္ကသိုလ်ရဲ့ အလွမ်းဘွဲ့များဟာ ကျွန်မတို့ သိမ်းဆည်းထားခဲ့တဲ့ စာအုပ်တွေထဲမှာသာမက ရင်ထဲမှာ အမြဲရှိနေခဲ့တာကိုတော့ တမ်းတမ်းတတ ပြောပြချင်ပါသေးတယ်။ ■

www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်နှင့်ရဲအောင်လံ

[ ၁ ]

ရဲသတင်းစာလီမိတက် ရဲတပ်စတဲ့ အဖွဲ့အစည်းတွေဟာ အမြွာမွေးညီအစ်ကို တွေလို ပေါက်ဖွားလာတာ ဖြစ်ပါတယ်။ မြန်မာ့လွတ်လပ်ရေးရဲ့ သင်္ကေတ ဖြစ်တဲ့ ဒေါင်းအလံကြီးကို ကျွန်ခေတ်မှာ ပထမဦးဆုံး လွှင့်ထူသူတွေဟာ အစိမ်းရောင် ဆင်တူဝတ်စုံဆင်မြန်းထားတဲ့ မြန်မာအမျိုးသား အပျော်တမ်း ရဲတပ်ပဲဖြစ်ပါတယ်။ (ကျွန်မတို့ခုခေတ် ရုပ်မြင်သံကြားအစီအစဉ်မှာ အမျိုး သားနေ့တိုင်းလိုလို ပြန်ပြတတ်တဲ့ ဣတ္ထိယရုပ်ရှင်ကားမှာ မင်းသား မောင် မောင်အေး မောင်သောင်းထွန်းအဖြစ် သရုပ်ဆောင်ထားတဲ့ ရဲတပ်ဖွဲ့ကို ကြည့်ဖူးသူတိုင်း သတိရကြမှာပါ။) ရန်ကုန်သမိုင်းရေးရာမှာ မြန်မာ့ဒေါင်း အလံနဲ့ ရဲတပ်ဖွဲ့ ဆက်စပ်ပါဝင်လာရမှာ အမှန်ပါပဲ။ ဆာဦးမောင်ကြီးရယ်၊ ကျွန်မတို့ဖေဖေရယ်၊ ရဲသတင်းစာကို ဝိုင်းဝန်းပံ့ပိုးနေကြတဲ့ နိုင်ငံချစ်ကြတဲ့ လူကြီးတွေရယ်က မြစ်ဖျားခံလာခဲ့တာကို ကျွန်မ အရင်လထဲတုန်းက ဖော်ပြ ခဲ့ပြီးပါပြီ။ ဒေါင်းလံကိုင် ရဲတပ်ဖွဲ့တွေ ပေါ်ပေါက်ပြီးတဲ့နောက်မှာ နိုင်ငံရေး ပါတီအသီးသီးတို့ရဲ့ လက်ရုံးတပ်၊ ဂဠုန်တပ်၊ ဓားမတပ်များ ရန်ကုန်မြို့မှာ ထပ်ပြီး ပေါ်ပေါက်လာခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးခြားအုပ်ချုပ်တဲ့ ကျွန်နိုင်ငံမှာ တိုင်းရင်းသားတွေက အမျိုးသားအလံ လွှင့်ထူခြင်းဟာ အုပ်စိုးတဲ့မင်းရဲ့အလံတော်ကို အန်တုတာဖြစ်တဲ့အတွက် အနှောက်အယှက် အခက်အခဲတွေနဲ့ တွေ့ကြုံရပါတယ်။

ဒါကြောင့်မို့ အမျိုးသားအလံ ပြန်လည်ဖော်ထုတ်ရာမှာ ရဲတပ်ဖွဲ့မှာလည်း အနှောက်အယှက်ကင်းလှတာမဟုတ်ဘဲ အစိုးရရဲ့ ပြိုငြင်တာကို ခံယူခဲ့ကြရပါတယ်။ ရန်ကုန် ပလိပ်မင်းကြီးဟာ ရဲတပ်ဖွဲ့ အလံလွှင့်ထူရေးမှာ အနှောင့်အယှက်ပေးသူတွေအနက် ရဲတပ်ဌာနချုပ်စာရင်းမှာ ထိပ်တန်းက ပါဝင်နေသူဖြစ်ပါတယ်။ ထူးခြားမှုတစ်ခုက ဘယ်လိုပဲဖြစ်ဖြစ် ရဲတပ်ခေါင်းဆောင် ဗိုလ်ချုပ်ဆာမောင်ကြီးရဲ့ ကြိုးပမ်းမှု၊ ပြေပြစ်စွာ ဆက်ဆံမှု၊ ကြွယ်ဝတဲ့ ပရိယာယ်တွေကြောင့် မကြာခင်မှာပဲ ရဲတပ်တွေဟာ အနှောင့်အယှက်ကင်းကင်းနဲ့ မြန်မာအမျိုးသားအလံအစစ်ကို ပြန်လည်ဖော်ထုတ်လွှင့်ထူနိုင်ခဲ့ပါတယ်။

အဲဒီအချိန် မူလကနဦးမှာ ဝမ်းနည်းစရာကောင်းတာက မြန်မာအမျိုးသားအလံကို မြန်မာတွေ သတိမေ့နေတဲ့ အချက်ပါပဲ။ ဒီလိုမေမေ့ပျောက်ပျောက်ဖြစ်နေတုန်း တိုးတက်တဲ့ ကမ္ဘာ့နိုင်ငံကြီးတစ်နိုင်ငံဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုက သတိတရနဲ့ မြန်မာအမျိုးသားအလံကို အခမ်းအနားတစ်ခုမှာ လွှင့်ထူလိုကြောင်း စာရေးတောင်းဆိုလာပါတယ်။ ရန်ကုန်ရာဇဝင် သမိုင်းမှတ်တမ်းအရ ဝါရှင်တန်မြို့ကနေ ၁၉၃၄ ခု၊ ဧပြီသုံးရက်နေ့စွဲပါ အလံတောင်းစာကို ရဲတပ်သမိုင်း (ပုံမနှိပ်)ရသေးမှာ မူလအတိုင်းဖော်ပြထားပါတယ်။ အဲသလိုမျိုး အမျိုးသားအလံကို တောင်းဆိုလာတဲ့ အမေရိကန်ပြည်၊ ဝါရှင်တန်မြို့ရှိ ဝိုင်အမ်စီအေ အသင်းက စာဟာ ရန်ကုန် ဝိုင်အမ်စီအေ အသင်း မစ္စတာဂရေးဆီကို ရောက်လာတော့ကာ သူကတစ်ဆင့် ရဲတပ်ဖွဲ့ဌာနချုပ်ကို အကူအညီတောင်းလိုက်တာ ဖြစ်ပါတယ်။

ကျွန်ခေတ်မှာ မြန်မာအမျိုးသားအလံ လွှင့်ထူတာဟာ သူ့ကျွန်ဘဝကနေ လွတ်မြောက်ခွင့် ရယူမယ့်အကြောင်း ကြေညာခြင်းမှ တစ်ပါးအခြား အဓိပ္ပာယ်မရှိတာကို အများသိကြပါတယ်။ ဒါပေမယ့် မြန်မာလူမျိုးများ မနိုးကြားသ၍ သိကြမှာ မဟုတ်ဘူး။ ဒါကြောင့် အမျိုးသားတိုင်းသိပြီး ကျွန်ဘဝကနေ လွတ်မြောက်လိုစိတ် ပြန့်ပွားဖို့ အမျိုးသားအလံ လွှင့်ထူပြီး အားပေးရေးမှာ ရဲတပ်ရဲ့ သာမန်အလုပ် မဟုတ်တာကို သိမြင်လာကြရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ရဲသတင်းစာမှာ ဆောင်ပုဒ်လေးများအပတ်စဉ်မပြတ် ထည့်ထည့်ပေးတာကို စာဖတ်သူပြည်သူတွေ သတိထားမိကြပါလိမ့်မယ်။

'အို့ . . . မြန်မာတို့ သင်တို့ နိုးနိုးကြားကြား ရှိကြလော့'

- - - - - - - - - - - - - - - - - - - - - - - - - - -

'လွတ်လပ်ရေးကား သွေးနှင့်လဲယူရသော အလုပ်ဖြစ်၏။
ရာထူး၊ လခနှင့် လဲယူခြင်းသည် လွတ်လပ်ရေးအစစ်မဟုတ်။'

- - - - - - - - - - - - - - - - - - - - - - - - - - -

'မိတ်ဆွေ့ . . . အဆွေသည် မြန်မာလူမျိုးဖြစ်ပါသည်။
မော်တော်ကားကြီးစီး၊ တိုင်တာကြီးနှင့် စည်းစိမ်ယစ်နေသော အခါ အမိုးမလုံ သားသမီးတစ်ပြုံနှင့် တဲကုပ်ကလေးတွင် ငတ်ပြတ်နေသော မြန်မာများကို တွေးကြည့်ပါ'

သည်လိုနဲ့ပဲ တစ်နေ့မှာ ရဲဗိုလ်ချုပ်ကြီး နေအိမ်မှာ အစည်းအဝေး တစ်ရပ်ပြုဌာန်းပြီး ပြတ်သားတဲ့ ဆုံးဖြတ်ချက် မှတ်မှတ်ထင်ထင် ထွက်ပေါ် လာခဲ့ပါတယ်။

၁၂၉၆ ခုနှစ် ကုန်လွန်၍ ၁၂၉၇ ခုနှစ်ရောက်သော နှစ်ဆန်းတစ် ရက်နေ့တွင် မြန်မာပြည်အရပ်ရပ်ရှိ ရဲတပ်သားများသည် မိမိတို့၏မြို့ရွာများ ၌ ဆုတောင်းမေတ္တာပို့သပွဲ ဆင်ယင်ကျင်းပကြရမည်။

ရဲတပ်ဖွဲ့ဌာချုပ်က ညွှန်ကြားနှိုးဆော်လိုက်တာ ဖြစ်ပါတယ်။

[ ၂ ]

ထူးခြားလာတဲ့ မှတ်မှတ်ရရ အကြောင်းကတော့

၁၂၉၇ ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့ (၁၇-၄-၃၅) နေ့မှာ မြန်မာ ပြည်လုံးရှိ ရဲအဖွဲ့ဝင်များက နှစ်ဆန်းတစ်ရက်နေ့ အခမ်းအနားကျင်းပဖို့ နဲ့ ကျင်းပရာမှာ ရပ်ကွက်ဆိုင်ရာ ရဲတပ်ဖွဲ့တွေက ကိုယ်နှစ်သက်ရာ အရပ်

www.burmeseclassic.com

www.burmeseclassic.com



၄၁နမှာ မနက် ၇ နာရီတွင် စုဝေးစည်းလုံးပြီး

၁။ အမျိုးသားအလံ လွှင့်တင်အလေးပြုရမယ်။

၂။ မြန်မာပြည်အမျိုးသားတစ်တွေ ကိုယ်စိတ်နှစ်ဖြာအေးချမ်းသာယာစေကြောင်း ဆုတောင်းမေတ္တာပို့ဖို့နဲ့

၃။ ဆုတောင်းမေတ္တာအလင်္ကာကို ညီညီညာညာသီဆိုဖို့ ညွှန်ကြားခဲ့ပါတယ်။

အဲဒီဆုတောင်မေတ္တာအလင်္ကာကတော့

၄။ နှစ်ဟောင်းလွန်ကျူး၊ နှစ်ဦးဆန်းလာ၊ ငါတို့ပြည်ကြီး၊ ပွားစည်စေဌာ၊ အနိုင္ဌမျိုး၊ ရန်ဆိုးကင်းကွာ၊ ဆုခွင်တောင်း အပေါင်းတို့မေတ္တာ။

၅။ မြန်မာနယ်ဖွား၊တို့များချမ်းသာ၊ တက်လူငယ်များ၊ တိုးပွားဝန်တာ၊ ဝန်ကိုချီထိန်း၊ ရဲစွမ်းပြပါ၊ တက်လူများ၊ ကြိုးစားဆောင်ရွက်ပါ။

၆။ နှစ်ဆန်းတစ်ရက်၊ စလျက်ချိန်ခါ၊ ငါတို့အမျိုး၊ ပွားတိုးရောင်ဝါ၊ ဘေးကင်းရန်ကင်း၊ လွတ်ကင်းအောင်ဖြာ၊ အောင်စေကြောင်း၊ အပေါင်းမင်္ဂလာ။

အောင်စေ. . . အောင်စေ. . . အောင်စေ. . . သတည်း။

ဒီလိုအခမ်းအနားအပြင် ကိုယ်တတ်နိုင်ရင် စီတန်းလမ်းလျှောက်ညဥ့်အခါဆီမီးထွန်း၊ ပွဲလမ်းသဘင် ကျင်းပတာမျိုးတွေ လုပ်ဖို့ လှုံ့ဆော်ပါတယ်။

မြန်မာလွတ်လပ်ရေး ကြိုးပမ်းရာမှာ ဆုတောင်းရုံ၊ ဆီမီးထွန်းရုံနဲ့ အောင်မြင်မှု ရရှိလိမ့်မယ်လို့ ရဲအဖွဲ့ကြီးက မယုံပေမယ့် ဒီအစီအစဉ်မျိုးတွေဟာ လွတ်လပ်ရေးရှေးရှုတဲ့ ခရီးအကြားမှာ အဓိဌာန်အမျိုးမျိုးပြုလုပ်ခြင်းနဲ့ ကွင်းကွင်းကွက်ကွက် နယ်ချဲ့မင်းတို့ကြားသိစေဖို့ ဆန္ဒပြတဲ့ အစီအစဉ်မျိုးဖြစ်တဲ့အတွက် တပ်လှန့်တဲ့သဘောမျိုးပါပဲ။ နောက် ရန်ကုန်ရဲ့ တပ်အပြင် မီးသတ်တပ်ဖွဲ့၊ ခြေကျင်တပ်ဖွဲ့၊ ကြီးပွားရေးအသင်း၊ သူနာပြုတပ်စတဲ့ လူငယ်တက်လူတို့ရဲ့ အသင်းအဖွဲ့တွေကိုပါ ဖိတ်ကြားပြီး ရွှေတိဂုံစေတီတော်ခြေရင်း ဦးဥတ္တမ ပန်းခြံ (ဟိုတုန်းက ကန်တော်မင်ဥယျာဉ်)မှာ ရန်ကုန်ပရိသတ် မျက်မှောက်တွင် သိုက်သိုက်မြိုက်မြိုက် အောင်အောင်မြင်မြင် ကျင်းပခဲ့တာ ဖြစ်ပါတယ်။

ဒီနည်းနဲ့ပဲ လွတ်လပ်ရေးခရီးကြမ်းမှာ ရန်ကုန်သူ ရန်ကုန်သားအပါအဝင် မြန်မာအမျိုးသားများ ခြေလှမ်းတစ်ချက် သွက်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားအလံ (ဝါ) လွတ်လပ်တဲ့ မြန်မာနိုင်ငံတော် အလံအစစ် ဖြစ်တဲ့ အလျားကိုးတောင်၊ အနံခြောက်တောင် အတိအကျရှိတဲ့ ဒေါင်းလံကြီးကို ရွှေတိဂုံခြေတော်ရင်းမှာ ကျင်းပခဲ့တဲ့ ရဲတပ်ရဲ့ မြန်မာနှစ်ဆန်းသဘင် မင်္ဂလာဆုတောင်းပွဲမှာ ပထမအကြိမ် လွှင့်ထူခဲ့တာ ဖြစ်ပါတယ်။ နောက်တစ်ခါ ဒီနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် အမျိုးသားနေ့ လှည့်ပွဲမှာလည်း တပ်ဦးက လွှင့်ထူရှေ့ဆောင်ချီတက်ကြတာကိုပါ ပြန်မြင်ကြရပြန်တယ်။ (ဒါလည်း စောစောတုန်းက ကျွန်မပြောခဲ့တဲ့ ရုပ်ရှင်ကားမှာ မှတ်တမ်းတင် ရိုက်ထားတာကို တွေ့ရပါတယ်။)

[ ၃ ]

ကြည့်မြင်တိုင် ကျောင်းကြီးလမ်းမှာ ကျွန်မတို့ ငယ်ငယ် အရိပ်ကောင်းတဲ့ သစ်ပင်အောက်မှာ ကတန်း ခုန်တန်းကစားကြတော့ ဒီဒေါင်းအလံနဲ့ တွဲလျက် ကျော်ကြားတဲ့ ဆရာရွှေတိုင်ညွှန့်ရဲ့ ဇာတိမာန်သီချင်းကို အော်ဟစ်သီဆိုကြပါတယ်။ ရုပ်ရှင်ကားထဲကမင်းသမီး 'ခင်ခင်ရီ' လို ပဝါလေး တလွင့်လွင့်နဲ့ ဝှေ့ရမ်းလို့ပေါ့။

(ဒါ တို့တိုင်း တို့ပြည် တို့မြန်မာတွေ) ၂ (မြင့်မြတ်တဲ့ ဂုဏ်ကျက်သရေ၊ ကျုပ်တို့ရဲ့ ရွှေထီး ရွှေနန်း တင့်ဆန်းပေ) ၂

အာဇာနည် ဗုဒ္ဓဘာသာ အမျိုးသားတိုင်းပြည်၊ ရာဇဝင်ရှေးထုံးစဉ်အလာ ထွန်းထောက်ခဲ့ပေ၊ ပိုင်ဆိုင်သူ ဘိုးဘွားဘီဘင် တို့အမွေ တို့ပြည်တို့မြေ။

သံပြိုင်-

ရိုးရာအခြေ၊ မညှိုးပါသလေ၊ မျိုးသာကီနွယ်၊ ဆင်းသက်ပေ၊ ဒါတို့ ရွှေထီး၊ ဒါတို့မြေကြီး၊ စည်ထီးခရိုင် ကိုယ်ပိုင်မြန်မာပြည်။ (တက်လူတွေ)၂၊ လုံ့လဝီရိယရှိကြစေ၊ မျိုးဂုဏ်တက်အောင် ရွက်ဆောင်လေ၊ တို့တာဝန်မှန်ပေ။ အာဇာနည် ဗုဒ္ဓဘာသာ အမျိုးသားတိုင်းပြည်၊ ရာဇဝင်ရှေးထုံးစဉ်အလာ ထွန်းတောက်ခဲ့ပေ။ ပိုင်ဆိုင်သူ ဘိုးဘွားဘီဘင် တို့အမွေ၊ တို့ပြေတို့မြေ'

www.burmeseclassic.com

www.burmeseclassic.com



ရဲတပ်ဟာ လက်နက်မဲ့ စစ်အဖွဲ့အစည်းဖြစ်ပေမယ့် နယ်ချဲ့ကို ဒီ အထွတ်အမြတ် အလံနဲ့ အန်တုတုန့်ပြန်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်မတို့နေတဲ့ ကျောင်းကြီးလမ်း နေအိမ်မျက်စောင်းထိုးမှာ ဦးညီပုရဲ့ အလွတ်ပညာသင်ကျောင်း ရှိပါတယ်။

ရန်ကုန်ရဲတပ်က ဗိုလ်တစ်ဦးဖြစ်တဲ့ ကြည့်မြင်တိုင်သား ကိုညိုဟာ ဗိုလ်သူရ နာမည်နဲ့ ထင်ရှားပါတယ်။

မြန်မာပြည်ကို ဂျပန်အဝင်မှာ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် တိုက်ပွဲ၊ ရွှေတောင်တိုက်ပွဲတွေမှာ ရှုပ်ရှုပ်ချွံချွံ တိုက်ခဲ့လို့ နာမည်ကြီးခဲ့တဲ့ ဗိုလ်သူရကို ရဲတပ်က သန္ဓေတည်ပေးလိုက်တဲ့ သားရတနာတစ်ဦး ဖြစ်ပါတယ်။

တော်စတွိုင်ရဲ့ စစ်နှင့်ငြိမ်းချမ်းရေးထဲက မင်းသားအင်ဒရေးဟာ အလံမလှဲခဲ့သလိုဘဲ အဲဒီပုဂ္ဂိုလ်တွေဟာ နယ်ချဲ့တွေနဲ့ တိုက်ပွဲဝင်ရင်း အလံမလှဲခဲ့တဲ့သူတွေ ဖြစ်တဲ့အတွက် ကျွန်မ ဂုဏ်ယူလို့မဆုံးခဲ့ပါဘူး။ ဒီရန်ကုန်သမိုင်းကြောင့်လဲ ကျွန်မဟာ 'တို့တိုင်းဌာနီ'လို ဝတ္ထုမျိုးကို ရေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ■

www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်တစ်ခေတ်

[ ၁ ]

၁၉၃၈ ခုနှစ်၊ ဇူလိုင်လ ၂၆-၂၇-၂၈ နေ့ရက်တွေဟာ ဘယ်လိုမှ မမေ့နိုင်တဲ့ ရက်များလို့ ကျွန်မ မိဘတွေက မကြာမကြာ ပြောကြပါတယ်။ နယ်ချဲ့တိုင်း တစ်ပါးလက်အောက်မှာ ရုတ်တရက် ဖြစ်ပေါ်လာတဲ့ အဓိကရုဏ်းကြောင့် ထိတ်လန့်တုန်လှုပ်စရာတွေ ဖြစ်ပြီး မိတ်ဆွေတွေဟာ

'ဆရာ့နှယ်ဗျာ ပေနေတာအံ့သြရော၊ မြန်မြန်ရွှေ့ပါတော့လို့ 'ဝိုင်း ဝန်းပြောယူရတဲ့ အထိပါပဲ။ မှတ်မှတ်ရရ ကျွန်မတို့အမေရဲ့ အမှတ်အသား အရ အဲဒီညတွေဟာ ဝါဆိုလကွယ်နဲ့ ဝါခေါင်လဆန်း ၁ ရက်၊ ၂ ရက်တွေ မို့ လမိုက်ညများဖြစ် မိုးသားများဖုံးနေတဲ့ ကောင်းကင်ပြင်မှာ ကြယ်ရောင် တောင် မရှိဘူးတဲ့။ အိမ်မှာ စားနပ်ရိက္ခာတွေလည်း တဖြည်းဖြည်းပြတ် လတ်လာတယ်။ ကျွန်မတို့ကိုရောင်းနေကျ ကာကာကုလားလေးကိုသာ ဈေး မရောင်းရလို့ သွားတားထားတယ်။ ကလေးတွေ အစာမစားဘဲ ဒုက္ခများကြ မှာမို့ ၂၉ ရက်နေ့ည မတတ်သာတဲ့အဆုံး ပုလိပ်များ အစောင့်အရှောက်နဲ့ ကြည့်မြင်တိုင် သိမ်ကြီးလမ်း (သူရိယဦးသိန်းမောင်) နေတဲ့အိမ်ကို ပြောင်း ရွှေ့လာခဲ့ကြရပါတယ်။ နောက်မှ သိမ်ကြီးလမ်းကနေ ဖေဖေက ကျောင်းကြီး

www.burmeseclassic.com

www.burmeseclassic.com



လမ်းနေအိမ်ကို ငှားရမ်းနေထိုင်ခဲ့ရလို့ ကြည့်မြင်တိုင်အရပ်သူတွေ ဖြစ်လာခဲ့ကြတယ်။ ပုစွန်တောင် ကြည့်မြင်တိုင်သူနဲ့ မန္တလေးမြို့တော်သူ ဆိုတဲ့ သီချင်း ကျွန်မတို့ငယ်ငယ်တုန်းက ကြိုက်ခဲ့ကြတာလည်း ဒီအရပ်မှာ ကျင်လည်ခဲ့ရတဲ့ ဘဝကစလို့ပေါ့။

ဖေဖေက ၃၈ လမ်းကနေမထွက်ဘဲ တင်းခံနေရာက မထွက်မဖြစ် ၂၉ ရက်နေ့မှာ ထွက်ခဲ့ကြပါတယ်။ ထွက်မယ့်ထွက်တော့လည်း ပုလိပ်အစောင့်အရှောက်နဲ့ ထွက်ကြရပါတယ်။ ဖေဖေအိမ်ကနေ ရွှေ့ဖို့ကူညီတဲ့ ပုဂ္ဂိုလ်က ယစ်မျိုးရာဇဝတ်အုပ် ကိုဘမြို့ ဆိုသူဖြစ်ပါတယ်။ ခြောက်လုံးပူးကိုင် ပလိပ်အမှုထမ်းနဲ့ ပန်းဆိုးတန်းဘူတာဘက်ရှိ 'ဦးကံကြီးစာတ်ပုံတိုက်' ကို ညနေ ၅ နာရီသာသာမှာ ပြောင်းဖြစ်ကြပြီး အဲဒီအခန်းမှာ တစ်ညအိပ်၊ နောက်တစ်နေ့ မနက်စောစော၊ ကြည့်မြင်တိုင် လိုင်းကယ်ရထားနဲ့၊ ကြည့်မြင်တိုင်ကို သွားဖြစ်ပါတယ်။ ကြည့်မြင်တိုင် သိမ်ကြီးလမ်း၊ သူရိယဦးသိမ်းမောင်အိမ်မှာ ခဏခိုပြီး နောက်တစ်နေ့မှာပဲ ကျောင်းကြီးလမ်း ဒေါ်အမာရဲ့ အိမ် အိမ်နံပါတ် ၂၆ ကို မိတ်ဆွေတွေက ငှားပေးကြလို့ တစ်လိုင်းအိမ် အထပ်ခိုး အပေါ်ထပ်နဲ့ သစ်သားအိမ် လုံးချင်းကို တစ်လ ၁၅ ကျပ်နဲ့ ငှားဖြစ်သွားကြပါတယ်။ အဲဒီတုန်းက အုန်းထမင်း တစ်ပန်းကန် ၂ ပြားရောင်းနေတဲ့ အချိန်ကာလမို့ ခုခေတ်ပေါက်စျေးနဲ့တွက်ရင် အိမ်လခဟာ တစ်လ လေးငါးထောင် ရှိလိမ့်မယ်လို့ ခန်းမှန်းနိုင်ပါတယ်။

ကျွန်မ တစ်လောတုန်းက ကျွန်မတို့ငယ်ငယ်တုန်းက နေခဲ့ဖူးတဲ့ အိမ်(အိမ်နံပါတ် ၂၆) ကို ကျောင်းကြီးလမ်းမှာ လမ်းလျှောက်ကြည့်တော့ အိမ်နေရာတွေဟာ အကုန်ရွှေ့ကုန်လို့ မမှတ်မိတော့ပါဘူး။

သည်လမ်းတစ်ဝိုက်၊ ဝန်းကျင်တစ်ခိုမှာ ကျွန်မတို့ခြေရာထပ် ဆော့ကစားခဲ့ကြတဲ့ နေရာပေါ့။ ကျွန်မတို့နေထိုင်ရာ အိမ်နောက်ဘက်မှာ ဘုံပျံဘုန်းကြီးကျောင်းကြီးကတော့ ယနေ့ထက်တိုင် ရှိနေပါသေးတယ်။ အဲဒီဘုန်းကြီးကျောင်းကြီးမှာ ဘုရားပွဲတော်ကျင်းပတဲ့အခါမှာ ဇာတ်ပွဲတွေ၊ ရုပ်သေးပွဲတွေ စုံစုံလင်လင် လာရောက်ခင်းကျင်းပြသခဲ့ပါတယ်။ ကျွန်မငယ်ငယ်တုန်းက ၂ နှစ် ၄ နှစ်အရွယ်မှာ ပွဲကို တစ်ညလုံး မအိပ်ဘဲ ငုတ်တုတ်ထိုင်ကြည့်သတဲ့။ ကျွန်မစွဲလန်းခဲ့ဖူးတဲ့ ဇာတ်တစ်ခုကတော့ 'ချင်းကလေးဖဝေး'ပါတဲ့။ ဘယ်သူ့ဇာတ်မှန်းတော့ မမှတ်မိတော့ဘူး။ 'ယာတောလယ်မှာလေ ငါပြောမယ်ရွှေရှင်ဘုရင်ရဲ့ နင်ဆင်ခြင်ဦး'ဆိုတဲ့သီချင်းကိုလည်း ဒီအပုဒ်

www.burmeseclassic.com

www.burmeseclassic.com



မှာ ထပ်ခါတလဲလဲ အော်ဟစ်သီဆိုနေတတ်ပါတယ်။ ကြည့်မြင်တိုင်ရပ်ကွက်ဟာ ၃၈ လမ်းနဲ့ အတော်ကြီးကွာခြားပြီး အင်မတန် မြန်မာဆန်ပါတယ်။ မြန်မာလူမျိုးတွေရဲ့ ဖော်ရွေမှု၊ စည်းလုံးမှု၊ ကူညီရိုင်းပင်းမှုတွေဟာ ကျေးလက်က မြန်မာ့ရိုးရာ ဓလေ့ထုံးစံအတိုင်းပါပဲ။ မြန်မာရနံ့ သင်းပျံ့လို့ နေပါတယ်။ ဒါကြောင့် ကျွန်မတို့ငယ်စဉ်ကလေးဘဝမှာ ကြည့်မြင်တိုင်မှာ နေရတဲ့အချိန်ဟာ အပျော်ရွှင်ဆုံး အချိန်တွေပါပဲ။

ကြည့်မြင်တိုင်ဟာ မွန်အခေါ် 'ကမန်ဍုင်'၊ 'ကမန်' က မြို့ရိုး၊ 'ဍုင်' က မြို့၊ 'မြို့ရိုးရှိတဲ့မြို့'လို့ အဓိပ္ပာယ်ရှိသတဲ့။ ကမန်ဍုင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲမှာ အကျအဆုံးများလှတဲ့ ကြည့်မြင်တိုင်ခံတပ်ကို သွားရောက်တိုက်ခိုက်ရာမှာ ပါဝင်တဲ့ ဗိုလ်ကြီး ဒမ်တန်က သူရဲ့စာအုပ်မှာ ကြည့်မြင်တိုင်ဆိုတာ Come and Die 'လာလှည့်သေလော့' လို့ အဓိပ္ပာယ်ဖွင့်သတဲ့။

တကယ်တော့ မူလတုန်းက 'ကြေးမြင်တိုင်' နောင် 'ကြည့်မြင်တိုင်' လို့ ပြောင်းလွဲလာတာတဲ့။

[ ၂ ]

ကျွန်မတို့အဖို့ ပျော်စရာကောင်းတဲ့ နေ့ရက်တွေကတော့ တနင်္ဂနွေနေ့မှာ အပတ်စဉ် ဖေဖေ၊ မေမေတို့နဲ့အတူ ရွှေတိဂုံဘုရားကုန်းတော်ပေါ် တက်ရောက်ကြတဲ့အချိန်ပါပဲ။ ကြည့်မြင်တိုင်ကနေ ရွှေတိဂုံဘုရားကို ဖေဖေက ခြေကျင်သွားလေ့ရှိပါတယ်။ ဘယ်လမ်းကနေ ဘယ်လို သွားကြတယ်တော့ မမှတ်မိတော့ဘူး။ ကျွန်မတို့ ညီအစ်မ မိဘတွေက ချီတစ်လှည့် ပိုးတစ်လှည့်နဲ့ တစ်ခါတစ်လေလည်း လမ်းပေါ်ပြေးခိုင်းတာကိုတော့ မှတ်မိပါတယ်။ ရွှေတိဂုံတစ်ဝိုက် ဝန်းကျင်မှာ အဲဒီတုန်းက တောထူထပ်လို့နေပါတယ်။

ဒါကြောင့် သက္ကရာဇ် ၁၂၆၄ (ခရစ်နှစ် ၁၉၀၂) လောက်တုန်းက ရွှေတိဂုံစေတီ ခေါင်းလောင်းပုံအောက် နှုတ်ခမ်းအပေါ်မှာ ကျားတက်ဖူးသတဲ့။ ရွှေတိဂုံသမိုင်းမှာ စာမတင်ရင်မဖြစ်တဲ့ အကြောင်းတစ်ရပ်က ဒီကျား

www.burmeseclassic.com

www.burmeseclassic.com



တက်တဲ့အကြောင်းပါပဲ။ ၁၂၆၄ တပေါင်းလဆန်း ၅ ရက်၊ တနင်္လာနေ့ မနက် ၇ နာရီလောက်အချိန်လို့ ဆိုပါတယ်။ ခေါင်းလောင်းပုံ အောက်နှုတ်ခမ်းပေါ်မှာ ကျားတစ်ကောင် တက်ရောက်ဝပ်နေတာကို မြင်ရတဲ့ ဂေါ်ရာ စစ်သားတို့က သေနတ်နဲ့ပစ်လိုက်ရသတဲ့။ အဲဒါ ထောက်ရှုရင် ဘုရားကြီး ဝန်းကျင်မှာ တောရိုင်းတိရစ္ဆာန်တွေ ကျက်စားနေနိုင်လောက်အောင် ထူထပ်တဲ့ တောတောင်တွေ ရှိသေးတယ်လို့ ယူဆဖွယ်ဖြစ်သတဲ့။

သတင်းစာဆရာကြီး ဦးသိမ်းမောင် (သူရိယ)က သူငယ်ငယ်က မြင်တွေ့ရတဲ့ အခြေအနေတောင် ခု ဦးဝိစာရလမ်း ဖြစ်နေတဲ့လမ်းဟာ မြန်မာအခေါ် ဆင်လမ်း၊ လူသူအရောက်အပေါက်နည်းလှတဲ့ တောအုပ်ကြားက ခြေသွားလမ်းကလေးသာ ဖြစ်သတဲ့။ ဒါကို အင်္ဂလိပ်တို့က Tiger Alley တိုက်ဂါးအယ်လီ (ကျားသွားရာလမ်းမြောင်)လို့ နာမည်ပေးထားတယ်ဆိုပဲ။ ဒီလမ်းကျဉ်းလေးကို ဦးကြီးကိုယ်တိုင် သွားရောက်ဖူးတယ်လို့ ဖေဖေက ပြောပြပါတယ်။

ရွှေတိဂုံဘုရားကျားတက်တဲ့ကိစ္စဟာ တောကြိုအုံကြားရှိ ရွာသိမ်ရွာငယ်ကလေးတွေအထိ ပျံ့နှံ့သွားလို့ ဘုရားကြီးမှာလည်း အရပ်ရပ်က ဘုရားဖူးတွေ စွန့်စွန့်စားစားလာဖူးကြတဲ့အပြင် အလှူငွေတွေလည်း တိုးတက်ရရှိလာပါသတဲ့။ ဇာတ်သဘင်သည်တွေကလည်း ဒီကျားတက်တဲ့အကြောင်းအရာကို သီချင်းဂီတနဲ့ ဖွဲ့နွဲ့သီဆိုကြပါတယ်။ အငြိမ့်လူရွှင်တော်၊ ဇာတ်လူရွှင်တော်တွေကလည်း တစ်ယောက်က စည်းနဲ့ဝါးကိုင်ပြီး တစ်ယောက်က စည်းလွတ်အံလွဲ ကျားသီချင်းဆိုပြတော့ ပွဲကြည့်ပရိသတ်တွေ တအုန်းအုန်း ပွဲကျကြသတဲ့။

ရွှေတိဂုံဘုရား. . . ကျားတက်တာ. . . ငါးရက်ကြာ. . . အို ရွှေတိဂုံဘုရား. . . ကျားတက်တာ. . . ငါးရက်ကယ်ကြာဗျ. . . ဂေါ်ရာတွေ ဝိုင်း. . . သေနတ်နဲ့ပစ်. . . ကျားစင်းစင်းသေ

ခရစ်နှစ် ၁၈၂၄ ဆီတုန်းက ရန်ကုန်ပတ်ဝန်းကျင်မှာ တောကြီးတွေ ဝန်းရံနေတာကို အင်္ဂလိပ်တွေရဲ့ မှတ်တမ်းတွေမှာ တွေ့ရပါတယ်။ ကျွန်းပင်၊ မကျည်းပင်၊ သရက်ပင်၊ ဝါးပင်၊ ချုံနွယ်ပိတ်ပေါင်းတွေ ပြွမ်းတဲ့ ရန်ကုန်ဖြစ်ပါတယ်တဲ့။

သူ့ရဲ့ 'မြန်မာစစ်ပွဲ' နာမည်နဲ့ စာအုပ် အခန်း ၂၊ ကြည့်မြင်တိုင်တိုက်ပွဲအကြောင်းမှာ အကျယ်တဝင့် မှတ်တမ်းတင်ခဲ့ကြသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ကုန်းအမြင့်မှာ ရွှေတောင်ကြီးပေါက်သလို တင့်တယ်သပ္ပာယ်လှတဲ့ ရွှေတိဂုံစေတီတော်ကြီးဟာ နယ်ချဲ့ဗြိတိသျှတို့ရဲ့ နှောင့်ယှက်မှုတွေ နည်းမျိုးစုံ ခံခဲ့ရပါတယ်။ မြန်မာသမိုင်းမှာ အထင်ကရ အင်္ဂလိပ်-မြန်မာ စစ်ပွဲအတွင်းကလည်း ကုန်းတော်ကို သိမ်းပိုက်ထားတဲ့ အင်္ဂလိပ်တွေက 'စဥ့်ကူးမင်းရဲ့ ကုသိုလ်တော် ခေါင်းလောင်းကြီး'ကို ဖြုတ်ယူသယ်ဆောင်ကြတော့ သင်္ဘောကို မတင်မီခင်မှာပဲလှိုင်မြစ်ခေါ် တဲ့ ရန်ကုန်မြစ်ဝမှာ ရေထဲကျသွားခဲ့ပါတယ်။ သည်အကြောင်းနဲ့ ပတ်သက်ပြီး 'အဲလစ်ဇင်ဒါ' ဆိုသူရဲ့မှတ်တမ်းမှာ

*'ရန်ကုန်သို့ ကျွန်ုပ်ပြန်ရောက်လာသောအခါ စစ်ဗိုလ်ချုပ်ကြီး စမစ်ကို ရှေးဦးစွာ စစ်ပြေငြိမ်းကြောင်း အစီရင်ခံသောသူသည် ကျွန်ုပ်ဖြစ်သည်။ ရန်ကုန်မြို့ရှိ မြို့သူမြို့သားတို့က စစ်ပြေငြိမ်းသည်က တစ်ကြောင်း၊ လွန်ခဲ့သော လပေါင်းများစွာက စစ်ပွဲအောင်ဆုအဖြစ်နှင့် ဘင်္ဂလားသို့ ဆောင်ယူရန် ရွှေတိဂုံကုန်းတော်က ယူလာသော ခေါင်းလောင်းကြီးသည် မြစ်ထဲကျကျန်ရစ်သည်။ မြစ်တွင်းမှ ဆွဲဖော်ယူရခြင်းအတွက် အတိုင်းမသိ ဝမ်းမြောက်ကြည်နူးကြရလေသည်။ မြစ်တွင် ရေကျသောအခါ ထိုခေါင်းလောင်းကြီးကို ကျောက်သံကြိုးနှစ်ပင်နှင့် မြဲစွာချည်နှောင်ပြီးသကာလ ထိုခေါင်းလောင်းပေါ် ရပ်တန့်လျက်ရှိသော သင်္ဘောတွင် ကျောက်သံကြိုးကို ချည်ထားလေသည်။ ထိုကမှတစ်ဖန် ခေါင်းလောင်းကြီးကို ပန်းများစိုက်ထူလျက် နတ်များကိုပူဇော်ကခုန်ပြီး ရွှေတိဂုံကုန်းတော် မူရင်းနေရာသို့ ပို့နေဆဲတွင် ကျွန်ုပ်မှာ ၁၈၂၆၊ ဇန်နဝါရီ ၉ ရက် ချန်ပီယံစစ်သင်္ဘောနှင့် ဘင်္ဂလားသို့ ပြန်လာခဲ့သည်။*

အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲမှာမြန်မာနိုင်ငံအောက်ပိုင်း အင်္ဂလိပ်တို့ရဲ့လက်အောက် ကျရောက်သိမ်းယူပြီးတဲ့အခါ ရွှေတိဂုံစေတီတော်မြတ်ကုန်းတော်ရဲ့ အနောက်ဘက်တစ်ခြမ်းလုံးကို ခံတပ်အဖြစ် အသုံးပြုထားလိုက်တော့ ဗုဒ္ဓဘာသာဝင် ဘုရားဖူးတွေဟာ အနောက်ဖက်စောင်းတန်းကနေ ဘုရားကြီးကို တက်ရောက်ခွင့်မရကြတော့ဘူး။ ဒါပေမယ့် ဗုဒ္ဓဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ဝင်တို့ မနေမနား ကြိုးပမ်းအားထုတ်တာနဲ့ နှစ်ပေါင်း ၇၇ နှစ်ကြာတဲ့အခါ ခံတပ်ပြောင်းရွှေ့သွားခဲ့တဲ့အတွက် အနောက်ဘက်စောင်းတန်းကနေ ဘုရားကြီးကို တက်ရောက်ဖူးမြော်ခွင့် ရကြပြန်သတဲ့။ အဲဒီလို ခံတပ်မြေအပ်ရေး၊ ကုန်းတော်ရှိ အင်္ဂလိပ်သချိုင်း ပြောင်းရွှေ့ရေးတို့နဲ့ တစ်ပြိုင်နက်တည်းလိုလို ပေါ်လာတဲ့ တခြားအရေးတကြီး ပြဿနာကတော့ စေတီမြတ်နဲ့ လုံးဝမအပ်စပ်တဲ့ ဖိနပ်ကိစ္စပဲ ဖြစ်ပါတယ်။ အင်္ဂလိပ်-မြန်မာနှစ်ဘာသာနဲ့

*'ဥရောပတိုက်သားများအပ ဖိနပ်မစီးရ'*

*'No one permitted to wear shoes in this pagoda but Englishman and Europeans.'*

လို့ ထင်ထင်ပေါ်ပေါ်ရေးသားထားတဲ့စာကို ရွှေတိဂုံဘုရား ခြေရင်းမှာ မြင်တွေ့ရတာနဲ့ အတော်မကျေမနပ် ဖြစ်ကြရပါတယ်။ မန္တလေး၊ မဟာမြတ်မုနိ ရုပ်ပွားတော်တည်ရှိရာ ဝတ္တကမြေအတွင်းကို ဖိနပ်စီးပြီး ဝင်လာတဲ့ မျက်နှာဖြူတစ်ဦးတောင် တစ်စုံတစ်ယောက်ရဲ့ ဓားချက်နဲ့ ရုပ်ပျက်ဆင်းပျက်တောင် ဖြစ်ခဲ့ရဖူးပါတယ်။ ဒါကို ထောက်ကြည့်လျှင် ဗုဒ္ဓဘာသာဝင် မြန်မာစိတ်ဓာတ်မှာ ဘယ်လောက်အထိ မခံမရပ်ဖြစ်နေကြတာဟာ သိသာထင်ရှားလှပါတယ်။

နောက်ဆုံး ၁၉၁၈၊ မေလ ၁ ရက်နေ့ ရန်ကုန်မြို့ ဂျူပလီဟောရုံမှာ ကျင်းပတဲ့ ဗုဒ္ဓဘာသာဝင်များရဲ့ အစည်းအဝေးကြီးက 'လူမျိုးခြားများ ဘုရားမြေ ကျောင်းမြေအတွင်း ဖိနပ်မစီးရလို့ အဆိုတစ်ရပ်ကို ချမှတ်လိုက်ကြပြန်တယ်။ ဒီအစည်းအဝေးမှာ ဝတ်လုံတော်ရ ဦးသိန်းမောင် သဘာပတိအဖြစ်ဆောင်ရွက်ပြီး တစ်နှစ်ခွဲအကြာ ၁၉၁၉၊ အောက်တိုဘာလ ၂၉ ရက်နေ့ မြန်မာပြည်အစိုးရအမိန့်အရ ဖိနပ်ပြဿနာ ဖြေရှင်းငြိမ်းအေးသွားပါတယ်။ ဒီကြိုးပမ်းဆောင်ရွက်တာကြောင့် ဝတ်လုံတော်ရ ဦးသိန်းမောင်ကို လူတွေ အတော်ပဲ ကျေးဇူးတင်ကြပါတယ်။

ဒါတွေဟာ မြန်မာနိုင်ငံ တိုင်းတစ်ပါးလက်အောက် ဖိနှိပ်မှုများ မလွဲမသွေ ခံခဲ့ကြရတဲ့ မြန်မာပြည်သူတွေရဲ့ သမိုင်းစာမျက်နှာတွေပါပဲ။ ဒါတွေကို ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ် သာမန်တွေးယူရတာမျိုး မဟုတ်ပါဘူး။ လေးလေးနက်နက် နက်ရှိုင်းစွာ ထိတွေ့ခံစားဖို့ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါမှ ကျွန်မတို့ ဘာသာတရား အပေါ်မှာ၊ တိုင်းပြည် အပေါ်မှာ၊ သစ္စာကြီးစွာ စောင့်ထိန်းလာမှာ ဖြစ်ပါတယ်။

သစ္စာတရားအတွက် နောင်အခါ လွတ်လပ်ရေးတိုက်ပွဲတွေမှာ ပေးဆပ်ရတဲ့ အရင်းအနှီးကတော့ အသက်၊ သွေး။ စည်းစိမ်၊ အိုးအိမ်များပဲ ဖြစ်ပါတယ်။ နည်းနည်းနှောနှော မြုပ်နှံမှု မဟုတ်ကြောင်း အားလုံးသိပြီး ဖြစ်ပါတယ်။ ■

www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်သမိုင်းနဲ့နေရူးဂန္ဒီ

[ ၁ ]

ကျွန်မတို့ ကြည့်မြင်တိုင် ကျောင်းကြီးလမ်းမှာ နေခဲ့တဲ့အချိန်တွေမှာ မှတ်မှတ်ရရ သမိုင်းဝင်အဖြစ်ပျက်တွေ အထပ်ထပ်အခါခါ ကြုံခဲ့ရပါတယ်။ ကျွန်မတို့ ကလေးငယ်ဘဝမှာတော့ အလိုလိုက်ခဲ့တဲ့ ဖေဖေကြောင့် လွတ်လပ်တဲ့ ပျော်ရွှင်မှုအရသာကို အပြည့်အဝခံစားခဲ့ရပါတယ်။ ဖေဖေက နေ့တိုင်း မြို့ထဲက ဖေဖေရဲ့သတင်းစာတိုက်ကို သွားရာ ပန်းဆိုးတန်းကို တစ်ခါတလေ ဖေဖေနဲ့ ဓာတ်ရထားစီးလိုက်ပါသွားတတ်ပါတယ်။ ရန်ကုန်မှာ ဓာတ်ရထားစီးရတဲ့အရသာကို ဖေဖေဟာ တစ်ညချမ်းမှာ ကျွန်မမေမေနဲ့ ညီအစ်မနှစ်ယောက်ကို တကူးတက ဖန်တီးပေးခဲ့ပါတယ်။ ဓာတ်ရထားခေါင်မိုးပေါ်မှာ သွယ်တန်းထားတဲ့ ဓာတ်ကြိုးကို ဓာတ်ရထားနဲ့ တွဲချိတ်ပြီး စီးရတဲ့ ဓာတ်ရထားထိုင်ခုံတွေဟာ ကူရှင်နဲ့ဘာနဲ့ (ကျွန်မ အိန္ဒိယပြည် ဗုဒ္ဓဂါယာကို သွားတုန်းက စီးခဲ့ရတဲ့ မီနီဘတ်စ်ကားတွေလို) မိုင်ပေါင်းများစွာ သွားလဲ သက်သောင့်သက်သာ ရှိနေပါတယ်။ ထိုင်ခုံတွေ သားနားရုံမက လူလည်း အညောင်းသက်သာပါတယ်။ မော်တော်ကားစီးရသလို ဆောင့်တာ ခုန်တာ မဖြစ်တော့ စီးရတာ အင်မတန် သိမ်မွေ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သည်တုန်းက ဖေဖေဟာ သူရိယတိုက်က သူပုန်ကြီးဝတ္ထုအတွက် ငွေ ၁၀၀ ကျပ်ထုတ်ခဲ့တော့ ကျွန်မတို့ရန်ကုန်ရောက်စ ငတ်လေသမျှ အတိုး ချ မုန့်တွေ၊ သစ်သီးတွေဝယ်ကျွေးပြီး ငွေကုန်ကြေးကျခံပြီး လည်စေပါ တယ်။ အဲဒီအချိန်က ရွှေဒင်္ဂါးတိုက်တံဆိပ် (ငါးမူးသား) တစ်ပြားမှ ၁၅ ကျပ်ထဲရယ်။ တစ်ကျပ်သား အထည်ပျက် ၂၂ ကျပ်ပေါ့။ ခုလို ရွှေဈေးနဲ့ နှစ်သောင်းခွဲနဲ့တွက်ရင် ဖေဖေစာမူခငွေဟာ ခုနစ်သောင်းငါးထောင်ပါ။ တစ်ပုဒ်တစ်ပုဒ်အတွက် တစ်သိန်းခွဲလောက်ရနေပါတယ်။ ကနေ့ပေါ့(ပ်) ဝတ္ထုရေးကြတဲ့ ဘက်စ်ဆဲလားတွေရဲ့ စာမူခထက် မနိမ့်ပါဘူး။ လက်ဖျား ငွေသီးတဲ့ အချိန်ပေါ့။

သူပုန်ကြီးဝတ္ထုရောင်းစွံတာလဲ မပြောနဲ့တော့ နယ်ချဲ့အစိုးရအင် မတန် မျက်စိစပါးမွေးစူးတဲ့ ဝတ္ထုပေါ့။ ဖိလစ်ဒီဗရစ်တို မြန်မာရာဇဝင်အခေါ် ကုလားငဇင်ကာနဲ့ မဟာဓမ္မရာဇာတို့ကို နောက်ခံထားတဲ့ သမိုင်းဝတ္ထုဖြစ် တဲ့အပြင် နယ်ချဲ့တွေကို ခပ်ကြမ်းကြမ်းတော်လှန်ပုံကို သရုပ်ဖော်ထား တာ ဖြစ်ပါတယ်။ အမှန်တော့ သူရိယ သတင်းစာမှာ နေ့စဉ်ထည့်သွင်းဖော် ပြပြီးသား ဝတ္ထုဖြစ်ပါတယ်။ ဒီအချိန်တုန်းက အစိုးရက အရေးမယူသေးပါ ဘူး။ ဒီဝတ္ထုပြီးဆုံးပြီးမကြာခင်မှာပဲ နိုင်ငံခြားသားအိမ်တွေကို မီးရှို့၊ အရာ ထမ်းတွေကို ရိုက်နှက်တဲ့ အမှုအခင်းတွေ ဖြစ်ပွားလာတော့ သူရိယတိုက်မှာ စာအုပ်အဖြစ် ရိုက်နှိပ်ပြီး အဖုံးဖုံးနေကြတဲ့ ည ၁၂ နာရီလောက်မှာ သူရိယ တိုက်ကို ပုလိပ်အရာရှိတွေ ရောက်လာပြီး သူပုန်ကြီး ဝတ္ထုစာအုပ်တွေကို သိမ်းဆည်းကြပါတယ်။

ကံအားလျော်စွာ သူရိယတိုက်အုပ် ဦးဘကလေးက ပုလိပ်တိုင်ပင် ခံအဖွဲ့ဝင် ပုဂ္ဂိုလ်ဖြစ်နေလို့ ရှေ့နေချုပ်ကြီး ဦးသိန်းမောင်နဲ့ တိုင်ပင်လုပ်ပါ လို့ အကြံပေးတဲ့အတွက် ဝတ္ထုစာအုပ်တွေကို ဦးသိန်းမောင် လက်ထဲ အပ် လိုက်ပါတယ်။ နယ်ချဲ့ကို ဆော်ထားတဲ့ အဆီအနှစ်စကားလုံး မှန်သမျှကို အောက်မှာ မျဉ်းသားပြီး မျဉ်းသားထားတဲ့ စကားပုဒ်တွေမပါမှ ထုတ်ဝေပါ လို့အကြံပေးပါတယ်။ သူရိယ မျဉ်းသားတဲ့ စကားပုဒ်တွေအစား ကြက်ခြေ အမှတ်အသားထည့်ပေးပြီး ထုတ်ဝေပါတယ်။ ဒီကြက်ခြေအမှတ်အသားတွေ ဟာ ဘာတွေများပါလိမ့်လို့ သိချင်သူတွေက နေ့စဉ်သတင်းစာဖြတ်သိမ်း ထားသူတွေဆီက ငှားရမ်းပြီးကြည့်ကြတော့ စာအုပ်ဟာ ပိုပြီးနာမည်ကြီး လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



[ ၂ ]

၁၉၃၈ ခုနှစ်မှာ အိန္ဒိယခေါင်းဆောင်ကြီး နေရူးဟာ မြန်မာပြည်ကို သူ့သမီးအင်ဒရာနဲ့ ပထမဦးဆုံးအကြိမ်ရောက်လာပါတယ်။ သည်တုန်းက ဖေဖေက မေမေနဲ့ ကျွန်မတို့ညီအစ်မနှစ်ယောက်ကို ခေါ်ပြီး မဂိုလမ်း (ယခုရွှေဘုံသာလမ်း)ဘက် ထွက်ကြည့်ကြပါတယ်။ လူအုပ်ကြီးက နည်းတဲ့လူအုပ်ကြီး မဟုတ်ဘူး။ အိန္ဒိယတိုင်းရင်းသားတွေလဲ ထုနဲ့ဒေးနဲ့ ဒီလောက်များပြားလှတဲ့ လူအုပ်ကြီးကို တစ်ခါမှ မမြင်ဖူးဘူးလို့ ဖေဖေကပြောပါတယ်။ ကျွန်မတို့ သားအမိတွေ စိန်ဘာဘူ တိုက်တစ်တိုက်ထဲ ဝင်ကြည့်ခွင့်ရသွားပါတယ်။ ခေါင်းဆောင်ကြီး နေရူးသားအဖဟာ ကုလားလူမျိုးများဖြစ်ကြပေမယ့် အသားဝင်းဝါပြီး တော်တော်လှကြပါတယ်။ အဲဒီတုန်းက အင်ဒရာဟာ အသက် ၂၀ လောက်ပဲ ရှိဦးမယ်ထင်ပါတယ်။ ဘေးတိုက်မြင်ရတဲ့ သူ့ရဲ့နှာတံလေးက စင်းနေတာပဲ။ လည်တိုင်သေးပြီး ဘေးတိုက်ကြည့်ရတာ ပိုပြီး ကျက်သရေရှိပါတယ်။

သည်အခါတုန်းက ဖေဖေအပါအဝင်နိုင်ငံရေးစိတ်ဓာတ်ထက်သန်သူတွေဟာ ဖြူစင်ရိုးသားဖြောင့်မတ်ပြီး တိုင်းပြည်အတွက် အသက်အိုးအိမ်စည်းစိမ် ပေးဆပ်နေကြတဲ့ အိန္ဒိယတိုင်းပြည်က ခေါင်းဆောင်ကြီးများဖြစ်ကြတဲ့ ဂန္ဒီနဲ့နေရူးကို အင်မတန်ကြည်ညိုလေးစားကြပါတယ်။ ကျွန်မတို့ အရွယ်ရောက်ကြီးပြင်းလာတဲ့ တစ်နေ့မှာ ဖေဖေက ကျွန်မတို့ကို ပြောပြတဲ့ နေရူးထောင်ထဲကနေ သမီးလေး အင်ဒရာကိုပေးတဲ့ စာအကြောင်း နားယဉ်လာပါတယ်။

*သမီးဆီ ဖေဖေစာမရေးဖြစ်တာ ကြာသွားပြီ။ အေမာဟာဇတ်က သတင်းများကြောင့် ဖေဖေစိတ်မကောင်းဖြစ်ရသည်။ အထူးသဖြင့် သမီးအဘွား ဒိုးလ်အမ္မာသတင်းသည် ဖေဖေ့ကို အထူး စိတ်ထိခိုက်စေခဲ့သည်။ အားလျော့ချည့်နဲ့နေသော မေမေ နံပါတ်တုတ်နှင့် အရိုက်ခံရကြောင်းကြားရသည့်အခါ အကျဉ်းထောင်ထဲမှာ သက်သောင့်သက်သာ ရှိနေသော ဖေဖေအနေနှင့် အတော်လေး စိတ်လှုပ်ရှားသွားသည်။*

ဆိုတာမျိုးတွေကို ကျွန်မ မကြာမကြာ သတိရနေတတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့ (မဂိုလမ်း)ရွှေဘုံသာလမ်းကိုသွားပြီး နေရှူးတို့သားအဖ ကို ကြည့်ပြီး နောက်တစ်နေ့မှာ နေရှူးကို သတင်းစာဆရာတွေက မြန်မာ့ အလင်းသတင်းစာတိုက်မှာ ဖိတ်ကြားဧည့်ခံကြပါတယ်။

ဖေဖေနဲ့အတူ စစ်ကိုင်းက မိတ်ဆွေ ဦးလှတင်နဲ့ ဦးရွှေဆင့်တို့ ပါသွားကြပါတယ်။ နေရှူးက ဖေဖေတို့ကို ရဲသတင်းစာ အယ်ဒီတာအဖွဲ့ဝင် အနေနှင့် လက်ဆွဲနှုတ်ဆက်ပါတယ်။

'နေရှူးရဲ့ လက်ဖဝါးတွေက သိပ်နူးညံ့တာပဲ'

ဖေဖေက ခဏခဏပြောလေ့ရှိပါတယ်။ ပြီးတော့

'သူ့အပြုံးတွေကလဲ အင်မတန်သိမ်မွေ့တယ်။ သူဟာ နိုင်ငံရေး သမားခေါင်းဆောင် မဖြစ်ခဲ့ရင် ဘာသာရေးခေါင်းဆောင် ဖြစ်မှာပဲ'

လို့ မှတ်ချက်ချခဲ့ဖူးပါတယ်။

အဲဒီနေ့က သတင်းစာဆရာကြီး ဦးထွန်းသန်းဟာ နေရှူးရဲ့ဖခင် ပဏ္ဍစ်နေရှူးကြီး မြန်မာနိုင်ငံလာတုန်းက သတင်းထောက်တွေ တွေ့ဆုံခဲ့ဖူး သူမို့ သူ့ကိုပဲ ရှေ့ဆောင်ဆွေးနွေးခိုင်းပါတယ်။ ဆွေးနွေးကြတဲ့ ပြဿနာ တွေထဲမှာ ကုလားအလုပ်သမားအရေးကို အများဆုံး ပြောဖြစ်ခဲ့ကြသတဲ့။

ဧည့်ခံကျွေးမွေးရာမှာ မြန်မာပီပီ ပဲကြီးလှော်၊ သကြားခဲ၊ ဆန္ဒွင်း မကင်း၊ ရွှေဖီမိုးလွတ်လက်ဖက်ရည်တို့ ဖြစ်ပါတယ်။ နေရှူးက ပဲလှော်ဝါး လိုက်၊ စကားပြောလိုက်နဲ့ ပြုံးပြုံးပြုံးပြုံးနဲ့ ဟန်ဆောင်မှုကင်းသတဲ့။ သတင်း စာဆရာတွေဟာ အိန္ဒိယခေါင်းဆောင်ကြီးရှေ့ အထင်သေးမှာစိုးလို့ စီးကရက် မသောက်ဝံ့ကြဘူးတဲ့။ နေရှူးက

'စီးကရက်ပါကြရင် တစ်လိပ်လောက် တည်ကြပါ'

လို့ အင်္ဂလိပ်ဘာသာစကားနဲ့ ပြောလိုက်မှ သတင်းစာဆရာ တစ် ဦးဖြစ်တဲ့ ကိုစံသန်းက ကပျာကရာ စီးကရက်ထ ပေးပါတယ်။ တခြား အယ်ဒီတာတွေလည်း စီးကရက်တွေထုတ်ပြီး သောက်လိုက်ကြတာ မီးခိုးတွေ တလူလူ ဖြစ်လာပါတယ်။

သတင်းစာတွေက နေရှူးကို တိတ်တိတ်ဆိတ်ဆိတ် ဖိတ်ကြားပေ မယ့်လည်း ဘယ်သူက သတင်းပေးတာလဲ မသိဘူး။

နေရှူး မြန်မာ့အလင်းတိုက်ပေါ်က ဆင်းတဲ့အခါ ကုလားနှစ်ထောင် ကျော်လောက် ရောက်နေပါလေရော။ သူတို့ဟာ နေရှူးရဲ့ခြေထောက်ကို သူတို့ ဦးခေါင်းနဲ့ ပွတ်တိုက် အရိုအသေပြုနေကြသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ဖေဖေဟာ နေရှူးသာမက ဂန္ဒီကိုပါ ကြည်ညိုလေးစားသူ ဖြစ်ပါတယ်။ နိုင်ငံရေးလုပ်ရပ်များအပေါ် အယူအဆအရ ဂန္ဒီနဲ့ ဖေဖေဟာ ပြဒါးတစ်လမ်း သံတစ်လမ်း ကွာခြားလှပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေက နယ်ချဲ့အစိုးရကို နည်းမျိုးစုံနဲ့ လက်နက်အသုံးပြုတော်လှန်ရေးကို အားပေးပြီး ဂန္ဒီကတော့ လက်နက်မပါဘဲ အနုနည်းနဲ့ လွတ်လပ်ရေးတိုက်ပွဲဝင်တဲ့ လမ်းစဉ်ဖြစ်ပါတယ်။ ကြည့်မြင်တိုင်ကျောင်းကြီးလမ်းမှာ ဖေဖေ ဂန္ဒီအပေါ် သဘောထားနဲ့ ပတ်သက်လို့ လူငယ်အချို့ အုံ့ဩကြ ငြင်းခုံကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အိန္ဒိယတိုင်းပြည်ကပင် ကနေ့ ပေးပို့လိုက်တဲ့ လတ်သခင်ကိုယ်တော် (သီပေါမင်းသားမက်) တော်ဘုရားလေးတို့ရဲ့ ဘကြီးက ပေးပို့တဲ့စာအရ

ဦးဘဆွေရဲ့ အယူဝါဒအရ လွတ်လပ်ရေးအတွက် မြန်မာများ လက်နက်ကိုင်တွယ်ရေးကို အထူးလိုလားအပ်ပါတယ်။ လက်နက်ကိုင်တွယ်ရေးတွင် အကြမ်းအားဖြင့်

လက်နက်အမျိုးမျိုး ကိုင်တွယ်ခြင်းအတတ်၊ စစ်အတတ်၊ စစ်သားမဟုတ်သူများ ကျန်းမာပျော်ရွှင်ကြည်လင်စေရေးဆိုင်ရာ တောလိုက်အတတ်။

၎င်းသုံးမျိုးပါဝင်ကြရာ တစ်ခုမှ အပိုမပါပါ။ အားလုံးရှိအပ်သည်။ ဤသုံးမျိုးကို အင်္ဂလိပ်အစိုးရက အားပေးလိုမည် မလိုမည် ပဓာနမပြုမီ မြန်မာနိုင်ငံရေး လူအများစိတ်အားထက်သန်ဖို့ မူလအခြေခံဖြစ်ကြောင်း တွေ့ရပါသည်။

အဲသလို စာတစ်တန် ပေတစ်တန်အားဖြင့် အားပေး အားထောက်ပြုတဲ့အပြင်မှာ သည်အကြမ်းဖက်တော်လှန်းဝါဒနဲ့ ပတ်သက်ပြီး အာဇာနည် ဒီးဒုတ်ဦးဘချိုကလည်း ကြီးပွားရေးအသင်းတည်ရာ ကြည့်မြင်တိုင် အိုးဘိုလမ်း အသင်းဖွဲ့ပွဲမှာ သဘာပတိလုပ်ရင်း ပြောခဲ့ပါသေးတယ်။

'မဟာဆွေဆိုရင် လူတိုင်း သိပြီးသားပဲ။ ဟောပြောမယ့်အကြောင်းကလဲ မြန်မာသတ္တိတဲ့။ ဒီတော့ မဟာဆွေရဲ့လက်ရာများကို ကျွန်တော်သတိပြုမိသလောက် အနည်းငယ်ပြောပြလိုပါတယ်။ မဟာဆွေရေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



သူပုန်ကြီးဝတ္ထုထွက်ပြီး မနေ့ကတစ်နေ့က လူမျိုးခြားတွေနဲ့ အဓိကရုဏ်း ဖြစ်ပြီး ရိုက်သတ်ကြရုံမကဘူး အိုးအိမ်အဆောက်အအုံတွေ မီးရှို့တဲ့အထိ ဖြစ်လာကြတယ်။ သူပုန်ကြီးက အဲသလိုကို မြှောက်ပေးတာ။ ၁၉၂၀ ခုနှစ် ရေနံမြေသပိတ်ကျတော့ ရေနံတွင်းတွေ မီးနဲ့ရှို့ ဗုံးနဲ့ပစ်နဲ့ အဲဒီလို အကြမ်း ပတမ်းတွေ ပါလာတာကို သတိပြုမိပါတယ်။

ဒီးဒုတ်ဦးဘချိုဟာ ဖေဖေနဲ့ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေဖြစ်တာ မို့ ဖေဖေက ပြုံးပြုံးပြုံးပြုံးနဲ့ ပြောသရွေ့ ပြန်မငြင်းပါဘူးတဲ့။ အမြင်တွေ ဟာ တစ်ဦးနဲ့တစ်ဦး မတူနိုင်ကြတာ အမှန်ပါပဲ။ ဒါဖြင့် ဖေဖေဟာ လွတ် လပ်ရေးတိုက်ပွဲဝင်ခဲ့တဲ့ ဂန္ဒီက သပိတ်မှောက်တဲ့လမ်းစဉ် အနုနည်းကို ဖန်တီးတဲ့အခါ ဘာဖြစ်လို့ အထူးလေးစားကြည်ညိုသတဲ့လဲ။

ဖေဖေပြောဖူးတဲ့ အချက်တစ်ရပ်ကတော့ လူတွေရဲ့ သတ္တိဟာ တိုက်ရဲခိုက်ရဲတာထက် ခံရဲတဲ့သတ္တိက ပိုသတဲ့။ အလောင်းဘုရား သူရဲ ကောင်းရွေးချယ်တော့ လက်ဖျားထိပ် အပ်စိုက်ရွေးတာမျိုးကို မကြာမကြာ နမူနာအဖြစ် ပြောလေ့ရှိပါတယ်။ မကြာခင်က ကျဆုံးသွားခဲ့တဲ့ ကျောင်း သားခေါင်းဆောင် ကိုအောင်ကျော် အသုဘချတဲ့နေ့က ကိုအောင်ကျော် မိခင်ကြီးရဲ့

'ကျွန်မသားလေး လက်နက်ဆိုလို့ အပ်တိုတစ်ချောင်းတောင် မပါ တာကို နယ်ချဲ့အစိုးရဟာ ရက်ရက်စက်စက် သတ်ပစ်လိုက်ကြတာ ကောင်း နိုင်သေးရဲ့လားနော်'

ရှိုက်သံနဲ့ ပြောစကားကြောင့် အားလုံးမျက်ရည်ဖြိုင်ဖြိုင် ကျခဲ့ ကြတာ မဟုတ်လား။

ဂန္ဒီရဲ့ သွေးအေးအေးနဲ့ ရင်ဆိုင်ရဲတဲ့ သတ္တိကိုလည်း ဖေဖေဟာ မချီးမွမ်းဘဲ မနေနိုင်ခဲ့ပါဘူး။ ဆင်းရဲတဲ့ လယ်သမားအများစုဘက်က ရပ်ပြီး နယ်ချဲ့အစိုးရကို သွေးအေးအေးနဲ့ ရင်ဆိုင်ခဲ့တဲ့ မဟတ္တမဂန္ဒီဟာ အမြဲတမ်း ထောင်အကျခံဆောင်ရွက်ခဲ့တာ များပါတယ်။

လယ်သမားများနဲ့ တွေ့ဆုံရခြင်းသည် ကျွန်ုပ်အဖို့ ဘုရားသခင် အဟိံသ၊ သစ္စာတို့နှင့် မျက်နှာချင်းဆိုင် တွေ့ဆုံခြင်းပင်ဖြစ်သည်ဟု ပြော ဆိုလျှင် ပိုပြောခြင်းမဟုတ်။ အမှန်တရားသာတည်း။

ကျွန်ုပ် ဤသို့ ခံစားရခြင်းကို စစ်ဆေးကြည့်သောအခါ ကျွန်ုပ်၏ လူထုအပေါ် ထားရှိသော ချစ်ခြင်းမေတ္တာမှအပ အခြားဘာမျှ မတွေ့ရချေ။

www.burmeseclassic.com

www.burmeseclassic.com



ၐင်းမှာလည်း ကျွန်ုပ်၏ အဟိတ်သတရားပေါ် မတုန်လှုပ်သော ယုံကြည်မှု၏ ဖော်ပြချက်မှအပ အခြားဘာမျှမဟုတ်။

ဖေဖေဟာ တောင်သူလယ်သမားတွေကို ချစ်တီးတွေကြီးစိုး လွှမ်းမိုးစဉ် ကာလက ရဲသတင်းစာမှာ ထည့်ခဲ့တဲ့

'မိတ်ဆွေ အဆွေသည် မြန်မာလူမျိုးဖြစ်ပါသည်။ မော်တော်ကားကြီးစီး၊ တိုက်ကြီးတာကြီးနှင့် စည်းစိမ်ယစ်နေသောအခါ အမိုးမလုံသားသမီး တစ်ပြုံနှင့် တဲကုပ်ကလေးတွင် ငတ်ပြတ်ခွေလဲနေသော မြန်မာများကို တွေးကြည့်ပါ'

ဆောင်ပုဒ်လိုပဲ ဂန္ဒီကလည်း

နှလုံးသားနက်ရှိုင်း၍ စစ်မှန်သော ဆန္ဒသည် အမြဲပြည့်ဝသည် သာတည်း။ ကျွန်ုပ်အတွေ့အကြုံ၌ ဤအချက်မှန်ကန်ကြောင်း၊ မကြာခဏ တွေ့ရ၏။ ဆင်းရဲသားပစ္စည်းမဲ့များအား အလုပ်အကျွေးပြုရန် ကျွန်ုပ်၏နှလုံးသားက ဆန္ဒရှိလေရာ ကျွန်ုပ်သည် အမြဲပင် ဆင်းရဲသားတို့အလယ်၌ ပစ်ချခြင်းခံရပြီး သူတို့နှင့်ထပ်တူ ဖြစ်ရန်အခွင့်အလမ်းရရှိခဲ့ပေသည်။

ကြည့်မြင်တိုင်မှာ ဖေဖေတို့ လူငယ်တွေနဲ့ ဆွေးနွေးခဲ့တဲ့ အချက်တွေကို ကျွန်မလူလားမြောက် ကြီးပြင်းလာတဲ့အခါ နားလည်သိရှိခဲ့တာ အမှန်ပါပဲ။ အရာရာဟာ ယထာဘူတကျနပြီး နက်ရှိုင်းတဲ့နှလုံးသားခံစားမှုနဲ့ တန်ဖိုးဟာ အဖိုးမဖြတ်နိုင်ခဲ့ပါဘူး။ ဒါဟာ စေတနာအရင်းခံဖြစ်တာမို့ သည့်ထက် မွန်မြတ်တဲ့ ပရအကျိုးသက်ရောက်မှုဟာ တခြားဘာရှိသေးလဲ။ လူတွေအားလုံး သာစုခေါ်ကြရမယ့် ပေးဆပ်မှုဖြစ်တာ အမှန်ပါပဲ။ ■

www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်စုံထောက်ပုံပြင်

[ ၁ ]

ဒုတိယကမ္ဘာစစ် အတွေ့အကြုံနဲ့ပတ်သက်လို့ ကျွန်မတစ်ခါတုန်းက ဖတ်ရဖူးတဲ့ တဂိုးရေးခဲ့တဲ့ 'ဖန်တီးထားတဲ့ ညီညွတ်မှု' Creative Unity ဆိုတဲ့ စာအုပ်မှာ ဝီလျံဝဒ်စ်ဝသ်ရဲ့ လူ့လောကကို လျှောက်လဲချက်ပေးထုတ်ဖော်ရေးသားထားတာ မှတ်မိသေးတယ်။

ကမ္ဘာကြီးဟာ လွန်ခဲ့တဲ့ ကာလကရော ခုရော ကျွန်တော်တို့အတွက် များပြားလွန်းပါတယ် တဲ့။ ဒီအချိန်တွေမှာ ဖြတ်သန်းခဲ့တာရော ရလိုက်တာရော ကျွန်တော်တို့ရဲ့ စွမ်းအင်တန်ခိုးသိဒ္ဓိတွေ ဆုံးရှုံးသွားခဲ့ပါတယ်။ လူ့ဘဝရဲ့ သဘာဝကို အနည်းငယ်မျှသာ မြင်တွေ့ခံစားခွင့်ရတာ အမှန်ပါပဲ။

တဂိုးဟာ ရုပ်ဝတ္ထုပစ္စည်းတွေရဲ့ ရိုင်းစိုင်းမှု၊ ကြမ်းတမ်းမှုတွေရေးဖွဲ့သွားတာဖြစ်ပါတယ်။

Materials as materials are savage, they are solitary; they are ready to Lurt one another.

ကျွန်မ မြန်မာပြည်သူတွေ ဒီဇင်ဘာလ ၂၃ ရက်နေ့ ဗုံးဒဏ်ခံရတဲ့အကြောင်း ရေးခဲ့ပြီးပြီ။ တဂိုးရဲ့ အတွေးတွေဟာ လက်တွေ့ဘဝမှာ သိပ်မှန်နေတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီဇင်ဘာ ၂၅ ရက်နေ့မှာ တစ်ခါ ဒီလိုပဲ ဂျပန်ဗုံးကြဲလေယာဉ်ပျံတွေ ရန်ကုန်မြို့လယ်ကို လာပြီး ပြင်းပြင်းထန်ထန် ဗုံးကြဲတိုက်ပြန်တယ်။ မြို့သူမြို့သားတွေဟာ တစ်ခါသေဖူးပျဉ်ဖိုးနားလည်နေတော့ အရင်တစ်ကြိမ် ၂၃ ရက်နေ့လောက်တော့ အသေအပျောက်မများဘူးပေါ့။ ဒါတောင် ကျွန်မတို့ဖေဖေနဲ့ သခင်ညီလေးတို့ အမှတ်အသားအရ ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၂၅ ရက်နေ့မှာ ရန်သူတို့ရဲ့ ဗုံးကြဲလေယာဉ်ပျံက ၈၀၊ တိုက်လေယာဉ်က ၃၀ နဲ့ တိုက်ခိုက်ခဲ့တာဆိုတော့ နည်းနည်းနောနောမှ မဟုတ်တာဘဲ။

ဒီ့အပြင် ဂျပန်တွေဟာ သူတို့နဲ့ ယှဉ်ပါးနေတဲ့ အလေ့အကျင့်အရ ဘူရှီဒို (သူရဲကောင်းဝါဒ) စိတ်ဓာတ်နဲ့ အသေခံတပ်သားတွေဟာ တစ်ကိုယ်လုံး လက်ပစ်ဗုံးတွေ ရစ်ပတ်ပြီး သဘော်ာခေါင်းတိုင်တို့၊ ရန်ကုန်မြို့ ရန်သူတွေရဲ့ အချက်အချာ နေရာဒေသတွေပေါ် လေထီးနဲ့ခုန်ဆင်းတာမျိုးတွေ လုပ်ခဲ့တာဟာ ကြောက်ခမန်းလိလိပါပဲ။ နူးညံ့သိမ်မွေ့တဲ့ ကဗျာဆရာကြီးတဂိုးဟာ ဒါမျိုးတွေကို ရင်ထုမနာ ဖြစ်ခဲ့ဟန်တူပါရဲ့။

ရန်ကုန်မြို့နေ ခရစ်ယာန်ဘာသာဝင်တွေ အဖို့မှာတော့ ယေရှုဘုရားသခင်မွေးနေ့အထိမ်းအမှတ်အတွက် မင်္ဂလာယူတဲ့နေ့ဟာ ခဲလေသမျှ သဲရေကျပြီး အ,မင်္ဂလာ ဖြစ်ခဲ့ရတာ ကိုယ်တွေ့ပါပဲ။ သူတို့မွေးထားတဲ့ ကြက်ဆင် Turkey ငှက်တွေနဲ့အပြိုင် သွေးအလူးလူးနဲ့ အလောင်းတွေ ထပ်လို့ အမှောင်ရှိမှ အလင်းဟာ ထင်ရှားသလို နဖူးတွေ့ဒူးတွေ့ စစ်ဒုက္ခခံစားကြရမှ ငြိမ်းချမ်းရေးအရသာကို လူတွေတမ်းတခံစားရမှာ ဖြစ်ပါတယ်။

[ ၂ ]

ဒီအချိန် ဖေဖေ့ဆီကို အရင်ရောက်လာဖူးတဲ့ လူငယ်တွေထဲက လူငယ်အချို့ဟာ ဂျပန်ပြည်မှာ စစ်သင်တန်းတက်ပြီးတဲ့နောက် ဆိုင်ငံ့ဂွန်းမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်လက်ျာ၊ သခင်ထွန်းအုပ်တို့ လာဆုံကြတဲ့အချိန်ပေါ့။ ဆိုင်ငံ့ဂွန်းမှာ (ယိုးဒယား) ရှမ်း မြန်မာတွေကို စုဆောင်းပြီး စစ်သင်တန်း ပေးတယ်တဲ့။ အဲဒီနေ့ဟာ လူငယ်တွေရဲ့ မှတ်တမ်းအရ ဒီဇင်ဘာ ၂၆ ရက် နေ့ ၁၉၄၁ ခုနှစ်။

သခင်ညီလေးတို့လည်း ဒီမှာ နိုင်ငံရေးတစ်စုံတစ်ရာ လှုပ်ရှားမှုထဲ ပါဝင်ဟန်တူပါတယ်။ သူ့အထုပ်လေး သူပြင်ပြီး မနက်ဖြန်လောက် ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



'တော'ပြန်တော့မှာတဲ့။ ဘယ်'တော'လဲဆိုတာတော့ ကျွန်မတို့ သိခွင့်မရခဲ့ဘူး။ မျက်စိမျက်နှာမကောင်းလှဘဲ သခင်ညီလေးက နှုတ်ဆက်တော့ ကျွန်မတို့မိသားစုက ဝမ်းနည်းနေကြတာ။ ခြံစည်းရိုးထိပ်ဝမှာ ရပ်နေကြတဲ့ ကျွန်မတို့ ညီအစ်မနှစ်ယောက်ခေါင်းကို တစ်ချက်စီပုတ်လို့ ချိုနဲ့နဲ့အပြုံးလေးနဲ့။

'ခင်ခင်ဦးနဲ့အေး ဦးသွားမယ်နော်'

'ဟုတ်ကဲ့'

လို့ ကျွန်မတို့ညီအစ်မနှစ်ယောက် ပြောလိုက်တဲ့အသံက ရှိုက်သံနဲ့။ မေမေကလည်း မျက်ရည်စတွေ ငုံ့သုတ်နေတယ်။

'အရာရာ သတိဝီရိယရှိနော် မောင်ညီလေး'

လို့ ဖေဖေကလည်း မျက်စိမျက်နှာပျက်လို့။ အားလုံးဟာ ရှင်ကွဲကွဲရမှာထက် သေကွဲ ကွဲကြမလားလို့ အတွေးဟာ ဝင်နေကြတာ။ တကယ်လည်း သူနဲ့သေကွဲ ကွဲခဲ့ကြပါတယ်။ ဒီဇင်ဘာလ ဆောင်းအအေးဒဏ်တွေနဲ့ ပါးစပ်က အငွေ့တွေ တလူလူပျံ့ထွက်လို့။ ကိုညီလေးတို့ ခြံထဲက ဆောင်တော်ကူးပန်းတွေဟာ ဖွေးဖွေးလှုပ်ပွင့်ပြီး မွှေးလို့ကြိုင်လို့ သွေးညိုနီ့တွေကြားထဲက ဆောင်းပန်းပွင့်တွေ။ ဒါဟာ ကျွန်မတို့ လူသားတွေ အနည်းငယ်မျှသာ မြင်နိုင်ပြီး ပိုင်ဆိုင်နိုင်တဲ့ သဘာဝအလှလေး တစ်ရပ်ပါပဲ။

> The world is too much with us; late and soon.
> Getting and spending; we lay waste our powers.
> Little we see in Nature that is ours.

တဂိုးဖော်ပြခဲ့တဲ့ ဝဒ်စ်ဝပ်သ်ရဲ့ ကဗျာလေး တစ်ပုဒ်လေ။

ဖေဖေကတော့ သူ့အဖိုးတန် အိပ်ဆောင်ပစ္စည်းတွေ၊ ပရိဘောဂတွေကို ကိုညီလေးတို့နေတဲ့ အိမ်ပိုင်ရှင်သစ်ခွဲစက်ပိုင်ရှင် သူဌေး ဦးစံသိန်းရဲ့ အရပ်ဒေသ 'ခတ္တိယ'ကို သယ်သွားစေပါတယ်။ သူလည်း တောဘက်စစ်ပြေးပြီ။ ဒီလိုဘဲ မြို့တော်ရန်ကုန်က စစ်ရန်ဘေးမှ ထွက်ပြေးသွားတဲ့ မြို့သူမြို့သားတွေဟာ အုပ်လိုက်ပဲ။ မီးရထားတွေမှာ ကုန်တွဲပက်လက်တွဲတွေက အစ အပြည့်အကြပ်။ လော်ရီကုန်တင်ကားတွေမှာလည်း ငါးပိငါးချဉ်သိပ် သဘော်၊ စက်လှေ၊ ဇက်တွေမှာလည်း ငါးသေတ္တာတွေ စီထပ်သလို ကြပ်သိပ်

www.burmeseclassic.com

www.burmeseclassic.com



လို့ ခြေကျင်လျှောက်ပြီး ကုန်းကြောင်းစစ်ပြေးတဲ့ ကုလားတွေ ဘယ်နေရာကြည့်လိုက် ကြည့်လိုက် မည်းမည်းမည်းမည်းနဲ့. . .

ဘက်နက်(လှံစွပ်တပ်) သေနတ်ကိုင်ထားတဲ့ ဂေါ်ရာစစ်သားတွေ ခြောက်လုံးပြူး ခါးထိုးထားတဲ့ စစ်အုပ်ချုပ်ရေးမှူးတွေဟာလည်း နေရာတိုင်းမှာ စိမ်းမှောင်လို့။ နေဝင်မီးငြိမ်းအမိန့်နဲ့ အချိန်မရွေး ပစ်သတ်နိုင်တဲ့ အကာလ စစ်အခါကြီးဖြစ်ပါတယ်။

အဲဒါကို ကျွန်မတို့ ဖေဖေက ရန်ကုန်မြို့မှာ နေနိုင်သလောက်၊ သက်ဆိုင်ရာ အာဏာပိုင်တွေက မနှင်သရွေ့ ၂၄ နာရီအတွင်း ဘာညာ အမိန့်မရမချင်း နယ်(ကျွန်မတို့ဇာတိစစ်ကိုင်းမြို့)ကို မပြန်ဘူးတဲ့။ ကလေးတွေ အမျိုးသမီးတွေချည်းပဲ တောပို့ပါလားဆိုတော့ အိမ်သူအိမ်သား ဆုံးဖြတ်ချက်က နေ့မြင်ညပျောက်ကာလကြီးမှာ သေအတူရှင်မကွဲ အတူတူနေကြမယ်တဲ့ ဦးလေညို၊ ဒေါ်လေးမလှတင်နဲ့ သမီးငယ် မိသားစု အစ်ကို ဘလုံလေး (ပန်းချီ) ဘယ်သူမှ ဖေဖေနဲ့ခွဲပြီး မပြန်ကြဘူး။ အားလုံးက လက်ဖျားခါကြတယ်။ ဒီတော့ (ဘင်တန်လမ်း) သီတာလမ်းနဲ့အလုံ (ဝိုက်တော)တစ်ဝိုက်မှာပဲ မိန်းမနဲ့ကလေးဆိုလို့ အစအနတောင် မြင်ကြရတာ မဟုတ်ဘူး။

A.R.P ဆိုတဲ့ အသေခံကယ်ဆယ်ရေးတပ်ဖွဲ့က ဒေါ်မြစိန်(ယခင် သမိုင်းပါမောက္ခ)နဲ့ သူနာပြုအနည်းငယ်သာ အမျိုးသမီးရှိလေရဲ့။ ထီးတန်းတောင်ဖျား သီတာလမ်းပတ်ဝန်းကျင်မှာဆိုရင် လူခြောက်ခြောက်သွေ့သွေ့နဲ့ ကျီးနဲ့ဖုတ်ဖုတ်ပဲ။

A.R.P အဖွဲ့ကလည်း လူအလောင်းကောင်တွေတင်မက ခွေးနဲ့ ကြောင်တွေပါ ရှင်းလင်းပြီး သန့်ရှင်းရေးလုပ်နေရတယ်။ ဝန်ထမ်း၊ အရာထမ်းနဲ့ လူငယ်လူရွယ်တချို့သာ ကျန်တဲ့ရပ်ကွက်အချို့မှာ ဗုံးခိုကျင်းတွေ အားချင်း တူးကြပါတယ်။ လူနှစ်ရပ် နီးနီးနက်ပြီး အယ်လ်ပုံသဏ္ဌာန်နဲ့ နောက်တစ်ဆစ်ချိုး အယ်လ်ပုံသဏ္ဌာန် ဗုံးခိုကျင်းတွေ အမြန်ဆုံးတူးကြပါတယ်။

အိမ်တွေနဲ့ ဝေးရာ အဲဒီဗုံးခိုကျင်းရှိရာကို ဉသြဆွဲတိုင်း ကိုယ်စီ အထုပ်လေးတွေ ပိုက်ပြီး ပြေးကြပါတယ်။ ကျွန်မတို့ကလေးတွေ (၈ နှစ်၊ ၉နှစ်) အရွယ်တွေလည်း အဝတ်လေးငါးစုံပါတဲ့ လွယ်အိတ်လေးတွေ လွယ်လို့ ဝါးခြင်းတွေထဲ ရေပုလင်း၊ ဘီစကွတ်မုန့်၊ ပဲမုန့်စတဲ့ မုန့်တွေ၊ သကြား

www.burmeseclassic.com

www.burmeseclassic.com



လုံး ချောကလက်တွေ၊ (ကုန်စုံဆိုင်က သိုမှီထားတာတွေ) သယ်ပိုးလို့ ကျွန်မတို့မှာ နောက်ပိုင်း အပျော်ခရီးထွက်သလိုတောင် ထင်မိရတယ်။ ကလေးများအဲသလောက် မသိသာဆိုးဝါးတာ။ ကျွန်မတို့အိပ်ထဲ လူကြီးတွေ အလစ်ထည့်ထားတဲ့ အဝတ်ရုပ်တွေ၊ အိုပုတ်တွေတောင် ပါသေးတယ်။ A.R.P အဖွဲ့က ကြိုးပမ်းထားလို့ ရေမပြတ်သေးဘူး။ မနက်လင်းတာနဲ့ မေမေက တန်းစီရေချိုးပေးပြီး ကျွန်မတို့အစ်ကို ဦးဘလုံလေးက နောက်တီးနောက်တောက်နဲ့ 'သေတော့လဲ အလောင်းလှလှလေးတွေ ဖြစ်တာပေါ့' ပြောတော့ မေမေက 'ဟဲ့ကောင်လေး မပြောကောင်းဘူး' လို့ ဟန့်တားသေးတယ်။ ဖေဖေကတော့ ဆေးပြင်းလိပ်ခဲလို့ ပြုံးနေတယ်။ ဒါပေမယ့် ဖေဖေ့မျက်လုံးမှာ အတွေးပေါင်းစုံရဲ့ အရိပ်တွေ ထင်နေတယ်လို့ ကျွန်မတို့မေမေက ပြောပါတယ်။ ခုခေတ်စကားနဲ့ဆို သိပ်ခေါင်းစားတဲ့ အချိန်ပေါ့။

[ ၃ ]

ဖေဖေတို့နေအိမ် သီတာလမ်းအိမ်ကို အော်စတင်ဗင်ပိတ်ကားလေးတစ်စီးဟာ နေ့တစ်ခေါက် ညတစ်ခေါက် ရက်ဆက်လာနေပါတယ်။ အဲဒီကားထဲမှာ အာဏာပိုင်အစိုးရရဲ့ ရာထူးကြီးကြီး ပုဂ္ဂိုလ်ဟာ ဖေဖေ့ကို ဝါဒဖြန့်ဖြူးရေးအရာရှိချုပ်အဖြစ် လျှို့ဝှက်ဌာနက လက်ခံဖို့ လာစည်းရုံးတာပါ။ လစာသဘောမျိုးမဟုတ်ဘဲ Remuneration ခေါ်တဲ့ ထောက်ပံ့ကြေးနဲ့ပေါ့။ ဖေဖေက လာတိုင်း ငြင်းငြင်းလွှတ်တော့ မျက်စိမျက်နှာပျက်ပျက်နဲ့ ပြန်သွားရသတဲ့။ နောက်ဆုံး ဖေဖေကြည်ညိုတဲ့ အမ်အေဦးမောင်ကြီး (ရဲသတင်းစာ နာယက၊ ရဲတပ်ဗိုလ်ချုပ်)ကနေ ဖေဖေ့ကို

'အကြောင်းရှိတယ် ကိုဘဆွေ လက်ခံလိုက်'

'ဘယ်လို အကြောင်းပါလဲ'

'ခင်ဗျားကို နိုင်ငံရေးအကျဉ်းသမားအဖြစ်နဲ့ အိန္ဒိယပို့မယ်လို့'

'ဩော်. . . ဟုတ်လားဦး။ ကျွန်တော်ဒါတွေ ဘာမှမသိရပါလား'

'ခင်ဗျားဘယ်သိမလဲဗျာ။ ဒါတွေဟာ strictly confidential (ထိပ်တန်းလျှို့ဝှက်ချက်တွေပဲ) ပြည်ထဲရေးဌာနက မနည်းထိန်းထားရတဲ့ ကိစ္စဗျ'

ဖေဖေလည်း တစ်ချက်တည်း ငိုင်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်လာတဲ့ကိစ္စ ရင်ဆိုင်ရမှာပဲ'

ဇွတ်တိုးပြောတော့ ဖေဖေ့ကို ဦးမောင်ကြီးက

'ဘယ်ဟုတ်ပ့ါမလဲ။ ခုလိုရှုပ်ထွေးနေတဲ့ စစ်ကာလကြီးမှာ မစွန့်စားချင်ပါနဲ့။ ကျွန်တော်ကတော့ ခင်ဗျားလိုလူတစ်ယောက်ကို အသားလွတ်အဆုံးမခံနိုင်ဘူး။ ခင်ဗျားရဲ့ကလောင်လက်နက်ကလည်း ရဲလွန်းတယ်ကိုဘဆွေ'

သည်တော့မှ ဖေဖေကရယ်ပြီး ဦးမောင်ကြီးကို ခေါင်းညိတ်လာခဲ့တာတဲ့။ နောက်ဆက်တွဲ သိခဲ့ရတဲ့ သတင်းတစ်ခုကလည်း ကိုလိုနီအစိုးရကသူတို့မြန်မာပြည်က မရှုမလှ တပ်ဆုတ်ခံရခါနီးမှာ သူတို့ရဲ့နိုင်ငံရေးရန်သူလူဆိုးတွေကို သုံးယောက်တစ်တွဲ အသတ်ခိုင်းထားတဲ့ ပစ်မိန့်တောင်ပေးထားပြီးဆိုပဲ။ ဒီသုံးယောက်တွဲထဲက တစ်တွဲကို သတ်ဖို့ တာဝန်ကျတဲ့ စုံထောက်က ဖေဖေနဲ့ ရင်းနှီးတဲ့ သူငယ်ချင်း ဦးထွန်းဖေ (မြို့မ) ရဲ့ မိတ်ဆွေဆိုပဲ။ ဖေဖေနဲ့ တွဲအသတ်ခံရမယ့် အတွဲက သခင်ရှိန်နဲ့ သခင်ကြွယ်တဲ့။ ဒီလို သုံးယောက်တစ်တွဲ အသတ်ခံရမယ့် နိုင်ငံရေးသမားတွေထဲမှာ ဒီးဒုတ်ဦးဘချိုနဲ့ ဦးသိန်းဖေမြင့်တို့ပါတယ်ဆိုပဲ။ ဖေဖေကတော့ စူးရှလွန်းတော့အစိုးရက ဘယ်လောက် အမြင်ကပ်နေတယ် မုန်းတီးနေတယ်ဆိုတာ ထင်ရှားပါတယ်။

ဒီအချိန် ကျွန်မတို့လည်း ဗုံးခိုကျင်းရှိရာသို့ အထုပ်လေးတွေပိုက်ပြီး ပျော်ပွဲစားထွက်သလို ပျော်နေတဲ့အချိန်ပေ့ါ။ လူကြီးတွေကတော့ မျက်နှာပျက်ပျက်နဲ့ အမြဲတမ်းကြောက်ရွံ့စိုးထိတ်နေကြတဲ့ အခြေအနေမှာပါ။ ဗုံးခိုကျင်းပေါ် ဗုံးတိုက်ရိုက်ကျမယ်ဆိုရင် အချိန်မရွေးသေနိုင်တဲ့ ကာလဆိုးကြီး မဟုတ်ပါလား။

ဒါပေမယ့် ဖေဖေကံကောင်းတာ တစ်ချက်က ဒီအာဏာပိုင်အဖွဲ့အစည်းထဲမှာပဲ ဖေဖေ့စာကို လေးစားမြတ်နိုးတဲ့ အရာထမ်းတချို့နဲ့ ဝန်ထမ်းတချို့ကရှိနေတော့ ကြီးမားတဲ့ အသက်ဘေးအန္တရာယ်ကလွတ်မြောက်ခဲ့တာပေ့ါ။ ဘယ်လိုအထိ သတင်းဖြစ်သွားသလဲဆိုရင်

'စာရေးဆရာ မဟာဆွေ ရန်ကုန်ကနေ တိုက်ကြီးကို ပြောင်းပြေးတာ ဝမ်းရောဂါနဲ့ သေရှာပြီ'တဲ့။

သည်အချိန်မှာ ဖေဖေကလည်း 'ရန်ကုန်နဲ့ဗုံး'ဆိုတဲ့ စာအုပ်ရေးပြီး မန္တလေးသူရိယတိုက်က ရိုက်နှိပ်တော့ ဖေဖေကို အငြိုးနဲ့ပဲ လိုက်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



စစ်စုံထောက်တွေက သံသယဖြစ်လာပြန်ရော ဒီတော့ ဖေဖေ့စာဖတ်သူတစ်ဦးလည်းဖြစ်တဲ့ သူငယ်ချင်း ဦးထွန်းဖေက 'ဒီလူကြီးဟာ အလွန်အလုပ်လုပ်တော့ သားမယားအတွက် စာမူကော်ပီတွေ ၂၀-၃၀ထက် မနည်း အမြဲရေးထားတာလို့ ပြောရတာတဲ့။

ဖေဖေကတောင် သူရေးခဲ့တဲ့ 'မဟာဆွေ၏ မဟာဆွေ'မှာ

'ဤစကားသည် ယုတ္တိတန်၏။ ဘဆွေ (မဟာဆွေ)က သူတို့ခေါင်းဆောင်အား လက်ပစ်ဗုံးနှင့် ပစ်ခိုင်းဖူးသည်။ တို့ရန်သူလူတစ်ယောက်အတွက် တစ်သောင်းပေးမည်ဆိုက 'အစိုးရ'ကိုအဖေခေါ်နေသော တိုင်းရင်းသားထဲက သတ်ပေးမည့်သူ မုချထွက်ရမည်။ ဘယ်နှစ်ယောက် အသတ်ခံကြရလေသနည်း။

ဖေဖေရဲ့ ဝါဒဖြန့်ချိရေးမှူးရာထူးက မည်ကာမတ္တ ဟန်လောက်သာ လက်ခံတာ အစိုးရဘက်က ဘာမှလုပ်မပေးနိုင်တဲ့အပြင် ဖေဖေလိုလူမျိုးကို ထားလို့ကတော့ သူတို့ဘက်က မြွေပွေးခါးပိုက်ပိုက်ပဲ ဖြစ်နေမှာပါ။ နောက်ဆုံးတော့ ဒါကိုပဲ နောင်တစ်နေ့ ပြောပြောပြီး ရယ်မောနေကြတာ ဟိုတုန်းကတော့ အသက်ကို ဖက်ရွက်နဲ့ ထုပ်ထားရသလိုပေါ့။ ခါးမှာ ခြောက်လုံးပြူးတပ် ခါးပတ်ပတ်ထားတဲ့ လူတွေ့တိုင်း ကျီးလန့်စာစားဖြစ်ခဲ့ရတာ မဟုတ်လား။ ■

www.burmeseclassic.com

www.burmeseclassic.com

# မိန်းမငယ်သုံးဦးထွက်ရပ်လမ်း

[ ၁ ]

စစ်ပြီးစ ရန်ကုန်ဟာ နေဝင်မီးငြိမ်းအမှောင်ရိပ်ကနေ ရုန်းထွက်စပြုနေပါပြီ။ ရန်ကုန်က အိမ်တွေ တိုက်ခန်းတွေဟာ စစ်အတွင်းတုန်းက အမှောင်အတိ (သို့) ရေနံဆီမီးခိုးငွေ့ငွေ့နဲ့သာ မှိန်မှိန်လင်းခဲ့တာမို့ စစ်ပြီးတော့ လျှပ်စစ်မီးတွေ တချို့နေရာတွေမှာ လင်းလက်လာပါတယ်။ လမ်းဓာတ်မီးတိုင် တွေလည်း စိုက်ထူစပြုနေပါပြီ။ ၁၉၄၆ ခုနှစ် ၁၉၄၇ ခုနှစ်တွေမှာ မြို့တော်လူထုဟာ ငြိမ်းချမ်းရေးပန်းတိုင်ကို မျှော်မှန်းစ ပြုကြပါတယ်။ ကျွန်မတို့ နေထိုင်ကြတဲ့ ၄၇ လမ်း အထက်လမ်း အပေါ်ဝဲဘက်ခြမ်း တိုက်ခန်းမှာတော့ လျှပ်စစ်မီး မသွယ်ရသေးဘူး။ ဒါပေမယ့် အောက်လင်းဓာတ်မီးနဲ့ လင်းထိန်နေတာဟာ ညသန်းခေါင်ကျော်ကနေ အရုဏ်တက်အထိပါပဲ။ ဒီအချိန်ဟာ ကျွန်မတို့ဖေဖေ စာရေးတတ်တဲ့အချိန်ပါပဲ။

ရန်ကုန်မြို့ သယ်ယူပို့ဆောင်ရေးမှာတော့ ရှေးစစ်မဖြစ်မီတုန်းကလို ဓာတ်ရထားတွေ မရှိတော့ပါ။ ဗုံးဒဏ်ကြောင့် ဓာတ်ရထားလိုင်းတွေလည်း ပျက်စီးကုန်ပြီဖြစ်ပါတယ်။ ဘတ်စ်ကားတွေ ဆလွန်းအိုတွေတော့ မြို့တော်လမ်းတွေပေါ်မှာ ပြေးစပြုနေပါပြီ။ လူတွေအားကျစီးချင်ပြီး ခေတ်အစားဆုံး

www.burmeseclassic.com

www.burmeseclassic.com



ယာဉ်ကတော့ 'ဂျစ်ကား' တွေပါပဲ။ ဒါပေမယ့် ကက်စ်ဘီခေတ်ကာလ စစ်အုပ်ချုပ်ရေးရှိဆဲမို့ သက်ဆိုင်ရာအာဏာပိုင်နဲ့ နယ်ချဲ့တပ်တွေက အရာထမ်းတွေ သီးသန့်စီးနေကြတဲ့ ယာဉ်ပါပဲ။ ဆရာသုခကတောင် 'လေဒီဂျစ်' ရယ်လို့ ကာလပေါ်ဝတ္ထုတစ်ပုဒ်ရေးရင်း သရော်လှောင်ပြောင်ခဲ့ပါသေးတယ်။

မြို့တော်ခရီးသည်တင် မော်တော်ယာဉ်ပေါင်း ၁၅၅၉စီးရှိပြီး နေ့စဉ် ၉၀၄ စီးခန့် ပြေးပြီး ၆၅၅ စီးခန့် ရပ်နားထားတယ်လို့ ရန်ကုန်သမိုင်းမှာ မှတ်တမ်းတင်ထားခဲ့ပါတယ်။ သည်မော်တော်ယာဉ်တွေ အားလုံးဟာလည်း စစ်ကျန်ပစ္စည်းတွေဖြစ်ပြီး များသောအားဖြင့်စက်ဟောင်းတွေကို ကားပစ္စည်းအစိတ်အပိုင်းအသစ်တွေနဲ့ ပြန်လည်တပ်ဆင်မွမ်းမံထားခြင်းပဲဖြစ်ပါတယ်။ ကားအိမ်တွေကလည်း ရန်ကုန်မြို့မှာပဲ ဆောက်လုပ်ပြီး အဟောင်းတွေကို ပြန်လည်မွမ်းမံထားပေမယ့် မော်တော်ယာဉ် ၈၀၀ လောက်က ခေတ်မီ ဘေးပေါက်တွေနဲ့ဖြစ်ပြီး ကျန် ၇၀၀ ကျော်ကတော့ နောက်ပေါက်ချည်းသက်သက်ဖြစ်ပါတယ်။ မော်တော်ယာဉ်တော်တော်များများဟာ ခေါင်းတိုတွေဖြစ်ကြပြီး တချို့ကတော့ ခေါင်းရှည်နဲ့ ဒေ့ါဂျစ်အမျိုးအစားတွေဖြစ်ပါတယ်။

မြို့တော်မော်တော်ယာဉ်ရဲ့တန်ဖိုးဟာမော်တော်ယာဉ်စီးရေ ၁၅၅၉ တစ်စီး ပျမ်းမျှတန်ဖိုး ၄၀၀၀ ကျပ်လောက် သတ်မှတ်ကြည့်ရင် သိန်း ၆၀ ကျော်တန်ဖိုးရှိပါတယ်။ မြို့တော်လူဦးရေကလည်း စစ်မဖြစ်မီ အချိန်နဲ့ယှဉ်ရင် ၂ဆလောက်များလာတော့ မော်တော်ယာဉ်ခရီးသည်တွေလည်း အဆမတန်များလာပြီး ခရီးသည်ပေါင်း နှစ်သိန်းငါးသောင်းကျော် ရှိပါတယ်။ အဲဒီဘတ်စ်ကားကြီးတွေကို ကျွန်မတို့တက္ကသိုလ်တက်တဲ့အထိ တိုးတိုးဝှေ့ဝှေ့စီးလာကြတာမို့ ဘတ်စ်ကားစီး အတတ်ယဉ်ပါး ကျွမ်းကျင်လာပါတယ်။ ၁၉၅၀ ခုနှစ် သည်ဘက်ကျ နဂါးဘတ်စ်ကား (နောင်မှာ အမှတ်ရ) ကျွန်မတို့ စာရေးသူတွေရဲ့ ဝတ္ထုတိုရှည်တွေမှာတောင် ဘတ်စ်ကားပေါ် ရန်ဖြစ်ကြတဲ့အကြောင်း၊ ဖူးစာဆုံတဲ့အကြောင်း ဟာသဖြစ်ရပ်တွေပါ ရေးဖွဲ့လာကြပါတယ်။

ပုဇွန်တောင်ကနေ ကျွန်မတို့သူငယ်ချင်းတစ်အုပ် ကားနောက်မြီးကို ယောကျ်ားတွေလို ခိုလိုက်ကြလို့

'မေစန်းကွ မေစန်း'

'ကျားခင်စိန်'

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို စတန့်မင်းသမီးကြီးတွေ နာမည်နဲ့ ကာလသားတွေရဲ့ အနောက်အပြောင်ခံရပါတယ်။ အဲဒီတုန်းက လက်ရောက်ကျူးလွန်တတ်ကြတဲ မသမာတွေကိုလည်း ကျွန်မတို့က ခုံဖိနပ်တွေနဲ့ တက်နင်းပစ်ခဲ့ကြ၊ တတောင်နဲ့ တွက်ကြ၊ ကွန်ပါချွန်နဲ့ မတော်တဆလိုလို ထိုးပစ်ခဲ့ကြတာတွေ လုပ်ကြတော့ တော်ရုံကလည်း သိပ်မစမ်းရဲကြတော့ပါဘူး။ ခပ်စွာစွာ ကျွန်မသူငယ်ချင်းမတစ်ယောက်ကိုတော့ ဒီတုန်းကစကြနောက်ကြတဲ့အလေ့ အထအတိုင်း သူ့နောက်ကျောမှာ 'ကြောင်ခင်စိန်'လို့ စာရွက်ပေါ်မှာ စာလုံးကြီးကြီးနဲ့ ရေးကပ်ပြီး သူ့ကို 'ညောင်' 'ညောင်'စကြတာကို သိသွားတဲ့ အနေအထားကြောင့် ကလေးလိုငိုယိုပြီး အိမ်ပြန်ရရှာပါတယ်။ အဲဒီတုန်းက ကျွန်မတို့ဟာ ၁၆ နှစ် ၁၇ နှစ်အရွယ်တွေပဲ ရှိပါသေးတယ်။ စစ်ဘေးဒဏ်ကြောင့် ပညာသင်နှစ်တွေ အချိန်ပုပ်ပြီး ကျွန်မတို့လူစုသာ အတန်းကျော်တက်ခဲ့ရလို့ ၁၇ နှစ်မှာ ကောလိပ်ရောက်ခဲ့တာ ဖြစ်ပါတယ်။

အမှန်မှာတော့ ကျွန်မတို့ ၄၇လမ်းအိမ် နေခဲ့စဉ်ကာလမှာ အသက် ၁၂ နှစ် ၁၃ နှစ်အရွယ်မျှသာရှိပါသေးတယ်။ ၁၉၄၅ ခုနှစ် မေလ တစ်ရက်နေ့မှာ ရန်ကုန်မြို့ကို သိမ်းကြောင်း။ အသံလွှင့်ကျေညာပြီး ၃ ရက် အကြာမှာ မဟာမိတ်နယ်ချဲ့တပ်တွေ ရောက်လာကြတော့တာပါပဲ။

မြို့တော်ရဲ့ စစ်ဒဏ်ရာဒဏ်ချက် အပျက်အစီးတွေကို စစ်အုပ်ချုပ်ရေးကာလတွင် ဗိုလ်မှူးကြီးရင်းနက် Col.Renneth ကြီးမှူးတဲ့ ရန်ကုန်မြူနီစပယ်အဖွဲ့က သုတ်သင်ရှင်းလင်းတန်သမျှ သုတ်သင်လို့ အနိဋ္ဌာရုံမြင်ကွင်းတွေ အတော်အတန်ကွယ်ပျောက်ပြီး သန့်ရှင်းသွားခဲ့ပါတယ်။ ဒါပေမယ့် ဒါတွေဟာ ဗဟိဒ္ဓအသွင် အပေါ်ယံအလှသာဖြစ်ပြီး ကျွန်မတို့ကျောင်းသူတွေ ၅ တန်း၊ ၆ တန်း၊ ၇ တန်း အရွယ်တွေအတွက် အရုပ်ဆိုးစေမယ့် အဖြစ်တွေက လွတ်အောင် မနည်းရှောင်ကွင်းခဲ့ရပါတယ်။

[ ၂ ]

ကပ္ပလီစစ်သားတွေရဲ့ ရမ်းကားမှုအတွက် လူတွေ ကျိုးလန့်စာစား စိတ်ကတထင့်ထင့်နဲ့ နေကြရရှာပါတယ်။ အဲဒီတုန်းက ကျွန်မတို့မိန်းမကလေးအုပ်ဟာ စကော့ကိတ် (ယခု သိမ်ဖြူလမ်း)ပေါ်မှာ ရှိတဲ့ ကွန်ဗင့်ကျောင်းခွဲမှာ ကျောင်းဆက်လက်တက်ကြပါတယ်။ ကျွန်မတို့ကျောင်းအုပ် မာသာ

www.burmeseclassic.com

www.burmeseclassic.com



ဆူပီးရီးယား (မာသာအက်မာ)က မျက်စိနားကျယ် ဗဟုသုတပြည့်ဝသူ ဖြစ်ပါတယ်။ သူရဲ့ ဒုကျောင်းအုပ် မာသာမာလကီးရားကလည်း ကျွန်မရဲ့ ဆရာအရင်းဖြစ်ပါတယ်။ သူက အိုင်းရစ်လူမျိုးဖြစ်ပြီး ကျွန်မဖေဖေကို စာရေးဆရာမှန်းသိရုံမက ဖေဖေက အိုင်းရစ်လူမျိုးချစ်ခေါင်းဆောင် ဒီမဲလယားကို စာအုပ်ထဲ ထည့်ရေးဖူးကြောင်း သိရလို့ ကျွန်မကို ပိုပြီး ခင်မင်တွယ်တာပါတယ်။ မာသာမာလကီးယားက ခေတ်ပေါ် ရီးဒါးစ်ဒိုင်ဂျက် တိုင်းမ်းနယူးဝစ်တို့ ဖတ်တဲ့အပြင် ပါးလဘတ်နဲ့ ဂွန်စတင်းဘတ်တို့ရဲ့ စာဖတ်ပရိသတ်လည်း ဖြစ်နေပြန်ပါတယ်။ ကျွန်မ ၇တန်းကျောင်းသူဘဝတုန်းထဲက မာသာမာလကီးယား ညွှန်းလို့ ဂွန်စတင်ဘတ်ရဲ့ အရှေ့အီဒင်၊ ပါးလ်ဘတ်ရဲ့ 'မြေပဒေသာ' ဝတ္ထုကို စတင်ဖတ်ခဲ့မိရပါတယ်။ မြေပဒေသာက အဖတ်ရလွယ်သလောက် အရှေ့အီဒင်ဝတ္ထုကြီးက အဖတ်ရခက်ပါတယ်။ မာသာကျေးဇူးကြောင့် ကျွန်မနားလည်လွယ်ခဲ့ပါတယ်။

သူဟာ ဘာသာရေးကိုင်းရှိုင်းသူ ပီပီ ငြိမ်းချမ်းရေးကိုမြန်နိုးသလောက် စစ်ကို ကြောက်ရွံ့ထိတ်လန့်သူ ဖြစ်ပါတယ်။ ကျွန်မတို့ အိမ်ပြန်တိုင်း

'မင်းတို့ အိမ်ပြန်ရင် သတိဝီရိယနဲ့ပြန်နော် ပြီးတော့ တစ်ယောက်တည်းမပြန်နဲ့ အုပ်စုဖွဲ့ပြန်'

'ဘာဖြစ်လို့ပါလဲ မာသာ'

'စစ်ရဲ့ဆိုးကျိုးတွေပေါ့ကွယ်'

လို့ ကဗျာဆန်ဆန် အဖြေပေးပါတယ်။

'ကျွန်မတို့အပြန်မှာ အန္တရာယ်ရှိလို့လား'

'သိပ်ရှိတာပေါ့။ ကပ္ပလီစစ်သားတွေ ရမ်းကားနေတယ် ငါကြားတယ်။ ဟိုနေ့တုန်းက ၇ တန်းကျောင်းသူလေးကို ဆွဲခေါ်သွားလို့ အရပ်ကလူကြီးတွေက မနည်းတောင်းပန်း ပြန်ခေါ်ရတယ်။ ငွေတွေလဲ စုပေးလိုက်ရတယ်'

'ကျွန်မတို့အဖွဲ့က လူများပါတယ်'

ကျွန်မတို့ ကျောင်းအပြန်မှာ ဆရာဇဝန သားသမီးတွေ၊ ပန်းချီဦးဘကြည်ရဲ့ သမီး ဘေဘီနဲ့ သားဆန်နီတို့လည်း ပါလာကြတယ်။ ဒါပေမယ့် သူတို့က မူလတန်းကျောင်းသူကျောင်းသား အရွယ်ပဲ ရှိကြပါသေးတယ်။ ကျွန်မနဲ့ မတိမ်းမယိမ်း ရွယ်တူတွေကတော့ ၄၉ လမ်းမှာနေတဲ့ ရိုစလင်း

www.burmeseclassic.com

www.burmeseclassic.com



စိန် (မြင့်မြင့်စိန် တက္ကသိုလ်နာမည်ကျော် အလှမယ်) ရယ် ၄၇ လမ်းမှာ နေတဲ့ ကျွန်မတို့ ညီအစ်မပါပဲ။

မာသာမာလကီးယား သတိပေးသလို မကြာခင်မှာပဲ နေ့လည် ၂ နာရီ လောက်ကျောင်းဆင်းအပြန်မှာ ကျွန်မသူငယ်ချင်း ရိုစလင်းရယ် ကျွန်မတို့ ညီအစ်မရယ် သိမ်ဖြူလမ်းကနေ အရှေ့ဘက် ၄၉ လမ်းရှိရာကို လမ်းလျှောက်ပြန်ကြတော့ ဗိုလ်ချုပ်လမ်းဘက်က ပြန်ကြတာပါပဲ။ လူစည်တဲ့ လမ်းမို့ ၄၈ လမ်း မက်သဒစ်ကဖေးဆိုင်မှာ လူအတော်စည်ကားတယ်။ ဆရာဗန်းမော်တင်အောင်၊ ဆရာမြသန်းတင့်တို့ ဦးလေး မြို့မအုန်း (မိုးဝေ စပယ်ဖြူ ကိုသန်းအုန်းတို့အဖေ) မေမြို့မောင်၊ ဒဂုန်လွန်း၊ စုံထောက်ဝတ္ထု စာရေးဆရာ ဝဇီရာစတဲ့ ပုဂ္ဂိုလ်တွေလဲ စုဝေးကြတယ်။ ခု ၃၃ လမ်းလေ ထန်ကုန်းလို့ပေါ့။

ကျွန်မတို့ သိမ်ဖြူလမ်းကအချိုး ၄၅ လမ်းပဲရောက်သေးတယ်။ ခု 'မဟေသီ' တိုက်တည်ရာ လမ်းကြားထိပ်ကနေ ကပ္ပလီစစ်သားနှစ်ဦး ကျွန်မတို့ကို ချောင်းနေဟန် တူပါတယ်။ ဘယ်နေ့တုန်းထဲက ချောင်းနေလဲ မသိဘူး။ ကျွန်မတို့လည်း ၄၅ လမ်းထိပ်လည်း ရောက်ရော ခပ်သွက် သွက်လျှောက်ပြီး လိုက်လာပါရော။ ကျွန်မတို့နေတဲ့ ၄၇လမ်းအထိက လူ ပြတ်တယ်။ ၄၈ လမ်းကျမှ လူစည်တာကိုး။ ကျွန်မတို့လည်း ထိတ်ထိတ် ပြာပြာနဲ့ မတိုင်ပင်ဘဲ ၄၆ လမ်းအထိ ထွက်ပြေးလာကြပါတယ်။ သူတို့ က ကျွန်မတို့ကို လက်ခုပ်တီးခေါ်ပြီး ချော့ကလက်ထောင်ပြပါတယ်။ မုန့် ပေးမလို့ပေါ့။ ကျွန်မတို့က လုံးဝလှည့်မကြည့်ဘဲ အမောတကာပြေးပါ တယ်။ ၁၃ နှစ်အရွယ် ကလေးတွေရဲ့ ခြေလှမ်းနဲ့ သူတို့ရဲ့ ခြေလှမ်းဘယ် တူနိုင်ပါ့မလဲ။ အတော်နီးကပ်လာပါတယ်။ ကျွန်မလဲ အကြံပေါ်ပြီး ၄၇ လမ်းအထိက ပေရှည်နေသေးတာမို့ ၄၆ လမ်းထဲ ကပျာကရာပြေးဝင် မိ ပါတယ်။ တတိယမြောက်အိမ် အောက်ထပ်အခန်းတံခါးကလည်း ပွင့်နေ တော့ အဲဒီထဲ သုံးဦးသား စွပ်ဝင်ပြီး ဧည့်ခန်းမှာ တွေ့တွေ့ချင်း အသက် ၅၀နီးပါး လူကြီးတစ်ဦးကို

'ဦးဦး ကျွန်မတို့ ရေဆာလို့ ရေတိုက်ပါရှင့်'

လို့ ပြောသူကပြော

'သမီးက အိမ်သာခဏတက်ချင်လို့'

ပြောသူက ပြောမိကြပါတယ်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သဘောကောင်းပုံရတဲ့ လူကြီးက

'လာလေ သမီးတို့လာကြ'

လို့ နွေးနွေးထွေးထွေး ဖိတ်ခေါ်ပါတယ်။ ပြီးတော့ အကင်းပါးပုံရတဲ့ အဲဒီလူကြီးက

'လာလေ ခဏထိုင်ကြ အမောဖြေကြဦး'

အကဲခတ်သလို ကြည့်နေပါတယ်။ ကျွန်မကလည်း မထိုင်သေးဘဲ ဒီလူကြီးရှေ့ လက်ပိုက်ရပ်ပြီး

'ပလိစ် အန်ကယ်လ် ကျွန်မတို့ကို ကူညီပါ။ ကျွန်မတို့နောက်က ကပ္ပလီစစ်သားတွေ လိုက်လာလို့ အန်ကယ်လ်ဆီ ဝင်လာတာ'

လူကြီးက တောက်တစ်ချက်ခေါက်ပြီး 'ဟယ် အယုတ်တမာတွေ'

လူကြီးရဲ့ ရုပ်ရည်က မွန်မွန်ရည်ရည်နဲ့ ချောပြီး မင်းသားကြီး ကိုဇော်လွင်နဲ့ တူပါတယ်။ ဒါပေမယ့် ကျွန်မတို့ ရုပ်ရှင်ရိုက်တာမဟုတ်လို့ အသည်းထိပ်ရင်ဖို အသက်ဘယ်က ရှူရမှန်းမသိအောင်ကို ဖြစ်ခဲ့ရပါတယ်။ လူကြီးက ကျွန်မတို့ကို အိမ်ထဲ ပေးသွင်းထားပြီး သူက အဝတ်ရိုက်တဲ့တုတ်နဲ့ သူလှမ်းထားတဲ့ စောင်တွေ မွေ့ယာတွေကို အိမ်ရှေ့မှာ တဖုံးဖုံးနဲ့ ရိုက်နေပါလေရော။ ကပ္ပလီစစ်သားတွေကလည်း ကျွန်မတို့နားခိုတဲ့ အိမ်ရှေ့နားခေါက်တုန့်ခေါက်ပြန်လျှောက် အထဲကို စူးစမ်းသလို ကြည့်ပြီး ပြန်လှည့်ထွက်သွားကြပါတယ်။

အဲဒီဦးလေးကြီး ကပ္ပလီတွေ ယောင်လည်လည် လုပ်နေကထဲက သူ့ဟိုဘက်ခန်းက လူတွေကို

'ဖိုးဇော်တို့ ဖိုးကိုတို့ ထွက်ခဲ့ကြဟေ့ ဓားတွေယူခဲ့ကြ မြက်ရှင်းရအောင်လို့'

'နေ့လည်ကြီး ဦးလေးကလဲ'

'ငါအကြောင်းရှိတယ်ကွ။ မြက်ရှင်းပြီး မုဒိမ်းကောင်တွေ အသားမြှုပ်ရအောင်လို့'

ကောင်လေးတွေလဲ သဘောပေါက်ပြီးဓားရှည်တွေနဲ့ ထွက်လာကြပါတယ်။

အဲဒီအချိန်ကျ ကပ္ပလီစစ်သားတွေလဲ မရှိကြတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



[ ၃ ]

ဦးလေးကြီးက ကျွန်မတို့ နာမည် အတန်း နေရပ်နဲ့ မိဘကို မေးပါတယ်။

'ညည်းတို့ မဟာဆွေ သမီးတွေပေါ့။ ညည်းက ခင်ခင်ဦး ညည်းက ခင်ခင်အေး ဟုတ်လား'

'ဟုတ်ပါတယ် အန်ကယ်လ်'

'ညည်းတို့ဖေဖေကို ပြောပြလိုက် ဦးဟာ ဆရာကြီးမဟာဆွေကို အင်မတန်လေးစားတဲ့ စာဖတ်ပရိသတ်ပါလို့။ မင်းတို့ဖေဖေကျေးဇူးကြောင့် ဦး ဒီလိုပညာတတ် ကြီးပွားတိုးတက်လာတာ။ မဟာဆွေ ဇာတ်လိုက် အကြောင်း ဘာသိလဲ'

ကျွန်မတို့ ခေါင်းခါပြတော့

'အရပ် ၅ ပေ ၈ လက်မ အားကစားသမား ဘီအက်စီဘွဲ့ရပြီး ဘန်ကောက်လုံချည်ဝတ်တယ်။ ရန်သူကို တော်လှန်ဖို့ လက်ပစ်ဗုံးလုပ်တတ်တယ်ဟုတ်လား။ သူ့သမီးတွေကတော့ကွာ ကြောက်လို့ ကပ္ပလီစစ်သားရန် ကြောက်လို့ ပုန်းလျှိုးကွယ်လျှိုး ပြေးလာကြတယ်။ နည်းတဲ့သတ္တိမဟုတ်ဘူး'

ဒီတော့ ကျွန်မတို့က ရှက်ရှက်နှင့် ရယ်မောမိကြတယ်။ ဒီလူကြီးက ကျွန်မတို့ကို စေ့စေ့ကြည့်ပြီး

'အလကားစတာပါကွာ။ မင်းတို့လေးတွေ ဉာဏ်ကောင်းတယ်။ ဒီလိုပဲ အားကြီးတဲ့ ရန်သူကို ရင်ဆိုင်တိုက်လို့ မရဘူး။ ဉာဏ်နဲ့ယှဉ်ပြိုင်ရမှာပဲ။ ခု မင်းတို့နိုင်တယ်။ သူတို့ ရှုံးသွားပြီ ဟုတ်လား'

ကျွန်မတို့ ဒီလူကြီးကို ထိုင်ကန်တော့ဖို့ သတိရလာပြီး ကန်တော့ပြန်ခဲ့ကြပါတယ်။

ကျွန်မတို့ မျက်နှာပေါ်က ချွေးတွေနဲ့ စိုစွတ်နေတုန်းပဲ။ ■

**ခင်ဆွေဦး**

BURMESE CLASSIC .com

www.burmeseclassic.com